www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com


**ဒို့အကြောင်းသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး


BURMESE CLASSIC .com

# ပန်းရတု

မစကျနုပ်ရင်

မုန်းလိုက် မုန်းလိုက်

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း (၁)

"ဝှီး . . . ရှိုး"

ကားတစ်စီးက တခြားကားတစ်စီးကို ကျော်လိုက်နိုင်သည်နှင့် အသံသေးအသံကြောင်တို့ဖြင့် အော်ဟစ်ပျော်ရွှင်နေကြလေသည်။

ကလပ် (Club) မှာလည်း အမုန်းကခုန်ပြီး အပီသောင်းကျန်းခဲ့တာတောင် ကားပေါ်ရောက်သည်အထိ အရှိန်က မကုန်သေး။

"နှိုင်းမခ"တို့ သူငယ်ချင်းခြောက်ယောက်ကတော့ ကျိုကျို တက်ချမ်းသာသော သူဌေးသားများဖြစ်သဖြင့် ဘဝမှာ ဘာအပူအပင်မှလည်းမရှိဘဲ မိဘပိုက်ဆံ ထိုင်ဖြုန်းရင်း၊ အပျော်များ ရှာဖွေရင်းနဲ့သာ တစ်နေ့တစ်နေ့ အချိန်များကို ကုန်ဆုံးစေခဲ့သည်။

မနက်နှစ်နာရီအချိန်ဖြစ်သဖြင့် လမ်းမကြီးပေါ်တွင် နှိုင်းမခတို့

www.burmeseclassic.com

www.burmeseclassic.com



ကားခြောက်စီးကလွဲရင် ယာဉ်များ ရှင်းလင်းနေလေသည်။ အသွားအလာရှင်းချိန်ဖြစ်သဖြင့်လည်း နှင်းမခတို့ လီဗာကိုဖိနင်းရင်း အရှိန်ကုန်မြှင့်ပြီး တစ်စီးကိုတစ်စီး အပြိုင်ကျော်ကာ အော်ဟစ်ပျော်မြူးနေလေသည်။

နှင်းမခက ရှေ့ကကျော်ဖြတ်သွားသော "နိုင်စွာ" ကားကြောင့် နှုတ်ခမ်းပင့်တက်သွားအောင် ပြုံးလိုက်ရင်း လီဗာကို ထပ်ဖိနင်းလိုက်လေသည်။ နှင်းမခ၏ကားလေးကတော့ သခင့်အလိုကျ မြန်သထက်မြန်လာလေသည်။

'ရှီ' ဆိုသည့်အသံနှင့်အတူ တာဘိုပွင့်သွား၍ နှင်းမခ ကားလေး၏အရှိန်က ပိုမိုမြင့်တက်လာကာ နိုင်စွာ့ကားကို ကျော်ဖြတ်ခဲ့လေသည်။

ဆူညံသော ကားကက်ဆက်အသံနှင့်အတူ နှင်းမခကတော့ ကျေနပ်သွားလေသည်။ နှင်းမခဘဝတွင် မည်သူ့ကိုမှ အရှေ့ပေးတယ်ဆိုတာ ရှိမှမရှိခဲ့တာ။ ငယ်စဉ်ကတည်းက လိုတရဖြစ်ခဲ့တဲ့ နှင်းမခက သူများထက်ပိုပြီး အတ္တကြီးတာ အပြစ်တော့မဆိုနိုင်ပေ။

မိခင်၏သည်းသည်းလှုပ် အလိုလိုက်မှုကြောင့်လည်း နှင်းမခ လက်ညှိုးညွှန်တာနှင့် ဘာမဆိုအကုန် ဖြစ်ခဲ့ရလေသည်။

ဖခင်ကတော့ များပြားလှသည့်စီးပွားရေးတွေကြောင့် မိသားစုအတွက် လုံလောက်တဲ့အချိန် မပေးနိုင်ခဲ့။ ဒါကြောင့်လည်း နှင်းမခတို့





က စိတ်ထင်တိုင်း ကြွခွင့်ရနေလေသည်။

ကားကိုခြံရှေ့ကိုထိုးရပ်လိုက်သည်နှင့် ခြံစောင့်က တံခါးကို အဆင်သင့်ဖွင့်ထားလေသည်။ နှင်းမခ ဟွန်းတီးစရာမလိုအောင်ကို အလိုက်သိလေသည်။

နှင်းမခကတော့ ကားကို ပေါ်တီကိုအောက် ဖြစ်သလိုထိုးရပ်ပြီးသည်နှင့် အသင့်စောင့်နေသော ဒရိုင်ဘာလက်ထဲသို့ သော့ကို ပစ်ပေးလိုက်လေသည်။ ကားကို စနစ်တကျ ကားဂိုထောင်ထဲသွင်းဖို့ အလုပ်ကတော့ နှင်းမခနှင့်မဆိုင်ချေ။

နှင်းမခ ဖိနပ်ချွတ်တွင် ဖိနပ်ချွတ်ပြီးသည်နှင့် အိမ်ထဲသို့ ဝင်လာခဲ့လေသည်။

"နှင်းမခ"

ဒယ်ဒီရဲ့ခပ်မာမာခေါ်သံကြောင့် နှင်းမခ မျက်ခုံးပင့်ကာ အံ့သြသွားမိလေသည်။ အိမ်ပေါ်တက်မည့် ခြေလှမ်းတွေကို ရပ်လိုက်ရင်း ဒယ်ဒီနှင့် မျက်နှာချင်းဆိုင်လိုက်လေသည်။

"ဟာ ... ဒယ်ဒီ ဒီနေ့ စင်ကာပူသွားမယ်ဆို၊ မသွားဖြစ်ဘူးလား၊"

ဒီနေ့ ဒယ်ဒီနိုင်ငံခြားကို အလုပ်ကိစ္စနှင့်သွားဖို့ရှိသည်ဆိုသဖြင့် နှင်းမခတို့ ထင်တိုင်းကြဲပြီး ပြန်ချင်တဲ့အချိန်မှ ပြန်လာတာ အခုတော့



www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီနဲ့ ပက်ပင်းတိုးလေသည်။

"မင်းအခု ဘယ်ကပြန်လာတာလဲ"

"ဟို . . . သူငယ်ချင်းတွေ အိမ်ကပါ"

နှိုင်းမခ ဘောင်းဘီထဲကို လက်ထည့်လိုက်ရင်း ဒယ်ဒီ့မျက်နှာကို အကဲခတ်လိုက်လေသည်။ ဒယ်ဒီ့မျက်နှာကတော့ ဒေါသကြောင့်ထင်သည် နီရဲနေလေသည်။ စစ်ကူ မာမိကိုကြည့်တော့လည်း မျှော်စီမျက်နှာပျက်နေသဖြင့် ဘယ်တော့မှအကြောက်အလန့်မရှိခဲ့သည့် နှိုင်းမခတောင် နည်းနည်းတော့ဖြုံသွားလေသည်။

"မင်းကို ငါဖုန်းဆက်နေတာ အကြိမ်ကြိမ်ရှိနေပြီ ဘာလို့မင်းမကိုင်တာလဲ"

ကလပ်တွင် ဆူညံသောတီးလုံးသံများကြောင့် နှိုင်းမခ ဖုန်းသံလည်း မကြားခဲ့။ ဖုန်းဆက်မရတာလောက်ကို ဒယ်ဒီကလည်း အရှိန်ကို ပေါက်ကွဲနေလေသည်။

"နှိုင်း မကြားလိုက်ဘူး"

"ဘယ်ကြားလိုက်မလဲ . . . မင်းက နိုက်ကလပ်ရောက်နေတာကို"

ဒယ်ဒီ့စကားကြောင့် နှိုင်းမခ အံ့သြသွားမိလေသည်။

"ဒီမှာ မင်းအခြေအနေကိုသိချင်လို့ ငါတပည့်တစ်ယောက်ကို



မင်းနောက်လိုက်ကြည့်ခိုင်းလိုက်တာ၊ ဒီမှာ နှိုင်းမခ. မင်းကျောင်းလည်းပြီးပြီ၊ အခုအချိန်ထိ ပေါးလားဝါးလားနဲ့ပဲ အချိန်ကုန်နေတုန်းလား၊ မင်းမရှက်ဘူးလား။ မိဘ ပိုက်ဆံကို ထိုင်ဖြုန်းနေတာ၊ ကျောင်းမပြီးခင်တုန်းကတော့ ကျောင်းမပြီးသေးလို့ ထားလိုက်ပါတော့ဆိုပြီး ငါကြည့်နေတာ၊ အခုကျောင်းပြီးတော့လည်း မင်းအခြေအနေက ဘာမှထူးမလာဘူး။ အလကား ဆန်ကုန်မြေလေးပဲ"

ဒယ်ဒီ့ရဲ့ပြင်းထန်လွန်းတဲ့ စကားတွေကြောင့် နှိုင်းမခ နည်းနည်းတော့ ပေါက်ကွဲသွားမိသည်။ တကယ်ဆို နှိုင်းမခတို့ရဲ့ လက်ရှိအခြေအနေကတောင် ဘာအလုပ်မှမလုပ်ဘဲနေရင်တောင် နောင်ဆယ်သက်လောက် အေးဆေးစားနိုင်တဲ့အခြေအနေကို ဘယ်အတွက် ငွေနောက်ကိုလိုက်ပြီး သရဲမရဲစီးရှာရမှာလဲ။

"ဒါကတော့ ဒယ်ဒီရေ . . . နှိုင်း ရှာစရာမလိုလောက်အောင်ကို ငိုင်းတို့က ပြည့်စုံနေတာပဲ"

"ဘာကွ . . . ဘာပြောတယ်၊ အေး . . . အဲဒီပြည့်စုံမှုမှာ မင်းကညာအချင်း ဘယ်နှစ်ခုများပါသလဲ၊ တကယ်လို့ ငါ ဒီနေ့မရှိဘာနဲ့မင်း ဒီနေ့ခွက်ဆွဲတဲ့အခြေအနေကို ရောက်သွားနိုင်တယ်၊ ကုမ္ပဏီအလုပ်တွေကို သင်ပါပြောလည်း မင်းအလကားပဲ၊ မာန်နေဂျာနဲ့တွဲထားပြီး တစ်ချိန်လုံး အပြင်မှာ ပေါးလားဝါးလားပဲ လုပ်နေတာ၊

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ မင်းကို ငါ တစ်ခုပဲပြောမယ်၊ မင်းကို ငါ ဒီအတိုင်း မမြင်ချင်တော့ဘူး"

"နိုင်းကို နိုင်ငံခြားလွှတ်မလို့လား ဒယ်ဒီ၊ နိုင်း နိုင်ငံခြား မသွားချင်ဘူးနော်"

"ဒီမှာ ... မီဘမျက်စိအောက်မှာတောင် မင်းဒီလောက် ဆိုးသွမ်းနေတာ ငါတို့မျက်ကွယ်မှာဆို မင်း ပိုတောင်ဆိုးဦးမယ်"

အဟား ... တော်သေးတာပေါ့။ ဒယ်ဒီက နိုင်ငံခြား မပို့ဘူးဆိုလို့။ နိုင်ငံခြားမှာက ဒီမှာလို အခြေအနေ အသင်းအပင်းမများသဖြင့် ဘယ်လောက်ချမ်းသာချမ်းသာ မြန်မာနိုင်ငံမှာနေရတာလောက်တော့ စိမ်မကျပေ။

"ဒါဆို ... ဒယ်ဒီက ဘယ်လိုစီစဉ်မလို့လဲ"

"မင်းကို ငါ မိန်းမပေးစားမယ်၊ ငါ့သူငယ်ချင်း မြတ်မင်းမောင်ရဲ့ သမီးယုယုမြတ်မင်းနဲ့ မင်းကို နေရာချပေးမယ်"

"ဟာ ... ဒယ်ဒီ"

"ဒီမှာ မင်းဘာမှငြင်းဖို့မကြိုးစားနဲ့ ငါ အားလုံးပြောပြီးပြီ"

ယုယုမြတ်မင်းဆိုသည့် နာမည်ကြားတာနှင့် နိုင်းမခမျက်နှာတစ်ပြင်လုံး ချက်ချင်းရှုံ့မဲ့သွားလေသည်။

"ဘယ်လိုမှမဖြစ်နိုင်ဘူး ဒယ်ဒီ။ သားလက်မခံဘူး။ အဲဒီ ယုယုမြတ်မင်းဆိုတာ သား ကောင်းကောင်းသိတယ်၊ ကာလပ်ကို ယောက်ျားလေးပေါင်းစုံနဲ့ နေ့တိုင်းလာနေတဲ့ မိန်းကလေး။ အဲဒီလိုမိန်းမတစ်ယောက်ကို သားက ယူရမှာလား"

"မင်းတာရော ဘယ်လောက်ကောင်းနေလို့လဲ၊ မင်းလည်း နိုက်ကလပ်ကို နေ့တိုင်းတက်နေတဲ့လူချင်းပဲ၊ မင်းက ဘာဖြစ်ရတာလဲ"

"သားတို့ နိုက်ကလပ်တက်တယ်ဆိုတာ ကခုန်ရုံလောက်ပဲ၊ တခြားဘာအကန့်မှမပါဘူး။ သားတို့ ပျော်ပျော်နေတယ်၊ ဒါပေမဲ့ သားတို့ဖယားမနှောက်ဘူး။ အဲဒီကောင်မလေးတွေက တကယ့်ဖယားလေးတွေ"

"ပေါ့ကောင် ... ဒီမှာ မင်းမလိုချင်တာနဲ့ ဘာမှဆင်ခြေမပေးနဲ့ ငါ အားလုံးပြောပြီး, ဆိုပြီးပြီ၊ မင်း လိုချင်ချင် မလိုချင်ချင် သူ့ကိုပဲ ယူရမယ်"

"ဘာလဲ ဒယ်ဒီ ... ဒယ်ဒီတို့ စီးပွားရေးကွန်ယက်တွေကြောင့် သားကို လှည်းကြိုးတန်းခိုင်းမလို့လား၊ ခေတ်မီးပဲ ဒယ်ဒီ သား ဘယ်လို မှည်းနဲ့မှ လက်မခံနိုင်ဘူး"

နိုင်းမခစကားကြောင့် ဦးဘုန်းမခ အသားတွေတုန်သည်အထိ ဒေါသတွေ ပေါက်ကွဲလာလေသည်။ အခု ပခြောဂျက်က သားရေး သမီးရေးနှင့်ရောပြီး ပြောထားသဖြင့် အခုကိစ္စပြတ်သည်နှင့် ဦးဘုန်းမခ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားထားသမျှ သဲထဲရေသွန်ဖြစ်သွားနိုင်သည်။

"ယောက်ျားရယ် . . . အရမ်းလည်း စိတ်မဆိုးပါနဲ့ဦး၊ သားလေး ပြောတာလည်း နည်းနည်းနားထောင်ပါဦး။ ကောင်မလေး စာရိတ္တ မကောင်းလို့ရှိရင် ယူပြီးရင်လည်း သားလေးပဲ စိတ်ညစ်ရမှာ မဟုတ်လား"

"ဒီမှာ . . . မင်းလည်း မင်းသားဘက်က ဘာမှ ရှေ့နေလိုက်ပေးနေစရာမလိုဘူး။ ဘယ်လိုမိန်းမမျိုးမဆို ထိန်းသိမ်းတဲ့ ယောက်ျားပေါ်မူတည်ပြီး ပြောင်းလဲသွားနိုင်တာပဲ"

"နိုင်းတော့ လက်မခံဘူး ဒယ်ဒီ၊ နိုင်း ဘယ်နည်းနဲ့မှ အဲဒီမိန်းမကို မယူနိုင်ဘူး"

"ဘာပြောတယ် နိုင်းမခ၊ ဒီမှာ ငါ ပြောတဲ့စကားကို မင်းနားမထောင်နိုင်ရင် ငါ့အိမ်ပေါ်မှာ နေစရာမလိုဘူး"

"ဒယ်ဒီ"

နိုင်းမခ စူးရှသောမျက်ဝန်းများနှင့် စိုက်ကြည့်လိုက်လေသည်။ ဟာကွာ . . . တစ်ဦးတည်းရှိတဲ့သားကို အခုလိုမျိုး မိန်းမနဲ့ ပေးစားရတယ်လို့။ အခုတော့ ဒီလိုမိန်းမကိုမယူနိုင်ရင် အိမ်ပေါ်ကဆင်းတဲ့။

"ယောက်ျား . . . ရှင်မဟုတ်တာတွေ မပြောနဲ့နော်"

"ဒီမှာ ငါ စကားကုန်ပြောပြီးသား၊ ငါပြောတဲ့အတိုင်း မလိုက်





နာနိုင်ရင် မင်း ငါ့အိမ်ပေါ်က အခုချက်ချင်းဆင်း"

နိုင်းမခ အံကိုတင်းတင်းကြိတ်လိုက်လေသည်။

"ကောင်းပြီလေ၊ ဒယ်ဒီ ဒီလောက်ပြတ်သားနေမှတော့ နိုင်း အိမ်ပေါ်က ဆင်းပါ့မယ်၊ နိုင်း အဲဒီမိန်းမကိုတော့ မယူနိုင်ဘူး"

နိုင်းမခပြောပြီးသည်နှင့် ချာခနဲ အခန်းရှိရာသို့ လှည့်ထွက်ခဲ့လေသည်။

"သား . . . ဟဲ့သား"

မာမီကတော့ နိုင်းမခနောက်သို့ လိုက်လာလေသည်။ အခန်းထဲကိုရောက်တော့ နိုင်းမခရင်ထဲ ပြင်းပြင်းထန်ထန် ပေါက်ကွဲမိလေသည်။ ဘယ်တုန်းကမှ လေသံမာမာတောင် မပြောဘူးတဲ့ ဒယ်ဒီက အခုတော့ ရက်ရက်စက်စက် အိမ်ပေါ်ကတောင် နှင်ချနေပြီ။

နိုင်းမခရင်ထဲ ဒေါသတွေက လျှံတက်လာတော့သည်။ အခန်းနံရံထောင့်တွင်ရှိသော ကျောပိုးအိတ်တစ်လုံးကို ယူလိုက်ရင်း ဗီရိုထဲမှ အဝတ်အစားသုံးလေးစုံကို ထိုးကြိတ်ထည့်လိုက်လေသည်။

"သားလေးရယ် . . . ဒယ်ဒီက စိတ်ဆိုးနေတုန်းမို့ ပြောတာပါ၊ ဘယ်မှမသွားနဲ့နော်"

နိုင်းမခ မာမီပါးပြင်ပေါ်မှ မျက်ရည်တွေကို သုတ်ပေးလိုက်ရင်း

"မာမီ မငိုပါနဲ့ . . . နိုင်းက ဦးဘုန်းမခရဲ့သားပါ၊ နိုင်းမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



မာနရှိပါတယ်၊ နှိုင်းကို ဖေဖေကိုယ်တိုင် ပြန်မခေါ်မချင်း နှိုင်း ပြန်မလာဘူး မာမီ၊ နှိုင်း အဲဒီမိန်းမကို မယူနိုင်လို့ ဒယ်ဒီအပြစ်ပေးတယ်ဆိုလည်း နှိုင်းခံလိုက်ရုံပဲရှိတယ် မာမီ''

နှိုင်း ကျောပိုးအိတ်ကိုကောက်လွယ်လိုက်ရင်း အခန်းထဲက ထွက်ခဲ့လေသည်။ ဧည့်ခန်းရောက်တော့ နှိုင်းကို ကျောခိုင်းချပ်နေသော ဖေဖေ့ကို တွေ့ရလေသည်။

''ဒယ်ဒီ့အမိန့်အတိုင်း နှိုင်းသွားတော့မယ်''

''ကောင်းပြီလေ ... ဒီတော့မှ မင်းလည်း လူ့ဘဝအကြောင်း သိရတာပေါ့၊ ဒီတော့ ငါ့အကူအညီမပါဘဲ မင်းခြေထောက်ပေါ် မင်း ရပ်ကြည့်ပေါ့''

''စိတ်ချပါ ဒယ်ဒီ ... နှိုင်း ဒယ်ဒီ့သားပါ။ နှိုင်းရဲ့ဖုန်းနဲ့ ကား လည်းထားခဲ့ပါတယ်၊ ဒီမှာ နှိုင်းပိုက်ဆံအိတ်၊ နှိုင်း ငွေငါးသောင်း ကလွဲရင် ဘာမှယူမသွားပါဘူး''

နှိုင်းပိုက်ဆံအိတ်ထဲက ငါးထောင်တန်သယ်ရွက်ကို ယူလိုက်ရင်း ကျန်သည့်ပိုက်ဆံများကို ပိုက်ဆံအိတ်ထဲထည့်ကာ စားပွဲပေါ် ပစ်တင်ထားလိုက်ရင်း ထွက်ခဲ့လေသည်။

အခုအချိန်မှတော့လည်း ဘယ်သွားလို့ ဘယ်လာရမှန်းလည်း မသိသဖြင့် နှိုင်း တည်းခိုခန်းကိုသာ သွားခဲ့ရလေသည်။ သူငယ်ချင်း





တွေအိမ်သွားလို့ဖြစ်သော်လည်း အဲဒီလိုသွားပါက နှိုင်း သိက္ခာကျသည်။

အမြိုင်အခိုင်သူငယ်ချင်းတွေကြားမှာ နှိုင်းမျက်နှာငယ်တော့ အဖြစ်မခံနိုင်ပါ။ အကောင်းဆုံးက တည်းခိုခန်းသွားပြီး အိပ်လိုက်မည်၊ မနက်မိုးလင်းမှပဲ တခုခုလုပ်ဖို့စဉ်းစားတော့မည်။

နှိုင်း လမ်းတွင်တွေ့သော တက္ကစီတစ်စီးကိုတားလိုက်ရင်း တည်းခိုခန်းတစ်ခုခုကိုသာ လိုက်ပို့ခိုင်းလိုက်လေသည်။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

မနက်မိုးလင်းလင်းချင်း မျက်စိဖွင့်ကြည့်လိုက်တော့ မြင်နေကျ မြင်ကွင်းများ မဟုတ်သောကြောင့် ဘယ်များရောက်နေပါလိမ့်ဟာ စဉ်းစားလိုက်မိလေသည်။

ဩော် ... ဟုတ်သားပဲ ဟိုတယ်ကိုရောက်နေတာပါလား။ တစစ်စစ်ကိုက်နေသော ခေါင်းကို လက်မနှင့်လက်ညှိုးဖြင့်တောက်သား ရင်းမှ အိပ်ရာက ထ,လိုက်လေသည်။

"အား"

ရေခဲသေတ္တာထဲမှရေကို တစ်ရှိန်ထိုးမော့သောက်လိုက်မှပင် ရင်ထဲက အပူနည်းနည်း သက်သာသွားလေသည်။ မနေ့ညက နည်း နည်းများသွားသဖြင့်လည်း လူက မနက်မိုးလင်းတော့ ကိုယ်တွေ



လက်တွေ ကိုက်ခဲချင်နေသည်။

ဒါပေမဲ့ ... အရင်လိုလည်းကူညီလုပ်ကိုင်ပေးမယ့်လူလည်း မရှိသဖြင့် ကိုယ့်အားကိုယ်ကိုယ်ကိုးဖို့သာ စဉ်းစားရတော့မည်။ လက် ထဲမှာလည်း ငွေပိုငွေလျှံက သိပ်ပါမလာသဖြင့် တစ်ခုခုကို အမြန် စဉ်းစားဆုံးဖြတ်ပြီး လုပ်ဖို့လိုနေလေသည်။

ပိုက်ဆံမရှိဘဲနဲ့လည်း ရန်ကုန်မှာနေဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်။ အမျိုးတွေဆီမှာသွားနေဖို့ကြတော့လည်း အရင်ကတည်းက ခေါင်း ကြွားကြွားနိုင်သော နှိုင်းကို သူတို့က သိပ်ကြည့်လို့မရကြ။

နှိုင်းကလည်း ကွယ်ရာတစ်မျိုး ရှေ့တစ်မျိုးလုပ်နေသော သူတို့ ကိုလည်း ကြည့်မရသဖြင့် ဆက်ဆံရေးက မပြေလည်။ အခုအချိန် ပြီးမှာတော့ နှိုင်းမအတွက် ကူညီပေးမည့်လူက ရှားပါးလှချည်လား။

နှိုင်း စိတ်ပျက်ပျက်နှင့် ပြတင်းပေါက်တွင်ရပ်နေမိလေသည်။ ပြတင်းပေါက်မှ ဖြတ်သွားဖြတ်လာ ကားတွေကိုငေးနေရင်း နှိုင်းခေါင်း ထဲ ဖျတ်ခနဲဆိုသလို ဦးအုန်းမောင်ကို သတိရလိုက်မိလေသည်။

ဦးအုန်းမောင်ဆိုတာက နှိုင်းတို့အိမ်က ကားဒရိုင်ဘာကြီး။ ရေမ်းရိုးသားပြီး တကယ်စိတ်ရင်းကောင်းသော ဦးလေးကြီးပင်။ နှိုင်းကိုဆိုလည်း သူ့သားအရင်းလို ချစ်ခင်လွန်းလှပါသည်။

နှိုင်း ဘယ်လောက်ဆိုးဆိုး နှိုင်းအပေါ်မှာ အမြဲခွင့်လွှတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ခံပေးသော ထိုဦးလေးကြီးဆီကိုသာသွားဖို့ နှိုင်း ဆုံးဖြတ်လိုက်လေသည်။ နှိုင်းဆုံးဖြတ်ပြီးသည်နှင့် စားပွဲပေါ်တွင်ရှိသော ကျောပိုးအိတ်လေးကို ကောက်လွယ်ကာ အခန်းထဲမှထွက်လာလေသည်။

အခန်းအတွက် ကျသင့်ငွေကို ရှင်းပြီးသည်နှင့် နှိုင်းမခ တက္ကစီးတစ်စီးငှားကာ အဝေးပြေးဂိတ်သို့ ထွက်ခဲ့လေသည်။ အခုတော့ နှိုင်းမခ Express ကားကြီးနှင့် သာပေါင်းမြို့လေးသို့ ထွက်ခွာလာခဲ့လေသည်။

ရန်ကုန်မြို့ကြီးနှင့် တစ်စစပိုပြီးဝေးကွာလာလေလေ ရှုခင်းများနှင့်တကွ လူနေမှုပတ်ဝန်းကျင်လေးများကလည်း ကွာခြားသွားလေလေဖြစ်သည်။ လတ်ဆတ်တဲ့လေနုအေးနှင့် သဘာဝရှုခင်းများကြောင့် ရင်ထဲက ပူလောင်မှုများကတော့ အနည်းငယ် အေးငြိမ်းသွားလေသည်။

ခြောက်နာရီကျော်ကျော်လောက် ကားစီးပြီးသည်နှင့် သာပေါင်းမြို့လေးသို့ ရောက်ရှိခဲ့လေသည်။ တစ်လမ်းလုံး ညောင်းချိလာခဲ့သဖြင့် နှိုင်းအရင်ဆုံးကားပေါ်က ဦးအောင်ဆင်းလာခဲ့လေသည်။ ကားပေါ်က ဆင်းဆင်းချင်း ခါးဆန့်ကာ ခေါင်းကို ဘယ်ညာချိုးရင်း အညောင်းဖြေလိုက်လေသည်။

လူတွေကတော့ ဆံပင်ကုပ်ထောက်နှင့် နားကွင်းတစ်ဖက် ဝတ်ထားသော ခေတ်ဆန်ဆန်ကောင်လေးတစ်ယောက်ဖြစ်သော နှိုင်းကို ထူးဆန်းနေသလို ကွက်ကြည့်ကွက်ကြည့် ကြည့်ကြလေသည်။



နှိုင်းရဲ့ဆံပင်တွေက ပျော့ပျော့စင်းစင်းလေးများဖြစ်သဖြင့် ဒီဆံပင်ပုံစံနှင့်တော့ ရှိုက်ရှန်တွင်ကောင်မလေးများ ဗိုင်းဗိုင်းလည်ဖြစ်ခဲ့ရလေသည်။

ရှေ့ဆံပင်ကိုအချွန်တစောင်းအစွယ် အရှည်လေး ညှပ်ထားသဖြင့် နှိုင်းပုံစံက အခုခေတ်စားနေသည့် ကိုရီးယားကားထဲက မင်းသားလေးလိုပင်။

ဒါပေမဲ့ ... သန့်ပြန့်တဲ့ရုပ်ရည်လေးနှင့် မလိုက်ဖက်အောင် ဝတ်စားပုံကတော့ တားဂယ့်ကို လမ်းသရဲပုံစံ ပေါက်နေလေသည်။ ဟုနှင့်အစီတ်စိတ်အမြွာမြွာ ဖြဲထားသည့်ပုံပေါက်နေသော ဂျင်းမှိုတက်ဘောင်းဘီနှင့် အရိုးခေါင်းပုံတီရှပ်ကြီးကို ဝတ်ဆင်ထားလေသည်။

ဒါ့အပြင်လက်မှာလည်း 925 ဟန်းချိန်းကြီးကို ဝတ်ဆင်ထားသဖြင့် ဂျစ်ပစီရှုပ်ပုံ ပေါက်နေလေသည်။ နှိုင်းကတော့ သူ့ဟန်အတိုင်း ...ယ်သူတွေတာထောင်ထောင် သိပ်လည်းဂရုမစိုက်ဘတ်သလို ဘောင်းဘီ ...က ပီကေတစ်ခုကိုထုတ်ဝါးလိုက်ရင်း ရှေ့မှမြင်နေရသော မြစ်ကြီး ...ိုငေးကြည့်ရင်း လေကိုတစ်ချက်ကြီး ရှူရှိုက်လိုက်လေသည်။

ပြီးမှ အနားမှာရှိသည့် လူကြီးတစ်ယောက်ဆီသို့သွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



ခံပေးသော ထိုဦးလေးကြီးဆီကိုသာသွားဖို့ နှိုင်း ဆုံးဖြတ်လိုက်လေသည်။ နှိုင်းဆုံးဖြတ်ပြီးသည်နှင့် စားပွဲပေါ်တွင်ရှိသော ကျောပိုးအိတ်လေးကို ကောက်လွယ်ကာ အခန်းထဲမှထွက်လာလေသည်။

အခန်းအတွက် ကျသင့်ငွေကို ရှင်းပြီးသည်နှင့် နှိုင်းမခ တက္ကစီးတစ်စီးငှားကာ အဝေးပြေးဂိတ်သို့ ထွက်ခဲ့လေသည်။ အခုတော့ နှိုင်းမခ Express ကားကြီးနှင့် သာပေါင်းမြို့လေးသို့ ထွက်ခွာလာခဲ့လေသည်။

ရန်ကုန်မြို့ကြီးနှင့် တစ်စစထိုပြီးဝေးကွာလာလေလေ ရှုခင်းများနှင့်တကွ လူနေမှုပတ်ဝန်းကျင်လေးများကလည်း ကွာခြားသွားလေလေဖြစ်သည်။ လတ်ဆတ်တဲ့လေနုအေးနှင့် သဘာဝရှုခင်းများကြောင့် ရင်ထဲက ပူလောင်မှုများကတော့ အနည်းငယ် အေးငြိမ်းသွားလေသည်။

ခြောက်နာရီကျော်ကျော်လောက် ကားစီးပြီးသည်နှင့် သာပေါင်းမြို့လေးသို့ ရောက်ရှိခဲ့လေသည်။ တစ်လမ်းလုံး ညောင်းချိလာခဲ့သဖြင့် နှိုင်းအရင်ဆုံးကားပေါ်က ဦးအောင်ဆင်းလာခဲ့လေသည်။ ကားပေါ်က ဆင်းဆင်းချင်း ခါးဆန့်ကာ ခေါင်းကို ဘယ်ညာချိုးရင်း အညောင်းဖြေလိုက်လေသည်။

လူတွေကတော့ ဆံပင်ကုပ်ထောက်နှင့် နားကွင်းတစ်ဖက် ဝတ်



ထားသော ခေတ်ဆန်ဆန်ကောင်လေးတစ်ယောက်ဖြစ်သော နှိုင်းကို ထူးဆန်းနေသလို ကွက်ကြည့်ကွက်ကြည့် ကြည့်ကြလေသည်။

နှိုင်းရဲ့ဆံပင်တွေက ပျော့ပျော့စင်းစင်းလေးများဖြစ်သဖြင့် ဒီဆံပင်ပုံစံနှင့်တော့ ရန်ကုန်တွင်ကောင်မလေးများ ပိုင်းဝိုင်းလည်ဖြစ်ခဲ့ရလေသည်။

ရှေ့ဆံပင်ကိုအညွန့်တစောင်းအစွယ် အရှည်လေး၊ ညှပ်ထားသဖြင့် နှိုင်းပုံစံက အခုခေတ်စားနေသည့် ကိုရီးယားဇာတ်ကားထဲက မင်းသားလေးလိုပင်။

ဒါပေမဲ့ ... သန့်ပြန့်တဲ့ရုပ်ရည်လေးနှင့် မလိုက်ဖက်အောင် ဝတ်စားပုံကတော့ တဟေပယ့်ကို လမ်းသရဲပုံစံ ပေါက်နေလေသည်။ ဟားနှင့်အစိုက်စိုက်အပြွာပြွာ ဖြဲထားသည့်ပုံပေါက်နေသော ဂျင်းမှိုတက်နှင့် အရိုးခေါင်းပုံတီရှပ်ကြီးကို ဝတ်ဆင်ထားလေသည်။

ဒါ့အပြင်လက်မှာလည်း 925 ဟန်းချိန်းကြီးကို ဝတ်ဆင်ထားသဖြင့် ဂျစ်ပစီရုပ်ပုံ ပေါက်နေလေသည်။ နှိုင်းကတော့ သူ့ဟန်အတိုင်း ဘယ်သူတွေဘာထင်ထင် သိပ်လည်းဂရုမစိုက်တတ်သလို ဘောင်းဘီထဲက ပီကေတစ်ခုကိုထုတ်ဝါးလိုက်ရင်း ရှေ့မှမြင်နေရသော မြစ်ကြီးကိုငေးကြည့်ရင်း လေကိုတစ်ဝကြီး ရှူရှိုက်လိုက်လေသည်။

ပြီးမှ အနားမှာရှိသည့် လူကြီးတစ်ယောက်ဆီသို့သွားကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး . . . ဒီမြို့မှာ ဦးအုန်းမောင်တို့အိမ်ကို သိသလားခင်ဗျာ"

ထိုဦးလေးကြီးကတော့ နှိုင်းကို အထူးအဆန်းသတ္တဝါလို သေချာကြည့်ရင်း . . .

"လူလေးရဲ့ ဒီမြို့မှာက ဦးအုန်းမောင်တွေက အများကြီးပဲ။ မင်းက ဘယ်အုန်းမောင်ကို မေးတာလဲ"

ဟာ. . . . ဒါမှပြဿနာပဲ။ နှိုင်းကလည်း ဦးအုန်းမောင် သာပေါင်းမှာနေတယ်သာသိတာ လိပ်စာလည်း သေချာသိတာမဟုတ်ဘူး။

ဦးလေးပြောတော့လည်း သာပေါင်းမြို့က ကျဉ်းကျဉ်းလေးပါ။ ဘယ်သူ့ကိုမေးမေး သိတယ်လို့ပြောထားတာပဲ။ နေပါဦး . . . ဒီဦးကြီးကို ဘယ်လိုရှင်းပြရမှာပါလိမ့်။ နှိုင်း မျက်ခုံးလေးရှုံ့ကာ မျက်လုံးများကို မှေးကျဉ်းသွားသည့်အထိ စဉ်းစားလိုက်ရင်း . . .

"ဟိုဗျာ . . . ခြေထောက်သိပ်မသန်ဘူးလေ"

"ဩော် . . . ဆရာခလေးရဲ့အဖေပဲ၊ လူလေး ဒီလမ်းအတိုင်း ဆုံးအောင်လျှောက်သွားလိုက် လမ်းဆုံးရင် လမ်းချိုးလေးတစ်ခု တွေ့မယ်၊ အဲဒီကျရင် ညာဘက်ကိုချိုးလိုက်၊ ပြီး . . . ဦးအုန်းမောင်အိမ် ဘယ်အိမ်လဲသာ မေးလိုက် . . . မင်းကို လိုက်ပြလိမ့်မယ်"

"ဟုတ်ကဲ့"

နှိုင်း ထိုဦးလေးကြီးပြောသည့်အတိုင်း သေချာမှတ်သားရင်း



လျှောက်လာခဲ့လေသည်။ လမ်းကလည်း မြေနီလမ်းဖြစ်ရာ မိုးရာသီဖြစ်သည့်အတွက် ဗွက်အိုင်လေးများကို ကွေ့ပတ်လျှောက်ရင်း ထွက်လာခဲ့လေသည်။

နှိုင်းက ဖိနပ်ကို ရွှံ့ပေတာလောက် စိတ်ပျက်တာမရှိ။ အခုတော့ . . . နှိုင်းရဲ့ All Star ဖိနပ် အဖြူရောင်လေးကတော့ ရွှံ့များနှင့်ပေပွနေလေပြီ။ နှိုင်း ဖိနပ်လေးကို စိတ်ပျက်လက်ပျက် ငုံ့ကြည့်လိုက်မိလေပြီ။ အခုလိုအချိန်မျိုးမှာတော့ ဒင်းကိုလည်း မသိနိုင်တော့ပါ။

နှိုင်း ထိုဦးလေးကြီးပြောသည့် လမ်းမကြီးဆုံးသည်နှင့် ညာဘက်လမ်းသွယ်လေးထဲသို့ ကွေ့ဝင်လိုက်လေသည်။ လမ်းပေါ်မှာတော့ ပြေးလွှားဆော့ကစားနေသော ကလေးများကို တွေ့ရလေသည်။

ပတ်ဝန်းကျင်ကို လေ့လာလိုက်တော့ ခနိုခနဲ့ ထရံကာအိမ်ငယ်လေးများကိုသာ တွေ့လိုက်ရသဖြင့် နှိုင်း မျက်ခုံးများကို ပင့်လိုက်ရင်း 'ဟူး'ဆိုပြီး သက်ပြင်းမှုတ်ထုတ်လိုက်မိလေသည်။ နှိုင်း ပီကေကိုဝါးရင်း ဘောင်းဘီထဲကိုလက်ထဲရင်း ဆက်လျှောက်လာခဲ့လေသည်။

'ဝုတ် . . ဝုတ်'

နှိုင်းဆီသို့ တည့်တည့်ပြေးလာသော အညိုရောင်ခွေးကြီး ကြောင့် ရုတ်တရက် နှိုင်း ကြောင်သွားမိလေသည်။ နှိုင်းဆီသို့ ဒေါသ

www.burmeseclassic.com

www.burmeseclassic.com



တကြိုးပြေးဝင်လာသော ခွေးကြီးကိုကြည့်ရင်း နှိုင်း ထွက်လည်း မပြေးရဲဘဲ ကြောက်ကြောက်နှင့် နေရာတွင်သာ မတ်တတ်ရပ်နေမိလေသည်။

"ဦး ... ဦး ... မကြောက်နဲ့တော့ မရှိတော့ဘူး"

နှိုင်းလက်ကို လှုပ်ရင်းပြောသော ကလေးငယ်တစ်ဦး၏အသံကြောင့် နှိုင်းမျက်လုံးကို ဖွင့်ကြည့်လိုက်လေသည်။ ခွေးကြီးကတော့ ဘယ်ရောက်သွားပြီလဲတောင် မသိတော့။ နှိုင်း ပြုံးလိုက်ရင်း ကလေးကို ငုံ့ကြည့်ကာ ခေါင်းလေးကို ပွတ်လိုက်လေသည်။

"ကျေးဇူး ချာတိတ်"

"ဦးက ညည့်သည်လား။ ဦးကို သားတစ်ခါမှမမြင်ဖူးပါဘူး"

"ဟုတ်တယ်ကွ ... ဦးက ရန်ကုန်ကလာတာ"

နှိုင်းက သွက်လက်၍ ချစ်စရာကောင်းသော ထိုကလေးလေးကိုကြည့်ကာ သဘောကျသွားမိလေသည်။

"ဘယ်သူ့အိမ်ကိုသွားမှာလဲ ဦး"

"သား ... ဦးအုန်းမောင်တို့အိမ်ကို သိလား"

"ဩော် ... ဦးက ဆရာမအိမ်ကိုသွားမလို့လား။ လာလေ ... သား လိုက်ပို့ပေးမယ်"

ကလေးက နှိုင်းလက်ကိုဆွဲရင်း ဦးဆောင်ခေါ်လာလေသည်။



နှိုင်းကတော့ ခေါင်းမော့ကာ တစ်ချက်ရယ်လိုက်ရင်း ကလေးခေါ် ဆောင်ရာနောက်သို့ ပါလာလေသည်။

"ဆရာမ ... ဆရာမရေ ... ညည့်သည်လာတယ်၊ ဦး ... ဆရာမ ခဏနေရောက်လာလိမ့်မယ်နော်၊ သား သွားကစားတော့မယ်"

"အေး အေး ... ချာတိတ်"

နှိုင်းကို နှုတ်ဆက်ပြီးသည်နှင့် ကလေးလေးက သွက်လက်စွာ ထွက်ခွာသွားလေသည်။ နှိုင်းကတော့ ခြံရှေ့တွင် မတ်တတ်ရပ်ရင်း စောင့်နေလေသည်။

မပေါ် ဟင်းချက်နေရာမှ အိမ်ရှေ့က ခေါ်သံကြောင့် မီးဖိုပေါ်မှ ဟင်းအိုးလေးကိုချလိုက်ရင်း အိမ်ရှေ့သို့ ထွက်လာခဲ့လေသည်။ ဒီနေ့မှ မောင်လေးနဲ့ဖေဖေကလည်း အပြင်သွားနေသဖြင့် အိမ်မှာ မပေါ်တစ်ယောက်တည်း ဖြစ်နေလေသည်။

မပေါ် လက်သုတ်ပဝါနှင့် လက်ကိုသုတ်လိုက်ရင်း ခြံထဲသို့ ထင်းလာခဲ့လေသည်။ ဟင် ... ကလေးတစ်ယောက်မဟုတ်ဘဲ ယောကျ်ားတစ်ယောက်ပါလား။

မပေါ်ကို ကျောပေးရပ်နေသဖြင့် ထိုယောကျ်ားလေးကိုတော့ မပေါ် သေချာမမြင်ရပေ၊ ဒါပေမဲ့ မပေါ် တွေ့ဖူးနေကျလူမျိုး

www.burmeseclassic.com

www.burmeseclassic.com



မပျောက်တာတော့ သေချာသည်။ မပေါ် ခြံတံခါးကိုမဖွင့်သေးဘဲ ထိုလူ့ကို အရင် သေချာအကဲခတ်လိုက်လေသည်။

"ဒီမှာ . . . ဘယ်သူနဲ့တွေ့ချင်လို့လဲ"

မပေါ် တွေ့လိုက်ရတဲ့ ထိုလူ့ပုံစံကြောင့် မပေါ် နှာခေါင်းမရှုံ့မိအောင် မနည်းသတိထားလိုက်ရလေသည်။ ဘယ့်နှယ် ဝတ်ပုံစားပုံကို ကြည့်ပါဦး။ နိုင်ငံခြားကားထဲက လမ်းသရဲကျနေတာပဲ။

ဆံပင်ပုံစံကလည်း လမ်းသရဲတွေလို အရှည်ပုံနဲ့။ ဒီကြားထဲ နားကွင်းတစ်ဖက်က ပါလိုက်သေးသည်။ ထိုလူ့ပုံစံကိုကြည့်ရင်း မပေါ် ကော်တော်စိတ်ပျက်သွားမိလေသည်။

ခေါ်သံကြောင့် နှိုင်း လှည့်ကြည့်လိုက်တော့ ဆံပင်ရှည်ရှည်လေးနှင့် သနပ်ခါးပါးကွက်ကြားလေး လိမ်းခြယ်ထားသည့် ချစ်စရာကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။

တောသူမလေးသံ့ာဆိုတယ် အသားအရေက ဖြူနုဝင်းမွတ်နေလေသည်။ စူးရှသောမျက်ဝန်းတစ်စုံနှင့်အတူ နှာတံဖူးပူးလေးအောက်တွင် နှင်းဆီဖူးလေးလို ဖူးငုံ့နေသော နှုတ်ခမ်းပိုင်ရှင်လေးကို နှိုင်းငေးခနဲကြည့်လိုက်မိလေသည်။

"ဒီမယ် . . . မေးနေတာမကြားဘူးလား၊ ရှင် ဘယ်သူနဲ့ တွေ့ချင်လို့လဲ"



ရုပ်ကလေးချောသလောက် အသံများက မာထန်နေလေသည်။ ထိုကောင်မလေး၏မျက်ဝန်းများမှာလည်း နှိုင်းကို မနှစ်လိုရိပ်များ ဖုံးလွှမ်းနေသလို နှိုင်း ခံစားလိုက်ရလေသည်။

"ဒါ ဦးအုန်းမောင်တို့အိမ်လား"

"ဟုတ်တယ် . . . အခု ဖေဖေမရှိဘူး၊ ဒါနဲ့ ရှင်က ဘယ်သူလဲ"

"ငါက နှိုင်းမခ၊ ဦးဘုန်းမခရဲ့ တစ်ဦးတည်းသောသား"

ဆောင့်ကြွားကြွား နှိုင်းရဲ့အပြုအမူတွေကြောင့် မပေါ် နှုတ်ခမ်းလေး တစ်ဖက်ကိုတွန့်လိုက်ရင်း ကိုယ်လေး တစ်ချက်လှုပ်ကာ လှောင်လိုက်မိလေသည်။ ပြော် . . . ဖေဖေ ပြောပြောနေတဲ့ ရန်ကုန်က ကျိုက်ကိုတက်လူချွေးသားကိုး။ ဒါကြောင့် ခင်းက မာန်တက်နေတာကိုး။

"ဟေ့ . . . ဘာရယ်လုပ်နေတာလဲ၊ မင်း ငါ့ကို မသိဘူးလား၊ ဦးလေး မပြောဖူးဘူးလား"

နှိုင်းကို သေချာကြည့်ပြီး လှောင်ရယ်ချင်နေသော ကောင်မလေးကြောင့် နှိုင်း ဒေါသထွက်သွားမိလေသည်။ ဒီလိုတောသူမလေးကများ လာပြီး လူကိုလှောင်နေရသေးတယ်လို့။

"သိပါတယ်၊ ဖေဖေအမြဲပြောနေတဲ့ ကျေးဇူးရှင်ကြီးရဲ့ သားမုန်း"

"ဒါဆို တံခါးဖွင့်လေ၊ ဘာအူကြောင်ကြောင်လုပ်နေတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေမှမရှိတာ"

မပော် နှုတ်ခမ်းတစ်ဖက်ကို အပေါ်သွားနှင့်ကိုက်လိုက်ရင်း အော်လိုက်လေသည်။ လူကိုများ သူ့အခိုင်းအစေ မှတ်နေလားမသိဘူး။ စကားပြောတာတောင် မာရေကျောရေနဲ့။

"ဦးလေးမရှိရင် ငါက အထဲမဝင်ရတော့ဘူးလား။ မင်း ဧည့်သည်ကို အဲဒီလိုပဲ ဧည့်ခံရလားကွ"

မပော် ခြံတံခါးကို ဆောင့်ပွင့်လိုက်ရင်း အိမ်ထဲသို့ လှည့်ဝင်လာခဲ့လေသည်။ နိုင်းကတော့ ရှေ့ကထွက်သွားသော ကောင်မလေးကိုကြည့်ရင်း ... ဘာလေးမှန်းကိုမသိဘူးဟု တစ်ယောက်တည်းပြောကာ ခြံတံခါးကို ပြန်စေ့ခဲ့ရလေသည်။ ကောင်မလေးက ထဘီတိုတိုကို ဝတ်ဆင်ထားသဖြင့် ဖြူဖွေးဝင်းမွတ်နေသော ခြေသလုံးလေးများကို အထင်းသား တွေ့လိုက်ရလေသည်။

နိုင်း အိမ်ထဲရောက်တော့ ဘယ်သူ့ကိုမှမတွေ့ရချေ။ စောစောက ကောင်မလေးကိုလည်း မတွေ့ရတော့ချေ။ အိမ်လေးကို မျက်စိကစားရင်း တစ်ချက်ကြည့်လိုက်တော့ နံရံပေါ်တွင်ချိတ်ထားသော ဘွဲ့ဝတ်စုံဝတ်ထားသည့် စောစောက ကောင်မလေးကို တွေ့လိုက်ရလေသည်။

ဒီလိုဆိုတော့လည်း ဒီတောသူမလေးကလည်း ချစ်စရာကောင်း



နေပါပြန်ရောလား။ မဒိုတာရှိအပြုံးလေးနှင့် ကောင်မလေးဓာတ်ပုံလေးက ချစ်စဖွယ်ကောင်းလှပါသည်။ ကြည့်ရတာ ... ဓာတ်ပုံရိုက်ခံတုန်း ဓာတ်ပုံဆရာကို ရှက်နေတာပဲ ဖြစ်ရမယ်။ နိုင်းတစ်ယောက်တည်း လျှောက်တွေးမိလေသည်။ .

ထိုသို့တွေးနေတုန်း နိုင်းနှာခေါင်းထဲသို့ ဟင်းနံ့ သင်းသင်းလေးများ ဝင်လာချိန်မှာတော့ ဗိုက်ထဲက ရထားကြီးက တကျုန်းကျုန်း တဂျက်ဂျက်နှင့် ထွက်ရန် အသံပေးနေလေသည်။

နိုင်း မီးဖိုချောင်ထဲသို့ဝင်လာခဲ့လေသည်။ ဟင်းအိုးတည်နေသော ကောင်မလေးကတော့ သူ့အလုပ်နဲ့သူ ရှုပ်နေကာ နိုင်းကိုလည်း မြင်ပုံမရ။ နိုင်းအနားသွားရပ်တာတောင် သတိမထားမိပုံ။

"ဒီမှာ"

"အောင်မလေး"

နိုင်းရဲ့ခေါ်သံကြောင့် မပော် လန့်အော်လိုက်မိလေသည်။

"ရှင်က အိမ်ရှေ့မှာမနေပဲ ဘယ်လိုလုပ်ပြီး မီးဖိုခန်းထဲထိ ရောက်လာရတာလဲ"

မပော် မနှစ်မြို့သလို မျက်ခုံးရှုံ့ရင်းပြောလိုက်လေသည်။ နိုင်းကတော့ ခပ်တည်တည်နှင့်ပင် ...

"အမိ ... ကျုပ် ဗိုက်ဆာတယ်၊ စားစရာတစ်ခုခု စီစဉ်ပေး

www.burmeseclassic.com

www.burmeseclassic.com



စမ်းပါ''

''ဒီမှာ ဟင်းချက်နေတုန်း ဘာတစ်ခုမှ မကျက်သေးဘူး''

နှိုင်းကို ကျောခိုင်းပြီး ဟင်းဆက်ချက်နေသော ကောင်မလေး ကြောင့် နှိုင်း ဒေါသထွက်သွားမိလေသည်။ တည်းခိုခန်း၊ ဒုက္ခစီခ နှင့် အခု ကားခတွေကြောင့် လက်ထဲမှာ ငွေသိပ်မကျန်တော့သဖြင့် လမ်းတွင် ကော်ဖီတစ်ခွက်သာ သောက်ခဲ့ရသော နှိုင်းမှာ ဟန်မဆောင် နိုင်လောက်အောင်ကို ဗိုက်ဆာနေမိလေသည်။

နှိုင်း စားပွဲပေါ်တွင်ရှိသော အိုးများကို လှန်လှောကြည့်လိုက် လေသည်။ ထမင်းအိုးကို တွေ့လိုက်သည်နှင့် ဘေးနားတွင်ရှိသော ထမင်းပန်းကန်ကို ကောက်ယူကာ ခူးထည့်လိုက်လေသည်။

''ဒီမှာ ရှင် ဘာတွေလုပ်နေတာလဲ၊ ထမင်းခူးမယ်ဆိုရင်လည်း လက်အရင်ဆေးပါလား''

''ဘယ်မှာဆေးရမှန်းမှမသိတာ''

''ဟိုမှာ . . . မတွေ့ဘူးလား''

ကောင်မလေးညွှန်ပြသည့်နေရာကို လှမ်းကြည့်လိုက်တော့ စဉ့်အိုးလေးနှင့် ကပြင်ထုတ်ထားသည့် ပန်းကန်ဆေးသည့်နေရာလေး ကို တွေ့လိုက်ရလေသည်။ နှိုင်း လက်သွားဆေးလိုက်လေသည်။ ရုပ်ပုပ်ပုပ်ကောင်မလေးကိုကြည့်ရင်း နှိုင်း ပြုံးလိုက်မိလေသည်။



''ဟော့ . . . ဒီမှာ မင်း ဟင်းကျက်ပြီလား''

''မကျက်သေးဘူး''

တကယ်ဆို ဟင်းက နည်းနည်းသာ အနူးလိုတော့တာပါ။ ဒါပေမဲ့ ထိုအငမ်းမရလူကို အမြင်ကတ်သည်နှင့် မဟော် တမင်ပြော လိုက်လေသည်။

''မကျက်သေးလည်း တစ်တုံးလောက်တော့ထည့်ပေး၊ ငါ ဗိုက်ဆာပြီ''

မဟော် မျက်စောင်းတစ်ချက်ထိုးလိုက်ရင်း ဟင်းတစ်တုံးယူကာ ထိုလူ့ပန်းကန်ထဲသို့ ထည့်ပေးလိုက်လေသည်။ ထိုလူ့ရဲ့မိတတွေကျေး ဇူးက မဟော်တို့မိသားစုအပေါ်မှာ အများကြီးရှိတယ်ဆိုတာ မဟော် သိပါတယ်။

ဒါပေမဲ့ အခုလိုမျိုး ပိုင်စိုးပိုင်နင်းနှင့် ဗိုလ်ကျတာမျိုးတော့ မဟော် မကြိုက်ပေ။ ဒါပေမဲ့ ဖေဖေကတော့ ထိုမိသားစုကို ကျေးဇူး ရှင်တွေလို့ အမြဲကိုးကွယ်ဆက်ဆံနေသဖြင့် ဖေဖေ့သမီးဖြစ်တဲ့ မဟော် က ဘာစောဒက တက်ခွင့်ရှိမှာလဲ။

နှိုင်း ဗိုက်ဆာသောနှင့် ဟင်းကို ဖွဲ့လိုက်ရင်း စားလိုက်လေသည်။ ဟာ . . . တော်တော်ကောင်းတဲ့လက်ရာပဲ၊ ဗိုက်ဆာနေသဖြင့်လည်း ပိုမိုအရသာရှိနေလားတော့ မပြောတတ်၊

www.burmeseclassic.com

www.burmeseclassic.com



နှိုင်းအတွက်တော့ တော်တော်စားကောင်းလေသည်။ ထို အသားတစ်တုန်းလုံးကို ပါးစပ်ထဲ ကောက်ထည့်လိုက်ရင်း . . .

"မင်းလက်ရာ တော်တော်ကောင်းတာပဲ၊ မဆိုးဘူးကွ၊ အနေတော်ပဲ၊ နောက်တစ်တုံး ထပ်ထည့်ပေးဦး"

မပော် နှာခေါင်းရှုံ့လိုက်ရင်း နောက်နှစ်တုံး ထည့်ပေးလိုက်လေသည်။ မပော်တို့တောသူတွေက ဘယ်တော့ခဆို ချည့်သည့်အ တွက်ဆို စေတနာရှိပြီးသားပါ။ အခုလိုမျိုး နိုင့်ထက်စီးနှင်းနိုင်လို့သာ အမြင်ကတ်တာ။

နှိုင်းက ပန်းကန်ထဲမှာရှိသော ဟင်းနှစ်တုံးကိုကြည့်ရင်း ပြုံး လိုက်လေသည်။ ကောင်မလေးက စိတ်ထားလေးကတော့ သိပ် မဆိုးသော်လည်း မာနခဲလေးပင်။

"မင်း . . . ငါ့ထက်ငယ်တယ် သိလား။ ဦးလေးက ငါ့ကို အမြဲပြောဖူးတယ်၊ သူ့မှာ သမီးတစ်ယောက်, သားတစ်ယောက် ရှိ တယ်တဲ့၊ သမီးက ငါ့ထက် တစ်နှစ်ငယ်ပြီး သားက ငါ့ထက် သုံးနှစ်ငယ်တယ်တဲ့၊ အခု မင်းအသက် ၂၃ နှစ် မဟုတ်လား"

မပော် ဖျတ်ခနဲလှည့်ကြည့်လိုက်ရင်း ခေါင်းညိတ်ပြလိုက်လေ သည်။ နှိုင်းကတော့ ထမင်းလက်ကျန်တစ်လုတ်ကို ပါးစပ်ထဲ ကောက် ထည့်ပြီးသည်နှင့် အပြင်ထွက်ကာ လက်သွားဆေးလေသည်။



"ဟော့ . . . ဆပ်ပြာရှိလား"

မပော် ဆပ်ပြာဘူးလေးကိုယူကာ သွားပေးလိုက်လေသည်။

ဟွန့် . . . လူလည်ကြီး။ မပော်ကို သွယ်ဝိုက်ပြီး မပော်ထက် အသက် ကြီးတယ်။ မှိုရှိသေသေခက်ခက်ဆက်လို့ပြောချင်နေတာ မသိဘူးများ ထင် နေလားမသိ။

နှိုင်းကတော့ ကိုယ့်ကိုသိပ်မကြည့်သော ကောင်မလေးကို ကြည့်ရင်း သူမ ဒေါသကျိတ်ထွက်နေပုံလေးကို သဘောတွေကျနေမိ လေသည်။ မသိရင် နှိုင်းပုံစံက အိမ်ပေါ်က နှင်ချခံရလို့ ဆင်းလာ ရဲ့ပုံမပေါက်ဘဲ အပျော်ခရီး ထွက်လာသလိုတောင် ဖြစ်နေလေသည်။

မပော်ကတော့ ထိုလူလည်ကိုကြည့်ရင်း သက်ပြင်းကိုခိုးချ လိုက်မိလေသည်၊ ဒီလူ့ပုံစံကြည့်ရတာ တကယ့်လူပေါ်ကြော့။ ဘာ ကိစ္စများရှိလို့ ဒီရွာအထိတောင် လိုက်လာပါလိမ့်။

အိမ်မှာများ တည်းမလို့လား မသိ။ အိမ်မှာမတည်းလို့လည်း မပော်တို့ရွာမှာက ဟိုတယ်တွေ၊ တည်းခိုခန်းတွေ ရှိတာမဟုတ်။ တာပဲဖြစ်ဖြစ် အနည်းဆုံးတော့ ညအိပ်မှာသေချာသည်။

ထိုလူ့ပုံစံကြည့်ရတာတော့ သူ့အိမ်သူ့ရာရောက်နေသလိုလို အေးအေးသက်သက်ပါ။ မပော့်မှာသာ သူစားပြီး ထားသွားသော ပန်းကန်ကိုဆေးနေရင်း လျှောက်တွေးနေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တကယ်လို့များ ကြာကြာနေမယ်ဆိုရင်တော့ ဒီလူ့အချိုးနဲ့ မပေါ်နဲ့ ဖြစ်မှာမဟုတ်။ မောင်လေးကတော့ ဒေဒေသဖြင့် ဘာမှုပြုသနား မတတ်နိုင်သော်လည်း မပေါ်နဲ့ကတော့ မလွှယ်။

အခုလည်းကြည့် ခပ်တည်တည်နှင့် အိမ်ရှေ့ခန်းသို့ ထွက်သွားလေသည်။ လူတွေအားလုံးကိုများ သူ့အနိုင်းအဓေ မှတ်နေသလိုပင်။ မပေါ် တွေးနေရင်းနှင့် ဒေါ်သတွေထွက်လာကာ အောက်နှုတ်ခမ်းကို နာနာဖိကိုက်ထားမိလေသည်။

♥ ♥ ♥



အခန်း (၃)

ခြံထဲက သရက်ပင်အောက်တွင် ထိုင်နေရင်း နှိုင်း ဘာဆက်လုပ်ရမလဲကို စဉ်းစားနေမိလေသည်။ အခုဆို ဒယ်ဒီကလည်း အိမ်ပေါ်က နှင်ချလိုက်ပြီ။ ဒါပေမဲ့ ... သိပ်တော့ စိတ်ပူစရာမရှိပါဘူး။

ဒီမှာ တစ်လ,နှစ်လလောက်နေရင် ဒယ်ဒီလည်း အလိုလိုစိတ်ပြေလောက်ပြီ။ မာမီကလည်း အခုအချိန်လောက်ဆို ဒယ်ဒီကို နားချနေလောက်ပါပြီ။ နှိုင်း ခေါ့ကျော်စဉ်းစားရင်း အိမ်လေးကို သေချာကြည့်လိုက်လေသည်။

အိမ်လေးက ပျဉ်ထောင်သွပ်မိုးအိမ်လေး ဖြစ်လေသည်။ ထိုအိမ်လေးတွင် ဦးအုန်းမောင်တို့ သားအဖသုံးယောက်သာနေသဖြင့် နှိုင်း နေလို့သင့်တော်ပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com



အခုအချိန်မှတော့ မသင့်တော်လည်း နှင်း မတတ်နိုင်ပါ။ နှင်းမှာလည်း တကယ်ဒုက္ခရောက်လာတော့ အားကိုးစရာဆိုလို့ ဒီဦးကြီးကိုသာ သွားပြေးမြင်ယောင်မိတာ။

ဦးကြီးက နှင်းအပေါ်မှာဆို ငယ်ငယ်လေးကတည်းက သားအရင်းလို ချစ်ခင်သဖြင့်လည်း အခုလို ဒုက္ခရောက်တော့ ဦးကြီးကိုသာ မျက်လုံးထဲ အရင်ဆုံးပြေးမြင်မိလေသည်။

"ဦးကြီး"

ခြံထဲသို့တံခါးဖွင့်ရင်းလှမ်းဝင်လာသော ဦးအုန်းမောင်ကို တွေ့သည်နှင့် နှင်း ပြေးဖက်လိုက်မိလေသည်။

"နှင်း ... နှင်း မဟုတ်လား။ ကြည့်စမ်းကွာ ... ငါ့တူကြီးတောင် ဒီအရွယ်ရောက်နေပြီ"

ဦးအုန်းမောင်က သူ့ချိုးထိန်းကျောင်းလာခဲ့သည့် နှင်းက အခုလို အရပ်ခြောက်ပေနီးပါးလောက်ထိရှည်နေသည်ကိုကြည့်ရင်း မယုံနိုင်အောင်ကို ဖြစ်နေလေသည်။

နှင်း ခုနစ်တန်းလောက်ကတည်းက ဦးအုန်းမောင် ရွာကိုပြန်သွားလာခဲ့တာ အခုဆို နှင်းနဲ့မတွေ့ဖြစ်တာ ကြာလှပါပြီ။ ဒါပေမဲ့ ... နဂိုငယ်ရုပ်လေးမပျောက်သော နှင်းကိုတွေ့သည်နှင့် ဦးအုန်းမောင် ချက်ချင်းမှတ်မိလေသည်။



"ဒါပေါ့ ဦးကြီးရဲ့ ... မတွေ့တာဘဲ နှစ်တွေကြာလှပြီ၊ ဒါနဲ့ ... ဦးကြီးခြေထောက်ရော သက်သာရဲ့လား"

"မဆိုးပါဘူး နှင်းရယ် ... လမ်းတော့လျှောက်နိုင်ပါတယ်၊ ရည်းနှည်းလမ်းလျှောက်ရင် တော့ချွင်တာကလွဲရင်ပေါ့"

ဦးကြီးစကားကြောင့် နှင်းရင်ထဲ ဆို့နှစ်သွားလေသည်။ တကယ်တို့ ဦးကြီး ဒီလိုဖြစ်တာ နှင်းကြောင့်ပါ။ နှင်းသာ အဆောင့်မပက်ခဲ့ရင် ဦးကြီး ဒီလိုဘဝမျိုး ရောက်နဲ့မှာမဟုတ်ဘူး။

နှင်း ခုနစ်တန်းကျောင်းသားဘဝတွင် သူငယ်ချင်းနှင့် ဘောလုံးကန်ရင်း လမ်းမပေါ်လိမ့်သွားသောဘောလုံးလေးကို ပြေးအကောက် အရှိန်နှင့်မောင်းလာသောကားတစ်စီးနှင့် ထိပ်တိုက်တိုးလေသည်။

နှင်းပြေးထွက်သွားတာကိုမြင်မြင်ချင်း နောက်ကလိုက်လာသော ဦးကြီးက နှင်းကို ဆောင့်တွန်းလိုက်လေသည်။ နှင်းကတော့ ကံကောင်းထောက်မစွာ ချုံတောထဲကျသွားသော်လည်း ဦးလေးကြီးက ရှောင်ချိန်မရလိုက်။

ဒါကြောင့်လည်း ဦးလေးကြီးက အလုပ်ထွက်ပြီး ရွာကိုပြန်၍ တောစုနဲ့ အိုးမကွာအိမ်မကွာ ပြန်နေလေသည်။ အဲဒီကတည်းက နှင်း ဘောလုံးငုံးဝါသနာမြစ်တော့တာ ဒီနေ့အချိန်ထိပင်။ ဘောလုံးကပြနေနေသာသာ နှင်း ဘောလုံးပွဲတောင် လုံးဝမကြည့်တော့ချေ။

www.burmeseclassic.com

www.burmeseclassic.com



"နှင်း . . . ဘာတွေစဉ်းစားပြီး စိတ်မကောင်းဖြစ်နေတာလဲ၊ ဦးကြီးဘဝမှာ ဖြစ်ရမယ့်ကံပါလို့ဖြစ်တာပါ နှင်းရယ်၊ တခြားဘာမှ လျှောက်မစဉ်းစားစမ်းပါနဲ့"

ဦးအုန်းမောင်က နှင်းပခုံးကိုဖက်ရင်း အိမ်ထဲသို့ ခေါ်လာလေသည်။ နှင်းကတော့ ဦးကြီးခါးကို ပြန်ဖက်ပြီး အိမ်ထဲသို့ တွဲခေါ်ခဲ့လေသည်။

"ထိုင် နှင်း . . . ဘာစားပြီးပြီလဲ၊ သမီးနဲ့လည်း နှင်းကို မိတ်ဆက်ပေးရဦးမယ်၊ မပေါ်ရေ . . . သမီး"

"ရှင် . . . ဖေဖေ"

မပေါ် အဝတ်လျှော်လှန်းနေရင်းမှ ထွက်လာလေသည်။

"ဧည့်သည်ရောက်နေတာလား ဖေဖေ"

မပေါ် အိမ်ရှေ့ခန်းရောက်တော့ မောင်လေးလည်း အလုပ်က ပြန်လာလေသည်။

"ဪ . . . သားငယ်လည်း ပြန်ရောက်နေတာနဲ့ အတော်ပဲ ကဲ . . . ထိုင်၊ သမီးလည်း လာထိုင်၊ ဖေဖေ ပြောစရာရှိတယ် ဒါက ဖေဖေ သားတို့ကို အမြဲပြောပြောနေတဲ့ ဖေဖေတို့ရဲ့ကျေးဇူးရှင် ဦးဘုန်းမခရဲ့တစ်ဦးတည်းသောသား နှင်းမခတဲ့၊ ဖေဖေတို့သားလို ချစ်ရတဲ့ကလေးပဲ၊ အခု နှင်းက ဖေဖေ့ဆီ အလည်လာတဲ့အချိန်မှာ



ဘာမှလိုလေသေးမရှိအောင် ဂရုစိုက်ရမယ် . . . ကြားလား၊ နှင်းတို့ ကျေးဇူးတွေက ဖေဖေတို့အပေါ်မှာ နည်းတာမဟုတ်ဘူး။ သမီးတို့ အခုလို နေနိုင်စားနိုင်တာလည်း နှင်းတို့မိသားစုထောက်ပံ့ခဲ့လို့ပဲ၊ အခုအိမ်ဆိုလည်း နှင်းဖေဖေက ဖေဖေတို့မိသားစုအတွက် ငွေထုတ် ပေးခဲ့တာ၊ ဒီတော့ သားနဲ့သမီးရင်ထဲမှာရော၊ ခေါင်းထဲမှာပါ နှင်းက ငင်းတို့ ကျေးဇူးရှင်ဆိုတာကို မမေ့နဲ့ကြားလား"

ဖေဖေ့စကားကြောင့် မပေါ် နှုတ်ခမ်းလေးကို မသိမသာ ရွဲ့လိုက်မိလေသည်။ မပေါ် နှုတ်ခမ်းလေးရွဲ့လိုက်တာကိုလည်း နှင်း မြင်ဖြစ်အောင် မြင်လိုက်လေသည်။

"ဟာ . . . အဲဒီလိုမပြောပါနဲ့ ဦးကြီးရာ၊ တော်ကြာ နှင်းကို ပေါ်တို့ အထင်လွဲနေပါဦးမယ်"

"ဘာလွဲစရာရှိလဲ နှင်းရယ်၊ ဒါက အမှန်တရားပဲဟာ၊ ဒါနဲ့ . . . နှင်းက ဒီကိုအလည်သက်သက်လာတာလား၊ တခြား ဘာအကြောင်းများ ရှိသေးလဲ"

"ဟို"

အိမ်ကနှင်ချလိုက်လို့ ဆင်းလာသည်ဆိုတာကြီးကိုတော့ နှင်း မပြောရဲ။

"အလည်ပါပဲ ဦးကြီး၊ ကျွန်တော် တောဘက်တွေ မရောက်

www.burmeseclassic.com

www.burmeseclassic.com



ဖူးတာနဲ့ ဘယ်သွားရင်ကောင်းမလဲ စဉ်းစားရင်းနဲ့ ဦးကြီးကိုတွေ့ချင်လို့ ဒီကို တမင်လာတာ''

''ဝမ်းသာပါတယ် နှိုင်းရော၊ ဦးကြီးတို့အိမ်မှာ မင်း ပျော်သလောက်နေ . . . ကြားလား။ ဘာမှအားနာစရာမလိုဘူး။ လိုအပ်တာရှိရင်လည်း မင်းနှမနဲ့မင်းညီရှိတယ် . . . သူတို့ကို ခိုင်း၊ မင်းညီမနာမည်က မပော်တဲ့၊ မင်းညီနာမည်ကတော့ မောင့်ခေတ်တဲ့၊ မှတ်ထားနော်၊ ကဲ . . . သမီးကလည်း နှိုင်းနားလို့ရအောင် အခန်း စီစဉ်ပေးလိုက်လေ၊ သမီးနေတဲ့ အိမ်ပြင်က အခန်းလေးကို နှိုင်းကိုပေးလိုက်၊ သမီးက မောင်လေးအခန်းမှာနေ။ သားက ဖေဖေနဲ့ လာအိပ် . . . ကြားလား''

''ဟုတ် ဖေဖေ''

မပော် ခေါင်းညိတ်ရင်း ဖေဖေ့ရှေ့က ထွက်လာခဲ့လေသည်၊ စိတ်ထဲမှာတော့ မပော့်အခန်းလေးကို ပေးလိုက်ရသဖြင့် နည်းနည်းမှ မကျေနပ်။

မပော့်အခန်းလေးက အိမ်ရဲ့အပြင်တွင် သတ်သတ်လေး ဆောက်ထားပြီး မပော် အေးဆေးစာကျက်လို့ရအောင် လွတ်လွတ်လပ်လပ် အိမ်လေးနှင့် ခွဲဆောက်ထားတာဖြစ်သည်။

ဖေဖေကတော့ မပော်ကို အိမ်ပေါ်ခေါ်တင်ထားပြီး နှိုင်းကို အဲဒီအိမ်ပေးတာ သဘာဝကျပေမယ့် မပော်ကတော့ မပော့်အခန်း





လေးကို နှမြောနေမိသည်။

မပော်အခန်းထဲက အဝတ်အစားတွေကိုယူပြီး မောင်လေးအခန်းသို့ပြောင်း၍ နေရာချထားရင်း မပော် စာကြည့်စားပွဲမှာကျောင်းက ကလေးတွေရဲ့စာအုပ်များနှင့် ကျောင်းစာအုပ်များကိုတော့ မောင်လေးအခန်းသို့ ပြောင်းထားရလေသည်။

ပြီးသည်နှင့် ကိုရွှေညည်သည်အတွက် အထူးစပယ်ရှယ် သန့်ရှင်းရေးလုပ်ပေးရင်း ခုတင်ပေါ်တွင် ဂွမ်းစောင်အသစ်လေးကို ခင်းပေး၍ ခေါင်းအုံးစွပ်နှင့် အိပ်ရာခင်းများကို အသစ်လဲလှယ် ပေးလိုက်လေသည်။

ဂွမ်းစောင်ပါးလေးကို အိပ်ရာခြေရင်းတွင် သေချာခင်းထားပေးရင်း အခန်းလေးထဲမှ ထွက်လာခဲ့လေသည်။ ထိုကိုယ်တော်ချောကတော့ အခန်းထဲရှိစားပွဲခုံတွင် မိန့်မိန့်ကြီးထိုင်ရင်း မပော်လုပ်သမျှကို ကြည့်နေလေသည်။

ဟွန်း . . . နည်းနည်းပါးပါးကူလုပ်ဖို့ကိုတော့ စိတ်ကူးမိပုံတောင်မရ၊ မပော်ကတော့ အားလုံးပြီးသည်နှင့် အခန်းထဲက ထွက်လာခဲ့လေသည်။

နှိုင်းကတော့ အခန်းထဲမှ ကောင်မလေးထွက်သွားသည်နှင့် ခုတင်ပေါ်တွင် လှဲလိုက်လေသည်။ ကောင်မလေးက အလုပ်လုပ်တာ



www.burmeseclassic.com

စည်းစနစ်လေးရှိပြီး သေသပ်သူလေးလည်း ဖြစ်လေသည်။

တစ်ခန်းလုံးကို ရှင်းသွားလိုက်တာများ ခဏလေးပင်။ ခုတင်ပေါ်လဲလိုက်တော့မှပင် တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲနေသမျှလည်း သက်သာသလိုရှိ သွားလေသည်။

နှိုင်း လှဲလိုက်ရင်း မျက်စိတစ်ချက် ဝေ့ကြည့်လိုက်တော့ နံရံပေါ်တွင် ကောင်မလေးရဲ့ချစ်စဖွယ်အပြုံးလေးနှင့် ဓာတ်ပုံလေးကို တွေ့လိုက်ရလေသည်။ ထိုဓာတ်ပုံလေးကိုကြည့်ရင်း နှိုင်းလည်း ပြုံးလိုက်မိလေသည်။

ဒီကောင်မလေးဟာ ပြုံးလိုက်ရင် ဒီလောက်လှတာများ နှိုင်းရှေ့မှာ တစ်စက်ကလေးတောင် မပြုံးခဲ့။ အမြဲ ရှုပ်တင်းမာသောမျက်နှာထားနှင့် အထင်သေးသည့်အကြည့်တွေကသာ ကောင်မလေးမျက်နှာလေးတွင် ထင်ဟပ်နေလေသည်။

နှိုင်း လှဲနေရာမှထရင်း နံရံတွင် အစီအရီချိတ်ထားသော ဆုတံဆိပ်များကို သွားကြည့်မိလေသည်။

"အံမယ် ... ဒီလိုဆိုတော့လည်း တောသူမလေးက ဘယ်ဆိုးလို့လဲ"

သူငယ်တန်းကနေ ဆယ်တန်းအထိ ဆုတံဆိပ်တွေများ တန်းကိုစီလို့။ နေပါဦး ... ဆယ်တန်းဆုတံဆိပ်ကို ဖတ်လိုက်တော့ ဘာ



သာစုံဂုဏ်ထူးရှင် မဟော်။

နှိုင်း မျက်လုံးကိုပွတ်ရင်း နောက်တစ်ကြိမ် ထပ်ဖတ်လိုက်လေသည်။ ဒါဆို မဟော်ဆိုတဲ့ကောင်မလေးက စာကြမ်းပိုးလေးပေါ့။ နှိုင်း မာန်ပါပါ ပခုံးကိုတစ်ချက်တွန့်ရင်း အောက်နှုတ်ခမ်းလေးကို ထော်ကာ မျက်ခုံးလေးပင့်လိုက်လေသည်။

ဒါဆို ကောင်မလေးက ဘာလို့များ ဆေးကျောင်းတက်ပြီး ဆရာဝန် မလုပ်ပါလိမ့်။ ချက်ချင်းဆိုသလို ခေါင်းထဲ အချက်ပြမီးက လင်းသွားလေသည်။ ဟုတ်သားပဲ ... ဆရာဝန်လုပ်ဖို့ဆိုတာ ကျောင်းစရိတ်က နည်းတာမှမဟုတ်တာ။ သူမတို့ ဘယ်တတ်နိုင်ပါ့မလဲ။ ဒီလိုဆိုတော့လည်း ကောင်မလေးဘဝက သနားစရာလေးပင်။

နှိုင်း အခန်းလေးကို လှည့်ပတ်ကြည့်ရင်း စာကြည့်စားပွဲလေးတွင် ဝင်ထိုင်လိုက်လေသည်။ အလို ... ဖတ်တဲ့စာတွေကလည်း ဘယ်မြှင့်ပါလား။ တကယ်ဖတ်လား၊ မဖတ်လားတော့မသိ ... အင်္ဂလိပ်ဝတ္ထုစာအုပ် တော်တော်များများကို စားပွဲပေါ်တွင် တွေ့လေသည်။

သူလေးက တော်တော် စည်းစနစ်ရှိသူလေးပင် သူမ စာကြည့်စားပွဲပေါ်ရှိ စာအုပ်တစ်အုပ်ကို ကောက်ယူလိုက်တော့ သူမ ဖတ်ပြီးသည့်နေရာကို တခြားသူတွေလိုချိုးပြီးမှတ်ထားတာမျိုး မတွေ့ရဘဲ

www.burmeseclassic.com

www.burmeseclassic.com



စာရွက်အရှည်လေးနှင့် ညှပ်ပြီးမှတ်ထားတာကို တွေ့ရလေသည်။

ဒါအပြင် စားပွဲပေါ်ရှိပန်းအိုးလေးတွင်လည်း ဇီဇဝါပန်းလေးများကို လှပအောင်ထိုးထားတာကို တွေ့ရလေသည်။ ဒါကြောင့် ... သူမအခန်းလေးထဲ ဝင်ကတည်းက အနံ့တစ်ခုရပါတယ်လို့ထင်တာ ဒီပန်းလေးရဲ့အနံ့ကိုး။

မိန်းမသားဆိုလို့ သူလေးတစ်ဦးတည်းသာရှိသော ဒီအိမ်ကြီးက အခုလိုပြောင်လက်သန့်ရှင်းနေတယ်ဆိုကတည်းက သူလေးရဲ့ အရည်အချင်းကတော့ တွက်ဆကြည့်လို့ရပါသည်။

နှိုင်းလည်း သူမအကြောင်းတွေကို ဘာကြောင့်များ စဉ်းစားမိပါလိမ့်ဟု ကိုယ့်ဘာသာတွေးရင်း ပြုံးလိုက်မိလေသည်။

ဟုတ်တယ်လေ ... နှိုင်းမခဆိုတဲ့ ယောကျ်ားက ဘယ်မိန်းကလေးအကြောင်းကိုမှ အခုလို တခုတ်တရ တွေးဖူးတာမျိုးရှိမှမရှိတာ။

တွေးဖို့နေနေသာ မျက်လုံးချင်းတောင်ဆုံအောင် ဘယ်တုန်းကမှ ကြည့်ခဲ့တာ မဟုတ်ဘူး။ အခုတော့ တစ်ရက်တည်းသာ တွေ့ဖူးသေးသော ထိုကောင်မလေးနဲ့မှ နှိုင်းတို့ ပွဲမစခင်ကတည်းက ရှုံးရတော့မည် ထင်သည်။

❤ ❤ ❤



အခန်း (၄)

"ဆရာမရေ ... ဆရာမ"

မဟော် အိမ်ရှေ့က ခေါ်သံကြောင့် ဟင်းချက်နေရင်းနှင့် ထွက်ကြည့်လိုက်လေသည်။

"သား ... ဝေယံပါလား။ ဘာကိစ္စရှိလို့လဲသား"

"ဆရာမ ... ကျောင်းအုပ်ဆရာမကြီးက ဆရာမကို ခေါ်ခိုင်းလိုက်လို့ပါ"

"အခုလား သား"

"ဟုတ် ဆရာမ။ ကျောင်းကို ဒီနေ့ကျန်းမာရေးဆေးစစ်ဖို့ မြို့က ဆရာဝန်ကြီးတွေလာမယ်တဲ့၊ အဲဒါ ကျောင်းမှာ လိုအပ်တာလေးတွေလုပ်ဖို့ ဆရာမတွေအားလုံးကို ခေါ်ခိုင်းလိုက်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပြီသား . . . ဒါဆို ဆရာမ ရေချိုးပြီးတာနဲ့ ချက်ချင်း လာခဲ့မယ်နော်"

"ဟုတ်ကဲ့ ဆရာမ"

မဟော် ဟင်းကျက်သည်နှင့် ဆွမ်းတော်ကိုအမြန်ပြေးကပ် ရလေသည်။ ဆွမ်းကပ်ပြီးသည်နှင့် မဟော် ရေ ကမန်းကတန်းချိုးချင်း ကျောင်းသွားဖို့ကို အမြန်ဆုံး ပြင်ဆင်ရလေသည်။

မြို့က ဆရာဝန်ကြီးတွေနဲ့ သူနာပြုဆရာမတွေ လာမယ်ဆို တော့ ဆရာကြီးတွေ နေဖို့အခန်းနဲ့ စားဖို့သောက်ဖို့ပါ ပြင်ဆင်ရမယ် ဆိုတော့ မဟော်တို့သွားပြီး မြန်မြန်စီစဉ်မှဖြစ်မည်။

မဟော်ဆံထုံးလေးထုံးကာ ကျောင်းဆိမ်းဝတ်စုံလေးကို မြန်မြန် လဲပြီးသည်နှင့် ပိုက်ဆံအိတ်နှင့်စာအုပ်လေးများကိုယူကာ ထွက်လာခဲ့ လေသည်။

"ဖေဖေရေ . . . သမီးစားပွဲပေါ်မှာ မနက်စာအားလုံး ပြင်ထား ပေးခဲ့တယ်နော်"

"သမီး ကျောင်းသွားမလို့လား . . . အစောကြီးရှိသေးတယ်"

နှိုင်းနှင့်စကားထိုင်ပြောနေရင်းက ဦးအုန်းမောင် သမီးဖြစ်သူကို လှမ်းမေးလိုက်လေသည်။ နှိုင်းကတော့ ကျောင်းဆရာမဝတ်စုံလေးနှင့် အရမ်းကိုလှနေသော ဆရာမလေးကိုသာ မျက်တောင်မခတ်တမ်း

www.burmeseclassic.com



စိုက်ကြည့်လိုက်မိလေသည်။

တော်သေးတာပေါ့ ဦးကြီးက သူ့အာရုံနဲ့သူ နှိုင်းကို သတိမထား မိလို့။

"ဟုတ်တယ်ဖေဖေ . . . ဒီနေ့ကျောင်းကို မြို့က ဆရာဝန်တွေ လာမှာ၊ ကျောင်းကျန်းမာရေးလေ၊ ဒီတော့ သမီးတို့ စီစဉ်စရာလေး တွေ စီစဉ်ဖို့သွားတော့မယ်၊ ဟင်းတွေလည်း ကြောင်အိမ်ထဲမှာ အား လုံး သမီးချက်ပြီးပြီနော်"

"ဟဲ့ . . . သမီးရော ထမင်းချိုင့် ယူမသွားတော့ဘူးလား"

"ရတယ်ဖေဖေ မယူတော့ဘူး၊ သမီးအချိန်လည်း မရတော့ဘူး၊ ကျောင်းမှာပဲ တစ်ခုခု ဖြစ်သလိုစားလိုက်တော့မယ်"

မဟော် ပြောပြီးသည်နှင့် ဖိနပ်လေးစီးကာ ခပ်မြန်မြန် လမ်း လျှောက်ရင်း ထွက်သွားလေသည်။

"ဒီလိုပဲ နှိုင်းရေ . . . မင်းညီမကတော့ အလုပ်လုပ်ပြီဆို ထမင်းမေ့ဟင်းမေ့ပဲ"

"ဦးကြီး . . . မောင့်ခေတ်လည်း မတွေ့ပါလား၊ ဒီကောင်လည်း အလုပ်သွားပြီလေ၊ ဒီကောင်က ယောကျ်ားလေးဆိုတော့ မနက်စာကို ယက်ဖက်ရည်ဆိုင်မှာပဲ လက်ဖက်ရည်သောက်တဲ့ကောင်လေ၊ အိမ်မှာ လူ့အစ်မ ဘယ်လောက်ကောင်းအောင် ဖျော်ပေးပေး မကြိုက်ပါဘူးဆိုပြီး

www.burmeseclassic.com



လက်ဖက်ရည်ဆိုင်ပဲပြေးတာ၊ ပြီးတာနဲ့ သူလည်း အလုပ်ထွက်မှာလေ၊ သမီးငယ်တောင် လောလောလောလောနဲ့ သွားတာ မနက်စာတောင် မစားသွားရဘူးထင်တယ်၊ လာ နှိုင်း ... သမီးငယ် စားပွဲမှာ အားလုံး ပြင်ထားပြီးပြီပြောတယ်၊ သွားစားရအောင်"

ဦးကြီးနှင့်အတူ နှိုင်း အိမ်နောက်ဘက်မှ ထမင်းစားပွဲခုံသို့ လျှောက်လာခဲ့လေသည်။ စားပွဲပေါ်က အုပ်ဆောင်းကို လှန်ကြည့် လိုက်တော့ ကော်ဖီသုံးခွက်နှင့် အငွေ့တထောင်းထောင်းထနေသော မုန့်ဟင်းခါးပူပူလေးများကို တွေ့လိုက်ရလေသည်။

မုန့်ပွဲသုံးပွဲ ပြင်ထားတယ်ဆိုကတည်းက ကောင်မလေး မနက် ကလည်း မစားသွားဘူး ထင်ပါရဲ့။ နှိုင်း တစ်ယောက်တည်းငြိမ်ပြီး တွေးနေမိလေသည်။

"နှိုင်း စားလေ ... မကြိုက်လို့လား၊ နောက်နေ့ဆို သား စားချင်တဲ့ဟင်း မင်းညီမကို ကြိုပြောထားလေ၊ သူ ချက်ကျွေးလိမ့် မယ်"

"ကြိုက်ပါတယ် ဦးကြီးရာ၊ နှိုင်း စဉ်းစားနေတာ မပော် ဒီအတိုင်းဆို တစ်နေ့လုံးလည်း အလုပ်ရှုပ်နေတာနဲ့ သူစားဖြစ်မှာ မဟုတ်ဘူး၊ သူ့ကို ထမင်းချိုင့်လိုက်ပို့ပေးရင် ကောင်းမလားလို့"

"ပို့ဖို့ကျတော့လည်း ဦးကြီးက အဲဒီလောက်အဝေးကြီး မလျှောက်နိုင်ဘူး သားရဲ့"

"ရပါတယ် ဦးကြီးရဲ့၊ ကျွန်တော် သွားပို့ပေးမယ်လေ"

"ဒါဆိုရင်တော့ အကောင်းဆုံးပေါ့ နှိုင်းရာ"

နှိုင်းပြုံးရင်း ခေါင်းညိတ်ပြလိုက်လေသည်။ ထို့နောက် ... စားသောက်ပြီးသည်နှင့် ပန်းကန်များကို အရင်လို မထားခဲ့တော့ဘဲ သွားဆေးလိုက်လေသည်။

"သမီးပြန်လာမှ ဆေးလိမ့်မယ် နှိုင်း ... ထားလိုက်"

"မဟုတ်တာဘဲ ဦးကြီးရာ၊ သူက အလုပ်ကနေ မောမောပန်း ပန်းပြန်လာလို့ ဒီပန်းကန်တွေတွေ့ရင် ဘယ်စိတ်ကောင်းမလဲ၊ ကျွန်တော်ပဲ ဆေးလိုက်ပါ့မယ်"

နှိုင်း မနက်စာစားပြီးသည်နှင့် ဘာမှလည်း လုပ်စရာမရှိသဖြင့် အခန်းထဲသို့သာ ပြန်လာခဲ့လေသည်။ ဦးကြီးက လူကြီးပီပီ တရားခွေ လေးနှင့် တရားနာနေသဖြင့် နှောင့်ယှက်ချင်တော့သဖြင့် ကိုယ့်အခန်းထဲကိုသာ ပြန်ဝင်လာခဲ့လေသည်။

အခန်းထဲရောက်ပြန်တော့ ဘာမှလည်း လုပ်စရာမရှိသဖြင့် စားပွဲပေါ်က စာအုပ်တွေကိုသာ ယူကြည့်ရင်း ဟိုလှန်ဒီလှန် လုပ်မိ နေသည်။

"ဟင်"







www.burmeseclassic.com

www.burmeseclassic.com



စာအုပ်ကြားထဲမှ ထွက်ကျလာသောဓာတ်ပုံလေးတစ်ပုံကို နှိုင်း ယူကြည့်လိုက်လေသည်။ မဟော်နှင့်ကောင်လေးတစ်ယောက်ပါ လား။

ဓာတ်ပုံလေးထဲတွင် မဟော်က ရှေ့တည့်တည့်ကိုကြည့်ပြီး ပြုံးနေသော်လည်း ဘေးနားက ကောင်လေးကတော့ မဟော်ကို ချစ်ရည်ရွှန်းနေသော မျက်လုံးကြီးနဲ့ စိုက်ကြည့်လို့။

အလှူတစ်ခုတွင်ရိုက်ထားသည့် ဓာတ်ပုံလေးဖြစ်သည်။ ရှေ့တွင်လည်း မုန့်ဟင်းခါးပန်းကန်များနှင့်။ နှိုင်း ထိုပုံလေးကို သေချာစိုက် ကြည့်နေရင်း ရင်ထဲ တစ်မျိုးလေး ခံစားရလေသည်။

နှိုင်း မျက်မှောင်ကြုတ်ရင်း ထိုပုံလေးကို သေချာစိုက်ကြည့် လိုက်လေသည်။ ယောကျ်ားချင်းဆိုတော့ ဒီကောင့်မျက်လုံးတွေကို နှိုင်း ကောင်းကောင်း ဘာသာပြန်တတ်ပါသည်။ ဒီကလေးမကလည်း ဒီလိုကောင်ရှေ့ကျတော့ ကြည့်ပါဦး ပြုံးရွှင်လို့။

ရင်ထဲမှာတော့ မခံချင်သလိုလို၊ အလိုမကျသလိုလိုနှင့် နှိုင်း၊ စိတ်ထဲ စနိုးစနောင့်ခံစားလိုက်ရလေသည်။ နံရံပေါ် ဓာတ်ပုံလေးထဲက ကောင်မလေးကတော့ နှိုင်းအဖြစ်တွေကိုကြည့်ရင်း ပျော်နေတော့ မှာ သေချာသည်။ နှိုင်း နံရံကိုမော့ကြည့်ရင်း တစ်ယောက်တည်း စကားတွေပြောနေမိလေသည်။





"ဟော့ကောင်မလေး ... ဘာကြောင့်များ ဒီလောက်တောင် ဟန်ကြီးရတာလဲကွာ"

ကောင်မလေးရဲ့အပြုံးလေးတွေကတော့ နှိုင်းရင်ကို အေးမြ စေသည်။ နှိုင်းနံရံမှ ဓာတ်ပုံလေးကိုကြည့်နေရင်းမှ မှေးခနဲ အိပ်ပျော် သွားလေသည်။ အိပ်မက်ထဲထိတောင် ကောင်မလေးက ရောက်လာ လေသည်။

ဒါပေမဲ့ အိပ်မက်ထဲမှာလည်း ကောင်မလေးက နှိုင်းကို အသိ အမှတ်မပြုခဲ့။ စူးရှရှမျက်ဝန်းလေးနှင့် ခပ်တင်းတင်းမျက်နှာထားလေး ကိုသာ နှိုင်းကတော့ မက်မောစွာငေးကြည့်လို့။ ဖျတ်ခနဲ လန့်နိုးလို့ လှမ်းကြည့်လိုက်တော့ ၁၁ နာရီတောင် ထိုးတော့မည်။

နှိုင်း ကမန်းကတန်းထရင်း၊ ထမင်းစားခန်းပြေး၍ ထမင်းချိုင့် ဖွင့်ကာ ထမင်းနှင့်ဟင်းများကို ထမင်းချိုင့်အတွင်းသို့ ထည့်ရလေ သည်။

"နှိုင်း ... ထမင်းချိုင့်သွားပို့မလို့လား"

"ဟုတ်ကဲ့ ဦးကြီး၊ ဒါနဲ့ ... မဟော်တို့ကျောင်းက ဘယ်နားမှာ လဲ"

နှိုင်းအမေးကြောင့် ဦးကြီးက အားရပါးရရယ်လေသည်။ နှိုင်းကတော့ ဘာကြောင့် ဦးကြီး ရယ်မှန်းမသိချေ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီရွာမှာ အထက်တန်းကျောင်းတစ်ကျောင်းပဲရှိတယ် နှိုင်းရေ မင်း လမ်းထိပ်ရောက်တာနဲ့ ကျောင်းသွားချင်လို့ ဘယ်နားလဲသာ မေးလိုက် ... မင်းကို သူတို့ လမ်းညွှန်လိမ့်မယ်"

ဦးကြီးစကားကြောင့် နှိုင်းလည်း ပြုံးလိုက်မိလေသည်။ ဟုတ်သားပဲ ရွာပါဆိုနေမှ ကျောင်းက တစ်ကျောင်းပဲရှိမှာပေါ့။

"ဟုတ်ပြီ ဦးကြီး ... ဒါဆို နှိုင်းသွားတော့မယ်၊ တော်ကြာ နောက်ကျနေမှာစိုးလို့"

နှိုင်း နှုတ်ဆက်ရင်း ခပ်သွက်သွက်ထွက်ခဲ့လေသည်။ လမ်းတစ်လျှောက်လုံးလည်း နှိုင်းကိုတွေ့ရင် မပော် အံ့ဩသွားမှာပဲလို့ တွေးရင်း နှိုင်းပျော်ရွှင်နေမိလေသည်။

အခန်း (၅)

နှိုင်း ထမင်းချိုင့်လေးကိုဆွဲရင်း ကျောင်းဝင်းထဲသို့ ဝင်လာမိလေသည်။ ကျောင်းလေးက သစ်သားနှစ်ထပ်ကျောင်းဖြစ်ပြီး ကျောင်းထဲ လှမ်းဝင်လိုက်သည်နှင့် ကလေးများ၏စာအံနေသံများကို ကြားရလေသည်။

နှိုင်း ဝင်ဝင်ချင်း အောက်ထပ်အခန်းတွင် မပော် စာသင်နေသည်ကို လှမ်းမြင်လိုက်ရသဖြင့် ကုက္ကိုပင်ကြီးအောက်တွင် ဝင်ထိုင်ရင်း မပော်စာသင်နေသည်ကို ငေးကြည့်နေမိလေသည်။

Black Board ပေါ်တွင် မြေဖြူနှင့်ရေးရင်း ကလေးတွေကို ဂရုတစိုက်စာသင်ကြားနေသော ဆရာမလေးကို နှိုင်း ငေးကြည့်နေမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နိုင်ရင် နှိုင်းလည်း ထိုဆရာမလေးရဲ့တပည့်လေး ဖြစ်ချင်မိပါသည်။

နှိုင်း ကျောင်းထဲကို ဝင်လာကတည်းက မပော်လည်း နှိုင်းကို တွေ့လိုက်လေသည်။ ဘာကိစ္စများရှိလို့ ကျောင်းအထိတောင် ဒီလု လိုက်လာပါလိမ့်လို့လည်း မပော် တွေးလိုက်မိလေသည်။

ဂျင်းပင်အတိုနှင့် ပန့်ပုံစံဝတ်ထားသော အဆိုတော်ပုံပါသည့် တီရှပ်ကြီးကိုဝတ်ပြီး ကျောင်းထဲထိလိုက်လာခဲ့သဖြင့် မပော် ရှက်မိပါသည်။

ဒီကြားထဲ ဆံပင်ကရှည်ရှည်၊ နားကွင်းကလည်း တစ်ဖက်နှင့် ထိုလူကို ကျောင်းထဲမှာ မပော် တွေ့ရမှာ ရှက်မိပါသည်၊ ဒါကြောင့် လည်း မပော် မသိချင်ယောင်ဆောင်ရင်း စာဆက်သင်နေမိလေသည်။

မပော့်ကို ကုက္ကိုပင်အောက်တွင်ထိုင်စောင့်နေသော သူ့ကို ကြည့်ရတာလည်း မပော် မသွားမချင်း ပြန်မည့်ပုံမပေါက်။ ဒါကြောင့် လည်း ကလေးတွေကို စာရွတ်ခိုင်းခဲ့ပြီး မပော် ခပ်ထွက်လာခဲ့ရလေသည်။

"ဒီမှာ ... ရှင် ကျောင်းအထိ ဘာလာလုပ်တာလဲ"

မပော်ရဲ့ ရုပ်တင်းမာပြီး ပြင်းထန်သည့်လေသံကြောင့် နှိုင်း



ဒေါသ ထောင်းခနဲထွက်မိလေသည်။ ကိုယ့်ကိုတွေ့သည်နှင့် ရန်သူ တစ်ယောက်လို အမြင်ပြောင်းလဲသွားတတ်သည့် သူမ၏မျက်နှာထား ကိုလည်း နှိုင်း နည်းနည်းမှမကျေနပ်။

"ဘာလာလုပ်ရမှာလဲ၊ ဒီမှာ ထမင်းချိုင့် ... မင်း မမြင်ဘူး လား"

နှိုင်းက လက်ထဲတွင်ပါလာသော ထမင်းချိုင့်ကို မြှောက်ပြလိုက် လေသည်။

"ဟာ ... ရှင့်ကို ဘယ်သူက လိုက်ပို့ခိုင်းလို့ ... လာပို့နေရတာ လဲ"

"ဒီမယ် အမိ ... မနက်မိုးလင်းကတည်းက မနက်စာတောင် မစားသွားရဘူးဆိုပြီး ကိုယ်ချင်းစာပြီး လာပို့တာ၊ မင်း ကျေးဇူးတင်ရမှာကို သိအာမှတ်မပြုချင်နေ ... စော်တော့မစော်ကားနဲ့၊ ရော့ ... ဒီမှာ ထမင်းဘာသာ စားချင်စား၊ မစားချင်နေ"

နှိုင်း စိတ်တိုတိုနှင့် ထမင်းချိုင့်လေးကို ခုံတန်းပေါ်ချခဲ့ပြီး ထွက်လာခဲ့လေသည်။ စိတ်ထဲမှာလည်း တနုံ့နုံ့ဒေါသထွက်မိလေသည်။

အဲဒီကောင်မလေးအပေါ် စေတနာထားမိတာကိုက မှားတာ။ တစ်ယောက်တည်း ဒေါသထွက်နေသဖြင့် ဘေးဘီလည်း မမြင်ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းအဝတွင် လူတစ်ယောက်နှင့်တိုက်မိလေသည်။

"ဆောရီး"

နှိုင်း တောင်းပန်စကားဆိုရင်း မော့ကြည့်လိုက်တော့ ... တောက် ... ဟိုငနဲ။ ခတ်ပုံထဲကကောင်။ ဒါဆို ဒီကောင်ကလည်း ကျောင်းဆရာပေါ့။

ဩော် ... ဒါကြောင့် ဒီကောင်မလေးက နှိုင်း ကျောင်းကို လိုက်လာတာကို မကြိုက်တာကိုး။ စိတ်ချအမိရေ ... ဒီလိုဆိုလို့က တော့ နေ့တိုင်းကို လာဦးမှာ။

နှိုင်း လမ်းဘေးတွင်ရှိသော ကျောက်ခဲလေးကို ကန့်သည့်လိုက်ရင်း ထွက်လာခဲ့လေသည်။ နှိုင်းဒေါသတွေကတော့ ထိုခဲလုံးလေး တွေလိုပဲ အလိမ့်လိမ့်ထွက်လို့။

"မဟော် ... ထမင်းချိုင့်ကိုင်ပြီး ဘာငိုင်နေတာလဲ"

မဟော် ထမင်းချိုင့်ကိုကြည့်နေရာမှ မိုးစက်ရဲ့အသံ ကြားသဖြင့် မော့ကြည့်လိုက်လေသည်။

"ဘာရယ်မဟုတ်ပါဘူး မိုးစက်ရဲ့"

"စောစောက တွေ့လိုက်တဲ့လူက မဟော်တို့အိမ်က ညွှေ့သည် ဆိုတာလား"

မဟော် ခေါင်းသာညိတ်ပြလိုက်လေသည်။ စိတ်ထဲမှာလည်း





ဒီလိုမေးခံရတာကို ရှက်နေမိသလိုလိုပင်။

"သူက ဒီကို ဘာလာလုပ်တာလဲ မဟော်"

"ဒီကို အလည်လာတာတဲ့"

"မဟော် စိတ်ညစ်နေလားဟင်"

"ဒီလိုပါပဲ ... သူက ညွှေ့သည်လေ။ မဟော်တို့ အတတ် နိုင်ဆုံး အဆင်ပြေအောင်နေပါတယ်"

မဟော်ကိုကြည့်ရင်း မိုးစက် စိတ်မကောင်းဖြစ်မိပါသည်။ တော့ ... စိတ်လည်းမချ။ ဒီလောက်လှတဲ့မဟော်ကို ဟိုရန်ကုန် သားက သဘောကျသွားရင်အခက်။

မဟော့်ကို ကြည့်ရတာတော့ ထိုလူရှိနေလို့ စိတ်ရှုပ်နေသလို။ ကနှာလေးက နွမ်းနေလေသည်။

"ဘာမှ စိတ်ညစ်မခံနဲ့နော်၊ မဟော်ဘေးနားမှာ ကျွန်တော် ရှိမှာပါ"

မိုးစက်ရဲ့စကားကြောင့် မဟော် ပြုံးလိုက်မိလေသည်။ မိုးစက် မဟော်တို့က ငယ်ငယ်လေးကတည်းက သူငယ်ချင်းတွေ။ အခုတော့ ဟိုဘက်က မဟော်အပေါ်ထားတဲ့သဘောထားတွေက အရင် ပြောင်းလဲတော့တာကို မဟော်ရိပ်မိနေသော်လည်း မဟော် တော့ အခုအချိန်ထိ သူငယ်ချင်းဆိုသည့် အဖြူရောင် စည်း



www.burmeseclassic.com

www.burmeseclassic.com



လေးကို လုံးဝမကျော်ခဲ့ပေ။

"ကဲ မိုးစက် . . . မပေါ်လည်း စာဆက်သင်လိုက်ဦးမယ် နော်"

"ကောင်းပါပြီ မပေါ်"

မိုးစက်ကိုနှုတ်ဆက်ရင်း မပေါ် စာသင်ခန်းထဲသို့ ပြန်လာခဲ့လေသည်။ ရင်ထဲမှာတော့ နှိုင်းကို အော်ငေါက်လိုက်မိတာကို စိတ်မကောင်းသလို ခံစားလိုက်ရလေသည်။



## အခန်း (၆)

မပေါ် ကျောင်းကပြန်ရောက်တော့ ခြံထဲတွင် တစ်ယောက်တည်းထိုင်နေသည့် နှိုင်းကို တွေ့လိုက်ရလေသည်။

"ပြန်လာပြီလား မပေါ်"

မပေါ် ခေါင်းမော့ကြည့်လိုက်ရင်း . . .

"ဟုတ်ကဲ့ . . . နှိုင်း နောက်ဆို ကျွန်မနဲ့ပတ်သက်တာတွေကို ကျွန်မ ခွင့်ပြုချက်မပါဘဲ ရှင်သဘောတိုင်း မလုပ်ပါနဲ့"

"ခင်ဗျားအတွက် အနှောင့်အယှက်ဖြစ်လို့လား မပေါ်၊ ကျုပ်ကို ခင်ဗျား ဘာတွေကြောင့် ဒီလောက်တောင် ခါးသီးနေရတာလဲ"

"အမှန်တိုင်းပြောရရင် ရှင့်ရဲ့ဝတ်ပုံစားပုံနဲ့ ဆံပင်ပုံစံတွေက ကျွန်မတို့ကျောင်းက ကလေးတွေအတွက် အတုယူမှားစရာ ဖြစ်မှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးတယ်''

မဟော့်စကားကြောင့် နှိုင်း ပါးစပ်အဟောင်းသားဖြစ်သွားမိလေသည်။ တစ်သက်လုံး ကိုယ့်စတိုင် ကိုယ်သဘော ကျလာခဲ့သမျှ ဒင်းလေးနဲ့တွေ့မှာပဲ ရက်ရက်စက်စက် ဝေဖန်ကဲ့ရဲ့ခံရတော့သည်။ ဘယ့်နှယ် ကိုယ့်ပုံစံကပဲ ကလေးတွေ အတုယူမှားစရာပဲဖြစ်ရဦးမယ်။

''မင်းရဲ့အကြောင်းပြချက်က ဒီတစ်ခုတည်းပဲလား မဟော်''

နှိုင်းစကားကို မဟော် နားမလည်သလို မျက်မှောင်လေးကြုတ်ကာ တစ်ချက်စဉ်းစားရင်း ...

''အင်း''

''သေချာတယ်နော်၊ ပြီးရောလေ ဒါဆို''

နှိုင်း စိတ်တိုတိုနှင့် ကျောခိုင်းကာ လှည့်ထွက်ခဲ့လေသည်၊

''နှိုင်း''

မဟော်ခေါ်သံကြောင့် နှိုင်း လှည့်ကြည့်လိုက်သည်၊ ခံထုံးပုံ့ပုံ့လေးနဲ့ ကျောင်းစိမ်းဝတ်စုံလေးကို ဝတ်ဆင်ထားသော ကောင်မလေးက အခုလိုလေးဆိုတော့လည်း အပြစ်ကင်းစင်သည့် ကျောင်းသူမလေးလိုပင်။

''ရှင် ထမင်းစားပြီးပြီလား''

''နေ့လယ်စာတော့ စားပြီးပါပြီ''



''ဒါဆို ညစာတော့ မစားရသေးဘူးပေါ့၊ ရှင် ဘာတွေကြိုက်တတ်လဲ ... ကျွန်မကို ပြောထားလေ၊ ဒါမှလည်း ရှင်ကြိုက်တာတွေ ချက်ကျွေးလို့ရမှာပေါ့''

''ရပါတယ် ... မင်း ဘာချက်ချက် ငါကြိုက်တယ်''

''ပြီးကောပဲ''

မဟော် ဆက်ပြောမနေတော့ဘဲ လှည့်ထွက်ခဲ့လေသည်။ မဟော်ဘက်က စကားပြောတာလွန်သွားပြီ ပြန်ပြီးအကောင်းပြောတော့လည်း ကိုယ်တော်က စိတ်ဆိုးနေသေးသည်။ နေပေါ့ ... ကိုယ်ပဟုတ်တာပြောတာမှ မဟုတ်တာ။

နှိုင်းက လှည့်ထွက်သွားသော မဟော်ကိုကြည့်လိုက်ရင်း ရင်ထဲကယောက်လှိုင်းလေး လှုပ်ခါသွားလေသည်။ အခုလိုကျတော့လည်း ဒီကောင်မလေးက ချစ်ဖို့ကောင်းနေပြန်သည်။

နှိုင်း နှုတ်ခမ်းလေးတွန့်ကာ ပြုံးလိုက်ရင်း အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့လေသည်၊ ထိုအခန်းလေးကို နှိုင်းသဘောကျပါသည်။ သူမနေခဲ့သော အခန်းလေးမို့လည်း သူမအငွေ့အသက်လေးများကြောင့် နှိုင်းကို ပိုပြီးနွေးထွေးစိတ်လှုပ်ရှားစေသည်။

''ကိုနှိုင်းရေ''

အခန်းဝမှ မောင့်ခေါ်သံကြောင့် နှိုင်း တံခါးထဖွင့်ပေးလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

"လာ မောင့်"

"ဟုတ်ကဲ့ အစ်ကို၊ အစ်ကိုအိပ်နေတာလား"

"မအိပ်ပါဘူးကွာ၊ ဘာမှလုပ်စရာမရှိလို့ လှဲနေတာ"

"ဒီရွာမှာက ရန်ကုန်လို လျှောက်လည်စရာနေရာတွေ မရှိဘူး အစ်ကိုရ"

"အေးကွာ . . . ဒီရွာလေးက ကျဉ်းတယ်နော်"

"ဟုတ်တယ် အစ်ကို၊ ဒါပေမဲ့ . . . ကျွန်တော်တို့ကတော့ မွေးကတည်းက ရွာမှာပဲကြီးခဲ့လို့ထင်တယ် ကျွန်တော်တို့ရွာလေးကို ချစ်တယ်"

"ဒါပေါ့ကွာ . . . အစ်ကိုတောင် ဒီရွာလေးကို သဘောကျနေတာ၊ နောက်တစ်နေ့မှာ ရွာထဲ လျှောက်ပတ်ကြည့်ဦးမယ်"

"ကျွန်တော် တစ်ရက်လိုက်ပြမယ်လေ"

"ကောင်းတာပေါ့ကွာ"

မပောက်ထက်စာလျှင်တော့ မောင့်က ပိုပြီးအေးဆေးသူ ဖြစ်သည်။ မပောက်ကတော့ ကိုယ့်ပုံစံကိုလုံးဝမကြိုက်လို့ ရာဇသံပေးထားသဖြင့် နိုင်းစိတ်ညစ်သွားမိလေသည်။ ကိုယ့်ရဲ့ပထမဦးဆုံး ရင်ခုန်သံလေးကလည်း အခုတော့ ကာရန်မလှပတော့။





"အစ်ကို . . . ထမင်းသွားစားမယ်လေ၊ ထမင်းစားခန်းမှာ မမ အားလုံးအဆင်သင့်ပြင်ပြီးပြီ"

"အိုကေ . . . သွားမယ်လေ ဒါဆို"

မောင့်ပခုံးကိုဖက်ရင်း နိုင်းအခန်းလေးထဲက ထွက်လာခဲ့လေသည်။ နိုင်းတို့ ထမင်းစားစားပွဲရောက်တော့ ဦးကြီးနှင့်မပောက်ကို ထမင်းစားစားပွဲတွင် အဆင်သင့်တွေ့လေသည်။

"လာ နိုင်း . . . ထိုင်"

ဦးကြီးက နိုင်းကို သူ့ဘေးတွင် ထိုင်စေလေသည်။ နိုင်းကတော့ မျက်နှာချင်းဆိုင်တွင်ရှိသော မပောက်မျက်နှာလေးကို တစ်ချက်ခိုးကြည့်လိုက်လေသည်။

ရေချိုးပြီးစမို့ထင်သည် မျက်နှာလေးက ကြည်ကြည်လင်လင်လေးနှင့် ပါးပေါ်က သနပ်ခါးလေးများတောင် မခြောက်တခြောက် ရှိသေးသည်။ သနပ်ခါးရနံ့သင်းသင်းလေးကို နိုင်းရလိုက်သဖြင့် နိုင်းရင်ခုန်သံတွေတောင် ပိုမိုမြန်ဆန်ချင်လာသည်။

ဆံပင်ရှည်လေးကို ခပ်မြင့်မြင့်ချည်၍ မြန်မာဝတ်စုံ လက်ပြတ်ပေါ်ချီလေးကို ဝတ်ဆင်ထားသဖြင့်လည်း ဆင်စွယ်လိုသွယ်လျသော လက်မောင်းလေးကိုလည်း လှပစွာတွေ့ရလေသည်။

မပောက် . . . ဖေဖေ့ပန်းကန်ထဲကို ဟင်းများ ဦးချထည့်ပေးပြီး



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် နှိုင်းပန်းကန်ထဲသို့ ဟင်းခပ်ထည့်ပေးလိုက်လေသည်။

"ကျေးဇူး"

နှိုင်း ပါးစပ်လှုပ်ရုံလေးပြောရင်း မပေါ်မျက်နှာပူးဖူးလေးကို ငေးကြည့်လိုက်လေသည်။ မပေါ်ကတော့ နှိုင်းကိုလည်း ကြည့်မနေဘဲ သူလုပ်စရာရှိသည့်အလုပ်ကို လုပ်သလိုပင်။ မောင့်ပန်းကန်ထဲကိုပါ ဟင်းများထည့်ပေးပြီးမှ သူမပန်းကန်ထဲသို့ နောက်ဆုံးမှ ဟင်းထည့်စားလေသည်။

ဪ . . . ဒီလိုဆိုတော့လည်း အစ်မကြီး အမိအရာဆိုသလိုပေါ့။ ကြီးမေကလည်း လွန်ခဲ့သည့်တစ်နှစ်က ဆုံးသွားသည်ဆိုသဖြင့် အိမ်တာဝန်အားလုံးကို မပေါ်ကပဲ ထာဝန်ယူထားတာဖြစ်မည်။

"စားကောင်းရဲ့လား နှိုင်း၊ နှိုင်းစားချင်တာရှိရင်လည်း သမီးလေးကို ချက်ခိုင်းလေ"

ဦးကြီးကတော့ နှိုင်းက တော်တော်လေး ဂရုစိုက်လေသည်။

"ရပါတယ် ဦးကြီး။ အားလုံးအဆင်ပြေပါတယ်။ မပေါ်က ဟင်းချက် တော်တော်ကောင်းတယ်နော်၊ ဘာလေးချက်ချက် ပကယ် စားကောင်းတယ်"

မပေါ်က လယ်သူမဟင်းချိုလေးနှင့် ငါးကို ရောတ်သီးခပ်စပ် အကြွပ်ကြော်လေး ကြော်ထားသဖြင့် သူစားနိုင်ပါ့မလားလို့ ဝင်ထား



သော်လည်း သူကတော့ မြိန်ရေရှက်ရေကို အားပေးသဖြင့် ချက်ရသည့်လူကိုလည်း ဝမ်းသာစေပါသည်။

နှိုင်းက နှစ်ပန်းကန်လောက်စားလိုက်၍ တော်တော်လေး ဗိုက်တင်းသွားလေသည်။ မပေါ်က နှိုင်းစားပြီးသည်နှင့် ပန်းကန်ကို လှမ်းယူလိုက်လေသည်။

"ရပါတယ်၊ ကျွန်တော့်ဘာသာ ကျွန်တော် ဆေးမယ်"

"ပေးပါ . . . ကျွန်မပဲ ဆေးမယ်၊ ရှင် ဆေးတတ်တာလည်း မဟုတ်ဘူး"

"ဆေးတတ်ပါတယ်ကွ၊ နေ့လယ်ကလည်း ငါ့ဘာသာ ဆေးထားတာပဲ"

"စင်မှမစင်တာ၊ အားလုံး ကျွန်မ ပြန်ဆေးရတာ . . . ဘာမှ မထူးဘူး"

မပေါ့်စကားကြောင့် နှိုင်း သွားများပေါ်သည့်အထိ ပြုံးလိုက်မိလေသည်။ နှိုင်းမှ မဆေးတတ်တာ၊ ပြောင်,မပြောင်တော့ နှိုင်း တယ်သိမလဲ။

ပန်းကန်ယူ၍ သွားဆေးသော မပေါ့်နောက်ကို နှိုင်း လိုက်ကြည့်လိုက်လေသည်။ ဦးကြီးနှင့် မောင့်ကတော့ အိမ်ရှေ့သို့ ထွက်သွားသဖြင့် နှိုင်းအတွက် လွှပ်လွှပ်လပ်လပ် ချဉ်းကပ်ခွင့်ရလိုက်

www.burmeseclassic.com

www.burmeseclassic.com



လေသည်။

မဟော်က အနားလာရပ်ကြည့်နေသော နှိုင်းကို မော့ကြည့်လိုက်လေသည်။

"ပန်းကန်ဆေးတာ လာကြည့်တာလေ"

နှိုင်းအပြောကြောင့် မဟော် တစ်ချက်ပြုံးလိုက်မိလေသည်။

ကြည့်ပါဦး သူ့ဒွေးသားလို့မပြောရဘူး ... ပန်းကန်ဆေးတာတောင် မဆေးတတ်။ အခုလည်း ဒီအရွယ်ကြီးရောက်မှ ပန်းကန်ဆေးတာ လာကြည့်ရတယ်လို့။

နှိုင်းကတော့ ရုတ်တရက်တွေ့လိုက်ရသည့် မဟော့်အပြုံးလေးကြောင့် မျက်တောင်မခတ်တမ်းစိုက်ကြည့်လိုက်မိလေသည်။ ကောင်မလေးက ပြုံးလိုက်ရင် မျက်လုံးလေးတွေကပါ ပြုံးယောင်သန်းကာ အရမ်းချစ်ဖို့ကောင်းလှပါသည်။

"ဒီမှာကြည့် ... ပန်းကန်ဆေးတယ်ဆိုတာ အရင်ဆုံး ပန်းကန်မှာရှိတဲ့ ဆီတွေကို အရင်စင်အောင် အကြမ်းရေနဲ့ တစ်ထပ်ဆေးရတယ်၊ အဲဒီလိုရေနဲ့ ပန်းကန်အားလုံးကိုဆေးပြီးပြီဆိုမှ ဒီအစိမ်းဖတ်လေးနဲ့ ဆပ်ပြာယူပြီး ပန်းကန်တစ်ချပ်ချင်းစီကို ဆီစင်အောင် သေချာဆေးရတယ်၊ အားလုံးဆပ်ပြာတိုက်ပြီးပြီဆိုမှ အခုလို ရေနဲ့ သေချာပြောင်အောင်ဆေးရတယ်၊ အဲဒီအချိန်မှာ ဆီသိပ်များလို့ မပြောင်တဲ့





တွေဆိုရင် ဓာတော်က အစိမ်းဖတ်လေးကို ရေအရင်လျှော်လိုက်၊ မှ အဲဒီအစိမ်းဖတ်မှာတပ်နေတဲ့ ဆီတွေစင်သွားမှာ၊ အဲဒီလို လုပ်ပြီဆိုရင် ဆပ်ပြာလေးထပ်ယူပြီး အိုးကို နောက်တစ်ကြိမ် တိုက်က်၊ ပြီးရင် ရေနဲ့ သေချာသန့်အောင်ဆေးလိုက်၊ အဲဒီလို ပြီးတာနဲ့ လက်မှာလည်း ဆီတို့ ဆပ်ပြာတို့ ချွဲကျိကျိဖြစ်မနေဆိုရင် ဒီပန်းကန်တွေ၊ အိုးတွေက သန့်ပြီ၊ သေချာချင်ရင် ... ကြည့် ... ပန်းကန်လေးကို ဒီလိုလေးပွတ်ကြည့်လိုက်၊ တွေ့လားလို 'ကျွိ ... ကျွိ' လို့မြည်ရင် ပန်းကန်တွေလုံးဝစင်ပြီ၊ ပြီးတော့ ကန်ဆေးရင်နော် ပန်းကန်ကို အတွင်းဘက်ရော အပြင်ဘက်ရောနော်၊ ရှင် ပန်းကန်တွေဆေးခဲ့တာ အပြင်ဘက်တွေ လုံးဝမပါ"

စိတ်ပါလက်ပါ ရှင်းပြနေသော ကောင်မလေးကိုကြည့်ရင်း မပြုံးမိအောင် မနည်းထိန်းထားရလေသည်။ မဟုတ်ရင် ကောင်လေးက သူ့ကို လှောင်ပါသည်ဆိုပြီး ထပ်စိတ်ဆိုးနေဦးမယ်။

အခုမှ စတင်ပြီး ပြေလည်မှုလေး ရတယ်ရှိသေး ... အပျက်အနိုင်။ ဒါကြောင့်လည်း ရုပ်တည်လေးနှင့် သူမလေး ပြောသမျှကို ဂ်မှတ်နေရလေသည်။

မဟော်တို့များ အခုလိုမျိုး ဆရာလုပ်ရမယ်ဆိုလို့ကတော့



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို မေ့နေသည့်ထင်သည်။ ဒါကြောင့်လည်း ကျောင်းဆရာ၊ ဖြစ်တာနေမည်။

အလုပ်လုပ်ပုံလေးက သပ်ရပ်စည်းစနစ်ကျလွန်းသဖြင့် နှင်း၊ မချီးကျူးဘဲ မနေနိုင်။ မီးဖိုချောင်မှာဆိုရင်လည်း အိုးလေးအားလုံး က အသစ်လား ထင်မှတ်ရအောင်ကို ပြောင်လက်နေလေသည်။

ပြီးတော့ ဆားဘူး၊ အချိုမှုန့်ဘူးနှင့် ဟင်းချက်ပစ္စည်းအားလုံး က သူ့နေရာနဲ့သူ စနစ်တကျ။

တစ်အိမ်လုံးကလည်း ဖုန်တစ်စက်မရှိအောင် ထိန်းသိမ်းနိုင် သည့် ကောင်မလေးရဲ့ အရည်အချင်းကလည်း နှင်း မလေးစားလို့ မရပါ။ ဒါကြောင့်လည်း ကိုယ့်ထက်အသက်ငယ်သော ထိုကော မလေးစကားကို နှင်း လေးလေးစားစား နားထောင်နေရတာပေါ့။

♥ ♥ ♥

အခန်း (၇)

"အား . . . အား . . . လုပ်ကြပါဦး"

မပော်နှာစထဲ ရူးရူးဝါးဝါးအော်သံကြောင့် မပော် အိပ်နေရာမှ အလန့်တကြား နိုးလာလေသည်။

"အား . . . အား"

အဆက်မပြတ်အော်သံကြောင့် ခုတင်ခေါင်းရင်းတွင်ရှိသော လက်နှိပ်ဓာတ်မီးကိုယူရင်း မပော် အသံလာရာ အပြင်ဘက်သို့ ပြေးလေး ထွက်လာခဲ့လေသည်။ ဒီအသံက နှင်းအသံပဲ၊ ဘာဖြစ် ပြန်ပြီလဲမသိ။

အိမ်အပြင် အိမ်သာဘက်မှအော်သံကြောင့် မပော် ခပ်မြန်မြန် လေး ပြေးသွားလိုက်လေသည်။ မပော်တို့အိမ်တွေက ဟိုးအရင်က

www.burmeseclassic.com

www.burmeseclassic.com



သောက်ခဲ့သည့်အိမ်များဖြစ်တာကြောင့် အိမ်သာ၊ ရေချိုးခန်းက အိမ်အပြင်ဘက် ခြံထောင့်ဘက်အခြမ်းတွင်ဖြစ်သည်။

မပေါ် အိမ်သာနားရောက်တော့ မျက်လုံးစုံမှိတ်ပြီး အော်နေသော နှိုင်းကို တွေ့ရသဖြင့် နှိုင်းအနားသို့ မပေါ် ခပ်မြန်မြန်လေး သွားရင်း နှိုင်းလက်မောင်းလေးကို ပုတ်လိုက်ရင်း မေးလိုက်လေသည်။

"နှိုင်း ... နှိုင်း ... ဘာဖြစ်တာလဲ"

မျက်နှာတစ်ပြင်လုံး သွေးမရှိအောင် ဖြူဖျော့နေသော နှိုင်းက မပေါ်ကိုတွေ့သည်နှင့် အားကိုးရသလို ကြောက်အား လန့်အား လှမ်းဖက်လိုက်လေသည်။

"အို ... နှိုင်း ... ဘာဖြစ်လို့လဲ"

နှိုင်းကတော့ မပေါ်ကို လက်ညှိုးညွှန်ပြလိုက်ရင်း ...

"မြွေ ... မြွေကြီး"

နှိုင်းညွှန်ပြရာသို့ကြည့်လိုက်တော့ လက်မောင်းလောက်ရှိသည့် စပါးကြီးမြွေကြီးကို တွေ့လိုက်ရလေသည်။

"နှိုင်း ငြိမ်ငြိမ်နေ ... မအော်နဲ့၊ သူ့ဘာသာ ထွက်သွားလိမ့်မယ်"

မပေါ်က နှိုင်းလက်မောင်းလေးကို ကိုင်လိုက်ရင်း အားပေးလိုက်လေသည်။ တကယ်တော့ မြွေကြီးက ခြံထောင့်ဘက်တွင် ပုံ





ထားသော ထင်းပုံများထဲမှ ထွက်လာပုံပင်။

နှိုင်းရဲ့အော်သံကြောင့် သူ့ကိုရန်ပြုမယ်ထင်ပြီး ငြိမ်နေတာ ဖြစ်လေသည်။ မပေါ်တို့ ငြိမ်နေလိုက်တော့ မြွေကြီးက သူ့ဘာသာ ဆက်ထွက်သွားလေသည်။ မြွေကြီးထွက်သွားမှသာ မပေါ်လည်း သက်ပြင်းချနိုင်တော့သည်။

အခုမှ သတိထားမိလိုက်တော့ မပေါ်က နှိုင်းရင်ခွင်ထဲ လုံးလုံး ကျရောက်နေလေသည်။ ကြောက်အားလန့်အားနှင့် တအားဖိ ဖက်ထားသဖြင့်လည်း မပေါ် အသက်ရှူကျပ်လာလေသည်။

"လွှတ်ဦး"

မပေါ် ရှက်ရှက်နှင့် နှုတ်ခမ်းလေးစူကာပြောရင်း အတင်းရုန်းထွက်လိုက်လေသည်။ နှိုင်းကလည်း အခုမှ သတိဝင်လာကာ လွှတ်ပေးလိုက်လေသည်။

အိမ်ထဲမှ မီးဖွင့်သံနဲ့လူသံ ကြားလိုက်ရသဖြင့် နှိုင်းအော်သံကြောင့် ဖေဖေတို့လည်း နိုးလာပြီထင်သည်။ ဖေဖေနဲ့မောင်လေးက အိမ်ပြင်ဘက်သို့ ထွက်လာလေသည်။

"မမ ... ဘာဖြစ်တာလဲ"

"မြွေတွေ့လို့ နှိုင်း လန့်ပြီးအော်တာ"

မောင်လေးက တုတ်တစ်ချောင်းကိုကိုင်ရင်း လျှောက်လာလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"အဲဒီမြွေရော မမ"

"ထင်းပုံထဲက ထွက်ပြီး ဟိုဘက်ချုံထဲကို ဝင်သွားပြီ"

"ကဲ ... လာလာ ဒါဆို အဲဒီနားမှာ ရပ်မနေကြနဲ့တော့၊ မနက်ဖြန်ကျရင်တော့ ဒီနားက ချုံတွေရော ထင်းပုံတွေကိုပါ ရှင်းမှ ဖြစ်မယ်"

ဖေဖေကပြောပြီး အိမ်ထဲသို့ လှည့်ဝင်သွားလေသည်။ မောင်လေးလည်း လှည့်ဝင်သွားသဖြင့် မပော်လည်း အိမ်ထဲသို့ လှမ်းလာခဲ့လေသည်။ ဖျတ်ခနဲ မပော့်လက်ကို လှမ်းဆွဲလိုက်သဖြင့် မပော် ဟန်ချက်ပျက်သွားသလို ယိုင်သွားသည်ကို နှိုင်းထိန်းပေးလိုက်ရင်း၊

"ဆောရီး မပော် ... ခုနက ကျွန်တော် တမင်လုပ်တာ မဟုတ်ပါဘူး၊ ကျွန်တော့်ကို အထင်လွဲနေမှာစိုးလို့"

"အင်းပါ ... ကျွန်မ နားလည်ပါတယ်"

မပော် ရှက်ရှက်နှင့် ခပ်မြန်မြန်ပြောရင်း ထွက်လာခဲ့လေသည်၊ ဘာမှန်းလဲမသိဘူး ... သူ့ရှင်းပြမှပင် မပော့်တစ်ကိုယ်လုံး ဝက္ကရှက်ရွံ့ သွားမိလေသည်။

နှိုင်းကတော့ အခုမှ တစိမ့်စိမ့်တွေးရင်း ပြန်လည်ရင်ခုန်နေမိလေသည်။ ကြောက်အားလန့်အားနှင့် အိစက်နေသော ခန္ဓာကိုယ်လေး





ို့ တအားဖက်ထားပြီးမှ အားနာနေမိလေသည်။

ပခုံးမှာတော့ သူမကိုယ်သင်းရနံ့လေးက အခုအချိန်ထိအောင် က်ပါလာနေသလိုပင်။ မရှည်ရှည်တဲ့ နမ်းလိုက်မိတဲ့ သူမ ဆံပင်လေး ူးရဲ့ ခေါင်းလျှော်ရည်ရနံ့လေးကလည်း နှိုင်းနှလုံးသားတွေကို တစ် ပြန်ပြီး ပူနွေးစေပြန်သည်။

ခုနက အဖြစ်အပျက်အားလုံးကို စလိုမိုးရှင်းပြသလို တစ်ခုချင်း င်ယောင်ရင်း နှိုင်း ပြုံးလိုက်မိလေသည်။ ခက်တော့ ခက်နေပါပြီ။ ကိုင်းဆို နှိုင်းတော့ ဒီရွာကတော့ ပြန်နိုင်ပါတော့မလား။

နှိုင်းကို အိမ်ပေါ်က နှင်ချခဲ့သည့် ဒယ်ဒီကိုတောင် ကျေးဇူးတင် လို ဖြစ်နေပြီ။ ဒယ်ဒီ နှင်ချခဲ့လို့သာ ဒီလောက်ချောပြီး မိန်းမပီသ ည့်ကောင်မလေးနှင့် ဆုံဆည်းခွင့်ရခဲ့တာ။ နှိုင်း တစ်ညလုံးလည်း ပ်မပျော်နိုင်အောင် ဖြစ်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

နှိုင်းထမင်းစားစားပွဲကိုရောက်တော့ မဟော်မျက်နှာလေး၊ နှိုင်း ခိုးကြည့်လိုက်မိလေသည်။ ကောင်မလေးကတော့ နှိုင်းကို လုံး မကြည့်ဘဲ ဆီထမင်းပန်းကန်ထဲသို့ ပဲပြုတ်လေးတွေကို ထည့်နေ လေသည်။

ကြည့်ရတာ ကောင်မလေးလည်း ရှက်နေပုံပင်။ ဦးကြီးလည်း ရှိနေတာနဲ့ နှိုင်းလည်း ကိုယ်ရှိန်သတ်လိုက်လေသည်။

"မနေ့က တော်တော် လန့်သွားလား နှိုင်း။ ဦးကြီးတို့တော့ မြွေတို့ ဘာတို့ ပေါတယ် နှိုင်းရဲ့၊ နှိုင်းက ရန်ကုန်သားဆိုတော့ အရမ်း လန့်သွားမှာပေါ့"

'လန့်ရုံတင် မဟုတ်ဘူး ဦးကြီးရေ . . . ရင်တွေပါ ခုန်သွားတာ



ဆိုသည့် စကားကိုတော့ နှိုင်းရင်ထဲကပဲ ပြောလိုက်မိလေသည်။

"ဟုတ်တယ် ဦးကြီး၊ နည်းတဲ့မြွေကြီးမဟုတ်ဘူးဗျာ . . . လက်မောင်းလုံးလောက် ရှိတယ်"

နှိုင်းစကားကြောင့် ဦးအုန်းမောင် အားရပါးရ ရယ်လိုက် လေသည်။

"ဟား ဟား . . . အဲဒါ သေးပါသေးတယ်ကွာ၊ တချို့အကောင် တွေဆို ပေါင်လုံးလောက်ရှိတာတွေတောင် ရှိတယ်"

"ဟာ . . . ဟုတ်လား၊ အဲဒီအကောင်လောက်သာဆိုရင်တော့ နှိုင်း နေရာမှာတင် ပွဲချင်းပြီးလောက်တယ်"

နှိုင်းကပြောရင်း ရယ်လိုက်လေသည်။ နှိုင်းအပြောကြောင့် မဟော်ပါ ပြုံးလိုက်မိလေသည်။

"ဒီနေ့တော့ အဲဒီထင်းပုံကြီးနဲ့ ချုံတွေကို ရှင်းမှထင်တယ် ဖေဖေ"

"အေး . . . ရှင်းကြတာပေါ့ ဒီနေ့ . . . သားငယ်ရော, သမီးရော အလုပ်ပိတ်ကြတာပဲ"

စနေနေ့မို့ ဒီနေ့ အိမ်တွင် လူစုံသဖြင့် ခြံကိုရှင်းဖို့ ဆုံးဖြတ် လိုက်လေသည်။ မဟုတ်ရင် မိုးတွင်းမို့ ချုံတွေပိုထူလာလေ မြွေ အန္တရာယ်က ပိုဆိုးလေဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ခြံထောင့်မှာရှိသည့် ထင်းပုံကြီးကိုလည်း စနစ်တကျ ပြန်ပြီးနေရာချထားချင်သည်။ မဟုတ်ရင် ထင်းပုံအောက်တွင်လည်း မြွေတွေနေရာယူနိုင်သည်။

"နေ့လယ်လောက်တော့ ရှင်းကြတာပေါ့"

မပော်တို့စားသောက်ပြီး ပန်းကန်တွေကို နှိုင်းက ပိုင်းကူသိမ်းပေးသဖြင့် မပော် အံ့သြစွာကြည့်လိုက်မိလေသည်၊ နှိုင်းကလည်း မပော့်အကြည့်တွေကိုသိနေသဖြင့် ပြန်လည်ပြုံးပြရင်း မျက်စိတစ်ဖက်ကို မှိတ်ပြလိုက်လေသည်။

မပော်ကတော့ နှိုင်းပုံစံကိုကြည့်ရင်း မျက်နှာပြန်လွှဲလိုက်ရင်း ပြုံးလိုက်မိလေသည်။ နှိုင်းက အရင်ကထက်စာရင် အများကြီး သိတတ်လာသည်ဟု ပြောရမည်။

မပော် ပန်းကန်တွေဆေးပြီး ဘေစင်လေးတွင် စနစ်တကျနှင့် ရေစစ်ထားလိုက်လေသည်။ ပြီးနောက် တစ်အိမ်လုံးကို တံမြက်စည်းလှည်းခြင်းနှင့် အိမ်သန့်ရှင်းရေးအလုပ်များကို လုပ်ရလေသည်။

တစ်ပတ်မှာ ပိတ်ရက်ကျမှပဲ အိမ်ကိုလည်း သေချာသန့်ရှင်းရေး လုပ်နိုင်လေသည်။

ကျန်တဲ့ရက်တွေမှာတော့ တံမြက်စည်း လှည်းတာလောက်သာ လုပ်နိုင်ပြီး ဒီလိုရက်တွေမှာသာ ကြမ်းတိုက်ခြင်းနဲ့ တစ်အိမ်လုံးကို





ဖသေးစိတ် သန့်ရှင်းရေးလုပ်နိုင်လေသည်။

နေ့လယ် ထမင်းစားပြီးသည်နှင့် မပော်တို့မောင်နှမနှစ်ယောက် ဓားတိုယ်စီယူရင်း ခြံထဲသို့ ဆင်းလာခဲ့လေသည်။ ခြံထဲမှာ ပျက်ပင်လေးတွေလည်း ပြန်ပေါက်နေပြီဖြစ်သဖြင့် မြက်တွေလည်း ခုတ်ရဦးမည်။

"ပေး မပော် ... ကျွန်တော်ပဲ ရှင်းလိုက်မယ်"

နှိုင်းက မပော်တို့မောင်နှမနှစ်ယောက်ကိုတွေ့တော့ အခန်းထဲမှထွက်လာရင်း မပော့်လက်ထဲက ဓားကို တောင်းလိုက်လေသည်။

"ရှင် မလုပ်နိုင်ပါဘူး နှိုင်းရယ်၊ နေပါစေ ... မပော်တို့မောင်နှမပဲ လုပ်လိုက်မယ်"

"ဘာလို့မလုပ်နိုင်ရမှာလဲ၊ မပော်လို မိန်းကလေးတစ်ယောက်တောင် လုပ်နိုင်သေးရင် ... ကျွန်တော် ယောကျ်ားပါ။ ပိုတောင် လုပ်နိုင်သေးတယ်"

"မဟုတ်ဘူး အစ်ကိုရ ... ဒါက ပင်ပန်းတယ်၊ အစ်ကိုလို ပျော့ရွှေသားမျိုးနဲ့မဖြစ်ဘူး"

"ရပါတယ် ငါ့ညီရာ ... သူဌေးသားလည်း ယောကျ်ားပါကွ"

နှိုင်းက မပော့်လက်ထဲက ဓားကို ဆွဲယူလိုက်လေသည်။ ပြီးတော့ ... မောင်လေးနဲ့ နှိုင်းတို့ကတော့ ခြံထဲရှိ ချုံပုတ်များကို



www.burmeseclassic.com

www.burmeseclassic.com



ခုတ်နေလေသည်။

မပော်ကတော့ ခြံထဲမှာရှိသည့် မြက်တွေကိုခုတ်ရင်း ထုံး တွေလိုက်ဖြူးထားလေသည်။ ဖေဖေက အသက်ငယ်ကြီးပြီး အရင် လို မလုပ်နိုင်တော့သဖြင့် မပော်တို့မောင်နှမက ဖေဖေ့ကို လုံး၀ ပေးမလုပ်ချေ။

မပော် ထုံးတွေဖြူးပြီးသည်နှင့် မိုးများက သဲကြီးမဲကြီး ရွာ ချလေသည်။ သွားပါပြီ ... မပော်က အခုလေးတင် ထုံးတွေ ဖြူးခဲ့တာ။ ဘယ်တတ်နိုင်မလဲ။

"ဟိုနှစ်ယောက် မိုးတွေအရမ်းရွာနေပြီ၊ မလုပ်နဲ့တော့ ... အိမ်ထဲဝင်"

မပော် အိမ်ထဲကနေ လှမ်းခေါ်လိုက်လေသည်။

"ရတယ်မမ ... ကျွန်တော်တို့ ဒီထင်းတွေပါ တစ်ခါတည်း ရှင်းလိုက်မယ်၊ မဟုတ်ရင် နောက်နေ့ကျ ပြီးမှာမဟုတ်ဘူး"

မောင်လေးနဲ့မပော်နဲ့က အလုပ်အားတွဲရော်သာ အိမ်ကိစ္စတွေ လုပ်ရတာဆိုတော့ တစ်ခါတည်းသာ အပြတ်လုပ်လိုက်ကြတာ များ သည်။ မပော်လည်း မောင်လေးစကားကြောင့် ဘာမှပြောမနေ တော့ပေ။

"နှိုင်းက ရရဲ့လား ... တော်ကြာ မိုးမိဦးမယ်၊ နှိုင်း သွားနေ





တော့၊ မပော်နဲ့ မောင်လေးပဲ လုပ်လိုက်မယ်"

မပော်က နှိုင်းကို အိမ်ထဲသို့အတင်းလှွတ်ရင်း ထင်းတွေကို ကောက်မ,လိုက်လေသည်။

"ဟာ ... မိုးမိနေမယ်၊ မပော် အိမ်ထဲမှာပဲနေ၊ ကျွန်တော်က ...ရွာထဲမှာနေရတာ ပျော်တယ်၊ သွား သွား ... ဒီမှာ ယောကျ်ားလေး ...ယောက်လုပ်နေတာ မိန်းကလေး မလိုဘူး၊ ဟုတ်တယ် မဟုတ် ...ား မောင်"

နှိုင်းက ဘေးနားတွင်ရှိသော မောင့်ကိုပါ စကား ခေါ်လိုက်လေ ...ည်။

"ဟုတ်သားပဲ မမရယ် ... သွားပါ၊ ဒီမှာ ကျွန်တော်တို့နှစ် ...ယောက်နဲ့ လုံလောက်ပါတယ်"

မောင်လေးကပါ အတင်းတွန်းလှွတ်နေသဖြင့် မပော် အိမ် ...သို့သာ ပြန်ဝင်လာခဲ့လေသည်။ မိုးတွေကတော့ ဘယ်အပြိုးနဲ့များ ...ယောက်တောင် ဝုန်းဒိုင်းကြဲ ရွာချနေလဲမသိ။ တစ်မြို့လုံးကို အုံ့ဆိုင်း ...နေလေသည်။

မပော်ကတော့ မိုးရေစိုနေသဖြင့် ရေမြန်မြန်ချိုးလိုက်ရင်း ...င်လေးနဲ့ နှိုင်းအတွက် ကော်ဖီဖျော်လိုက်လေသည်။

"အား"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြင်မှစူးရှသည့်အော်သံကြောင့် မပေါ် အပြေးလေး သွား ကြည့်လိုက်လေသည်။ အိမ်ရှေ့မှာတော့ နှိုင်းက သူ့လက်မောင်းကို ကိုင်ထားရင်း လက်တစ်ခုလုံးကလည်း သွေးများနှင့် ဖြာကျနေလေ သည်။ မောင်လေးက နှိုင်းကိုတွဲရင်း အိမ်ထဲသို့ခေါ်လာခဲ့လေသည်။

"ဖေဖေရေ ... နှိုင်း ဘာဖြစ်တာလဲမသိဘူး၊ လက်မှာ သွေး တွေနဲ့"

မပေါ်လည်း ပါးစပ်က ဖေဖေ့ကိုတစာစာအော်ရင်း နှိုင်းကို လှမ်းတွဲရင်း အိမ်ထဲသို့ခေါ်လာခဲ့လေသည်။ အော်သံကြောင့် ဖေဖေ အိမ်ထဲက ကမန်းကတန်း ထွက်လာရင်း ...

"ဘယ်လိုဖြစ်တာလဲ နှိုင်းရယ်၊ သွေးတွေကလည်း မနည်း ပါလား"

နှိုင်းကတော့ ပြန်မဖြေနိုင်ဘဲ တအီးအီးနှင့်သာ ညည်း လေသည်။

"ထင်းပုံဘေးနားက ရေတိုင်ကီအပြတ်ကြီးကိုမတွေ့ အစ်ကိုက ထင်းတွေကို ဆောင့်ခွဲလိုက်တာ အဲဒါ ဘေးနားက အပြတ်ကြီး ရှသွားတာ၊ အဲဒီတိုင်ကီအဖုံးကြီးကလည်း အရမ်း နေတော့ လက်မောင်းကို ထိုးခွဲလိုက်သလိုဖြစ်သွားတာ"

"ကဲ ကဲ ဒါဆို ... သားငယ်က ဆရာဝန်ကိုမြန်မြန်သွား



ခေါ်၊ သမီးကတော့ နှိုင်းအခန်းထဲသွားပြီး နှိုင်းအဝတ်အစားတစ်စုံ သောက် ယူခဲ့"

"ဟုတ်ကဲ့ ဖေဖေ"

မပေါ်လည်း နှိုင်းအခန်းထဲသို့ ခပ်မြန်မြန် လျှောက်သွားလိုက် လေသည်။ အခန်းထဲရောက်တော့ ပွကြဲနေသော ကျောပိုးအိတ်လေး ထဲမှာ အင်္ကျီတစ်စုံနဲ့ ဘောင်းဘီတစ်ထည်ကို ယူလာခဲ့လေသည်။

"ဒီမှာ ဖေဖေ"

"ဘောင်းဘီက ဘယ်အဆင်ပြေမလဲ သမီးရဲ့၊ ဖေဖေ့ အဝတ် ဗီရိုအပေါ်ထပ်မှာ မဝတ်ရသေးတဲ့ ပုဆိုးအသစ်တစ်ထည်ရှိတယ် ... အဲဒါ သွားယူလာခဲ့လိုက်"

ဖေဖေက နှိုင်းကို အဝတ်ကူလဲပေးရင်း ကျန်ခဲ့လေသည်။ မပေါ်ကတော့ ဖေဖေ့အဝတ်ဗီရိုထဲမှ ပုဆိုးကိုယူရင်း ဖေဖေ့ကိုပေးကာ နောက်ဖေးခန်းသို့ ဝင်ပြီး အဝတ်လဲဖို့ ရှောင်ပေးလိုက်လေသည်။ ပြောကျနေသော နှုတ်ခမ်းလေးကိုမြင်လိုက်မိတော့ မပေါ် ကော်ဖီ ခွက်ကို ယူရင်း ထွက်လာခဲ့လေသည်။

"ရော ... နှိုင်း ကော်ဖီတစ်ကျိုက်လောက်ဖြစ်ဖြစ် သောက်သား လိုက်၊ မဟုတ်ရင် နှိုင်း အရမ်းချမ်းနေတော့မယ်"

အရမ်းနာကျင်နေသည့် နှိုင်းကတော့ လက်လည်း မလှုပ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



တာနှင့် မပေါ်သာ နှိုင်းပါးစပ်နားလေးကို တွေ့ပေးရင်း တို့က်လိုက်ရလေသည်။ နှိုင်းက နှစ်လုပ်လောက် သောက်ပြီးသည်နှင့် ခေါင်းခါလေသည်။

အိမ်ရှေ့တွင် ဆရာဝန်လည်း ရောက်လာသဖြင့် နှိုင်းကို အိမ်ရှေ့တွင် ဖျာလေးနှင့် ဂွမ်းကပ်လေး ခင်းပေးလိုက်လေသည်။ ဆရာဝန်ကတော့ နှိုင်းဒဏ်ရာကိုကြည့်ပြီး ချုပ်ဖို့လိုအပ်သဖြင့် ချုပ်လေတော့သည်။

ရွာမှာဖြစ်သဖြင့် ဆေးဝါးကလည်း မပြည့်စုံ၍ အစိမ်းချုပ်ဖြစ်ရာ နှိုင်းမှာ အံကိုကြိတ်ရင်း တော်တော်လေးကို တင်းခံနေရလေသည်။

တစ်ချက်ချက် ထွက်ပေါ်လာသည့် နှိုင်းရဲ့ညည်းသံကလည်း ကြားရတဲ့လူကို စိတ်မကောင်းဖြစ်စေပါသည်။

အခုတော့ … မပေါ်လည်း နှိုင်းကိုကြည့်ရင်း အရမ်းစိတ်မကောင်း ဖြစ်မိပါသည်။

ကိုယ့်အိမ်လာတည်းတဲ့ ဧည့်သည်ရဲ့ဒဏ်ရာကို ငါးချက်လောက် ချုပ်ရသည်ဆိုတော့ မပေါ် အားနာမိပါသည်။ မပေါ်တို့အိမ်အလုပ်ကို ကူလုပ်ရင်း ဖြစ်ရသည့်အတွက် မပေါ် ပိုပြီးစိတ်မကောင်း ဖြစ်မိပါသည်။

"ကဲ … ချုပ်ပေးပြီးပြီ၊ မေးခိုင်ဆေးနဲ့ လိုအပ်တဲ့ Treatment တွေလည်း ကျွန်တော် လုပ်ပေးပြီးပါပြီ၊ ဒီဆေးတွေကို တစ်နေ့ ...ကြိမ် တိုက်ရမယ်၊ လူနာကို အားရှိမယ့် အစားအစာလေးတွေ ...ကျွေးပေးပါ"

မောင်လေးက ဆရာကိုပြန်လိုက်ပို့သဖြင့် နှိုင်းကို ဖေဖေနဲ့ ...ထားပြီး မပေါ် မြူစွမ်သွားပြုတ်ရလေသည်။ ပြီးမှ မြူစွမ်ပူပူ ...လေးနှင့် သေချာမှုတ်ရင်း ခွံ့ကျွေးရလေသည်။

နှိုင်းလက်က ညာဘက်လက်ဖြစ်ပြီး ငါးချက်လောက် ချုပ်ထား...ဖြင့် အလုပ်အရှားမလုပ်နိုင်တော့ မပေါ်ပဲ ခွံ့ကျွေးရလေသည်။

နှိုင်းကတော့ မပေါ်ရဲ့ဟိုးအရင်လို ကိုယ့်အပေါ်ထားသည့် ...င်မာမှုမျိုး မရှိတော့ဘဲ အခုလို ဂရုစိုက်မှုလေးများကို တွေ့လိုက်...တာနဲ့တင် နှိုင်းဒဏ်ရာရတာကိုပင် ကံကောင်းသည်ဟု တွေး...မိလေသည်။

သေချာမှုတ်တိုက်သော မပေါ်ရဲ့နှုတ်ခမ်းဖူးဖူးလေးကို ကြည့်...ရင်ခုန်သံတွေကတော့ အဆပေါင်းကို ပိုမိုမြန်ဆန်လာလေသည်။

ဒါတောင် အနားမှာ ဦးကြီးရှိနေသဖြင့် ကိုယ့်ရင်ခုန်သံတွေကို ...ကြားသွားမှာ စိုးရိမ်နေမိလေသည်။

"ဒါလေးတော့ ကုန်အောင်သောက်လိုက်လေ နှိုင်း။ ပြီးရင် ...ဆေးသည်း သောက်ရဦးမှာ"



www.burmeseclassic.com

www.burmeseclassic.com



မပေါ်က နှိုင်းကိုချော့မော့ပြီး တစ်ပန်းကန်ကုန်အောင် တိုက်လိုက်လေသည်။ နှိုင်းက မပေါ်ရဲ့အယုအယလေးများတွင် နှစ်ခြိုက်ရင်း မပေါ် ဘာပြောပြော ခေါင်းညိတ်နေမိလေသည်။

မပေါ်ကတော့ ကျွေးပြီးသည့် လက်သုတ်ပဝါလေးကို နှိုင်းကိုပေးလိုက်ရင်း ဆေးတိုက်ဖို့အတွက် နောက်ဖေးတွင် ရေသွားခပ်လေသည်။

"ရော့ နှိုင်း . . . ဒီဆေးလေးတွေ အကုန်သောက်လိုက်နော် သက်ကောသက်သာရဲ့လား"

နှိုင်းက လက်ထဲတွင်ရှိသော ဆေးများကိုသောက်လိုက်ရင်း

"မဆိုးပါဘူး . . . လက်က မြှောက်လိုက်ရင် နာတယ်"

"အင်းပါ . . . အခုမှ ချုပ်ထားတာဆိုတော့လည်း နာမှာပေါ့ ဒါဆိုရင် ဒီလိုလုပ်လေ ညကျရင် မောင်လေးကို နှိုင်းနဲ့အတူ အိပ်ခိုင်းလိုက်မယ်၊ နှိုင်းလိုအပ်တာရှိရင်လည်း မောင်လေးကို ခိုင်းပေါ့"

"ရပါတယ် အနှောင့်အယှက်ဖြစ်နေပါ့မယ် မပေါ်ရယ်"

နှိုင်းက ကိုယ့်ကြောင့် တစ်အိမ်သားလုံး အလုပ်ရှုပ်သွားသူကို အားနာနေလေသည်။

"ဘယ်ဟုတ်မလဲ နှိုင်းရယ်၊ ဦးကြီးကတော့ ခင်းဒယ်ပါ ဘယ်လိုမျက်နှာပြုရမလဲတောင် မသိတော့ပါဘူး"





ဒေဖေကတော့ နှိုင်း အခုလိုအိမ်လာတုန်းဖြစ်ရသည့်အတွက် တစ်ချိန်က သူ့အလုပ်ရှင်တွေအပေါ် တာဝန်မကျေသလိုခံစားရပြီး အားနာနေလေသည်။

"အဲဒီလိုမပြောပါနဲ့ ဦးကြီးရာ . . . အဲဒီလိုပြောမယ်ဆို ဦးကြီးလည်း နှိုင်းအတွက် အများကြီး အနစ်နာခံပေးခဲ့တာပဲ"

နှိုင်းက မျက်ရည်များ ဝေ့တက်လာရင်း ပြောလိုက်လေသည်။ ဦးကြီးခြေထောက်ကိုမြင်တိုင်း နှိုင်း နည်းနည်းမှ ရင်ထဲမကောင်း။

"ဖြစ်ပြီးသမျှတွေ ပြောမနေပါနဲ့တော့ နှိုင်းရယ်၊ အခုတော့ ပြီးပြောသလိုပဲ ညရေးညတာအတွက် သားငယ်ကို နှိုင်း ခေါ်ထားမှာ"

နှိုင်းလည်း ဆက်ငြင်းလို့မရမည့်အတူတူ ခေါင်းညိတ် လက်ခံလိုက်လေသည်။ ဘာပဲဖြစ်ဖြစ် အရင်ထက် အများကြီး တိုးတက်လာသော အနေအထားလေးကြောင့် နှိုင်းရင်ထဲ ပျော်ရွှင်မိတာတော့ အမှန်ပင်ဖြစ်သည်။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

တစ်ပတ်လောက် နှိုင်း အိမ်ထဲကအိမ်ပြင်တောင် မထွက်ဖြစ်၊ အခုတော့ လက်ကဒဏ်ရာလည်း တော်တော်လေး သက်သာလာ ဖြစ်သည်။ မပောက်ရဲ့လိုလေးသေမရှိ ဂရုစိုက်မှုများကြောင့်လည်း နှိုင်း ဒီလောက် အချိန်တိုတိုလေးနှင့် သက်သာလာတာလည်း ပါသည်။

''နှိုင်း ... ဘာလို့အပြင်ထွက်လာတာလဲ။ ဘာလိုချင်လို့လဲ''

ခြံထဲတွင် ပန်းပင်များ ရေလောင်းနေရင်းမှ မပောက် လှည့် ကြည့်ရင်း မေးလိုက်လေသည်။ ဒီတစ်ပတ်လောက်အတွင်း နှိုင်းက ဒဏ်ရာအရှိန်နှင့် ဖျားပါ ဖျားသွားသဖြင့် တော်တော်လေးကို ပိန်သွား လေသည်။ ဒါကြောင့်လည်း မပောက်တို့မိသားစု တစ်စုလုံး ပို၍ ဂရုစိုက်ပေးရလေသည်။



''မလိုပါဘူး မပောက်ရယ် ... ကျွန်တော် ပျင်းလို့ပါ''

နှိုင်းအပြောကြောင့် မပောက် လှစ်ခနဲ ပြုံးလိုက်မိလေသည်။ မပောက်တို့ အလုပ်သွားတော့မယ်ဆိုတာနဲ့ ကလေးလို မျက်နှာငယ် လေးနှင့် ကျန်နေတတ်ခဲ့ပြီး မပောက်တို့ ကျောင်းကပြန်ရောက်တာနှင့် ပြုံးပျော်နေတတ်သော နှိုင်းက တစ်ခါတလေတော့လည်း ကလေးတစ် ယောက်လိုပါ။

''ဟုတ်တာပေါ့ ... နှိုင်းလည်း တစ်နေ့တစ်နေ့ အိမ်ထဲမှာပဲ နေရတာကိုး ပျင်းမှာပေါ့၊ အခုတော့ အဖျားလည်း ပျောက်နေပြီဆို တော့ နှိုင်း ဘယ်သွားချင်လည်း မပောက် လိုက်ပို့ပေးမယ်လေ''

''တကယ်လား မပောက်၊ ကျွန်တော် ရွာထဲလျှောက်လည်ချင် တယ်၊ ဟို ... မပောက်တို့ကို ပြောရမှာ အားနာလို့''

ကလေးတစ်ယောက်လို ဟန်မဆောင်ဘဲ ပြုံးပျော်နေသော နှိုင်းတို့ကြည့်ရင်း မပောက် ခေါင်းညိတ်ပြလိုက်ပါသည်။ ဟုတ်သားပဲ တကယ်ဆို မပောက်တို့ဘက်က လိုတာပဲ။ နှိုင်းကို ပစ်ထားသလို ဖြစ်ခဲ့တာ။

''အင်း ... လိုက်ပို့ပေးမယ်လေ၊ ဒါပေမဲ့ မပောက်တို့ရွာမှာက နှိုင်းတို့မြို့ကြီးတွေလိုတော့ ကားလမ်းတွေ, ကုန်တိုက်ကြီးတွေ မရှိ ဘူး။ သိပ်ကိုသာယာတဲ့ စပါးခင်းတွေနဲ့ ကန်ရေပြင်ကြီးတွေ, ဘုရား

www.burmeseclassic.com

www.burmeseclassic.com



မပေါ်ပျောက်သွားမှသာ နှိုင်း အခန်းထဲပြန်ပြီး အနွေးထည်တစ်ထည်ကို ထပ်ဝတ်လိုက်မိလေသည်။

နှိုင်းပြန်ထွက်လာတော့ မပေါ် အဆင်သင့် အိမ်ရှေ့ကစောင့်နေလေသည်။ နှိုင်းက မပေါ့်ဘေးနားကနေ ကပ်လျှောက်သဖြင့် မပေါ်ထံမှ ကိုယ်သင်းရနံ့လေးကို ရနေလေသည်။ ထိုရနံ့လေးကိုရတော့ မြွေတော့သည့်ညက ရင်ခွင်ထဲတွင် ရှိခဲ့သော ကောင်မလေးကို အရမ်းသတိရလိုက်မိလေသည်။

"မပေါ် . . . မောင့်ကိုလည်း မတွေ့ပါလား"

"ဟုတ်တယ် နှိုင်း . . . ဒီနေ့ အချိန်ပိုဆင်းနေရတယ်လေ"

"မပေါ်တို့မောင်နှမတွေက အရမ်းလိမ္မာတာပဲနော်၊ နှစ်ယောက်လုံး အလုပ်လုပ်ကြတယ်၊ မိဘအပေါ်လည်း သိတတ်တယ်"

"ဒါတော့ နှိုင်းရယ် . . . မပေါ်တို့ဘဝတွေက နှိုင်းတို့နဲ့ မတူဘူးလေ၊ မွေးကတည်းက ခက်ခဲကြမ်းတမ်းတဲ့ဘဝတွေမှာ ရုန်းကန်ခဲ့ရတယ်၊ မိဘတွေကိုယ်တိုင်ကလည်း မပေါ်တို့ကို ဒီလိုပညာတတ်ကြီးတွေဖြစ်ဖို့ သူတို့ရဲ့သွေးတွေချွေးတွေရင်းပြီး ပခုံးနဲ့ထမ်းပြီး တင်ခဲ့ကြရတယ်၊ ဒီတော့ မပေါ်တို့က ကိုယ့်ဘဝကိုကိုယ်သိတတ်ပြီး ကြိုးစားရမယ်လေ"

"မပေါ် ဆယ်တန်းမှာ ဘာသာစုံဂုဏ်ထူးရခဲ့တာ တွေ့တယ်၊ ဘာလို့ ဆရာဝန်မလုပ်ခဲ့တာလဲ၊ မပေါ်က ဆရာဝန်အလုပ်ကို ဝါသနာမပါလို့လား"

မပေါ် လှစ်ခနဲပြုံးလိုက်မိလေသည်။ နှိုင်းကတော့ မပေါ့်မျက်နှာလေးကိုငေးကြည့်ရင်း နားစွင့်နေမိလေသည်။

"မပေါ် ဖိုးငယ်ငယ်လေးကတည်းက ဆရာဝန်တစ်ယောက်အရမ်းဖြစ်ချင်ခဲ့တယ်၊ ဒါကြောင့် မပေါ် အရမ်းလည်းကြိုးစားခဲ့တယ်၊ ဒါကြောင့်လည်း မပေါ် ဆယ်တန်းအောင်တော့ ဘာသာစုံဂုဏ်ထူးနဲ့ အောင်ခဲ့တယ်၊ ဒါပေမဲ့ နှိုင်းရယ် . . . ဘဝဆိုတာ တစ်ခါတလေတော့ ကိုယ်ဖြစ်ချင်သလိုဖြစ်မလာတတ်ဘူး နှိုင်းရဲ့၊ မပေါ်ဆယ်တန်းအောင်တဲ့နှစ်မှာပဲ ဖေဖေက ရွာကိုပြန်ရောက်ခဲ့တယ်၊ ပြီးတော့ ဖေဖေ့ကျန်းမာရေးကလည်း အလုပ်ဆက်လုပ်ဖို့မရတော့ဘူး။ ဒီတော့ ပြင်းရယ် နှိုင်းတို့ပေးလိုက်တဲ့ ငွေလေးနဲ့ပဲ မပေါ်တို့အဆင်ပြေအောင် လုပ်ကိုင်စားရတယ်၊ မပေါ်ဆယ်တန်းအောင်တော့ မောင်လေးက ရှစ်တန်း၊ မပေါ်ကသာ တစ်ကိုယ်ကောင်းဆန်ပြီး ဆေးကျောင်းဆက်တက်မယ်ဆို မောင်လေး ဘယ်လိုလုပ်ပြီး ကျောင်းဆက်တက်မှာလဲ၊ ဒါကြောင့် မပေါ်ပဲ အနစ်နာခံပြီး ကျောင်းဆရာမ ဝင်လုပ်ခဲ့တယ်၊ ဒါပေမဲ့ မပေါ် ဆရာဝန်မကြီးမဖြစ်ခဲ့လို့လည်း ဝမ်းမနည်းဘူး။ မပေါ်ရာ မပေါ့်မောင်လေးပါ ဘွဲ့ရပညာတတ်ဖြစ်ခဲ့တာနဲ့တင် မပေါ်







www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်ပြီ၊ မပေါ့ဘဝမှာ မပေါ်အကောင်းဆုံးလုပ်ခဲ့ရင် မပေါ့တာဝန်ကျေပြီ၊ ဖြစ်တာ,မဖြစ်တာကတော့ မပေါ်ရဲ့ ကုသိုလ်ကံပဲလေ''

မပေါ်တို့ရွာလမ်းလေးအတိုင်း လျှောက်လာခဲ့လေသည်။ လမ်းတစ်လျှောက်မှာတော့ လှပသည့် အစိမ်းရောင် ကတ္တီပါခင်းထားသည့် စပါးခင်းကြီးများကိုလည်း မျက်စိတစ်ဆုံးတွေ့ရလေသည်။

ထိုစပါးခင်းကြီးများထဲတွင် ချစ်စဖွယ်စာခြောက်ရုပ်လေးတွေကိုလည်း မြင်ရလေသည်။ စပါးခင်းတွေကျော်လာတော့ သစ်ပင်ကြီးများ အုံ့ဆိုင်းနေသည့် ကန်ရေပြင်အကျယ်ကြီးကို တွေ့ရလေသည်။

ကန်ပြင်ကိုမျက်နှာမူရင်း မပေါ် လေကိုတစ်ဝကြီး ရှူရှိုက်လိုက်လေသည်။ နိုင်းကလည်း စိမ်းလဲ့နေသော ကန်ရေပြင်ကိုကြည့်ရင်း ရင်ထဲလွမ်းသလိုလို၊ ဆွေးသလိုလိုလေး ခံစားလိုက်ရလေသည်။ ကန်ရေပြင်က ဖြတ်တိုက်လာသည့် ရေလေးများကတော့ နိုင်းတို့ကို အေးမြစေတာ အမှန်ပင်။

"မပေါ် ... လူတစ်ယောက်ရဲ့တန်ဖိုးကို ဘယ်လို သတ်မှတ်လဲ''

နိုင်းအမေးကြောင့် မပေါ် မျက်ခုံးလေးပင့်လိုက်ရင်း နိုင်းကို





အကဲခတ်လိုက်လေသည်။ နိုင်းမျက်နှာမှာ လေးနက်တဲ့ တည်ကြည်မှုတွေ တွေ့လိုက်ရသဖြင့် မပေါ် မျက်လုံးမှေးကာ စဉ်းစားလိုက်ရင်း ဖြေလေသည်။

"မပေါ်သတ်မှတ်ထားတဲ့ လူတစ်ယောက်ရဲ့တန်ဖိုးဆိုတာက ဖိုးသားရမယ်၊ ကြိုးစားရမယ်၊ ကိုယ်ချင်းစာစိတ်ရှိပြီး မိမိအကျိုးတင်မဟုတ်ဘဲ သူတစ်ပါးအကျိုးကိုပါ ဆောင်ရွက်တဲ့လူမျိုးကို မပေါ်တော့ လူတော်၊ လူကောင်းလို့ထင်တယ်၊ လူတော်နဲ့လူကောင်းကမတူဘူး နိုင်းရဲ့၊ လူတစ်ယောက်က တော်နေရုံနဲ့မပြီးဘူးလေ ကောင်းမှပါ လိုအပ်တာ၊ အရင်ဆုံး လူတစ်ယောက်ဖြစ်လာပြီဆို ကိုယ့်အတွက်ကိုယ်အရင်လုပ်ရမယ်၊ ပြီးရင် မိသားစုက အားလေးထားတဲ့ လူဖြစ်အောင် လုပ်ဖို့လိုတယ်၊ ဖြစ်နိုင်ရင်တော့ ပတ်ဝန်းကျင်အတွက် လူ့လောကအတွက်ပါ လုပ်ပေးရမယ် နိုင်း။ အဲဒီလိုမှမဟုတ်ဘဲ သူ့များအတွက်လည်း မလုပ်ဘူး၊ ကိုယ့်အတွက်လည်း ကိုယ်မလုပ်ဘူးဆိုရင်တော့ အဲဒီလိုလူဟာ ဆန်ကုန်မြေလေးပဲဖြစ်လိမ့်မယ်''

"မပေါ် ... နိုင်းကိုများ ဆောင်းပြောနေတာလား''

နိုင်းက အေးတိုက်မြင်နေရသော မပေါ့မျက်နှာဖူးဖူးလေးကို ငေးကြည့်လိုက်ရင်း မေးလိုက်လေသည်။ မပေါ်ကတော့ နိုင်းပြောကြောင့် မျက်လုံးလေးများ မှေးသွားသည်အထိ အားရပါးရ



www.burmeseclassic.com

www.burmeseclassic.com



ပြုံးရင်း . . .

"မဟုတ်ရပါဘူး နှိုင်းရယ်၊ မပေါ်က ဆရာမဆိုတော့ ဆရာလုပ်တာ အကျင့်ပါသွားလို့ပါ၊ ဆောရီး နှိုင်း၊ နှိုင်းတို့လို သူဌေးသား အတွက်တော့ မပေါ့်ဒဿနတွေက ဘယ်အပ်စပ်မလဲ"

"မဟုတ်ပါဘူး . . . မပေါ်ပြောမှပဲ နှိုင်း ကိုယ့်ကိုယ်ကိုယ် တောင် ရှက်လာသလိုပဲ၊ နှိုင်းထက်ငယ်တဲ့ မပေါ်နဲ့ မောင့်တို့က ကြိုးစားပြီးဘဝကို ရုန်းကန်နေတဲ့အချိန်မှာ နှိုင်းကတော့ ဝေလေလေနဲ့ အချိန်တွေဖြုန်းနေခဲ့မိတယ်"

"နှိုင်းရယ် . . . အခု နှိုင်း အမှားကိုသိလို့ အမှန်ကို ပြင်မယ်ဆိုရင် ရှက်ဖို့မလိုအပ်ပါဘူး၊ လူတိုင်း ဘယ်သူမှ အမှားနဲ့မကင်းကြပါဘူး၊ နှိုင်းသာ ကြိုးစားမယ်ဆိုရင် မပေါ်တို့ထက် အများကြီး သာသွားမှာပါ၊ မပေါ်တို့ ကြိုးစားပေမယ့် မပေါ်တို့မှာရှိတဲ့ အင်အားလေးနဲ့ကြိုးစား ရုန်းကန်ရတာ၊ နှိုင်းမှာဆို ကြည့်စမ်း . . . အရမ်းကောင်းတဲ့အခွင့် အရေးတွေ, အခွင့်အလမ်းတွေက နှိုင်းပတ်ဝန်းကျင်မှာ အဆင်သင့် ဒီတော့ နှိုင်းအတွက်က နည်းနည်းပြောင်းလဲလိုက်တာနဲ့ အများကြီး အကျိုးရှိမှာ"

"ကျေးဇူးပါ မပေါ်၊ ဒါပေမဲ့ . . . နှိုင်းလေ မပေါ်တို့လိုပဲ ကိုယ့်ခွန်အားနဲ့ကိုယ် ကြိုးစားချင်တယ်၊ မိဘအထောက်အပံ့မပါဘဲ



နှိုင်း ဘယ်လောက်ရပ်တည်နိုင်လည်း နှိုင်းကိုယ်နှိုင်း သိချင်တယ်"

ယုံကြည်ချက်တွေနဲ့ တောက်ပနေသော နှိုင်းမျက်ဝန်းများကို မပေါ်ကြည့်လိုက်ရင်း မပေါ်ကိုယ်တိုင်လည်း နှိုင်းမိတတွေကိုယ်စား ဝမ်းသာမိပါသည်။

"နှိုင်းကြိုးစားပါ . . . နှိုင်းကို မပေါ် အားပေးပါတယ်"

နှိုင်းက မပေါ့်မျက်ဝန်းတွေထဲ သေချာငုံ့ကြည့်လိုက်ရင်း . . .

"မပေါ်ပေးတဲ့ အားတွေနဲ့တင် နှိုင်း ဘာမဆိုရင်ဆိုင် နိုင်မှာပါ"

မပေါ် ပြုံးလိုက်ရင်း . . .

"ကဲ . . . ဒီနေ့ နှိုင်းအတွက် အကျိုးရှိတဲ့နေ့ဆိုတော့ မပေါ် နှိုင်းကို ဘုရားလိုက်ပို့ပေးမယ်၊ ဘုရားမှာလည်း ဆုတောင်းပေးမယ် လေ၊ နှိုင်း အောင်မြင်မှုတွေ ရပါစေလို့"

"ကျေးဇူး မပေါ်၊ နှိုင်းတို့ ဒါဆို . . . ဘုရားသွားရအောင်"

ညနေစောင်းတိုက်သည့်လေအေးလေးကြောင့် မပေါ့် လက်လေးကို တင်းတင်းဆုပ်လိုက်ရင်း လက်မောင်းလေးကို ပွတ် လိုက်မိလေသည်။ မပေါ်တို့ရွာလေးက ညနေဆို အအေးဓာတ်က ကြိုတတ်လေသည်။

နှိုင်းက ချမ်းနေသော မပေါ့်ကိုကြည့်ရင်း အနွေးထည်လေး ချွတ်လိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အနွေးထည်ဝတ်ထား မပေါ်၊ ရာသီဥတုက နည်းနည်းအေးလာပြီ"

မပေါ့်ပခုံးပေါ်သို့ အနွေးထည်လေးတစ်ထည် ရောက်လာလေသည်။

"မဟုတ်တာ နှိုင်းရယ် ... မပေါ် မချမ်းပါဘူး ရော့ ... နှိုင်းပဲ ပြန်ဝတ်၊ နှိုင်းက လူမမာ"

မပေါ်က ပခုံးပေါ်မှ အနွေးထည်လေးကိုယူရင်း နှိုင်းလက်ထဲသို့ ပြန်ထည့်ပေးလိုက်လေသည်။ အရပ်ခြောက်ပေယောက်ရှိသည့် နှိုင်းရဲ့ပခုံးပေါ်ကိုတော့ မပေါ် ပြန်တင်ဖို့ ဘယ်လိုမှမမှီပါ။

နှိုင်းက မပေါ့်ကို အတင်းဝတ်ခိုင်းသော်လည်း မပေါ် အတင်းငြင်းကာ နှိုင်းကိုသာ ပြန်ဝတ်ခိုင်းလိုက်လေသည်။

မပေါ်တို့က အကြမ်းခံလူတမ်းစားတွေလေ။ နှိုင်းတို့လို နေမထိ လေမထိ သူဌေးသားမှမဟုတ်တာ၊ ဒီလောက်နဲ့တော့ မပေါ်တို့က စာမဖွဲ့တော့ချေ။

နှိုင်းမျက်နှာကိုမော့ကြည့်လိုက်တော့ နေကောင်းခါစမို့ထင်သည် နှုတ်ခမ်းလေးများက ဖြူဖျော့ကာ လှုပ်ုံက နွမ်းနေလေသည်၊

ခပ်ရှည်ရှည်ရှေ့ဆံပင်လေးကိုလည်း နားနောက်တွင် ညှပ်ထားသဖြင့် နုဖပ်နေသော မျက်နှာလေးကတော့ အထင်းသား။ မျက်နှာ





လေးက ကလေးလိုဖြူစင်ပါသော်လည်း အပြုအမူတွေက တစ်ခါတလေ ကလေးဆိုးတစ်ယောက်လိုပင် ...။

မပေါ်တို့ ဆယ်မိနစ်လောက် လှမ်းလျှောက်လိုက်သည်နှင့် ကုန်းမြင့်ထက်တွင် ထုံးဖြူဖြူလေးနှင့် စေတီလေးကို ကြည်ညိုဖွယ်ရာ တွေ့မြင်လိုက်ရပါသည်။ စေတီလေးက ကုန်းအမြင့်လေးမှာ ရှိသဖြင့်လည်း အဝေးကနေ ဖူးမြော်နိုင်ပါသည်။

ဘုရားပေါ်ရောက်တော့ မပေါ်က ဘုရားတစ်ပတ် လှည့်ပို့ရင်း ကြာသပတေးထောင့်လေးတွင် ရှေးသပ္ပါယ်လေသည်။ နှိုင်းကပါ ကြာသပတေးထောင့်တွင် ရှေးသာ သပ္ပါယ်သဖြင့် မပေါ် အံ့ဩသွားမိလေသည်။

တကယ်ဆို နှိုင်းဆိုတော့ စနေသားဖြစ်ရမှာ မဟုတ်လား။ မပေါ်လည်း ဘုရားဝတ်ပြုပြီးတော့ စနေထောင့်တွင်ရပ်ရင်း နှိုင်းကို

"နှိုင်း ... ရှိခိုးလေ။ နှိုင်းက စနေသားမဟုတ်လား"

"အင်း ... ဟုတ်တယ် မပေါ်၊ ဒါဆို စောစောက ကြာသပတေးမှာ ဘာလို့ လာရှေးသပ္ပါယ်ရတာလဲ"

မပေါ့်အမေးကြောင့် နှိုင်း ရှက်ရယ်တစ်ချက် ရယ်လိုက်ရင်း

"ဟို မပေါ်နဲ့အတူ ရှေးသပ္ပါယ်ချင်လို့"

နှိုင်းပြောပြီးသည်နှင့် ထွက်သွားကာ ဘုရားတွင် ရှေးသပ္ပါယ်



www.burmeseclassic.com

www.burmeseclassic.com



ခြင်း၊ ဝတ်ပြုခြင်းများကို သွားပြုလေသည်။ မပေါ်ကတော့ နှိုင်း စကားတွေကို နားမလည်နိုင်ဘဲ နှုတ်ခမ်းလေးကိုက်ရင်း တစ်ယောက်တည်း အဖြေထုတ်နေမိလေသည်။

♥ ♥ ♥

အခန်း (၁၀)

မပေါ် ကျောင်းသွားသည်နှင့် နှိုင်း ယောင်လည်လည်ဖြင့် ဦးကြီးကိုခွင့်တောင်း၍ ရွာထဲသို့ဝင်လာခဲ့လေသည်။ မနေ့ညက ညီးကာ တစ်ညလုံး စဉ်းစားပြီးပြီ။

ဒီနေ့ကစပြီး မပေါ် ဖြစ်စေချင်သလိုသာနေတော့မည်။ မပေါ်ရဲ့ လေးစားအထင်ကြီးတဲ့ ယောကျ်ားတစ်ယောက် ဖြစ်ချင်လာသည်။ မပေါ့်စိတ်ထဲမှာလည်း နှိုင်းကို အထင်ကြီးလေးစားစေချင်လာသည်။

ဒါဟာ ဘာကြောင့်လဲလို့ နှိုင်းကိုနှိုင်း အဖြေထုတ်ကြည့်တော့လည်း ကျေနပ်လောက်သည့်အဖြေကမရ။

နှိုင်းရင်ထဲမှာတော့ မပေါ်စိတ်တိုင်းကျတဲ့ ယောကျ်ားတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် ဖြစ်ချင်နေမိလေသည်။

နှိုင်းဆိုတာက အရင်က ဘယ်သူတွေ ဘယ်လိုထင်ထင် သိပ်ဂရုစိုက်တတ်တဲ့လူမျိုး မှမဟုတ်တာ။ အခု မဟော်နဲ့တွေ့တော့မှ နှိုင်းကိုယ်တိုင်လည်း မဟော်ထုဆစ်သည့် ပန်းပုရုပ်တစ်ရုပ် ဖြစ်ချင်နေမိလေသည်။

နှိုင်း ရွာထဲရောက်တော့ ဆံပင်ညှပ်ဆိုင်ကိုမေးလိုက်လေသည်။ ဆံပင်ညှပ်ဆိုင်ကြည့်လိုက်တော့ နှိုင်း နည်းနည်းတော့ စိတ်ညစ်သွားမိလေသည်။

အသက်ငါးဆယ်လောက်ရှိမည့် ဦးလေးကြီးတစ်ယောက်ကို တွေ့လိုက်ရလေသည်။ အထဲမှာ ချိတ်ထားသည့်ဆံပင်ပုံတွေကြည့်တော့လည်း ဟိုး ... ဘိုးတော်ဘုရားခေတ်လောက်က ပေါ်ခဲ့သည့်ပုံတွေ။ သွားပါပြီ နှိုင်းရဲ့သွက်လက်ခေတ်မီတဲ့ ဆံပင်လေးတော့ ဒီအတိုင်းဆို ...

"လာ လူလေး ... ဆံပင်ညှပ်ချင်လို့လား"

"ဗျာ ... ဟုတ် ... ဟုတ်ကဲ့"

နှိုင်းက ဆိုင်ဝမှာတွေးရင်း တွေတွေကြီးရပ်နေမိသဖြင့် ဆိုင်ထဲမှာ ဦးကြီး လှမ်းခေါ်မှပင် ယောင်နနနှင့် ဆိုင်ထဲ ဝင်လာခဲ့လေသည်။

"ဘာပုံညှပ်ချင်လဲ"



"Gentleman ဆံပင်ပုံစံသာ ညှပ်ပေးပါဗျာ"

"ဘာလဲကွ ဂျန်းဟဲမန်း ... ရှေ့တစ်လက်မ နောက်ပြောင်လား"

"ဗျာ ... မဟုတ်ဘူးလေဗျာ"

ထိုဦးလေးကြီးစကားကြောင့် နှိုင်းထိုင်နေရာမှ ဆတ်ခနဲ ထရပ်လိုက်လေသည်။ ဦးလေးကြီးကတော့ နှိုင်းကို ပခုံးမှပြန်ဖိချရင်း ...

"အခုခေတ်စားနေတဲ့ ဘယ်မင်းသားကေ ညှပ်ချင်တာလဲ၊ အဲဒီလိုပြောလေ၊ မင်းက ငါ့ကို အင်္ဂလိပ်လိုပြောလို့ ဘယ်လိုလုပ်သိမှာလဲ"

ဩော် ... ဟုတ်ပေသားပဲ၊ နှိုင်း မင်းသားတစ်ယောက်ချင်းကို ပုံဖော်ရင်း နှိုင်းရဲ့ပုံစံက ဘယ်မင်းသားဆံပင်ပုံနှင့် လိုက်ဖက်မလဲပေါ့။ နှိုင်းက နေတိုးလို အရပ်ရှည်ရှည် အသားဖြူဖြူဖြစ်သဖြင့် နေတိုးကေနှင့်ဆို အဆင်ပြေလောက်မည်ထင်ပါသည်။

ဒါပေမဲ့ ... နှိုင်းကတော့ နေတိုးလို မျက်နှာမဖောင်းဘဲ သွယ်သွယ် သွယ်လေသည်။ ဒါပေမဲ့ တခြားပုံတွေနဲ့စာရင်တော့ ဒီပုံလေးက နည်းနည်း အဆင်ပြေနိုင်သဖြင့် ...

"ဦးကြီး ... နေတိုး သိတယ်မဟုတ်လား။ သူ့ဆံပင်ပုံသာ ညှပ်ပေးပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



"သိတာပေါ့ကွ၊ ငါတို့တောမှာလည်း နေတိုးဆို အချမ်းသာဆော ကျတာ၊ မဆိုးပါဘူး မင်းရုပ်ကလည်း နေတိုးနဲ့ ခပ်ဆင်ဆင်ပဲ မျက်နှ နည်းနည်းဖောင်းရင် ပိုတူသေး"

နေတိုးနဲ့တူအောင် သုံးရက်လောက်အိပ်ပြီး အတင်းကာရေ ထမင်းစွပ်စားရမလိုတောင် ဖြစ်နေပြီ၊ ဘာပဲပြောပြော ထိုဦးလေးကြ ညှပ်ပေးသမျှကို ခံရလေသည်။

ဘယ်နှစ်ကတည်းက သုံးမှန်းမသိသော စက်တာတ်ကြေး လည်း တဂွိဂွိနှင့် တော်တော့်ကို စိတ်ညစ်ရပါသည်။ ဖြစ်ချင်ရာဖြစ်ဆို မျက်လုံးကို စုံသာမှိတ်ထားလိုက်လေသည်။

"ပြီးပြီကွ . . . အိပ်ပျော်နေတာလား၊ ကြည့်ဦး ဘာလိုသေး လဲလို့"

အခုမှပင် နှိုင်း မျက်လုံးဖွင့်ကြည့်လိုက်လေသည်။ အရမ်းကြ ကော့မနေသော်လည်း ဆံပင်ပုံလေးက ဆိုးတော့မဆိုးပါ။

"ဘယ်လောက်ကျလဲ ဦးကြီး"

နှိုင်း ဘောင်းဘီအိတ်ထဲက ပိုက်ဆံများကိုထုတ်ရင်း မေးလို လေသည်။

"ငါးရာ"

"ဘယ်လောက်"





နှိုင်းများ နားကြားလွဲတာလားပေါ့။ ရန်ကုန်မှာ နှိုင်း တစ်ခါ ပံပင်ညှပ်ရင် အနည်းဆုံး တစ်ထောင်းခွဲလောက်ကုန်တာ။ အခုကျ ငါးရာတဲ့။

"ငါးရာလေကွာ . . . ဘာဖြစ်လို့လဲ"

"ဩော် . . . ဘာမှမဖြစ်ပါဘူး၊ ဒီမှာနော် ငါးရာ"

နှိုင်း ပိုက်ဆံပေးပြီးသည်နှင့် ထွက်လာခဲ့လေသည်။ လမ်းမှာ လည်း နှိုင်း ကိုယ့်ဆံပင်လေးကို ကိုယ်ပြန်စမ်းကြည့်ရင်း ရယ်လိုက် ပါလေသည်။

အရင်ကတော့ ဘယ်သူတွေ ဘယ်လိုပြောပြော ဂုံးဝမညှပ်တဲ့ ပံပင်ကို အခုတော့ သူမလေးအတွက် ရက်ရက်ရောရောကို ညှပ် ပစ်ခဲ့ပါလား။ နှိုင်း လေချွန်လိုက်ရင်း ဘောင်းဘီထဲ လက်ထည့်ကာ ပြောက်ကြွမြောက်ကြွနှင့် လျှောက်လာခဲ့လေသည်။

နှိုင်း အခုပုံကိုသာ မပေါ်မြင်သွားလို့ကတော့ အရမ်းအံ့သြမှာ သချာသည်၊ အခုမှ သတိရလိုက်၍ နားက နားကွင်းကိုပါ ဖြုတ်ပြီး ဝင်းဘေး စပါးခင်းထဲသို့ လွှတ်ပစ်လိုက်လေသည်။

ကဲ . . . အခုလောက်ဆို မပေါ် သဘောကျလောက်ပါပြီနော်။ သိယောက်တည်းတွေးရင်း နှိုင်း ပျော်နေမိလေသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

မဟော် အိမ်ရောက်ရောက်ချင်း နှိုင်းကို မြင်လိုက်ရသဖြင့် ပါးစပ်အဟောင်းသားဖြစ်မိလေသည်။ အို . . . ကြည့်ပါဦး။ ရှပ်အင်္ကျီအကျီလေးနှင့် ချည်ပုဆိုးနက်ပြာလေးကို ဝတ်ဆင်ထားသောနှိုင်းမှာ ဟိုအရင် မဟော်မြင်ခဲ့သည့် နှိုင်းနှင့် လုံးဝမတူတော့။

ဆံပင်တိုတိုလေးနှင့် ပြောင်းလဲသွားသော အဝတ်အစားများ ကြောင့် နှိုင်းက အခုလိုကြည့်တော့လည်း လူကြီးလူကောင်းလေး လိုပင်။

"နှိုင်း ဆံပင်တွေညှပ်လိုက်တယ် . . . ဟုတ်လား"

နှိုင်းက မဟော်ရဲ့ အံ့သြသဘောကျသွားတဲ့ မျက်ဝန်းလေး တွေကို သဘောကျစွာကြည့်နေရင်း . . .



"မဟော် အံ့သြသွားတယ် မဟုတ်လား။ ဒီနေ့ကစပြီး နှိုင်း မဟော့်ကို နေ့တိုင်း အံ့သြအောင်လုပ်ပြမယ်"

နှိုင်းစကားလေးကြောင့် မဟော် လက်ခုပ်တီးကာ ရယ်လိုက် ရင်း . . .

"အောင်မလေး နှိုင်းရယ် . . . ရှင်က နေ့တိုင်း အံ့သြအောင် ်ပြမယ်ဆိုရအောင် ရှင်က မျက်လှည့်ဆရာမို့လို့လား"

ရယ်နေသော မဟော်ကိုကြည့်ရင်း နှိုင်း မေးစေ့လေးကို ပွတ် ကာ . . .

"စောင့်ကြည့်နေပါကွာ . . . ပြီးတော့မှ ဟာ ဟင် မလုပ်နဲ့"

"ဟုတ်ပါပြီ နှိုင်းရယ် . . . ဘာပဲဖြစ်ဖြစ် ရှင် အခုလို ပြောင်းလဲ ာတာ မဟော် တကယ်ဝမ်းသာပါတယ်၊ ဖေဖေမြင်ရင်လည်း ်းသာမှာ"

"ဦးကြီးက နေ့လယ်ကတည်းက တွေ့ပြီးပါပြီဗျာ"

"ဟုတ်လား . . . ဒါနဲ့ ရှင့်နားကွင်းရော ဘယ်ရောက်သွားလဲ"

"ဝံလိုက်ပြီလေ၊ ဒီနေ့ကစပြီး နှိုင်းမရှာဲ နှိုင်းမခပဲ ဖြစ်စေ မယ်"

"အလို . . . တယ်ဆိုက်တဲ့စကားပါလား၊ အင်းပါ . . . ဟုတ်ပါပြီ၊ ပုတော့ မဟော် ရေချိုးပြီး ခဏနားလိုက်ဦးမယ်နော်"

www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပါပြီဗျာ"

မပော်က နှုတ်ဆက်ရင်း လှည့်ထွက်ခဲ့လေသည်။

"မပော်"

နှိုင်းရဲ့ခေါ်သံကြောင့် မပော် ကိုယ်လေးလိမ်ပြီး ပြန်လှည့်ကြည့်လိုက်လေသည်။

"စားပွဲပေါ်မှာ မပော် အမောပြေသောက်ဖို့ နှိုင်း သံပရာရည် ဖျော်ထားတယ်၊ သောက်လိုက်ဦးနော်"

မပော် မျက်လုံးလေးပင့်လိုက်ရင်း ...

"ကျေးဇူးပဲ ... ရှင်ကိုယ်တိုင် ဖျော်ထားတာလား"

"ဒါပေါ့"

နှိုင်းက မေးလေးငေါ့ရင်း ပြန်ဖြေလိုက်လေသည်။

"ဖျော်တတ်တယ်ပေါ့"

"ဒါလေးများ ဘာခက်လို့လဲ"

နှိုင်းရဲ့အေးဆေးပါဆိုသည့် အမူအရာလေးကိုကြည့်ရင်း မပော် မရယ်ဘဲကို မနေနိုင်တော့။

"ဟုတ်ပါပြီ ... အခု သောက်လိုက်မယ်နော်"

မပော် အိမ်ထဲရောက်တော့ စားပွဲပေါ်တွင် တွေ့သည့် သံပရာခွက်လေးကို ကောက်ယူလိုက်လေသည်။ သံပရာရည်ကို တွေ့တော့



မပော် ထပ်ရယ်လိုက်မိလေသည်။

မချိုမချဉ် သကြားတွေ ဘယ်လောက်တောင် ထည့်ထားလဲမသိ ... အောက်တွင် သကြားက နှစ်ဖွန်းလောက်ရှိ လိမ့်မယ်ထင်သည်။

ကြည့်ရတာ သကြားကိုရေနွေးနဲ့ အရင်ပျော်အောင်မဖျော်ဘဲ ရေအေးနဲ့ပဲတန်းထည့်လိုက်သဖြင့် မချိုမချဉ် သကြားတွေ ထပ်ထည့်ထားသည်ထင်သည်။

မပော် တစ်ကျိုက်မော့လိုက်တော့ အရသာလေးကတော့ မဆိုးပါ။ မပော်ပြုံးကာ ခေါင်းခါလိုက်မိရင်း သံပရာရည်လေးကိုတော့ ကုန်အောင်သောက်လိုက်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၂)

"နှိုင်း အလုပ်လုပ်ချင်တယ်"

ထမင်းဝိုင်းတွင် နှိုင်းပြောလိုက်သည့် စကားကြောင့် အားလုံး အံ့အားသင့်သွားစေသည်။ မပေါ်ကတော့ စားမလို့လုပ်နေသော ထမင်းလုပ်ကို ပြန်ချထားလိုက်ရင်း . . .

"နှိုင်းက ဒီရွာမှာ လုပ်မလို့လား။ ရွာမှာက နှိုင်းတို့လို သူဌေး သားတွေ လုပ်နိုင်တဲ့အလုပ်မရှိဘူး နှိုင်းရဲ့၊ နှိုင်း အလုပ်လုပ်ချင်ရင် ရန်ကုန်ပြန်ပြီး နှိုင်းဒယ်ဒီရဲ့ကုမ္ပဏီမှာလုပ်တာ နှိုင်းအတွက် ပိုပြီး သင့်တော်လိမ့်မယ်"

မောင့်ကလည်း ဝေ့ဒသာကိုကြိုက်ငင်း . . .

"ဟုတ်တယ် . . . ကိုရ . . . ဒီကလေးတွေ့ တစ်သေတာက အခ်ကို



တို့ဟိုတယ်မှာ ထမင်းတစ်ခါတက်စားတာလောက်တောင် ရကာ မဟုတ်ဘူး"

နှိုင်းကတော့ ဘယ်သူဘာပြောပြော ဆုံးဖြတ်ချက်တစ်ခုကို ပြင်ဖို့ စိတ်ကူးလုံးဝမရှိချေ။ ဦးကြီးကို နှိုင်း အားကိုးတကြီး ကြည့် လိုက်လေသည်။ အားလုံးထက်စာရင်တော့ ဦးကြီးက နားလည်မှု အပေးနိုင်ဆုံးဖြစ်လိမ့်မယ်။

ဦးအုန်းမောင်ကတော့ နှိုင်းရဲ့ပြောင်းလဲလာသည့် စိတ်ထား လေးကို မြေတောင်မြှောက်ပေးချင်သည်။ အခုလို အလုပ်လုပ်ချင်စိတ် ပေါ်လာတယ်ဆိုတာကလည်း သူ့ထက်ငယ်သည့်အငယ်တွေက တောင် အလုပ်လုပ်နေသဖြင့် သူလည်း လုပ်ချင်စိတ်တွေ ဖြစ်လာတာ ဖြစ်သည်။ဒါကို ပေးမလုပ်တဲ့ ရန်ကုန်မှာပဲလုပ်ခိုင်းလျှင် နှိုင်း ဘယ် တော့မှ အလုပ်လုပ်ဖြစ်တော့မှာ မဟုတ်တာကိုလည်း ဦးအုန်းမောင် ကောင်းကောင်းရိပ်မိလေသည်။

"နှိုင်း လုပ်ချင်တယ်ဆိုရင် သမီးနဲ့သားက အလုပ်တစ်ခုခု ရှာပေးလိုက်ပေါ့"

ဦးကြီးစကားကြောင့် နှိုင်း အားတက်သွားလေသည်။ မပေါ် ကတော့ အလန့်တကြားပေမေ့ကို လှမ်းကြည့်လိုက်ရင်း . . .

"ဟာ . . . ဖေဖေ . . . နှိုင်း ဒီကအလုပ်တွေကို ဘယ်လုပ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



မှာလဲ''

''လုပ်နိုင်ပါတယ် . . . တကယ်ပါ မပေါ်ရာ၊ နှိုင်း ကောင်းကောင်းလုပ်နိုင်ပါတယ်''

နှိုင်းကတော့ အတင်းကို ဖွတ်လုပ်နိုင်နေတော့သည်။ နှိုင်းကြောင့် မပေါ်လည်း ဦးနှောက်ခြောက်ရပါသည်။ ရွာဆိုတော့ လုပ်စရာအလုပ်ဆိုလို့ ကောက်စိုက်နဲ့ စာရင်းငှား အလုပ်လောက်သာရှိတာ။

ဒါတွေကို နှိုင်း ဘယ်လိုလုပ်လုပ်နိုင်မှာလဲ၊ တစ်ခုတော့ရှိသည် မောင်လေး အခုလုပ်နေသည့် စက္ကူစက်မှာတော့ လူလိုမလိုမသိ၊ ဒီစက္ကူစက်မှာရော နှိုင်းက လုပ်နိုင်ပဲ့မလား။

''မောင်လေး . . . နင့်စက်ရုံမှာ လူလိုတယ် မကြားမိဘူးလား''

''လိုတော့လိုတယ် . . . ဒါပေမဲ့ အလုပ်ကြမ်းသမားတွေပဲ လိုတာ၊ အစ်ကို ဘယ်လိုလုပ်လုပ်နိုင်မှာလဲ''

''လုပ်နိုင်ပါတယ်ကွာ . . . မင်းကလဲ၊ ငါ တကယ် အလုပ်လုပ်ချင်လို့ပါ''

နှိုင်းက အားကိုးတကြီး မောင့်လက်ကိုဆွဲကာ ပြောလိုက်လေသည်။ အခုလိုဆိုတော့ မောင့်လည်း ဘယ်လိုမှ မငြင်းနိုင်တော့ပေ၊

''ဒါဆို ကျွန်တော်ပြောတော့ပြောကြည့်မယ် အစ်ကိုရ၊



အစ်ကိုလည်း လိုက်ကြည့်ပေါ့ လုပ်နိုင်,မလုပ်နိုင်ကို''

''အေးပါကွာ . . . မင်းကျေးဇူးကို မမေ့ပါဘူး''

နှိုင်း ဝမ်းသာအားရနှင့် မပေါ့မျက်နှာလေးကို လှမ်းကြည့်လိုက်လေသည်။ ကောင်မလေးမျက်နှာလေးကတော့ စိတ်ရှုပ်နေသလိုလို ပိုးရိမ်နေသလိုလိုပင်။

တကယ်တော့လည်း စိုးရိမ်နေသလိုလို ဆိုတာကတော့ ကိုယ့်ဘက်ကိုယ်ယက်ပြီး နှိုင်း တမင်ပိုပိုသာသာလေး တွေးလိုက်တာဖြစ်လေသည်။ နှိုင်းကတော့ ကိုယ့်စိတ်ကူးလေးတွေ မကြာခင် အကောင်အထည်ဖော်နိုင်တော့မည်ဆိုသည့် ရည်ရွယ်ချက်လေးနှင့် အပျော်ကြီးပျော်နေမိလေသည်။

အရင်ကတော့ ကုမ္ပဏီကိုအလုပ်သွားဖို့ ဒယ်ဒီ အတင်းခိုင်းရင်းတောင် စိတ်ညစ်နေတဲ့နှိုင်းက အခုတော့ အလုပ်ကြမ်းသမား ဝင်လုပ်ရမှာကိုပင် သိန်းထီဆုကြီးပေါက်တဲ့လူလို နှုတ်ခမ်းကိုမစေ့နိုင်ဘဲ သွားတဖြီးဖြီးနှင့် ပျော်ရွှင်နေလေသည်။

နှိုင်း ပျော်ရွှင်နေတာကိုကြည့်ပြီး မပေါ်တို့ တစ်အိမ်သားလုံးပါးမလည်နိုင်ဖြစ်ရလေသည်၊ ရက်ပိုင်းအတွင်းမှာ ပြောင်းလဲသွားသည့်နှိုင်းရဲ့ပြောင်းလဲမှုကြီးက မပေါ်တို့ကိုတော့ အံ့သြမှင်တက်စေတာတော့ပင်။

www.burmeseclassic.com

www.burmeseclassic.com



နှိုင်းက အခုဆိုရင် စိတ်သစ်လူသစ်နှင့် ဘဝကိုကြိုးစားချင်သည့် လူငယ်လေးတစ်ယောက် ဖြစ်နေလေသည်။ ဒီလိုပုံကိုသာ သူ့မိဘတွေ တွေ့လို့ကတော့ အရမ်းကို ကျေနပ်မှာပင်။

မဟော်တို့လည်း ကိုယ့်အိမ်မှာနေတုန်း နှိုင်းကို ဒီလိုပြုပြင်ပေးနိုင်တာ တစ်နည်းအားဖြင့်တော့ မဟော်တို့ ကျေးဇူးရှင်ကို ကျေးဇူးဆပ်တာလို့ပဲ မဟော် ခံယူမိလေသည်။

"ဒါဆို ဒီလိုလုပ်လေ ... အခုထမင်းစားပြီးလို့ စက်ရုံသွားရင် အစ်ကိုလိုက်ခဲ့လေ၊ ဟိုရောက်တော့လည်း မန်နေဂျာနဲ့တွေ့ကြည့်မေ့"

"ကောင်းသားပဲ ... မောင့်ပြန်တာနဲ့ အစ်ကို တစ်ခါတည်း လိုက်ခဲ့မယ်"

နှိုင်းက ပြောရင်း ထမင်းမြန်မြန်စားလေသည်။ နှိုင်းက စားပြီးသည်နှင့် အဝတ်အစားသွားလဲကာ အဆင်သင့် စောင့်နေလေသည်၊ မောင့်စားပြီးသည်နှင့် နှိုင်းတို့ မောင့်အလုပ်လုပ်သည့် စက္ကူစက်ရုံသို့ ထွက်ခဲ့လေသည်။

စက်ရုံလေးက မြို့အထွက်နားတွင် ရှိလေသည်။ စက်ရုံထဲတွင်လည်း ဝန်ထမ်းတော်တော်များများကို တွေ့ရလေသည်။ မောင့်ကတော့ နှိုင်းကို မန်နေဂျာရုံးခန်းသို့ ခေါ်လာလေသည်။

"ဆရာ ... ဒါက ကျွန်တော်တို့ရဲ့အစ်ကိုတစ်ဝမ်းကွဲပါ၊ ဒီမှာ





အလုပ်လိုတယ်ဆိုလို့ ... အစ်ကိုကလည်း အလုပ်လုပ်ချင်တယ်ဆိုလို့ ကျွန်တော် ခေါ်လာတာပါ"

မန်နေဂျာက ဖြူဖြူနုနု နှိုင်းကို သေချာကြည့်လိုက်လေသည်။

"မောင့်မြို ပါတို့လိုတာက အလုပ်ကြမ်းသမား၊ မင်းအစ်ကိုပုံကြည့်ရတာ ဖြူဖြူနုနုနဲ့၊ လုပ်နိုင်ပါ့မလားကွ"

"ဟို ... ကျွန်တော် လုပ်နိုင်ပါတယ် ဆရာ"

နှိုင်း ချက်ချင်းဝင်ပြောလိုက်လေသည်။ မန်နေဂျာကတော့ ခေါင်းတစ်ချက်ညိတ်ကာ ဆက်မေးလေသည်။

"နာမည် ဘယ်လိုခေါ်လဲ"

"ကျွန်တော့်နာမည် နှိုင်းမခပါ"

"ပညာအရည်အချင်းကရော"

"ကျွန်တော် အီးမေဂျာနဲ့ ကျောင်းပြီးထားပါတယ်"

"ဟာကွာ ... ခင်ဗျားဘွဲ့နဲ့ ဒီမှာလာလုပ်တာက ခင်ဗျား နောက်နေတာလား"

အီးမေဂျာဘွဲ့ရတစ်ယောက်က ဒီမှာ အလုပ်ကြမ်း လာလုပ်မည်ဆိုတာကြောင့် သူ့ကိုနောက်သည်ထင်ပြီး မန်နေဂျာ ဒေါကန်သွားလေသည်။ မောင့်ကတော့ ကိုယ့်မန်နေဂျာ စိတ်ကြီးတာကိုလည်း သိသဖြင့်

"ဒီလိုပါ ဆရာ ... ကျွန်တော့်အစ်ကို ရန်ကုန်မှာ နေပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခုက မိဘနဲ့အဆင်မပြေလို့ ကျွန်တော်တို့အိမ်မှာ လာနေတုန်း အလုပ်တစ်ခုခုလုပ်ချင်တာပါ၊ ဒီမှာကျတော့ အလုပ်နေရာကောင်းကောင်းရဖို့ကလည်း မလွယ်တူးလေ၊ ပြီးတော့ အစ်ကို့ရဲ့ ဘွဲ့လက်မှတ်တွေ, ဘာတွေအားလုံးကလည်း ရန်ကုန်အိမ်မှာ ကျန်ခဲ့တော့ အဆင်ပြေတဲ့အလုပ်ကိုပဲ ဝင်လုပ်တဲ့သဘောပါ''

မောင့်စကားဆုံးတော့မှ မန်နေဂျာက နားလည်သွားကာ ပြုံးရင်း . . .

''ဪ . . . အဲဒီလို ရှင်းရှင်းပြောပါလား အစကတည်းက၊ ဒီလိုလုပ်လေ ခင်ဗျား ကားတော့မောင်းတတ်တယ် မဟုတ်လား''

''ဟုတ်ကဲ့ . . . ကျွန်တော် ကျွမ်းကျွမ်းကျင်ကျင်ကို မောင်းတတ်ပါတယ်''

''အင်း . . . ဒါဆို ခင်ဗျားကားမောင်းတဲ့နေရာ တာဝန်ယူလိုက်ပေါ့၊ စက္ကူလိပ်တွေရွှေ့တာတို့ ဘာတို့ကျ ခင်ဗျား ကားမောင်းပြီးနေရာချထားပေါ့''

မန်နေဂျာကလည်း နှိုင်းကိုမြင်ပြီး အခြေအနေကို သဘောပေါက်နေလားမသိ။ နည်းနည်းသက်သာသည့် ကားမောင်းသည့်အလုပ်ကို တာဝန်ပေးလေသည်။

''ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ဆရာ''



''ကောင်းပါပြီ မောင့် . . . မင်းပဲ စက်ရုံလိုက်ပြပြီး လိုအပ်တာတွေ သေသေချာချာ ပြောပြလိုက် . . . ကြားလား''

''ဟုတ်ကဲ့ . . . ခွင့်ပြုပါဦး''

နှိုင်းတို့ နှုတ်ဆက်ပြီး ထွက်လာကြလေသည်။ ပြီးတော့ . . . မောင့်က စက်ရုံတစ်ရုံလုံးကို သေချာအသေးစိတ်လိုက်ပြလေသည်။ စက်ရုံက ကျယ်ဝန်းပြီး အားလုံးက စည်းစနစ်ကျသဖြင့် သေသပ်နေလေသည်။

ပြီးတော့ . . . မောင့်ကပဲ နှိုင်း တာဝန်ယူရမယ့်အပိုင်းတွေကို သေချာအသေးစိတ်ရှင်းပြလေသည်။ နှိုင်းကတော့ အခုမှ မူကြိုစတက်ရသည့် ကျောင်းသားလေးလို သေချာမှတ်သားထားလေသည်။

ဒီနေ့တော့ နှိုင်းအလုပ်ရသဖြင့် နှိုင်း ပျော်ရွှင်မိပါသည်။ အခုဆိုအိမ်ကယူလာသည့် ပိုက်ဆံကလည်း အဝတ်အစားဝယ်တာသုံးတာနှင့် သိပ်မကျန်တော့။

အခု အလုပ်ရပြီဆိုတော့ နှိုင်း သိပ်မပူတော့ချေ။ အစကဟမ့်ဆီ ဖုန်းဆက်ပြီး ပိုက်ဆံလှမ်းပို့ခိုင်းမည်ဟု စိတ်ကူးမိသော်လည်းအခုအချိန်မှာတော့ ကိုယ့်အားကိုယ်ကိုးပြီး ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ချင်စိတ်တွေသာ တဖွားဖွားပေါ်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

အရင်လို မောင်လေးနှင့် မပေဟ်အတွက်သာမဟုတ်ဘဲ နှိုင်းပါ အလုပ်သွားရတော့မည်ဖြစ်သဖြင့် ထမင်းချိုင့် သုံးချိုင့်ထုတ်၍ ထမင်း၊ ဟင်းထည့်နေလေသည်။

နှိုင်းအတွက် မပေဟ်က ကြက်သားကြော်ထည့်ပေးလိုက်ပြီ၊ မပေဟ်တို့မောင်နှမနှစ်ယောက်အတွက်တော့ ကန်စွန်းရွက်ကြော်နှင့် ဘဲဥချဉ်ရည်ဟင်းလေးကိုသာ ထည့်လိုက်လေသည်။

မပေဟ်တို့ မောင်နှမနှစ်ယောက်ရှာတဲ့ပိုက်ဆံလေးနဲ့က နေ့တိုင်၊ ဟင်းကောင်းစားလို့မလောက်ပေ။ ညည့်သည်နှင့် ဖေဖေ့ဖို့ကိုသာ ဦးစားပေးပြီး မပေဟ်တို့ကတော့ အဆင်ပြေသလိုသာ စားသောက် ဖြစ်ကာများသည်။ မပေဟ် ထမင်းချိုင့်ပြင်ပြီးလို့ လှည့်လိုက်တော့



နောက်တွင် နှိုင်းရပ်နေတာကို တွေ့လိုက်ရလေသည်။

"ဩော် ... နှိုင်းရောက်နေတာတောင် မသိလိုက်ဘူး"

နှိုင်းက မပေဟ်ကိုမကြည့်ဘဲ ထမင်းချိုင့်လေးကိုသာ သေချာ စိုက်ကြည့်နေလေသည်။

"ဘာလို့ အဲဒီလိုခွဲထည့်ရတာလဲ မပေဟ်၊ တကယ်ဆို နှိုင်း လည်း ကန်စွန်းရွက်ကြော်နဲ့ ဘဲဥချဉ်ရည်ဟင်းပဲ ဖြစ်သင့်တာပေါ့"

နှိုင်းအသံက တုန်နေလေသည်။ ကြည့်ရတာ နှိုင်းစိတ်မကောင်း ဖြစ်သွားသည်ထင်သည်။ မပေဟ်လည်း ရုတ်တရက် ဘာပြန်ပြောရ မှန်းတောင် မသိတော့ချေ။

"နှိုင်းက မပေဟ်တို့အိမ်မှာလည်း အခန့်သားလာနေသေးတယ်၊ ပြီးတော့ မပေဟ်တို့မိသားစုရဲ့ ကျေးဇူးရှင်ကြီးလို ကောင်းတာတွေ ပေးပြီး၊ ဖိမ်ကျနေတာမျိုး နှိုင်း မလုပ်ချင်ဘူး"

နှိုင်း တကယ်ဝမ်းနည်းသွားသည်ဆိုတာကို မပေဟ် သိလိုက် ပါသည်။ မပေဟ်ကိုယ်တိုင်လည်း နှိုင်းမသိအောင် ဒီလောက်ဖုံးဖိ ထားရင်းနဲ့ အခုတော့ နှိုင်းက သိဖြစ်အောင် သိသွားလေသည်။

"မဟုတ်ပါဘူး၊ နှိုင်းရယ်၊ မပေဟ်ရဲ့ မောင်လေးနဲ့က ဘဲဥချဉ် ရည်ဟင်းဆို ကြိုက်ကိုကြိုက်တာ ... ဒါကြောင့်ပါ၊ နှိုင်းပြောသလို မဟုတ်ဘာမျိုးမဟုတ်ပါဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို နှိုင်းလည်း ဘဲဥချဉ်ရည်ဟင်းကြိုက်တယ်၊ နှိုင်းက မဟော့်ထမင်းချိုင့်နဲ့ လဲပေးလိုက်၊ မဟော်က အိမ်ရှင်ပဲ၊ နှိုင်းက ဒီလောက်တော့ လိုက်လျောနိုင်တယ် မဟုတ်လား"

နှိုင်းက ကလေးလိုကျိုကျိုနေသဖြင့် မဟော် စိတ်ရှုပ်ရှုပ်နဲ့ ပြု လိုက်မိလေသည်။ ဒါ . . . နှိုင်း သက်သက် ကျိုကျိုနေမှန်းလည်း မဟော် ကောင်းစွာရိပ်မိလေသည်။

"ကဲပါ နှိုင်းရယ် . . . ဒီနေ့တော့ အားလုံးလည်း ပြင်ပြီးနေပြီ ဒီအတိုင်းပဲ ယူသွားလိုက်နော်၊ နောက်နေ့ကျရင်တော့ မဟော် အသ ပြေအောင် လုပ်ပေးမယ်"

မဟော်က စိတ်ရှုပ်ရှုပ်နှင့် လက်သုတ်ပဝါလေးကို တန်းမှ လှမ်းလိုက်ရင်း ပြောလိုက်လေသည်။

"မရဘူး . . . ဒီနေ့လည်း နှိုင်း မဟော့်ထမင်းချိုင့်ပဲ စား တယ်၊ ပြီးတော့ တစ်ခါတည်း မှာထားမယ်နော် . . . နှိုင်းကို အဲဒီ ဟင်းခွဲချက်ပေးတာမျိုး နှိုင်းမကြိုက်ဘူး၊ ရှိရင်လည်း အတူတူစား မရှိရင်လည်း ဘာမှမစားဘဲနေမယ်၊ ကျေးဇူးပြုပြီးတော့ အဲဒီလို ခွဲခြားပြီး မဆက်ဆံပါနဲ့ မဟော်ရာ . . . နှိုင်း တောင်းပန်ပါတယ်"

မဟော် သက်ပြင်းမောကို မှုတ်ထုတ်လိုက်ရင်း . . .

"ကောင်းပါပြီ နှိုင်းရယ်၊ နောက်ဆို မဟော်အားလုံး တန်း





ညှိပါ့မယ်၊ ဒီနေ့တော့ ဒီထမင်းချိုင့်ပဲ ယူသွား . . . ဟုတ်ပြီလား"

"မယူပါဘူး၊ ဟိုချိုင့်ပဲ ယူမယ်"

နှိုင်းက ပြောလည်းပြောရင်း စားပွဲပေါ်တွင်တင်ထားသော မဟော့်ချိုင့်လေးကို ဆွဲယူလိုက်လေသည်။ မောင့်ကလည်း ရုံးသွားဖို့ ထွက်လာတာနှင့် စားပွဲပေါ်က ထမင်းချိုင့်လေးကိုယူပြီး အသီးသီး ထွက်သွားကြလေသည်။

မဟော်ကတော့ နှိုင်းအပြုအမူတွေကြည့်ပြီး ခေါင်းလေးခါရင်း ကျန်ရစ်ခဲ့လေသည်။ ဒီလိုဆိုတော့လည်း နှိုင်းက မဟော် ထင်ထားသလောက်တော့မဆိုး။ ကိုယ်ချင်းစာစိတ်နှင့် မျှတသည့်စိတ် တော့ ရှိသားပဲဟု မဟော် အမှတ်ပေးလိုက်မိလေသည်။

နှိုင်းကတော့ အလုပ်စဝင်ရသည့်နေ့ဖြစ်သဖြင့် လူက ပျော်သ လိုလို၊ စိတ်လှုပ်ရှားသလိုလို ခံစားရလေသည်။ ဘေးနားကနေ မောင့် က အလုပ်အကြောင်းတွေကို ပြောပြရင်း နှစ်ဦးသား လျှောက်လာကြ လေသည်။

စက်ရုံထဲရောက်တော့ နှိုင်းက စက္ကူလိပ်တွေကို သူ့နေရာနှင့်သူ ရောက်အောင် Folk Lift ကားလေးမောင်းကာ နေရာချရလေသည်။ အလုပ်က သူများတွေထက်စာလျှင်တော့ သက်သာသည်လို့ ပြော ရသည်။ ဒါတောင် နေ့လယ် Tea Time အချိန်ထိ တစ်ချက်ကလေးမှ



www.burmeseclassic.com

www.burmeseclassic.com



မနားရ။

နှိုင်းထက်စာလျှင်တော့ တခြားဝန်ထမ်းတွေက ပိုမိုပင်ပန်းကြပါသည်။ တချို့ဆို ပစ္စည်းတွေသယ်ရ၊ တချို့ကတော့ ဝါးတွေသယ်ရနှင့် အရမ်းပိုပင်ပန်းကြပါသည်။ ဒါပေမဲ့ သူတို့အားလုံးက သူတို့ဘဝကို သူတို့စိတ်ပျက်ပြီး ညည်းညူမနေကြပါ။

သူတို့ခွန်အားနှင့် စွမ်းအားရှိသလောက် ရုန်းကန်ရင်း ဘဝကို အရှုံးမပေးဘဲ ရုန်းကန်နေကြတာ လေးစားဖို့ကောင်းလေသည်။ နှိုင်းအတွက်တော့ တကယ်ကို အတွေ့အကြုံသစ်တွေကို ရရှိစေပါသည်။

နှိုင်းကိုယ်တိုင်လည်း သူတို့ကြိုးစားနေတာကိုကြည့်ပြီး ပိုမိုကြိုးစားချင်စိတ်များလည်း ဖြစ်မိပါသည်။ လူတစ်ယောက်ရဲ့တန်ဖိုးကို အလုပ်လို့သတ်မှတ်ထားလျှင် သူတို့အားလုံးက တကယ့်ကို တန်ဖိုးရှိသည့် လူသားတွေသာ ဖြစ်လေသည်။

ထိုနေ့ နှိုင်း အိမ်ပြန်ရောက်တော့ နှိုင်းရဲ့အတွေ့အကြုံများကို ပြန်ပြီးဖောက်သည်ချလေသည်။ နှိုင်းက ပထမဆုံးအတွေ့အကြုံသစ် ဖြစ်သဖြင့် ပြောမဆုံးနိုင်အောင်ကို ဖြစ်မိလေသည်။ တကယ်တော့ ဒါတွေက နှိုင်းအတွက်သာ အရမ်းထူးဆန်းနေတာပါ။ မဟော်ဝို့ အတွက်တော့ ဖြစ်ရိုးဖြစ်စဉ်ဖြစ်ခုသာ ဖြစ်ပါလိမ့်မည်။

"တကယ်ဗျာ ... ဦးကြီးရာ အဲဒီချာတိတ်တွေ ရေလည်လုပ်





နိုင်တယ်၊ ကျွန်တော် တကယ်လက်ဖျားခါတယ်၊ ဒီလောက် အခေါက်ခေါက်အခါခါ ထမ်းသယ်နေရတာတောင် တစ်ချက်အပြုံးမပျက်ဘူး ရယ်ရယ်မောမောပဲ၊ နှိုင်း သူတို့ကိုကြည့်ပြီး စိတ်တောင်မကောင်းဘူး"

"အဲဒါ ဘဝလေ နှိုင်းရဲ့၊ နှိုင်းက ကံကောင်းလို့ ပြည့်စုံတဲ့ မိသားစုမှ ကြီးပြင်းလာရလို့ ဒါတွေကို နားမလည်နိုင်တာ တကယ်တော့ နှိုင်း အဲဒီဟာက လူဆယ်ယောက်မှာ ရှစ်ယောက်လောက် ကျော်ဖြတ်နေရတာပဲ၊ ဒါကြောင့် ကံကောင်းတဲ့ နှိုင်းတို့လိုလူတွေက ပိုပြီးကြိုးစားရမယ်၊ တချို့ကလေးတွေဆို ပညာအရမ်းသင်ချင်တယ်၊ သူတို့ သင်ခွင့်မရကြဘူး။ မိဘရဲ့စီးပွားရေး မပြေလည်မှုကြောင့် ငယ်ငယ်ရွယ်ရွယ်နဲ့ ကောက်စိုက်ရတယ်၊ လယ်ထွန်ရတယ်၊ ရရာအလုပ် ဝင်လုပ်ရတယ်၊ ဘယ်လောက်သနားဖို့ကောင်းလဲ၊ သူတို့မှာ ရွေးချယ်စရာမရှိဘူး၊ နှိုင်းတို့လို အရာရာပြည့်စုံနေတဲ့လူတွေကျတော့ ရွေးချယ်စရာများလွန်းတော့ ဘဝမှာ ဟုံသွားတတ်ကြတယ်၊ ဒီတော့ နှိုင်း ဒီရောက်လာတာ ကောင်းဖို့ပဲ၊ အမှန်ကို အမှန်အတိုင်းမြင်ဖို့နဲ့ ဘဝရပ်တည်ဖို့ အသေအလဲကြိုးစားနေရတဲ့လူတွေကိုကြည့်ပြီး နှိုင်းအတွက် ကျေးအမြတ်တစ်ခုခုတော့ ရလိမ့်မယ်လို့ ဦးကြီးထင်တယ်"

ဦးကြီး၏စကားတွေက သွေးထွက်အောင် မှန်ပါသည်။ နှိုင်း ရင်က ကိုယ့်လုပ်ရပ်တွေကို ပြန်မြင်ယောင်မိတော့ နှိုင်းကိုယ့်ကိုယ်



www.burmeseclassic.com

ကိုယ်ပင် ပြန်လည်ရှက်ရွံ့လာမိလေသည်။

မပော့်မျက်နှာကို လှမ်းကြည့်လိုက်တော့ နှင်းကို အားပေးသည့်အပြုံးလေး ပြုံးပြလေသည်။ ဒီအပြုံးလေးနဲ့ပင် နှင်းပင်ပန်းသောသမျှကို ပြေစေပါသည်။

နှင်းပြန်လည် ပြုံးပြလိုက်မိလေသည်။ ဒီတစ်ခါ နှင်း အပြုံးမှာတော့ ယုံကြည်ခြင်းတွေ၊ နှစ်လိုခြင်းတွေ ပျော်ဝင်နေမှာ သေချာပါသည်။ နှင်းပြောသမျှကို မောင့်က ပြုံး၍နားထောင်ရင်း ဂျာနယ်အဟောင်းတစ်စောင်ကို ဖတ်နေလေသည်၊

အခန်း (၁၄)

တစ်ပတ်လုံး အလုပ်ပြီးသမျှ ဒီနေ့တော့ စနေနေ့မို့ နှင်းပျော်ရွှင်နေမိလေသည်။ အခုလို စနေ၊ တနင်္ဂနွေ ရက်လေးတွေသာ မပော်နဲ့ နီးနီးကပ်ကပ် တစ်နေကုန် နေခွင့်ရတာမဟုတ်လား။

ဒါကြောင့် နှင်းကတော့ ဒီရက်လေး နှစ်ရက်ကို တခြားရက်တွေထက် ပိုမိုနက်မောလေသည်။ နှင်း မျက်နှာသစ်ပြီးတာနှင့် မပော်တို့အိမ်ဘက်ကို ကူးလာလေသည်။

ပါတိတ်ဝမ်းဆက်လေးနှင့် အပြင်သွားဖို့လုပ်နေသော မပော့်ကို နှင်း မျက်လုံးပြူးကာကြည့်လိုက်မိလေသည်။ ဒီရက်ကို ဒီကောင်မလေး ဘယ်များသွားမှာပါလိမ့်။

ရည်းစားနဲ့များ ချိန်းတွေ့တာလားလို့ တွေးမိလိုက်တော့ ရင်ထဲ

www.burmeseclassic.com



ချက်ချင်းလှုပ်ခတ်ကာ ပွလောင်သွားလေသည်၊

"ဟယ် . . . နှိုင်း နိုးပြီလား၊ မပော်က မနိုးသေးဘူးမှတ်နေတာ"

နှိုင်းကတော့ ရှုန်းလဲ့သောမျက်ဝန်းတစ်စုံကို သေချာစိုက်ကြည့်ရင်း အကဲခတ်နေလေသည်။

"ရော် . . . အိပ်ရေးမဝသေးဘူးထင်တယ်၊ ကဲ . . . ဒါဆိုမပော်သွားတော့မယ်"

နှိုင်းရှေ့ကနေ မပော် ကွေ့ထွက်ဖို့ပြင်လိုက်တော့ နှိုင်း ပိတ်ရပ်လိုက်မိလေသည်။ အပြုအမူက မြန်ဆန်လွန်းသဖြင့် နှိုင်းကိုယ်နှိုင်းတောင် ဘာလုပ်လိုက်မိလဲ မသိနိုင်အောင်ပင်။

မျက်စိရှေ့က မပော်ထွက်သွားမှာကိုသာ တအားစိတ်ပူပြီ၊ ပိတ်ရပ်လိုက်မိတာ။ တကယ်ဆို ဒီအပြုအမူက အရမ်းကလေးဆန်သွားမှန်း နှိုင်း သိလိုက်လေသည်။

"ဆောရီး . . . ဘယ်လဲမပော်"

သမင်မျက်လုံးလေးလို ရှုန်းလဲ့နက်စိုနေသော မျက်ဝန်းလေး၏ အကြည့်စူးစူးကြောင့် နှိုင်းရင်တွေ အဆမတန်ကို ခုန်သွားမိလေသည်။

"ဒီနေ့ ကျောင်းသန့်ရှင်းရေးလုပ်ရမယ့်နေ့လေ၊ မပော်တို့က





တစ်လတစ်ရက်နေ့တိုင်း ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး လုပ်ရတယ်၊ ဒါမှလည်း ကလေးတွေ အန္တရာယ်ကင်းမှာလေ"

နှိုင်းကိုမော့ကြည့်ပြီး ပြောနေသော နှုတ်ခမ်းဖူးဖူးလေးကို နှိုင်း အင်မတန်ချစ်ပါသည်။ ဖူးအိနေသော နှုတ်ခမ်းလေးက စကားပြောတိုင်း နှုတ်ခမ်းအသီးလေး လှုပ်ခါသွားတာကို နှိုင်း သဘောကျနေမိလေသည်။

"ဟုတ်လား . . . နှိုင်းက ဒီနေ့ကျောင်းပိတ်ရက်ဆိုတော့ မပော် အိမ်မှာပဲရှိမယ်လို့ ထင်နေတာ"

မပော်က ပြုံးလိုက်ရင်း . . .

"ခါတိုင်းဆိုရင်တော့ရှိပါတယ် . . . ဒီနေ့တော့ လုပ်အားပေးလေ"

"နှိုင်းလည်း လုပ်အားပေးမယ် . . . ဖြစ်လား"

နှိုင်းစကားကြောင့် မပော်ရဲ့ပြူးကျယ်ကျယ်မျက်ဝန်းလေးက ပိုပိုင်းစက်ကာ ပြူးကျယ်သွားမိလေသည်။

"အောင်မယ် . . . တယ်ဟုတ်ပါလား နှိုင်းရဲ့၊ နှိုင်းက အခုကိုယ့်အကျိုးတွင်မဟုတ်ဘူး။ သူများအကျိုးပါ သယ်ပိုးတတ်တဲ့ လူတော်လူကောင်း ဖြစ်နေပြီပဲ"

မပော်က လက်လေးပိုက်လိုက်ရင်း နှိုင်းကိုစေ့စေ့ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်လေသည်။ အရင် နှိုင်းနှင့် တခြားစီဖြစ်သွားသော နှိုင်းကို မပေဟ် သေသေချာချာကို ကြည့်လိုက်မိလေသည်။

အိုး . . . နှိုင်းက ဒီလိုဆိုတော့လည်း တကယ့်ကိုချောမောတဲ့ ယောက်ျားတစ်ယောက်ပါလား။ သပ်ရပ်ခန့်ညားတဲ့ဆံပင်စတိုင်နဲ့ ယောက်ျားပီသတဲ့ မျက်ခုံး၊ မျက်လုံးများကြောင့် နှိုင်းကို လူချောတစ် ယောက်လို့ မသတ်မှတ်လို့မရချေ။

အရင်လို မာကျွတ်ကျွတ်စကားပြောဟန်မျိုးမဟုတ်တော့တဲ့ တည်ငြိမ်တဲ့အကြည့်တွေ အပြောတွေကြောင့်လည်း နှိုင်း ပိုမိုကြည့် ကောင်းလာသည် ဖြစ်မည်။

"ဒါဆို . . . နှိုင်းလည်း တစ်ခါတည်း လိုက်မယ်နော်"

"အင်း . . . ဒါဆို မပေဟ် ဖေဖေ့ကို သွားပြောလိုက်ဦးမယ်၊ မဟုတ်ရင် ဖေဖေက နှိုင်း ပျောက်လို့ ရှာနေဦးမယ်"

ထွက်သွားသော မပေဟ်ကို နှိုင်းကြည့်လိုက်လေသည်။ တိမ သည့်ခန္ဓာကိုယ်လေးက နှိုင်းကို ပိုမိုစိတ်မချဖြစ်ရလေသည်။ ဒီ လောက်ချစ်စရာကောင်းပြီး စွဲမက်စရာ ခန္ဓာကိုယ်ပိုင်ဆိုင်ထားသည့် ကောင်မလေးကို တွေ့တဲ့ယောက်ျားတိုင်းကတော့ သဘောကျမှာ အမှန်ပင်။

ဒါတွေကိုတွေးမိလေ နှိုင်း ညတောင် အိပ်မပျော်လေ ဖြစ်ရ



သည်။ နှိုင်း အခုဆို မပေဟ်ကိုချစ်မိနေတာ တဖြည်းဖြည်းနှင့် ပိုမိုသေ ချာလာသည်။

အခုဆို ဖျော်စီရေတွင် မပေဟ်မရှိတာနှင့် လွမ်းဆွတ်နေတတ် ပြီ။ တစ်ရက်လောက်များ မပေဟ် ကျောင်းပြန်နောက်ကျရင် ဦးကြီး ထက်ပင် နှိုင်း ပိုမိုရင်ပူမိလေသည်။

အနေနီးလေ ကောင်မလေးကို ပိုပြီးစွဲမက်လေနှင့်။ နှိုင်း ရင်ခုန်သံတွေ ဆူညံပေါက်ကွဲကုန်တော့မည်။ အခုအခြေအနေမှာ နှိုင်း ရင်ခုန်သံတွေကို ကောင်မလေးကို သွားပြောပြရင်လည်း နှိုင်းကို ယုံကြည်လက်ခံနိုင်လိမ့်မည်ဟုမထင်။

နှိုင်းကိုယ်တိုင်လည်း သိပ်မြန်ဆန်လွန်းသည့် အချိန်အတွင်း တွင် အခုလို ရင်တွေတဒိုင်းဒိုင်းခုန်ပြီး တအားချစ်သွားမိတာ ကိုယ် တိုင်တောင် မယုံကြည်နိုင်။ မပေဟ်ဆိုရင်တော့ ပိုဆိုးတော့မှာပေါ့၊

မပေဟ် အိမ်ထဲက ပြန်ထွက်လာတော့ ငြိမ်သက်ကာ တစ်ခုခုကို တွေးနေသော နှိုင်းကို တွေ့လိုက်ရလေသည်။

"သွားမယ်လေ နှိုင်း . . . ဘာတွေ ဒီလောက်များ တွေးနေတာ လဲ၊ ရန်ကုန်မှာကျန်ခဲ့တဲ့ ချစ်သူကိုလွမ်းနေတာလား"

မပေဟ်ရဲ့အမေးကြောင့် နှိုင်း ရှက်သွားကာ ခေါင်းခါရင်း . . .

"ဟာဗျာ . . . မပေဟ်ကလဲ"

www.burmeseclassic.com

www.burmeseclassic.com



မပော်ကတော့ မျက်နှာကြီးတစ်ပြင်လုံး နီရဲပြီး ရှက်သွားသော နှိုင်းကိုကြည့်ကာ ထရယ်မိလေသည်။ ကြည့်ပါဦး ... ဒါလေး ပြောတာကိုများ ရှက်နေလိုက်တာ။

"စတာပါ နှိုင်းရယ် ... အဲဒီလောက်လည်း ရှက်မနေပါနဲ့"

"ဟာကွာ ... မရှက်ပါဘူး"

မပော်ပြောလေ နှိုင်းမျက်နှာက ပိုမိုနီရဲလာလေ ဖြစ်သည်။ မပော်ကတော့ နှိုင်းရှက်နေတာကိုကြည့်ပြီး ပိုမို နောက်ချင်လာမိသည်။

ရန်ကုန်မြို့ပြကြီးမှာ ကြီးပြီးပွင့်လင်းတဲ့ လူနေမှုစရိုက်ထဲမှာ ကြီးပြင်းခဲ့သည့် နှိုင်းကို အခုလိုမျိုး ရှက်တတ်လိမ့်မည်ဟု မပော်လုံးဝ မထင်ထား။ အခုတော့ ရှက်နေလိုက်တာများ ကလေးပိစိညှောင့် တောင့်လေးကျနေတာပဲ။

"မရှက်ဘူးသာပြောနေတာ ... နှိုင်းမျက်နှာက နီရဲနေပြီ"

"နေပူလို့ပါ မပော်ကလဲ"

နှိုင်းရဲ့ ဘုဆတ်ဆတ်စကားကြောင့် မပော် ထပ်ရယ်မိပြန်သည်။

"ဟာဗျာ ... ရယ်ပဲရယ်နေတော့တာပဲ"

"မဟုတ်ပါဘူး နှိုင်းရယ်၊ ဒီကေ ... မရယ်တော့ဘူး။ နှိုင်း၊



ဖြစ်နေပုံက ဆယ်ကျော်သက် အပျိုဖျန်းလေး ရှက်နေတာနဲ့တူလို့၊ တကယ်ဆို ဒါမျိုးက နှိုင်းတို့အတွက် အထူးအဆန်းမှမဟုတ်တာ"

"ဟာ ... ထူးဆန်းတာပေါ့ မပော်ရာ၊ ကျွန်တော့်ဘဝမှာ တစ်ခါမှ သည်းသည်းလှုပ် ဘယ်သူ့ကိုမှမချစ်ဖူးဘူး"

နှိုင်းက ဘေးတိုက်မြင်နေရသော မပော့်ကို လှည့်ကြည့်ရင်း ပြောလိုက်လေသည်။ မပော်ကတော့ ခေါင်းလေးကို တစ်ချက်ခါရင်း ထက်ပြောလေသည်။

မပော်ရဲ့ခေါင်းအခါ ဆံပင်လေးများက ယိမ်းနွဲ့သွားပုံကတော့ ကောင်းမြတ် သီချင်းထဲကလို "မင်းရဲ့ ဆံနွယ်တွေ လေမှာလွင့်နေပြီ ညှင်သာစွာ နမ်းရှိုက်ခွင့်ရချင်မိ" ဆိုသည့် စာသားလေးကို သွားသတိရမိလေသည်။

"သည်းသည်းမလှုပ်တောင် နည်းနည်းတော့ ချစ်ဖူးမှာပေါ့"

"နှိုင်း အမှန်တိုင်းပြောရင် မပော်က ယုံမှာမို့လို့လား၊ ဒါဆို မပော်ရော ချစ်ဖူးလား"

မပော်ကတော့ လက်လေးနှစ်ဖက်ကို ကလေးလေးလို ခါပြလိုက်ရင်း ...

"မယုံ ... ချစ်ဖူးတာပေါ့ နှိုင်းရယ်၊ မချစ်ဖူးဘူး ရှိမလား"

မပော်ရဲ့စကားကြောင့် နှိုင်း လှမ်းနေသည့်ခြေလှမ်းတွေ

www.burmeseclassic.com

www.burmeseclassic.com



တောင် ဆက်မလှမ်းဖြစ်ဘဲ ရုတ်တရက် ဘာလုပ်ရမှန်းမသိအောင် ဖြစ်သွားမိလေသည်။

"ဘာ ... ဒါ ... ဒါဆို အဲဒီ မပေါ့်ချစ်သူကရော အခု ဘယ်ရောက်သွားပြီလဲ"

"သူလား ... သူ အခု အိမ်ထောင်ကျသွားပြီ"

မပေါ်ကတော့ ခပ်အေးအေးပင် သူများအကြောင်းကို ပြန်ပြောပြသလို ပြောနေလေသည်။ မအေးဆေးနိုင်တာဆိုလို့ နှိုင်းသာ ဖြစ်လိမ့်မယ်၊ နှိုင်းရင်ထဲမှာတော့ နေဆယ်စင်း တစ်ပြိုင်တည်း ထွက်လာသလိုကို ပူလောင်နေလေသည်။

"ဘာလိုဖြစ်လို့ ဒီလောက်ချစ်စရာကောင်းတဲ့ နှိုင်းကို သူ မယူရတာလဲ"

နှိုင်းစကားကြောင့် မပေါ်ကတော့ လက်ခုပ်တီးရင်း ရယ် လိုက်လေသည်။ နှိုင်းအထင် မပေါ်ရဲ့ရယ်သံက နည်းနည်းတော့ နာကြည်းမှုတွေ ရောနေမည်ထင်သည်။

"ချစ်စရာကောင်းတာ ဘာလုပ်ရမှာလဲ နှိုင်းရယ်၊ လောကမှာ အချစ်ထက်အရေးကြီးတာ ရှိသေးတယ်လေ နှိုင်းရဲ့"

မပေါ်စကားကို နှိုင်းနားမလည်နိုင်ဘဲ မျက်မှောင်ကြုတ် စဉ်းစား လိုက်လေသည်။



"နှိုင်း မသိသေးဘူးထင်တယ် ... ငွေလေ ... ငွေ"

"ငွေ"

နှိုင်းကလည်း ရောယောင်ပြီး သံယောင်လိုက်မိလေသည်။ မပေါ့်မျက်နှာမှာတော့ မာနကြောင့်ထင်သည် မျက်လုံးလေးများက အရှုပ်ဖျပ်လက်နေလေသည်။ နှုတ်ခမ်းလေးကိုတော့ မဲ့လိုက်ရင်း မပေါ်ဆက်ပြောလေသည်။

"ဟုတ်တယ်လေ၊ သူတို့က ချမ်းသာတော့ မပေါ့်လို တောက ကျောင်းဆရာမလေးတစ်ယောက်ကို သူတို့သားနဲ့ သဘောမတူပါဘူးဆိုပြီး ပြောကြတယ်"

"ဒါဆို မပေါ့်ချစ်သူကရော ဘာမှမပြောဘူးလား"

"ပြောပါတယ် သူကတော့၊ မပေါ့်ကိုပဲ ယက်ထပ်မယ်၊ မပေါ့်ကိုပဲ ချစ်တယ်တဲ့"

"အဲဒါဆို ... မပေါ်တို့ ဘယ်လိုဖြစ်ပြီးမယူဖြစ်တာလဲ"

"အိုးဟိုး ... သူချစ်နေရုံနဲ့ မပြီးဘူးလေ နှိုင်း၊ လက်ထပ်တယ် ဆိုတာ သူနဲ့မပေါ် နှစ်ယောက်တည်းပေါင်းသင်းကြတာမှမဟုတ်တာ၊ မိဘအသိုင်းအဝိုင်းနဲ့ ကိုယ့်မိဘအသိုင်းအဝိုင်း နှစ်ဖက်လုံး ပေါင်း သင်းကြရတာ၊ ဒီတော့ ကိုယ့်ကို သဘောမတူတဲ့ မိသားစုကြားထဲကို မပေါ် ဘယ်လိုဝင်မလဲ၊ အမြဲ မပေါ်အနှိမ်ခံနေရမှာပေါ့၊ မပေါ့်

www.burmeseclassic.com

www.burmeseclassic.com



ဘဝမှာ မပေါ်ဘယ်တုန်းကမှ သူများလက်ညှိုးထိုးခံရမယ့် အ
အမူ, အနေအထိုင်မျိုး တစ်ခါမှမလုပ်ခဲ့ဖူးဘူး၊ မပေါ်ရဲ့ အကျ
စာရိတ္တနဲ့ပတ်သက်တဲ့ အားနည်းချက်မရှိတဲ့ အခုလို ဆင်းရဲတာတင်
တည်းနဲ့ သဘောမတူဘူးဆို မပေါ် လုံးဝဝမ်းမနည်းဘူး။ ဆင်းရဲ
အပြစ်မဟုတ်ဘူး နှိုင်း။ မပေါ်တို့ ဆင်းရဲချင်ဆင်းရဲမယ် သူများမ
ကို မတရားမယူဘူး၊ သူတစ်ပါးစိတ်ဆင်းရဲအောင် မလုပ်ဘူး။ ဒီ
အဲဒီလိုဆင်းရဲလို့ သဘောမတူနိုင်ဘူးဆိုလည်း မယူဘူးလို့လည်
မပေါ် ပြန်ပြောလိုက်တယ်၊ မပေါ်တို့မှာ ပိုင်ဆိုင်တာဆိုလို့ ဂုဏ်
သိက္ခာနဲ့မာနပဲရှိပါတယ် နှိုင်းရယ်၊ အဲဒါလေးကိုတော့ ဘယ်သူ့
တွက်နဲ့မှ မပေါ် မလဲနိုင်ဘူး၊ မပေါ့်ဘဝမှာ အဲဒီအရာနှစ်ခု
မရှိရင် မပေါ်သေသွားတာ ကြာပြီ ဒါကြောင့်လည်း မပေါ် အပြ
ပြောလိုက်တယ်၊ သူ့မိဘတွေ ကိုယ်တိုင်လာမတောင်းရင် ဒီတစ်
ဘယ်တော့မှ မယူဘူးလို့၊ သူလည်း နောက်တော့ မိဘတွေသ
တူတဲ့လူနဲ့ ယူသွားပါတယ်၊ ကောင်းပါတယ် အဲဒါလည်း"

ဇာတ်လမ်းဆုံးတော့ ကာယကံရှင် မပေါ်တော့ ဘယ်လို
သည်မသိ နှိုင်းတော့ ရင်ထဲ အရမ်းကို ဆို့နစ်ကြေကွဲမိလေသ
ဘာလို့လဲဆိုတော့ မပေါ့်ရင်ထဲကို နှိုင်း ဝင်ကြည့်လို့ရသည်၊ မပေ
ဟန်ဆောင်နေပေမယ့် ဘယ်လောက်တောင် နာကျင်ကြေကွဲခဲ့





မပေါ်ကတော့ ဘာမှမဖြစ်သလို ပြန်ပြောပြနေလေသည်။ နှိုင်းကတော့ မပေါ့်ကို ဖြစ်နိုင်ရင် ရင်ခွင်ထဲ ဆွဲသွင်းပြီး နှစ်သိမ့်လိုက်ချင်နေပါသည်။ လက်တွေ့မှာတော့ နှိုင်းမလုပ်ရဲပါ။

သိပ်ကိုမာနကြီးသည့် မာနမင်းသမီးလေး စိတ်ဆိုး စိတ်ခုသွားမှာကို နှိုင်း သေမှာထက်ပိုပြီး ကြောက်ရွံ့နေမိလေသည်။ မပေါ်ရဲ့ မျက်ဝန်းတောက်တောက်လေးတွေကတော့ နှိုင်းရဲ့ ရင်ခုန်သံကို ဆက်တက် ဖြားယောင်းနေပြန်သည်။

မပေါ် စကားဆုံးတော့ ဟာဒ်ခနဲ့ တစ်ချက်ရယ်လိုက်ရင်း...

"မပေါ် လျှောက်ပြောနေတာနဲ့တင် နှိုင်း နားငြီးနေပြီထင်တယ်၊ ဆောရီး နှိုင်းရေ ... မပေါ်က တစ်ခါတလေ အဲဒီလိုပဲ စကားကြီး စကားများတယ်"

"များပါဗျာ ... မပေါ့်အတွက်ဆို နားထောင်ပေးဖို့ အဆင်သင့်ပါပဲ"

နှိုင်းစကားကြောင့် မပေါ် ရှေ့တည့်တည့်ကြည့်နေရာမှ လှည့်ကြည့်လာလေသည်။ နှိုင်းကတော့ မသိချင်ယောင်ဆောင်ရင်း ...

"မပေါ့်ဘဝမှာ အဖြစ်ချင်ဆုံးတစ်ခုကို ပြောပါဆို ဘာဖြစ်ချင်"

"မပေါ်လား ... ရွှေပါမင်းလို ပျံချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



မပေါ်က လက်လေးနှစ်ဖက်ကို ရှေ့သို့တန်းရင်း ခေါက်တာ ကရတွေ လျှောက်ပြောလေသည်။ ဒါဟာ မပေါ် တမင်စိတ်ပြော အောင် လုပ်နေမှန်းလည်း နှိုင်း သိပါသည်။

"မနောက်နဲ့ကွာ ... အကောင်းပြော"

"အင်း ... မပေါ် အများကြီး မမျှော်လင့်ပါဘူး နှိုင်း။ မပေ အေးချမ်းတဲ့ဘဝလေးမှာ မပူမပင်နဲ့ မိသားစုနဲ့ အတူနေရင်တော်ပြီ"

မပေါ်ရယ် ... ဘာကြောင့်များ ဒီလောက်တောင် မြူစင်ရ လဲဆိုသည့်စကားကိုတော့ နှိုင်းရင်ထဲက တိုးတိုးဖွဖွလေး ပြောလိုက် လေသည်။ ဘယ်တော့မဆို မိသားစုကို အမြဲကြည့်တတ်သည့် မပေ ရဲ့ မြင့်မြတ်သည့်စိတ်ထားလေးကိုလည်း နှိုင်း သဘောကျမိလေသ

"မပေါ့်စိတ်ကူးတွေ တစ်နေ့ဖြစ်လာမှာပါ၊ ဒါနဲ့ မေ နောက်ထပ် အချစ်သစ်ကို ထပ်မရှာတော့ဘူးလား၊ မပေါ် ဒီလောက်လှတာ ... မပေါ့်ကိုကြိုက်တဲ့ ကောင်လေးတွေဆို ပုံ မှာပဲ"

မပေါ်က နှုတ်ခမ်းလေးချွန်ကာ ရယ်လိုက်ရင်း ...

"အာ ... နှိုင်းနဲ့တော့ ခက်ပြီ၊ အချစ်ဆိုတာ ရှာဖွေ မဟုတ်ဘူးလေ၊ သူ့အလိုလို ရင်ထဲပေါက်ဖွားလာတာ၊ အခုထိ မပေါ့်နှလုံးသားက နောက်တစ်ယောက်ကို ထပ်ချစ်ဖို့အ

မြသြဇာ မလုံလောက်သေးဘူး"

မပေါ့်အပြောလေးကြောင့် နှိုင်း ရယ်ရမလို ငိုရမလိုတောင် ဖြစ်မိလေသည်။ နောက်တစ်ယောက်ကို ထပ်မချစ်သေးတာ ကောင်း ပေမယ့် နှိုင်းကိုတော့ ချစ်စေချင်ပြီ။ နှိုင်း သက်ပြင်းတွေ အခါခါကျိတ် ရင်း ဒီကောင်မလေး ကို ရွှေရွှေမှုမှု ငြိတွယ်နေမိလေသည်။

ကျောင်းနားရောက်သည်နှင့် မပေါ်က မိုးစက်ကို လှမ်းနှုတ် ဆက်လိုက်လေသည်။

"မိုးစက် ... နင်ရောက်တာ ကြာပြီလား"

"ကြာပြီပေါ့ဟာ ... နင်ကလည်း နောက်ကျလိုက်တာ"

မိုးစက်က မပေါ့်ကိုသာ ပြန်ပြောနေသော်လည်း မျက်လုံး တွေက နှိုင်းဆီမှာသာ၊ အရင်တစ်ခေါက်နဲ့ ဘာမှမဆိုင်တော့သော နှိုင်းကိုမြင်သည်နှင့် မိုးစက်တို့ မြွေမြွေချင်း ခြေမြင်လေသည်။

"ဟဲ့ ... ဒါက နင့်ကိုမိတ်ဆက်ပေးရဦးမယ်၊ နှိုင်းမခတဲ့ တို့အိမ်မှာတည်းနေတဲ့ ညီသည်ပေါ့ အခု ကျောင်းမှာ လုပ်အားပေး ဘယ်ဆိုလို့ လိုက်ကူတာ"

"နှိုင်း ... ဒါက မပေါ်ကျောင်းတုန်းကတည်းက သူငယ်ချင်း ဆက်တဲ့"

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဝမ်းသာပါတယ်"

နှိုင်းနဲ့မိုးစက်တို့ရဲ့ လက်ဆွဲနှုတ်ဆက်မှုတွေမှာ အဓိပ္ပာယ်တွေ ပေါင်းစပ်နေသည်ကိုတော့ မပေါ်လုံးဝမသိပေ။ မပေါ်က တော့ နှစ်ယောက်ကို မိတ်ဆက်ပြီးသည်နှင့် ...

"ဟဲ့ ... ကျောင်းက အခု ဘာလုပ်မှာလဲ"

"နင်တို့မိန်းကလေးတွေကတော့ တံမြက်စည်းလှည်း၊ အခန်းသန့်ရှင်းရေးပေါ့၊ ငါတို့ကတော့ မှန်ပြတင်းပေါက်ပေါင်တွေ ဆေးနေတာတွေ အသစ်လဲမယ်၊ ပြီးရင် ... ကျောင်းက ခုံတွေ နဲ့နေတာကို ပြန်ရိုက်မယ်"

"ဪ အေး ... ကျွန်တော့်ဆရာမတွေရော ရောက်နေကြပြီလား"

"ရောက်နေပြီ၊ အားလုံးက ကိုယ့်အခန်း ကိုယ်တာဝန်ယူနေတာ၊ နင်နဲ့ငါ့အခန်းပဲ ကျန်တော့တယ်"

"အေးပါဟယ် ... နင်ကလည်း စိတ်ကြီးပဲ"

မပေါ်ကပြောရင်း ရှေ့က ဦးဆောင်ထွက်ခဲ့လေသည်။ မပေါ့် နောက်မှာတော့ နှိုင်းနှင့်မိုးစက်တို့ကသာ တစ်ယောက်အခြေအနေ တစ်ယောက် check ရင်း လိုက်လာခဲ့လေသည်။

"ကိုနှိုင်းမခက ရောက်တာကြာပြီထင်တယ်နော်၊ ဟိုတစ်ခါ



တော့်ဆီ ထမင်းချိုင့်လာပို့တုန်းက ကျွန်တော် တွေ့ဖူးလိုက်တယ်"

"ဟုတ်ကဲ့ ... သုံးပတ်လောက်တော့ ရှိပါပြီ"

မိုးစက် ဘာကိုရည်ရွယ်ပြီး စကားကြောင်းနေသည်ဆိုတာကို ...င်းကလည်း ယောက်ျားချင်းမို့ သိနေလေသည်။

"ဟုတ်လား ... ဒါဆို ဘယ်တော့ပြန်မှာလဲ"

မိုးစက်ကလည်း အကွက်ရသည်နှင့် ချက်ချင်းတည့်လိုက်လေသည်။ နှိုင်းကတော့ ဘာမေးခွန်းတွေလာမည်ဆိုတာ ကြိုတွေးပြီးသားမို့ ပြင်ဆင်ပြီးသားပါ။

"မပြန်ဖြစ်ဖို့ များပါတယ်၊ ကျွန်တော် ဒီရွာလေးကို သဘောကျသွားလို့ ဒါကြောင့် ဒီရွာသားလုပ်ရင် ကောင်းမလားလို့"

နှိုင်းရဲ့အဆုံးပိတ်စကားကြောင့် မိုးစက်မျက်နှာ တစ်ပြင်လုံး ...ပ်မည်းပြီး တင်းမာသွားလေသည်။

"ဟာဗျာ ... ကျွန်တော်တို့တောမှာ ဘာမှမက်မောစရာ ...ပါဘူး၊ ခင်ဗျားအတွက် အသစ်အဆန်းဖြစ်နေလို့ ခင်ဗျား ...သာနေတာပါ"

"ခင်ဗျားက ဘာကိုကြည့်ပြောတာလဲ ကိုမိုးစက်၊ ကျွန်တော့် ...ကို ကျွန်တော့်ကိုယ်ကျွန်တော်ထက်ပဲ ခင်ဗျားက ပိုသိနိုင်ဦး ...လား"

www.burmeseclassic.com

www.burmeseclassic.com



နှိုင်းကတော့ ခပ်ပြတ်ပြတ်ကို တစ်ခါတည်း ပြောချလိုက်လေသည်။

"ဟာ ... အဲဒီနှစ်ယောက် စကားပြောမှာလား၊ အလုပ်လုပ်မှာလား။ ကြည့်နေတာ အလုပ်မလုပ်ဘဲ တိုးတိုးတိုးတိုးနဲ့ ဘာတွေပြောနေမှန်းကိုမသိဘူး"

မပေါ်က တံမြက်စည်းလေးကို ကောက်ကိုင်ကာ ယှည်းရင်း ဟိုနှစ်ယောက်ကို လှမ်းအော်လိုက်လေသည်။ အခုထိ အလုပ်မလုပ်ဘဲ ဘာတွေများ ဒီလောက်တောင် ပြောစရာရှိနေသည်မသိ။ မပေါ် လှမ်းအော်လိုက်မှသာ နှိုင်းက ပြုံးရင်း မပေါ့်ဆီ လျှောက်လာလေသည်။

"ကျွန်တော် ဘာလုပ်ရမယ်ဆိုတာ ဆရာမက ပြောလေမှ မဟုတ်ရင် ကျွန်တော်က ဘယ်သိမလဲ"

နှိုင်းက လက်လေးနှစ်ဖက်ကို နောက်ပစ်ရင်း ရှိုးကျိုးကျိုးလေး ပြောနေသဖြင့် မပေါ် ရယ်မိလေသည်။

"အဟီး ... မိုးစက် ... ရှင် နှိုင်းကို ဘာကူညီရမလဲဆိုတာ ပြောပြလိုက်လေ"

မိုးစက်ကတော့ နှုတ်ခမ်းတစ်ဖက် အနည်းငယ်ပင့်ကာ ပြုံး လိုက်ရင်း ... တူနှင့်သံဘူးလေးကို ယူကာ မပေါ်တို့အနားသို့ သွား

လိုက်လေသည်။

"ရော့ ကိုနှိုင်းမခ ... ခင်ဗျား ပြတင်းပေါက်ပေါင်တွေ အောက်က မနိုင်တော့တာကို သစ်သားပြန်ပိုးပြီး နည်းနည်းခိုင်အောင် ရိုက်လိုက်ပါ"

"ဗျာ"

တစ်ခါမှမလုပ်ဖူးသည့် နှိုင်းအတွက်တော့ ဒါမျိုးကို ဘယ်လို လုပ်ရမယ်ဆိုတာ နှိုင်း ထဲကယ်ကိုမသိချေ။ ဒါကိုသိလို့လည်း မိုး စက်က မပေါ့်ရှေ့တွင် နှိုင်းကို တမင်လုပ်ခိုင်းလိုက်တာ ဖြစ်လေ သည်။

"မလုပ်တတ်ရင်လည်း နေလေ၊ အဲဒါ ကျွန်တော် လုပ်လိုက် မယ်၊ ဒီတာလေးထိုင်ခုံတွေ သံနည်းနည်းထွက်နေတာ, တချို့ ခုံမခိုင် တာလေးတွေကို ပြန်ပြီးရိုက်လိုက်နော် ... ဒီလောက်တော့ ဖြစ်တယ် မဟုတ်လား"

ယောက်ျားချင်းမှာ သူလုပ်တတ်ပြီး ကိုယ်မလုပ်တတ်တာတော့ အင်မတန်ရှက်ဖို့ကောင်းလေသည်။ နှိုင်း ရှက်ရှက်နှင့် မိုးစက်လှမ်းပေး သော တူနှင့်သံဘူးလေးကို ယူရင်း ...

"ရပါတယ် ဒီလောက်တော့"

မပေါ်ကတော့ ဒီနှစ်ယောက်ကိုကြည့်ရင်း သိပ်မသက်ချင်



www.burmeseclassic.com

www.burmeseclassic.com



တော့။ ပြောဆိုနေပုံကြီးတွေကလည်း ဘာမှန်းလဲမသိဘူး။ မသိရင် ရန်သူတွေကျနေတာပဲ။ အခုမှတွေ့ဖူးတဲ့ လူနှစ်ယောက်ကို မပေဟ် ကြည့်လိုက်ရင်း တံမြက်စည်း ဆက်လှည်းလိုက်လေသည်။ ခဏနေ တော့ သောက်ရေအိုးလှယ်နေတုန်း …

"အား"

နှိုင်းထံမှာ ကြားလိုက်ရသည့် စူးစူးဝါးဝါးအော်သံ။ မပေဟ် ချက်ချင်းဆိုသလို နှိုင်းဆီသို့ အပြေးသွားလိုက်မိလေသည်။ လက်ညှိုး ကို ကျန်လက်တစ်ဖက်နှင့် ဆုပ်ကိုင်ထားရင်း အံကြိတ်ကာ အော်နေ သည့် နှိုင်းကိုတွေ့တော့ မပေဟ် နှိုင်းနားတွင် ထိုင်လိုက်ရင်း စိတ်ပူသွား မိလေသည်။

နှိုင်းလက်ကို မပေဟ်ကိုင်လိုက်ရင်း …

"နှိုင်း ပြစမ်း … ဓော်ဓော်ထိသွားလား"

မပေဟ်က နှိုင်းလက်ကိုယူရင်း ကြည့်လိုက်လေသည်။ လက်က တူနှင့်ထုမိသည်ထင်သည်။ သွေးတွေထွက်ကာ လက်ညှိုးထိပ်လေးဆို ပြားသွားလေသည်။ မပေဟ်ဖြစ်နေတာကိုမြင်တော့ မိုးစက်ရင်သဲ သဝန်တိုစိတ်များက ချက်ချင်းတောက်လောင်လာလေသည်။

"ခင်ဗျားဗျာ … ဒီတူလေးနဲ့ သံရိုက်တာတောင် ဖြောင့်အောင် မရိုက်တတ်ဘူး၊ ဖြစ်ရမယ်"



မိုးစက်စကားကြောင့် နှိုင်းတစ်ကိုယ်လုံး ဟုန်းခနဲနေအောင် ဒေါသမီးက မှုလောင်သွားလေသည်။ နာကျင်နေသည့် ဒဏ်ရာတောင် ဘာမှန်းမသိနိုင်လောက်အောင် လူတစ်ကိုယ်လုံး ရှက်ရွံ့သွားမိလေ သည်။

ဓောဓောကတည်းက မပေဟ်ရှေ့တွင် တမင်အရှက်ခွဲခဲ့သည် ဆိုသည့်စိတ်က နှိုင်းရဲ့ဒေါသတွေကို ပိုမိုတောက်လောင်သွားစေသည်။ ဖျတ်ခနဲ ထရပ်လိုက်ရင်း မိုးစက်မျက်နှာသို့ လက်သီးပြင်းပြင်းတစ်လုံး ကို ထိုးချလိုက်လေသည်။

အခြေအနေက အရှိန်းကိုမြန်ဆန်သွားလေသည်။ မပေဟ် ကိုယ်တိုင်တောင် ဘာဖြစ်သွားမှန်းမသိလိုက်။ မိုးစက်က ပစ်လဲကျ သွားရာမှ ပြန်ထရင် နှိုင်းကို ထိုးဖို့ရွယ်လိုက်လေသည်။ မပေဟ်ကတော့ သူတို့နှစ်ဦးကြားတွင် ရပ်ရင်း …

"တော်ကြတော့ … နင်တို့ ဘယ်လိုဖြစ်နေကြတာလဲ၊ မရှက် ဘူးလား။ မိုးစက် … နင်ကရော … စေတနာနဲ့ လာကူတဲ့လူကို ပဲဒီလို ပြောရလား"

"ရှင်ကရော ဒါလေးပြောရုံနဲ့ ဒီလောက် လုပ်ရလား"

မပေဟ် စိတ်ဆိုးကာ နှစ်ယောက်လုံးကို ထအော်လိုက်လေ သည်။ နှိုင်းရဲ့ ဓောဓောက အော်သံကြောင့် ကျောင်းထဲရှိ ဆရာမ

www.burmeseclassic.com

www.burmeseclassic.com



အားလုံးလည်း ရောက်ရှိလာသဖြင့် မပော် ပိုပြီးရှက်ရွံ့မိလေသည်။

မပော် ပြောပြီးသည်နှင့် နှစ်ယောက်လုံးကို ကျောခိုင်းကာ အိမ်ပြန်လာခဲ့လေသည်။ ကျန်တဲ့ဆရာမတွေကတော့ ဆရာဝန့်ပြေး ခေါ်ပြီး နှိုင်းနှင့်မိုးစက်ကို ဆေးကုပေးလေသည်။

နှိုင်းကတော့ စောစောက ဒေါသကြောင့် လုပ်ချင်တာလုပ်လိုက် ပြီးမှ မပော့်မျက်နှာကို ပြေးမြင်ယောင်က အခုမှပဲ နောင်တ ရလိုက်မိ လေသည်။

နှိုင်း ဖြစ်ဖြစ်ချင်းမှာ အရမ်းစိုးရိမ်နေသည့် ကောင်မလေးရဲ့ ကရုဏာမျက်ဝန်းတွေက နှိုင်းရဲ့အပြုအမူဆိုးကြောင့် ချက်ချင်းဆိုသလို ပြောင်းလဲခက်ထန်သွားလေသည်။

နှိုင်းမှာ ဆရာဝန်ပြောတာတွေကိုလည်း နားထဲမကြားဘဲ မပော့်မျက်နှာလေးကိုသာ အခါခါမြင်ယောင်ရင်း မျက်နှာတစ်ခုလုံး သွေးမရှိအောင် ဖြူဖပ်ဖျော့ရော်သွားမိလေသည်။ ဆေးခန်းပြပြီးလို့ အိမ်ပြန်ရောက်တော့လည်း မပော့်ကိုရှာမတွေ့။

ထိုနေ့တစ်နေ့လုံးလည်း မပော့်ရဲ့အရိပ်အယောင်လေးကို တောင် နှိုင်းမတွေ့ရ။ မတွေ့ရလေ . . . နှိုင်း ပိုပြီးတွေ့ချင်လေပင်။ နှိုင်းကို အရမ်းစိတ်ဆိုးသွားမှာလည်း နှိုင်း ကြောက်သည်။

မပော့်ကို တမင်ရည်ရွယ်ပြီး အရှက်ခွဲဖို့ နှိုင်း လိုက်သွားခဲ့တာမှ



မဟုတ်တာ။ အခုတော့ . . . မပော်နဲ့ နီးစပ်ဖို့ ကြိုးစားလေ နှိုင်းအ တွက် ပိုပြီးဝေးဖို့ဖြစ်လာလေ ဖြစ်နေလေသည်။ တစ်ညလုံးလည်း နှိုင်း အိပ်မပျော်နိုင်ဘဲ အလူးလူးအလှိမ့်လှိမ့်နှင့် အချိန်ကုန်သွားလေ သည်။

❦ ❦ ❦

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

BURMESE CLASSIC .com

မနေ့က ဖြစ်ခဲ့သည့်အဖြစ်အပျက်ကြောင့် နှိုင်းကို မပေါ်ရှောင်နေလိုက်လေသည်။ ဘာကြောင့်မှန်း သေချာမသိပေမယ့် နှိုင်းကို မပေါ်စိတ်ဆိုးမိလေသည်။ နှိုင်းကြောင့် မပေါ် ပတ်ဝန်းကျင်မှာတော့ အနည်းနဲ့အများ လူပြောခံရလေပြီ။

မိန်းမတစ်ယောက်ကြောင့် ယောက်ျားနှစ်ယောက် ရန်ဖြစ်တယ်ဆိုကတည်းက ဒီမိန်းမလည်း အလိုလိုမကောင်း ဖြစ်ရလေသည်။ ဒါကြောင့် မပေါ် မနက်စောစော ထမင်းဟင်းချက်၊ မေမေ့ဖို့နှင့်ကျန်တဲ့လူတွေအတွက် မနက်စာနှင့် ထမင်းချိုင့်ကို စောစောပြင်ပြီး ကျောင်းကို ထွက်လာခဲ့လေသည်။

ကျောင်းရောက်တော့လည်း မနေ့က ဖြစ်ပျက်ခဲ့သည့် အဖြစ်



အပျက်တွေက မျက်ဝန်းထဲ ရှင်ရှင်ပြသလို အနေးတစ်ခုချင်း ပြန်မြင်ယောင်မိလေသည်။

မပေါ် ခေါင်းကို ခါထုတ်လိုက်ရင်း . . . ကလေးတွေအတွက် စာများကို ကျောက်သင်ပုန်းတွင် ရေးထားလိုက်လေသည်။

မနေ့က တစ်နေ့လုံးလည်း ကျောင်းပြန်ကတည်းက နှိုင်းကို မပေါ် လုံးဝမတွေ့အောင်နေလေသည်။ မဟုတ်ရင် နှိုင်းရဲ့ အရိုးစွဲနေသည့် ဒီတစ်ခုခုဆို ရန်ဖြစ်တတ်သည့် အကျင့်ဆိုးကြီးတွေကို မပေါ် မကြိုက်ပါ။

နှိုင်းက မပေါ်တို့အိမ် ရောက်လာပြီးမှ အစစအရာရာ ပြောင်းလဲလာတာကိုတော့ မပေါ် လက်ခံပါသည်။ ဒါပေမဲ့ . . . ဒေါသကြီးတတ်သည့် နှိုင်းစိတ်ကို မပေါ် တော်တော်လေး ပြင်ရဦးမည် ထင်သည်။

မပေါ် ကလေးတွေရဲ့စာအုပ်တွေကို အမှတ်ခြစ်နေတုန်း မိုးစက် ရောက်လာလေသည်။ မိုးစက်ကတော့ မပေါ့်မျက်နှာကို ငေးကြည့်ရင်း မပေါ့်စားပွဲရှေ့တွင် ဝင်ထိုင်လိုက်လေသည်။

"မပေါ် . . . နှင် . . . ငါ့ကို စိတ်ဆိုးနေတာလား"

မပေါ်က မိုးစက်မျက်နှာကို လှမ်းကြည့်လိုက်ရင်း . . . နှုတ်ခမ်းတစ်ဖက်ကိုမဲ့ကာ ပြုံးလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင့်လုပ်ရပ်တွေကို နင်အသိဆုံးနေမှာပါ၊ ငါ့ကို ဘာမှ လာမေးမနေနဲ့"

"ငါ မနေ့က လွန်သွားတယ်ဆိုတာကို သိပါတယ် မပျော်ရာ၊ ဒါပေမဲ့ နင်နဲ့ပတ်သက်လာရင် ငါ့စိတ်တွေကို ငါ ထိန်းချုပ်လို့မရဘူး"

မပျော် အမှတ်ခြစ်နေရာမှ စာအုပ်လေးကိုပိတ်လိုက်ရင်း မိုးစက်မျက်နှာကို စေ့စေ့ကြည့်လိုက်လေသည်။

"ဒီမှာ မိုးစက် ငါတို့အသက်တွေက ငယ်တော့တာမဟုတ်ဘူး၊ ကလေးတွေလို စိတ်ဆိုးရန်ဖြစ်ရမယ့်အရွယ် မဟုတ်ဘူး၊ နင် မနေ့က လုပ်လိုက်တာ ဘယ်လောက်အကျည်းတန်လဲ၊ ပြီးတော့ ... နင်က ကျောင်းဆရာတစ်ယောက်၊ နင် ဘယ်လောက်ပဲ ဒေါသထွက်နေပါစေ နင့်စိတ်ကို နင်ထိန်းနိုင်ရမယ်၊ အခုလို ပြဿနာတွေဖြစ်တယ်ဆိုတော့ နင်လည်း မကောင်းဘူး၊ ငါလည်း မကောင်းဘူး၊ ပိုဆိုးတာက သူက ဧည့်သည်လေ၊ ငါတို့က သူ့ကိုဝိုင်းပြီး အနိုင်ကျင့်နေသလို ဖြစ်နေပြီ၊ သူက သူ့ဘေးသားတစ်ယောက်ပဲ အစကတည်းက ဒါတွေ မလုပ်တတ်တာ အဆန်းမဟုတ်ဘူး၊ အဲဒါကို နင်သိရမယ်၊ အဲဒီလို မဟုတ်ဘဲ နင်က သူ့အားနည်းချက်ကို အသုံးချတာတော့ မကောင်းဘူး၊ သူ ဘယ်လောက်ရှက်သွားမလဲဆိုတာ နင်နည်းနည်းမှ မတွေးမိဘူးလား"



"မှားသွားမှန်း ငါသိပါတယ် မပျော်ရယ်၊ ငါလေ တကယ်တော့ နင့်ကိုသိပ်ချစ်လို့ သဝန်တိုပြီးဖြစ်သွားရတာပါဟာ၊ ငါ့ကို နားလည်ပေးပါ"

မိုးစက်က မပျော့်မျက်လုံးတွေကို သေချာစိုက်ကြည့်ရင်း ရင်ထဲက စကားတွေကိုပြောလိုက်လေသည်။ မပျော်က ကိုယ့်အပေါ် သူငယ်ချင်းတစ်ယောက်ထက် မပိုတာကို သိနေပေမယ့်လည်း မိုးစက်ကတော့ အသည်းပေါက်မတတ် ချစ်ခဲ့ရတဲ့ ချစ်သူလေ။

"မိုးစက် ... နင့်ကို ငါထပ်ပြောပါရစေ၊ နင့်ကို ငါ သူငယ်ချင်း၊ မောင်နှမတစ်ယောက်ထက် ပိုပြီးခံစားကြည့်လို့မရဘူး၊ အချစ်ဆိုတာ ချစ်နိုင်းချင်တိုင်း ချစ်နိုင်းလို့မရဘူး မိုးစက်၊ နင့်အပေါ်ထားတဲ့ ငါ့ စိတ်တွေကိုလည်း နင် နားလည်ပြီးသားပါဟာ"

မိုးစက် ခေါင်းငိုက်စိုက်ကျသွားလေသည်။ အချစ်ဆိုတာ ဖန်တီးလို့ မရမှန်းလည်း မိုးစက် ကောင်းကောင်းသိပါသည်။ ဒါပေမဲ့ ... ကိုယ်ချစ်တဲ့လူ ကိုယ့်ကိုပြန်ချစ်စေချင်တာကတော့ ချစ်တဲ့လူတိုင်းရဲ့ဆန္ဒပဲ ဖြစ်လိမ့်မည်ထင်သည်။

"ငါ့မှာ မျှော်လင့်ချက်မရှိတော့ဘူးလား မပျော်ရယ်"

မိုးစက် မပျော့်မျက်နှာလေးကို ငေးကြည့်ရင်း မေးလိုက်လေသည်။ မပျော်ကတော့ သက်ပြင်းတစ်ချက်ချလိုက်ရင်း ...

www.burmeseclassic.com

www.burmeseclassic.com



"နင့်ကို ငါ့ရဲ့အချစ်ဆုံးသူငယ်ချင်းတစ်ယောက်လို ငါ အမြဲ ခင်နေမှာပါ မိုးစက်ရယ်၊ တူညီတဲ့တုံ့ပြန်မှုတွေ မပေးနိုင်တာတော့ ငါ့ကို ခွင့်လွှတ်ပါ"

"ရပါတယ်ဟာ . . . ဘယ်တတ်နိုင်မလဲ၊ ငါ့က အစကတည်းက မဖြစ်နိုင်တာကြီးကို စိတ်ကူးယဉ်နေမိတာကို၊ အေးပါ . . . ဘာပဲဖြစ် ဖြစ် ငါ့ကို နင့်အချစ်ဆုံးသူငယ်ချင်းတစ်ယောက်လို သဘောထားတယ် ဆိုကတည်းက ငါကျေနပ်ပါတယ်၊ နင့်အတွက် ငါအမြဲ သူငယ်ချင်း ကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားနေမှာပါ"

မဟော်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ပြုံး လိုက်မိလေသည်။ တစ်ခါတလေမှာ ထောင့်ငါးရာအချစ်ထက် ငါးရာ နှစ်ဆယ့်ရှစ်အချစ်က ပိုပြီးအေးမြစေလေသည်။

အခန်း (၁၆)

မနက်မိုးလင်းကတည်းက မဟော့်ကို မတွေ့ရသဖြင့် နှိုင်း ရပ်းကို စိတ်ညစ်နေမိလေသည်။ မနေ့ကလည်း ကျောင်းက ပြန် ကတည်းကလည်း မတွေ့ရဘူး။ အခုလည်း မနက်ကတည်းက တွေ့ရသဖြင့် နှိုင်း ဘာမှလုပ်ချင် ကိုင်ချင်စိတ်မရှိဘဲ ရင်ထဲ မောပန်း ပါလေသည်။

နှိုင်းကိုများ မုန်းသွားပြီလားဆိုသည့်အတွေးကလည်း နှိုင်း ကို အကြိမ်ကြိမ် ခြောက်လှန့်နေလေသည်။

အခု စက်ရုံရောက်တော့လည်း နှိုင်း ဘာလုပ်လုပ် ဘာကိုင်ကိုင် င့်လူမကာပ်။ အရာရာ တလွဲတွေချည်း ဖြစ်နေလေသည်။ ဖြစ် ရင် မဟော့်ကျောင်းကိုလိုက်သွားပြီး မဟော့်မျက်နှာလေးကို ပြေး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ကာ မပေါ်ကျေနပ်တဲ့အထိ တောင်းပန်ချင်နေမိသည်။

ရင်ထဲ မတင်မကျစိတ်က နှိုင်းကို ဘာမှလုပ်လို့မရအောင်

ပြုစားထားလေသည်။ နှိုင်းမျက်နှာပျက်နေတာကိုတွေ့တော့ အ

အလုပ်တွဲလုပ်သည့် ကိုဘမောင်ကပင် သတိပြုမိ၍မေးလာလေသည်

"နှိုင်း . . . အဲဒါက ဟိုဘက်မှာ စီရမှာလေကွာ"

နှိုင်းက စက္ကူတွေကို နေရာမှားချမိသဖြင့် ကိုဘမောင် လှ

အော်သတိပေးရလေသည်။ နှိုင်းလည်း အခုမှ ကြည့်လိုက်တေ

. . . ဟုတ်သားပဲ ဒါက အချောစက္ကူလိပ်တွေ စီရမယ့်နေရာမှ မဟု

တာ။ နှိုင်း ကားလေးကို ပြန်ကွေ့ရင် ဟိုဘက်က စက္ကူချော

ထားရာနေရာတွင် ပြန်သွားစီလိုက်လေသည်။

ကိုဘမောင်ကတော့ နှိုင်းကို သေချာကြည့်ရင်း နှိုင်းအနား

လမ်းလျှောက်လာလေသည်။

"နှိုင်း . . . မင်းဘာဖြစ်နေတာလဲ၊ နေမကောင်းဘူးလ

မနက်ကတည်းက ထမင်းလည်း သိပ်စားတာမတွေ့ဘူး"

"မဟုတ်ပါဘူး ကိုဘမောင်ရာ . . . ကျွန်တော် စိတ်ညစ်

တာပါ"

နှိုင်းက ကားပေါ်က ဆင်းလိုက်ရင်း ကားကိုမှီကာ ရပ်

လေသည်။





"ဘာတွေများ ညစ်စရာရှိလို့လဲကွာ၊ မင်းအလုပ်တွေ ပင်ပန်းလို့

လား၊ အေးပေါ့ကွာ . . . မင်းလိုသူဌေးသားက ဒီလိုအလုပ်တွေကို

ဘယ်လုပ်နိုင်ပါ့မလဲ"

မောင်တို့က နှိုင်းအကြောင်းတွေကို အားလုံးကိုပြောပြထားသဖြင့်

နှိုင်းအခြေအနေကို အကုန်လုံးသိနေကြပြီး စာနာနားလည်ပေးရင်း

တတ်နိုင်သလောက် ကူညီဖေးမကြလေသည်။

"နှိုင်း အလုပ်ပင်ပန်းတာ ဘယ်လောက်ပင်ပန်းပင်ပန်း လုပ်

နိုင်ပါတယ် ကိုဘမောင်ရာ၊ အခု စိတ်ပင်ပန်းတာက ဆိုးတာ"

နှိုင်းစကားကို နားထောင်ရင်း ကိုဘမောင်က ပြုံးလိုက်လေ

သည်။

"ဒီလိုဆိုရင်တော့ မင်းရင်ထဲမှာ ခံစားနေရတာ အချစ်အပူလုံး

ကြီးပဲဖြစ်ရမယ် ဟုတ်လား"

"ဟာဗျာ . . . ခင်ဗျား ဗေဒင်ဟောတာထက်တောင် မှန်သေး

တယ်ဗျာ"

ကိုဘမောင်ကတော့ အိမ်ထောင်သည်ဖြစ်သဖြင့် နှိုင်းကို လှမ်း

ကြည့်လိုက်တာနဲ့တင် နှိုင်း ဘာဖြစ်နေသည်ဆိုတာကို ကောင်းကောင်း

ရိပ်မိလေသည်။

"ဒါကတော့ မောင်ရင်ရယ် အတွေ့အကြုံက သင်သွားဟာပေါ့



www.burmeseclassic.com

www.burmeseclassic.com



ပြောပါဦး မောင့်ရင်ကောင်မလေးနဲ့ မောင်ရင့်အကြောင်း''

နှင်း တစ်ယောက်တည်း ရင်ထဲမှာကျိတ်မှိတ်မျိုသိပ်ထား၍ တာ များလွန်းနေသဖြင့် ကိုဘမောင်ကို ရင်ဖွင့်မိလေသည်။ ကိုဘ မောင်က အနေတည်ပြီး ပါးစပ်မဖွာသည့်လူမို့လို့လည်း ယုံယုံကြည် ကြည် ရင်ဖွင့်မိတာလည်းပါသည်။

''ဟာ ... မောင်ရင်က တကယ့်မာနခဲလေးကိုမှ သွားကြိုက် တာကိုးကွ၊ မပေါ်ဆိုတာ ငါတို့ရွာမှာ နာမည်အကြီးဆုံးနဲ့ ဂုဏ် အရှိဆုံး မိန်းကလေးကွ''

အရေးထဲ ကိုဘမောင်ကလည်း သူတို့ရွာရဲ့ဆရာမလေး အ ကြောင်းကို ဂုဏ်ယူပြီး ပြောနေပြန်သည်။

''ဟုတ်ပါတယ်ဗျာ ... ကျွန်တော်လည်း သိပါတယ်၊ အခု သူ စိတ်ဆိုးနေတာဗျ၊ ကျွန်တော် မနေတတ်တော့ဘူး၊ ကျွန်တော့်ကို အဆင်ပြေမယ့် နည်းလမ်းလေးရှိရင် အကြံပေးစမ်းပါဦး၊ ဒီမှာ ရင်တစ်ခုလုံးလည်း ပူလွန်းလို့ ပြာကျတော့မယ်''

''ဟကောင်ရ ... မင်းဟာကလည်း ပွင့်တောင်မပြောရသေး ဘူး ပျာယာကို ခတ်နေတာပဲ၊ ယောက်ျားရွေး ကျလိုက်တာ''

''ကျတာတွေ တက်တာတွေ ကျွန်တော် မသိဘူးဗျား၊ အခု အချိန်မှာ သူနဲ့အဆင်ပြေဖို့ဆို ကျွန်တော် ဘာပဲလုပ်ရလုပ်ရ လုပ်မှာ





အဆင်သင့်ပဲ''

''ဟာ ... ခက်တော့နေပါပြီ၊ နေပါဦး ... ငါ စဉ်းစားပါရစေ ဦး''

ကိုဘမောင်က သူ့ မရှိမဲ့ရှိမဲ့ မုတ်ဆိတ်လေးကို ဆွဲရင်း အကြံ ထုတ်နေလေသည်။ နှင်းကတော့ ကိုဘမောင်မျက်နှာကို စိုက်ကြည့် ရင်း ဘာပြောမလဲဆိုတာ အာရုံစိုက်နားထောင်နေမိလေသည်။

''ဖွါမိန်းမနဲ့ငါလည်း အိမ်ထောင်မကျခင်ကတော့ ခဏခဏ စိတ်ဆိုး၊ စိတ်ကောက်တာတွေ ဖြစ်ကြတယ်ကွ၊ ငါကတော့ သူ စိတ်ဆိုးတိုင်း ရှုလွှတ်လိုက်တာပဲ''

ကိုဘမောင်က နှုတ်ခမ်းကြီးစူပြီး အားရပါးရလုပ်ပြတော့ နှင်း တော်တော်လေး စိတ်ပျက်သွားလေသည်။

''ဟာ ... သွားပြီ၊ ရှုလွှတ်လို့ကတော့ ကျွန်တော့်ပါး ရှစ်စိတ် ကွဲမှာပေါ့၊ ခင်ဗျားကလည်း အားကိုးပါတယ်ဆိုမှ ပါးကွဲအောင် ပင့် ပြန်ပြီ''

''ဟား ဟား ... ဟုတ်သားပဲ၊ ငါတို့က သမီးရည်းစားတွေ ဖြစ်ဆိုးတာကို၊ မင်းက ဘာမှ မဟုတ်သေးတာ၊ ဒီတော့ ဒီလိုလုပ် ကွယ်လူ ... မိန်းကလေး တော်တော်များများက အချော့ကြိုက်ကြ တယ်၊ မိန်းမဆိုတဲ့စိတ်က နုငယ်တာတည်းက ပန်းကလေးတွေလိုပဲ



www.burmeseclassic.com

www.burmeseclassic.com



နူးညံ့သိမ်မွေ့ပြီးသား၊ ငါတို့တက်ကြသော အကိုင်အတွယ်တတ်ဖို့ အရေးကြီးတယ်၊ ဒီတော့ မင်း ညနေအပြန်ကြရင် ကောင်မလေးကြိုက်တတ်တဲ့အရာလေးတစ်ခုခုကွာ ဥပမာ ပန်းပဲဖြစ်ဖြစ်၊ မုန့်ပဲဖြစ်ဖြစ် ဝယ်ပြီး ချော့ကြည့်ပေါ့၊ အဲဒါဆို အိုကေလောက်တယ်"

နှိုင်း လက်ဖျောက်တစ်ချက်တီးရင်း ထောက်ခံလိုက်လေသည်၊

"ဟုတ်သားပဲ ... နှိုင်း ဒါကို ဘာလို့စောစောက မစဉ်းစားမိပါလိမ့်"

နှိုင်းမျက်နှာတစ်ခုလုံး ပြုံးရွှင်သွားလေသည်။ ချက်ချင်းဆိုသလို နှိုင်းမျက်နှာလေးက အပြုံးတွေက ပြန်လည်မှေးမှိန်သွားရင်း ...

"ကျွန်တော့်မှာ ပိုက်ဆံမှမရှိတာ"

"ပိုက်ဆံမရှိရင် ကြံပေါ့ကွာ"

"ဘယ်လိုကြံရမှာတုံးဗျ ... လကုန်ဖို့က အဝေးကြီး လိုသေးတာ"

"အေးကွာ ... ငါ့မှာလည်း ပိုက်ဆံက အပိုမရှိဘူး၊ ဒီလိုလုပ်ပါလား မင်း ပင်တော့ ပင်ပန်းမယ်ကွ ... ဒါပေမဲ့ အခုအချိန်မှာ ပိုက်ဆံလိုတယ်ဆို လုပ်စရာက ဒီတစ်နည်းပဲရှိတာ"

"ရတယ် ... ပင်ပန်းချင်သလောက် ပင်ပန်းပါစေဗျာ၊ ပိုက်ဆံရမယ်ဆို ပြီးရော"



"အေး ... ဒါဆိုရင်တော့ ဖြစ်ပါတယ်၊ မင်း ညနေကျရင် သဘော်ဆိပ်မှာ ကုန်ထမ်းမလား၊ နည်းနည်းတော့ ပင်ပန်းလိမ့်မယ်၊ ဒါပေမဲ့ ပိုက်ဆံချက်ချင်းရမယ့်နည်းက လောလောဆယ် ဒီတစ်နည်းပဲ ငါ စဉ်းစားလို့ရသေးတယ်"

နှိုင်းကတော့ တောက်ပသော မျက်ဝန်းများနှင့် အားတက်သရော လက်ခံလိုက်လေသည်။

"သိပ်ဖြစ်တာပေါ့ဗျာ၊ ကျွန်တော်ဆိုလည်း ကျွန်တော် လုပ်တတ်ချင်မှ လုပ်တတ်မယ်၊ ဒါဆို ညနေအလုပ်ဆင်းရင် နှိုင်းကို ကိုဘမောင် လိုက်ပို့ပေး"

"အေးပါ ... ငါလည်း မင်းအဖော်ရအောင် ဒီနေ့ အလုပ် လိုက်ဆင်းမယ်လေ"

"ဟာ ... အဆင်ပြေတာပေါ့ဗျာ၊ ဒါပေမဲ့ ... ကျွန်တော် အခုလို ကမ်းနားမှာ ကုန်ထမ်းတယ်ဆိုတာကိုတော့ မောင့်မိသားစုကို မသိစေချင်ဘူး"

ကိုဘမောင်ကတော့ ခေါင်းကိုညိတ်လိုက်ရင်း ...

"ငါနားလည်ပါတယ်ကွ ... မင်းသာ အဆင်ပြေပါစေ"

"ပြေပါတယ်ဗျာ ... ကျွန်တော့်မှာ အားအင်တွေအပြည့် ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ... ဘာလဲ အချစ်ကပေးတဲ့ အားအင်တွေလား"

"ဒါပေါ့ဗျာ ... အမှန်ပဲ"

မပေါ်မျက်နှာလေးကို နိုင်းအတွေးထဲ မြင်ယောင်လာတော့ နိုင်း နှုတ်ခမ်းတွေ အလိုလိုပြုံးမိသွားလေသည်။ အချစ်ဟာ အခုလိုပဲ တွေးလိုက်ရုံနဲ့တင် ကြည်နူးစေသည် ဆိုတာကိုတော့ နိုင်း လက်တွေ့ ခံစားလိုက်ရလေသည်။

ညနေအိမ်ပြန်ချိန်ကျတော့ မောင့်ကိုလိုမ့်ရင်း နိုင်း ကျန်ခဲ့လေသည်။ ကိုဘမောင် အိမ်အလည်လိုက်မည် ဘာညာနှင့် ကိုဘမောင် နှင့်အတူ နိုင်း ကမ်းနားဆိပ်ကို ဆင်းခဲ့လေသည်။

ကုန်ထမ်းသည့်အလုပ်သည် အလုပ်လုပ်သည့်လုပ်ငန်းထဲတွင် အပင်ပန်းဆုံးနှင့် အကြမ်းတမ်းဆုံးဆိုတာ နိုင်း လက်တွေ့ သိခွင့်ရလေပြီ။

နိုင်း ဆန်အိတ်ကြီးကို ပခုံးပေါ် ထမ်းတင်လိုက်ရင်း ပျဉ်ပြားနှစ်ချပ်သာထိုးထားသည့် ကုန်းပေါင်ပေါ်က မလဲကျအောင် သတိထား လျှောက်ရသည်။

ခြေလှမ်းတိုင်းက နိုင်းအတွက် သတိကြီးစွာထားရလေသည်။ ကြိုးတန်းပေါ်လမ်းလျှောက်ရတဲ့လူလို သတိထားကာ လမ်းလျှောက်ရင်း ဆန်အိတ်တွေကို တစ်ခေါက်ပြီးတစ်ခေါက် ထမ်းကြရသည်။



သူများတွေက ထမ်းနေကျလူဖြစ်သဖြင့် ကုန်းပေါင်ပေါ်တွင် အပြေးတစ်ပိုင်းသွားနိုင်သော်လည်း နိုင်းကတော့ ပြုတ်မကျအောင်ကို တော်တော်ထိန်းပြီး လျှောက်နေရလေသည်။

ဘဝမှာ ဒီလောက်ပင်ပန်းခက်ခဲသည့်အလုပ်တွေကို တစ်ခါမှ မလုပ်ဖူးသဖြင့်လည်း နိုင်းတစ်ကိုယ်လုံးက ကိုင်ရိုက်ခံထားရသူလို ကိုက်ခဲနာကျင်နေမိလေသည်။

ဘယ်လောက်ပဲ ပင်ပန်းပါစေ ... နိုင်းကတော့ ပျော်ရွှင်နေမိလေသည်။ နိုင်းအတွက် မပေါ်ဆိုသည့် ကမ္ဘာငယ်လေးတွင် နေထိုင်ရပါက အရာအားလုံးက ပြည့်စုံလုံလောက်ပါသည်။

"နိုင်း ... မင်း နည်းနည်းနားလိုက်ဦး၊ ပထမဆုံးနေ့မှာ အရမ်းလုပ်ရင် နောက်နေ့ မင်း ခံနိုင်မှာမဟုတ်ဘူး"

ကိုဘမောင် နိုင်းကို လာပြီးတားလေသည်။ ဆန်အိတ်အလေးကြီးတွေကို အခေါက်ခေါက်သယ်ထားသဖြင့် နိုင်းပခုံးတွေလည်း တော်တော်လေး နာကျင်နေလေပြီ။ နိုင်းကတော့ နာကျင်တာတွေကို ခံစားနေတော့ဘဲ မပေါ်အတွက် အမှတ်တရဖြစ်မည့် အရာလေးတစ်ခုကိုသာ ဝယ်ပေးနိုင်ဖို့ စိတ်ကူးယဉ်နေသည်။

နိုင်းရဲ့ဖွဲ့ကို အားလုံးက အံ့သြကြလေသည်။ နိုင်းကတော့ ပြုံးမပျက် ကြိုးစားခဲ့လေသည်။ အားလုံးအလုပ်ပြီးမှ ကိုဘမောင်

www.burmeseclassic.com

www.burmeseclassic.com



နှင့်လမ်းခွဲကာ နှိုင်းတို့ ပြန်ဖို့ပြင်ကြလေသည်။

ပြန်ဖို့ပြင်ချိန်မှာတော့ နှိုင်း ခြေထောက်တောင် ကောင်းစွာ မရပ်နိုင်တော့။ လက်နဲ့ပခုံးမှာလည်း ဆန့်အိတ်တွေ အကြိမ်ကြိမ် ထမ်းထားသဖြင့် နာကျင်ပေါက်ပြဲနေလေသည်။

ခန္ဓာကိုယ်မှကျသောချွေးတွေကြောင့် ဒဏ်ရာထဲဝင်ကာ စပ် ဖျဉ်းဖျဉ်းဝေဒနာကိုလည်း ခံစားရလေသည်။ ဒူးတွေက တဆတ်ဆတ် တုန်ကာ ခါးထဲက နာကျင်သည့်ဝေဒနာကို ပြင်းပြင်းထန်ထန်ခံစား ရပေမယ့် နှိုင်းကတော့ အံကြိတ်ပြီး ကြည်နူးနေမိလေသည်။

သူမအပေါ်ထားရှိသည့် အချစ်တွေက အရာအားလုံးထက် ပိုပြီးလေးနက်ခဲ့လေသည်။ သူမအတွက်ဆို နှိုင်း ဘာမဆိုပေးဆပ်ဖို့ အဆင်သင့်ပင်။

"နှိုင်း ... ရော့"

နှိုင်းက တစ်ထောင်တန်နှစ်ရွက်ကို အိတ်ကပ်ထဲ ထည့်နေရင်း ကိုဘမောင်ကပါ နှိုင်းကို သူ့လုပ်အားခလေးကို လှမ်းပေးလိုက်သဖြင့် နှိုင်း အံ့ဩသွားမိလေသည်။

"ဟာ ... ဒါက ကိုဘမောင် ကြိုးစားပမ်းစားရှာထားရတဲ့ လုပ်အားခပဲ၊ ကျွန်တော် မယူချင်ပါဘူးဗျာ"

ကိုဘမောင် ကိုယ်တိုင် ချွေးတဒီးဒီးကျပြီး ပင်ပင်ပန်းပန်းရှာ

ထားရသည့် ပိုက်ဆံကိုတော့ နှိုင်း ဘယ်လောက်ပဲ ပိုက်ဆံလိုလို ယူမသုံးရက်ပေ။

"ယူပါကွာ ... ငါတို့မှာ မင်းတို့လို ပိုက်ဆံမချမ်းသာဘူးကွ၊ ဒီတော့ မင်းလိုချင်တဲ့ ပိုက်ဆံတွေကို ငါမပေးနိုင်ပေမယ့်၊ ငါ့လုပ်အား နဲ့ရတဲ့ ပိုက်ဆံကိုတော့ မင်းအတွက် ငါပေးနိုင်ပါသေးတယ် နှိုင်းရ"

ကိုဘမောင်စကားကြောင့် နှိုင်း မျက်ရည်ဝဲရလောက်အောင် ရင်ထဲဝမ်းသာ၊ ဝမ်းနည်းခံစားလိုက်ရလေသည်။ နှိုင်းအတွက် ဒီပိုက် ဆံဆိုတာက အခုအချိန်မှာ အရမ်းကို ခက်ခဲနေသော်လည်း ဟိုးအရင် တုန်းကတော့ စိတ်ထဲမှာတောင် မတွေးမိတဲ့ ငွေပမာနလေးပါ။

ဒါပေမဲ့ ... အခုလို ကိုယ့်ခွန်အားနဲ့ ရင်းပြီးရတဲ့ငွေကို နှိုင်း အတွက်ရှာပေးသည့် ကိုဘမောင်ရဲ့စေတနာကိုတော့ နှိုင်း ကြက် သီးများ ထအောင်ပင် လေးစားမိလေသည်။

"ယူပါ နှိုင်းရာ၊ မင်းအတွက် အသုံးဝင်ပါတယ်"

ကိုဘမောင်က နှိုင်းလက်ကိုဆွဲရင်း အတင်းထည့်ပေးပြီး နှိုင်း ကို ကျောခိုင်းက ထွက်သွားလေသည်။

ကိုဘမောင်ပေးခဲ့တဲ့ ပိုက်ဆံကိုကြည့်ရင်း နှိုင်းလက်တွေ တဆတ်ဆတ်တုန်လာလေသည်။ ဘယ်လောက်တောင် ကြည်နူးဖို့ ကောင်းလိုက်တဲ့ စိတ်များလဲ။ သူ့မိသားစုကိုယ်တိုင်တောင် မပြေလည်



www.burmeseclassic.com

www.burmeseclassic.com



ဘဲနဲ့ နှိုင်းကို သူရတဲ့ငွေတွေ ပေးခဲ့တဲ့သူ့ စေတနာက အရှုံးကို မြှင့် မြင့်တင်လွန်းသည်။

ဘာမျှော်လင့်ချက်မှမပါဘဲ ပေးတဲ့ငွေလေးမို့ နှိုင်း အရမ်းကို တန်ဖိုးထားမိလေသည်။

နှိုင်းငွေလေးကို ကိုင်ထားရင်း ဟိုးခပ်ဝေးဝေးရောက်နေသည့် ကိုဘမောင်ကို အသံအကျယ်ကြီးနှင့် လှမ်းအော်ပြောလိုက်လေသည်။

"ကျေးဇူးအများကြီးတင်တယ်ဗျာ၊ ခင်ဗျားစေတနာတွေကို ကျွန်တော့်တစ်သက် လုံးဝမေ့လို့ရမှာ မဟုတ်တော့ဘူး"

ကိုဘမောင်က နှိုင်းကို ပြန်လှည့်ကြည့်လိုက်ရင်း သူလည်း အသံကျယ်ကြီးနှင့် ပြန်အော်ပြောလေသည်။

"မလိုပါဘူးကွာ . . . မင်းအဆင်ပြေဖို့ပဲလိုတာ"

ပြောပြီး ကျောခိုင်းထွက်သွားလေသည်။ အပေါ်ယံ ဟန်ဆောင်မှုတွေမပါဘဲ ရိုးရှင်းစွာ နေထိုင်ဆက်ဆံပြီး လူလူချင်း ကိုယ်ချင်းစာ စိတ်များနှင့် ပြည့်နှက်နေသည့် ထိုရွာလေးသည် နှိုင်းရဲ့စိတ်ကို အများ ကြီး ပြောင်းလဲခဲ့လေသည်။

မြို့မှာလို ဂုဏ်တွေ၊ ပကာသနတွေအတွက် တစ်ယောက်ကို တစ်ယောက် မပြိုးချင်ဘဲ ပြိုးနေကြတာတွေနဲ့တော့ ဆီနဲ့ရေလို ကွာ ခြားနေမည်ထင်သည်။





နှိုင်း ပိုက်ဆံလေးကို ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်လာရင်း မဟော့်အတွက် ဘာလေးဝယ်ပေးရရင်ကောင်းမလဲ တစ်လမ်းလုံး စဉ်းစားလာမိလေသည်။ ဖျတ်ခနဲဆိုသလို မျက်ဝန်းထဲ မဟော့်နာရီ လေးကို ပြေးမြင်ယောင်လိုက်မိလေသည်။

မဟော့်နာရီလေးကြည့်ရတာ တော်တော်ကို ဟောင်းနွမ်းနေပြီ။ အညိုရောင်လယ်သားကြိုးလေးက ချေးစားတာကြောင့်လား နေရောင် ကြောင့်လားတော့မသိ အနုဆို ဖြူဖျော့နေလေပြီ။

ဆရာမတစ်ယောက်အတွက်တော့ နာရီဆိုတာလည်း အရေးပါ သည်။ ပြီးတော့ မပါမဖြစ်လည်း ဖြစ်လေရာ . . . နှိုင်းနာရီလေးသာ ဝယ်ပေးဖို့ ဆုံးဖြတ်လိုက်လေသည်။

နာရီဆိုင်ရောက်တော့ စိန်သေးသေးလေးတွေနှင့် ပြုလုပ်ထား သော ချစ်စရာ ဖန်စီနာရီလေးများကိုတွေ့ ရလေသည်။ နာရီများမှာ စိန်လေးများကြောင့် လက်လက်ထကာ ချစ်ဖို့ကောင်းလေသည်။ စိန်လေးများကလည်း ခပ်သေးသေးလေးများဖြစ်သဖြင့် အမြင်မရိုင်းဘဲ ပျစ်ဖို့ကောင်းလေသည်။

"အဲဒီနာရီလေး ဘယ်လောက်လဲ အစ်မ"

နှိုင်းက မှန်ဗီရိုလေးထဲမှာ နာရီလေးကို လက်ညှိုး ညွှန်ပြရင်း မေးမေးလိုက်လေသည်။ ဆိုင်ရှင်အစ်မကြီးက စုတ်ပြတ်သတ်နေသော



www.burmeseclassic.com

www.burmeseclassic.com



နှိုင်းကိုကြည့်ကာ သူ့နာရီလေးကို ထုတ်မပြချင်ပြချင်နှင့် ထုတ်ပြလေသည်။

''လေးထောင့်ငါးရာ''

''ဗျာ''

နှိုင်း စိတ်ညစ်သွားမိလေသည်။ နှိုင်းလက်ထဲမှာ လေးထောင်ပဲရှိသည်။ ဒါတောင် ကိုဘမောင်က နှိုင်းကို သူ့ရတဲ့ပိုက်ဆံလေးပေးခဲ့လို့။

''မလျှော့တော့ဘူးလားဗျာ''

''အစ်မတို့က အစကတည်းက ဈေးသိပ်တင်မထားဘူး၊ ဒါတွေက အစ်မတို့တောင် အမြတ်နည်းရာလောက်ပဲ တင်ထားတာလေ''

ဆိုင်ရှင်အစ်မကြီးကတော့ နှိုင်းကို ဝယ်သူဖြစ်နေသဖြင့် သေချာရှင်းပြလေသည်။

''ဟုတ်ပါတယ် အစ်မရာ ... ဈေးများနေလို့ ဆစ်တာ မဟုတ်ပါဘူး၊ ကျွန်တော်ပါလာတဲ့ငွေနဲ့ အဆင်မပြေလို့ ဆစ်ကြည့်တာပါ''

''ဒါဆို တခြားနာရီလေးတွေကြည့်ပါလား''

တခြားနာရီလေးတွေလည်း ရှိပေမယ့် နှိုင်းမျက်စိထဲမှာတော့ ဒီနာရီလေးက အလှဆုံးပင်။ မဟော့်လက်ဖြူဖြူသွယ်သွယ်လေးမှာ ပတ်လိုက်လို့ကတော့ အရမ်းကိုလှပမှာသေချာသည်။ ကုန်တဲ့နာ



လေးတွေကြည့်လိုက်ပေမယ့် နှိုင်း စိတ်တိုင်းမကျ။

''အစ်မရယ် ... နောက်ဆုံး ဘယ်လောက်နဲ့ပေးနိုင်လဲ မသိဘူး''

ဆိုင်ရှင်အစ်မကြီးကတော့ နှိုင်းကို သေချာအကဲခတ်သလို ကြည့်လိုက်လေသည်။ ကရုဏာသက်စရာ နှိုင်းပုံလေးကိုလည်း ကြည့်ရင်း အတတ်နိုင်ဆုံး လျှော့ပေးဖို့တော့ သူမ စဉ်းစားလိုက်ပုံပင်။

''ကဲ ... လေးထောင့် သုံးရာတော့ပေး၊ ဒါတောင် အစ်မ မြတ်ထဲက မင်းကို လျှော့ပေးရတာ၊ အစ်မတို့က ရန်ကုန်တက်ဝယ်ရတယ်၊ ခရီးစရိတ်နဲ့ ဘာနဲ့ဆိုတော့ အစ်မတို့အတွက်လည်း ဘာမှ မြန်တာမဟုတ်ဘူး၊ ဒါတောင် ဒီက ကလေးတွေကို ဈေးချိုချိုလေးနဲ့ ပါစေချင်လို့သာ ဝယ်လာရတာ''

ဆိုင်ရှင်အစ်မကလည်း နှိုင်းကို သေချာရှင်းပြလေသည်။ သူမ ပြောသမျှကို နှိုင်းနားလည်သော်လည်း နှိုင်းမှာက ကိုယ့်ပြဿနာနှင့် ကိုယ်ပင်။

''နေပါစေတော့ အစ်မရယ် ... အစ်မကိုလည်း ကျွန်တော် အားနာပါတယ်၊ ကျွန်တော့်မှာက လေးထောင်ပဲရှိတယ်၊ နောက်မှပဲ ပိုက်ဆံတော် လာဝယ်တော့မယ်''

နှိုင်း ရှက်ရှက်နှင့် နှုတ်ဆက်ရင်း လှည့်ထွက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ဒီမှာ ...ရော့ ...လေးထောင်နဲ့သာ ယူသွားပါ၊ မင်းကြည့်ရတာ ဒီနာရီလေးကို တော်တော်သဘောကျနေပုံပဲ"

နှိုင်းက ဝမ်းသာအားရနှင့် အိတ်ကပ်ထဲမှ တစ်ထောင်တ လေးရွက်ကို ထိုအစ်မကြီးလက်ထဲသို့ ထည့်ပေးရင်း နာရီလေးကို ဝမ်းသာအားရ လှမ်းယူလိုက်လေသည်။

"ကျေးဇူးတင်ပါတယ် အစ်မရယ်၊ ကျွန်တော် စတွေ့ကတည်း က ဒီနာရီလေးကို အရမ်းသဘောကျနေတာ"

ဆိုင်ရှင်အစ်မကတော့ ပြုံးလိုက်ရင်း ...

"ဒီနာရီလေးက မိန်းကလေးပတ်လေးဆိုတော့ မင်း ကောင် လေးကို ပေးဖို့ပဲဖြစ်ရမယ်၊ ဟုတ်တယ် မဟုတ်လား"

နှိုင်း ရှက်ရှက်နှင့် ပြုံးလိုက်မိပြန်သည်။

"ဟုတ်တယ် အစ်မ၊ ကျွန်တော့်ကောင်မလေးက စိတ်ဆိုး လို့ ချော့ဖို့လာဝယ်တာ"

နှိုင်းအပြောကြောင့် ထိုအစ်မက သွားတက်လေးများ ပေါ်သ အထိ ပြုံးလိုက်ရင်း ...

"အေးပါကွယ် ... မင်းမပြောလည်း မင်းမျက်နှာမှာ ဖြ ရပါတယ်၊ အစ်မလည်း ဒါကြောင့် မင်းကို ဒီဈေးနဲ့ပေးလိုက်တာ တကယ်ပါ ... အစ်မ အရင်းထဲကတောင် ပါသွားသေးတယ်၊ ဒါ



... မင်းလို ကိုယ့်ချစ်သူအပေါ် အရမ်းချစ်တဲ့လူမျိုးကိုတွေ့ရလို့ အစ်မက ဂုဏ်ပြုတဲ့အနေနဲ့ပေးတာ"

"ကျေးဇူးပါ အစ်မ ... သွားခွင့်ပြုပါဦး"

နှိုင်း ... ထိုအစ်မကြီးကို နှုတ်ဆက်ရင်း ပြန်လာခဲ့လေသည်။ ကိုယ့်အိပ်မက်လေးကို အကောင်အထည်ဖော်ခွင့်ရလိုက်သည့်အတွက် တော့ နှိုင်းအတိုင်းမသိ ပျော်မိလေသည်။

အိတ်ကပ်ထဲထည့်ထားသော နာရီလေးကို ပြန်ထုတ်ကြည့် လိုက်ရင်း နှိုင်း ပျော်ရွှင်မိလေသည်။ ဒီနေ့တစ်နေ့လုံး ပင်ပန်းခဲ့သမျှ ည်း အခုတော့ ဘာမှမဖြစ်သလိုပင် ...

အိမ်ရောက်တော့ နှိုင်း ချက်ချင်း အိမ်ထဲမဝင်သေးဘဲ ကိုယ့် ဝန်လေးကို အရင်ဆုံးပြေးရလေသည်။ ပြီးနောက် အိမ်နောက် က်တွင် ရေမြန်မြန်ချိုး ပြီး မပေါက်တို့အိမ်သို့ လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၇)

မောင်လေးပြန်လာပြီး ထမင်းစားချိန်အထိ နှိုင်း ရောက်မလာ သဖြင့် မဟော် စိတ်ပူမိလေသည်။ နှိုင်းက ဘယ်တုန်းကမှ အခု လျှောက်သွားတတ်တဲ့လူမျိုးမှ မဟုတ်တာ။

မောင်လေးကိုမေးကြည့်တော့လည်း ကိုဘမောင်အိမ် အလည်လိုက်သွားသည်တဲ့။ နှိုင်းတစ်ယောက် ဘာတွေလုပ်နေ မသိ။ ထမင်းစားချိန်ကျတော့လည်း နှိုင်း ပြန်ရောက်မလာ။ အား ထမင်းစားပြီးသည့်အချိန်ထိ နှိုင်းပြန်ရောက်မလာတော့ မေ စိတ်ပူသွားသည် ထင်သည်။

နှိုင်းနောက်ကိုလိုက်ဖို့ မောင်လေးကို လွှတ်နေသည်။ မေ လေးကတော့ အလုပ်တွင် တစ်နေ့လုံးပင်ပန်းထားသဖြင့် အ



ပြန်မထွက်ချင်ဘဲ အချိန်ဆွဲနေသဖြင့် မဟော်တို့ အိမ်ကနေ စောင့် နေခြင်း ဖြစ်သည်။

မနေ့က သူနဲ့ရန်ဖြစ်ထားတယ်။ ဒီနေ့ လျှောက်သွားနေတယ် ဆိုတော့ မဟော်ကတော့ စိတ်ပူမိသည်။ တော်ကြာ ... ညဘက်ကြီး လူးသမားတွေ ဘာတွေနဲ့တွေ့ပြီး ပြဿနာတက်နေမှဒုက္ခ။

မဟော်ကတော့ အိမ်ရှေ့ခန်းတွင် တီဗီကြည့်နေသော်လည်း စိတ်က နှိုင်းဆီကိုသာ ရောက်နေလေသည်။ တော်တော်နှင့်ရောက် မလာနိုင်သဖြင့် မဟော် စိတ်တိုလာမိလေသည်။

ဘယ့်နှယ် အိမ်ကိုများ သာလာယံဇရပ်များ အောက်မေ့နေလား မသိဘူး။ လာချင်တဲ့အချိန်လာပြီး ပြန်ချင်တဲ့အချိန် ပြန်ရအောင်။ မဟော် အောက်နှုတ်ခမ်းလေးကို အပေါ်သွားနှင့် ဖိကိုက်ထားရင်း စိတ်တွေ တိုမိလေသည်။

အရင်အချိုးတွေ တပြည်းပြည်းပျောက်လာလို့ ဝမ်းသာရမလား ဖြစ်တယ်။ ခွေးမြီးကောက် ကျည်တောက်စွပ်ပဲ။ မဟော် တွေးလေ ဒေါသတွေ အလိပ်လိုက်ထွက်လေပင်။

ဘာကြောင့်များ အခုလိုဒေါသတွေထွက်နေတာလဲကိုတော့ ကိုယ့်ကိုယ်ကိုယ်တောင် မစဉ်းနိုင်။ အိမ်ရှေ့တွင် မြင်လိုက်ရသည့် မြိုင်ကြောင့် လှမ်းကြည့်လိုက်တော့ နှိုင်း။

www.burmeseclassic.com

www.burmeseclassic.com



မပေဟ် စိတ်တိုတိုနှင့် တစ်ကြည့်လှည့်ကြည့်ပြီးသည်နှင့် ချက်ချင်း မျက်နှာလွှဲကာ တီဗီထဲပဲ အာရုံပြုထားလိုက်လေသည်။

"လာ … နှိုင်း၊ ဘယ်တွေလျှောက်သွားနေတာလဲ နောက်ကျ လိုက်တာ"

နှိုင်းက ဦးကြီးအမေးကြောင့် ကြိုတင်စဉ်းစားထား အတိုင်း …

"ဟို စက်ရုံက အစ်ကိုကြီးတစ်ယောက်အိမ်ကို အ ဦ လိုက်သွားတာပါ"

ဟုဖြေရင်း ကျောခိုင်းထားသော မပေဟ့်နောက်ကျော ကို တစ်ချက်ခိုးကြည့်လိုက်လေသည်။

"အေးကွဲ့ … သွားတာတော့ သွားတာပေါ့ သိပ်နောက်ကျ တာတော့ မကောင်းဘူး၊ အိမ်မှာက မင်းကို အကုန်စိတ်ပူနေကြတာ"

အကုန်ဆိုတော့ မပေဟ်လည်း ပါတာပေါ့ဟု နှိုင်းတွေးလိုက် ဝမ်းသာသွားမိလေသည်။ သူမဘက်ကတော့ ဘယ်လိုနေ ကိုယ့်ဘက်ကတော့ ဖိတ်စာတစ်ခြမ်း သေချာသွားသည့်နောက် ဘာမဆို သူလေးကို ထည့်သွင်းစဉ်းစားမိလေသည်။

"ဟုတ်ကဲ့ … ကျွန်တော် နောက်မဖြစ်စေရပါဘူး"

နှိုင်းပြောရင်း မပေဟ့်ကို ခိုးကြည့်လိုက်လေသည်။ မပေဟ်



တော့ ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့ပဲ မထင်တာလား။ တကယ်ပဲ တီဗီအစီအစဉ်ကို စိတ်ဝင်စားနေတာလားတော့မသိ။ နှိုင်းကို တစ်ချက်လေးတောင် လှည့်ကြည့်မလာပေ။

"အေးကွယ် … ညဘက်ဆိုတော့ လူကောင်းသူကောင်းတွေ အပြင်ထွက်တာ နည်းတယ်၊ တော်ကြာ အနှောင့်အယှက်တွေ တွေ့ပြီး အန္တရာယ်ဖြစ်မှာစိုးလို့ပါ"

"ဟုတ်ကဲ့ နောက်မဖြစ်စေရပါဘူးလို့ ကျွန်တော် ကတိပေး ပါတယ်"

"ကဲ ကဲ … နှိုင်းလည်း ဗိုက်ဆာလောက်ရောပေါ့၊ သမီးရေ ထမင်းပွဲပြင်ပေးလိုက်ပါဦး"

မပေဟ် မသိချင်ယောင်ဆောင်ထားပေမယ့် ဖေဖေ့စကား ကြောင့် နှိုင်းကို လှမ်းကြည့်လိုက်ရင်း …

"စားပွဲပေါ်မှာ အားလုံး အဆင်သင့်ပြင်ထားတယ်"

မပေဟ်မကြိုက်တာ အဲဒီမျက်လုံးတွေပေါ့။ လုပ်ချင်တာ လုပ် ပြီးရင် ဘူဘာမှ အဖြစ်လုပ်မထားသလို လှမ်းလှမ်းကြည့်တတ်သည့် အဲဒီအကြည့်တွေကို မပေဟ် အသည်းယားသည်။ မပေဟ့်ကို မျက် နှာငယ်လေးနှင့် လာကြည့်နေသော နှိုင်းကို မပေဟ် မသိချင်ယောင် ဆောင်ကာ နေလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



နှိုင်းကတော့ မျက်နှာတည်တည်လေးနှင့် စိတ်ဆိုးနေသည့် ချစ်သူလေးကို တယုတယကြည့်ရင်း ရင်ခုန်သံတွေက သူ့အလိုလို မြန်လာလေသည်။

သူမက ကဲကဲဆတ်ဆတ်ဖြစ်နေသလောက် ကိုယ်ကတော့ ဘာကြ သဲသဲလှုပ်ဖြစ်နေသလဲဆိုတာတောင် စဉ်းစားမရတော့။ နှိုင်း နောက် ဘက် ထမင်းစားခန်းကို တစ်ယောက်တည်း ထွက်လာရင်း ထိုင်စား လေသည်။

ချစ်သူမျက်နှာလေးကို မြင်ပြီး ထမင်းအတူ စားရတာ မဟုတ်တော့ ထမင်းစားရတာမဝင်။ လူက ပင်ပန်းလာသလိုနဲ့တော့ လည်း ထမင်းလည်း သိပ်မစားနိုင်ဘဲ တစ်လုတ်နှစ်လုတ်လောက်သာ စားပြီး နှိုင်းပန်းကန်တွေ ဆေးကာ ပြန်လာခဲ့လေသည်။ အခန်းရောက် တော့ အရုပ်ကြိုးပြတ် နှိုင်း ခုတင်ပေါ် ပစ်လှဲချလိုက်မိလေသည်။

စိတ်လျှော့လိုက်သို့ထင်သည့် လူက နုံးချိသွားလေသည်။ ပဲ့ နှင့်ခါးတွေကလည်း တဆစ်ဆစ်နှင့် နာကျင်ကိုက်ခဲလာမိလေသည်။ ခုတင်ပေါ်တွင် တစ်ဖက်က တစ်ဖက်ကို လှိမ့်ရင်းကို ဘယ်ကနေ့ပေါ် တစ်ကိုယ်လုံးက နာကျင်နေလေသည်။ နှိုင်း ခုတင်ဘေးနားရှိ စားပွဲပေါ် မှ နာရီလေးကို လှမ်းယူကြည့်လိုက်တော့ နာကျင်တာတွေက အနည်း ငယ် သက်သာသွားသလိုပင်။



နာရီလေးကို ကြည့်နေရင်း မပော့မျက်နှာလေး ပေါ်လာတော့ နှိုင်း နာရီလေးကို ငုံနမ်းမိလေသည်။ ပါးကွက်ကြားလေးနှင့် မပော့ ပါးဖောင်းဖောင်းလေးကို မြင်ယောင်လိုက်တော့ နှာခေါင်းထဲတောင် သနပ်ခါးရနံ့များ သင်းလာလေသည်။

နှိုင်း နာရီလေးကို ရင်ဘတ်ပေါ်တင်ထားရင်း ချစ်သူမျက်နှာ လေးကို စိတ်ကူးလေးနှင့် ပုံဖော်ကြည့်လိုက်မိသည်။

စိတ်ကူးထဲမှတောင် နှုတ်ခမ်းလေးစူထားသည့် ချစ်သူလေး ကတော့ ချစ်စရာ အင်မတန်ကောင်းနေပြန်သည်။ ချစ်တယ်လို့ ဖွင့်ပြောလိုက်တော့ ရှက်ပြုံးလေးပြုံးနေသည့် ချစ်သူအပြုံးလေးက လည်း ကမ္ဘာပေါ်တွင် အလှဆုံးဖြစ်လေသည်။

နှိုင်းကတော့ တစ်ယောက်တည်း စိတ်ကူးတွေ အမျိုးမျိုး ယဉ်ရင်း အိပ်ပျော်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"နှိုင်း . . . နိုးပြီလား"

ဦးကြီးက နှိုင်းကိုတွေ့တွေ့ချင်း လှမ်းခေါ်နှုတ်ဆက်လေသည်။ မပေါ်ကတော့ ဟင်းရည်ထည့်နေရာမှ မျက်လုံးလေး တစ်ချက်ပင့်ကြည့်ရင်း ဟင်းရည်ပြန်ထည့်နေလေသည်။ နှိုင်း ထမင်းစားပွဲတွင် ထိုင်လိုက်ရင်း . . .

"မောင့်ရော . . . မတွေ့ပါလား"

"မောင့်က ဘယ်တုန်းက မနက်စာကို အိမ်မှာစားလို့လဲ . . . ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်ပေါ့ကွာ"

နှိုင်း ပြုံးလိုက်လေသည်။ မောင့်က လက်ဖက်ရည်ဆိုင်နှင့် မျက်နှာချင်းဆိုင်တွင်ရှိသည့် ကုန်စုံဆိုင်ကကောင်မလေးကို သဘော



ကျနေသဖြင့် မနက်မိုးလင်းတာနှင့် လက်ဖက်ရည်ဆိုင်ပြေးကာ ကျခဲ့စိမ့်လေးနှင့်တွဲပြီး ဖိုးကာသီချင်းထဲကလို တစိမ့်စိမ့် သွားကြည့်နေတာ ဖြစ်မည်။

"မုန့်ဟင်းခါးအနံ့လေးက သင်းနေတာပဲ . . . မပေါ်ကိုယ်တိုင် ချက်တာလား"

နှိုင်းမေးလိုက်ရင်း မပေါ့်ကို သေချာစိုက်ကြည့်လိုက်လေသည်။ ဒီနေ့တော့ ကျောင်းပိတ်ရက်ဖြစ်သဖြင့် မပေါ့်ကို တစ်နေ့လုံးမြင်ရမှာဖြစ်၍ နှိုင်း ပျော်ရွှင်နေမိလေသည်။

"အင်း . . . ဟုတ်တယ်၊ ကျောင်းပိတ်ရက်ဆိုတော့ မပေါ်လည်း အားတာနဲ့ ချက်ထားတာ"

မပေါ်က ရွှေကိုကျလာသော ဆံပင်ရှည်များကို သပ်တင်လိုက်ရင်း နှိုင်းမုန့်ပန်းကန်လေးကို လှမ်းယူကာ ဟင်းရည်ခပ်ထည့်ပေးလိုက်လေသည်။ နှိုင်းကတော့ မပေါ့်အပြုအမူ အသေးစိတ်လေးက အစ မြတ်နိုးစိတ်လေးနှင့် သေချာစိုက်ကြည့်နေမိလေသည်။

မပေါ်လှမ်းပေးသော မုန့်ပန်းကန်လေးကို လှမ်းယူလိုက်ရင်း တစ်ဖွန်းခပ်စားလိုက်လေသည်။ မိန်းကလေးပီသပြီး အရမ်းအချက်အပြုတ်ကျွမ်းတဲ့ မပေါ့်လက်ရာကတော့ ရောင်းတန်းများထက် အဆ တစ်ရာလောက် သာလွန်နေလေသည်။ နှိုင်းက မပေါ်ချက်ထားသည့်

www.burmeseclassic.com

www.burmeseclassic.com



မုန့်ဟင်းခါးများကို အားရပါးရစားလေသည်၊ အရသာကောင်းလွန်းသဖြင့် နှိုင်း နှစ်ပွဲအပြည့်ကြိတ်လိုက်လေသည်။

စားကောင်းကောင်းနှင့် စားပြီးမှ ဗိုက်ကြီးကားယ်ချင်သလို ဖြစ်လာလေသည်။ မဟော်ကတော့ သူ့လက်ရာကို အားရပါးရစားနေသဖြင့် အိမ်ရှင်မ,ပီသစွာ ပြုံးပျော်ကျေနပ်နေလေသည်။

"မဟော် ဟင်းချက်အရမ်းကောင်းတာပဲနော်၊ ဆိုင်တွေထက် တောင် အဆတစ်ရာ လောက်သာသေးတယ်"

နှိုင်းစကားကြောင့် မဟော် ပြုံးလိုက်ရင်း ...

"ရှင် ... မဟော့်မေမေလက်ရာကို မစားဖူးလို့ မဟော်ချက်တာ အရမ်းကောင်းတယ်လို့ ထင်နေတာပါ၊ မေမေ့လက်ရာသာ စားဖူးရင် ကတော့ မဟော့်လက်ရာလောက်ကို ရှင် စားခွဲ့နေမှာမဟုတ်ဘူး ... ဟုတ်တယ်မဟုတ်လား ဖေဖေ"

မဟော်က ဖေဖေ့ကိုပြန်ပြီး မဲယူလိုက်လေသည်။ ဖေဖေက တော့ ပြုံးရင်း ...

"ဟုတ်တယ်ကွ ... မဟော့်မေမေက အရမ်းဟင်းချက်ကောင်း တာ"

"ဪ ... ဒါကြောင့် မဟော်က အနိုင်တို့ဆီက အမွေရထား တာကို"



"ဒါပေါ့ ... မဟော့်ကို မေမေပဲ လက်ထပ်သင်ပေးခဲ့တာ လေ"

မဟော်နှင့် စကားပြောရင်း စားပြီးသည့်ပန်းကန်များကို သိမ်းလေသည်။ နှိုင်းကလည်း ကူရင်းသိမ်းပေးလေသည်။

"သမီးရေ ... ဖေဖေ ရွာဦးဘုန်းကြီးကျောင်းကို သွားလိုက်ဦး မယ်၊ မနက်ဖြန် ရွာကအလှူအတွက် ဘာလုပ်ပေးရဦးမလဲ ဖေဖေ သွားမေးလိုက်ဦးမယ်"

"ဟုတ်ကဲ့ ဖေဖေ ... သမီးလိုက်ပို့ပေးရဦးမလား"

"ရတယ် သမီး ... ဖေဖေ ဟိုဘက်အိမ်က ကိုထွန်းမြင့်နဲ့အတူ သွားလိုက်မယ်"

ဖေဖေ တုတ်ကောက်ခွဲကာ ထွက်သွားသည်။ မဟော်လည်း ပန်းကန်တွေဆေးပြီး နေ့လယ်စာအတွက် ဟင်းချက်ဖို့ ပြင်ဆင်ရလေ သည်။ နှိုင်းက မဟော့်ဘေးနားတွင် ရပ်နေသဖြင့် နှိုင်းကို မဟော် လှည့်ကြည့်လိုက်ရင်း ...

"နေ့လယ် ဘာဟင်းစားချင်လဲနှိုင်း။ မဟော် ဘာချက်ပေးရ မလဲ"

"ရတယ် ... မဟော် ဘာချက်ချက် စားကောင်းပြီးသား"

နှိုင်း လက်ပိုက်ကာရပ်ရင်း မဟော့်မျက်နှာလေးကို ငေးကြည့်

www.burmeseclassic.com

www.burmeseclassic.com



ကာ ပြောလိုက်လေသည်။

"အင်း . . . နှိုင်း ငါးဟင်းတွေ့ဘာတွေကြိုက်လား မပေါ်ငါးရည်ကျိုလေးရယ်၊ ငါးပိရည်တို့စရာလေးတွေနဲ့ ဖွယ်ဖွယ်ရာရာချက်ကျွေးမယ်လေ"

"ပြောပြီးသားလေ . . . မပေါ် ဘာချက်ချက် စားကောင်းမှာပါလို့"

နှိုင်းစကားကြောင့် မပေါ် မျက်လုံးလေးပင့်ကာ ကြည့်ရင်းပြုံးလိုက်လေသည်။ နှိုင်းက အင်္ကျီအိတ်ကပ်လေးထဲမှ နာရီလေးကိုထုတ်ရင်း မပေါ့်ကိုပြလိုက်လေသည်။

"ရော့ . . . မပေါ့်ဖို့"

မပေါ့်မျက်လုံးလေးများ ပြူးကျယ်တောက်ပသွားလေသည်။

"မပေါ့်ဖို့ . . . ဟုတ်လား။ ဘာအတွက်လဲ နှိုင်း"

မပေါ်က သူ့ရင်ဘတ် လက်လေးနှင့်ပုတ်ပြရင်း နားမလည်တဲ့နှိုင်းကိုကြည့်ကာ မေးလိုက်သော်လည်း နာရီကိုတော့ လှမ်းမယူချေ။

"ကျွန်တော် ဒီရောက်ကတည်းက မပေါ်က ကျွန်တော့်အတွက် ချက်ပြုတ်ရနဲ့ အရမ်းပင်ပန်းနေပြီလေ၊ မပေါ့်အတွက် ကျွန်တော် အမှတ်တရလက်ဆောင်လေး ပြန်ပေးချင်လို့ပါ"

နှိုင်းစကားကြောင့် ပြုံးနေသော မပေါ့်မျက်နှာလေး ချက်ချင်း



တည်သွားလေသည်။ မပေါ် မျက်ခုံးလေးရှုံ့ကာ ပခုံးလေးတစ်ဖက်ကိုလှုပ်ကာ ငြောင်းရယ်လိုက်ရင်း . . .

"ဒီမှာ နှိုင်း . . . ကိုယ့်အိမ်လာတဲ့ ဧည့်သည်ကို ဘယ်အိမ်ရှင်မဆို အကောင်းဆုံးပြုစုကြတာ မြန်မာတွေရဲ့ စေတနာပါ။ ရှင့်ဆီကတစ်စုံတစ်ခုသောအကျိုးအမြတ်ကို လိုချင်လို့ ရှင့်ကို လုပ်ပေးခဲ့တာမဟုတ်ဘူး။ ရှင်ချမ်းသာမှန်း ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ရှင်ချမ်းသာလို့ ကျွန်မ ဒီလိုတွေပြုစုပေးနေတာ မဟုတ်ဘူး နှိုင်း"

မပေါ် အသားများတဆတ်ဆတ်တုန်သည်အထိ ဒေါသတွေထွက်မိလေသည်။ မပေါ်ကတော့ နှိုင်းကို မိသားစုတွေလို သဘောထားပြီး လုပ်ပေးခဲ့တာပါ။ နှိုင်းစိတ်ထဲမှာတော့ မပေါ်က ဒါတွေမျှော်ကိုးပြီး လုပ်ပေးတယ်များ ထင်နေလားမသိ။ မပေါ့်မာနလေးတွေတလိမ့်လိမ့် ခေါင်းထောင်ထလာတော့ မျက်နှာလေးက ချက်ချင်းဆိုသလို တင်းမာအေးစက်သွားလေသည်။

နှိုင်းကတော့ အပြောမတတ်သည့် ကိုယ့်ကိုယ်ကိုယ်သာ ဗိုက်ထဲလိုက်ချင်ပါသည်။ တကယ်ဆို မပေါ်စိတ်ဆိုးနေလို့ ချော့တာပါလို့ ပြောလိုက်ရင် အကောင်းသား။ အခုတော့ ဘာပြောရမှန်းမသိဘဲ ပါးစပ်ထဲရှိတာ ပြောလိုက်တာကပင် မျက်နှာမရ ခြေထောက်ရဆိုသလို ဖြစ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး မပေါ်ရယ် ... အထင်မလွဲပါနဲ့ မပေါ့်ကို အထင်သေးလို့ ဒါမျိုးပြောတာမဟုတ်ပါဘူး။ ကျွန်တော့်ရင်ထဲက စေတနာအပြည့်သက်သက်နဲ့ ဝယ်ပေးတာပါ၊ မပေါ့်နားရိုလေး ဟောင်းနေတာကိုတွေ့လို့ ကျွန်တော် ဝယ်ပေးချင်စိတ်တွေဖြစ်ပြီး ဝယ်လာခဲ့တာပါ၊ မပေါ့်ကို အထင်သေးလို့ မဟုတ်ရပါဘူးဗျာ"

မပေါ် အံလေးတင်းတင်းကြိတ်လိုက်ရင်း ...

"ဒီမှာ နိုင်း ... ကျွန်မ ဘယ်လောက်ပဲဖြစ်ဖြစ်တဲ့ နာရီကို ပတ်ရ ပတ်ရ မရှက်ဘူး၊ သူစိမ်းယောက်ျားတစ်ယောက်ဆီက ထိုမိုးလက်ဆောင် တစ်ခုခုကို လက်ခံရတာပဲ ရှက်တယ်"

"မပေါ်ရယ် ... အဲဒီလောက် မာနမကြီးပါနဲ့ကွာ၊ မင်းနဲ့ငါနဲ့က သူစိမ်းတွေလား။ ငါ့အပေါ် အရမ်းကောင်းတဲ့ မင်းကို ငါတတ်နိုင်တာလေးနဲ့ ပြန်ပြီး အမှတ်တရဝယ်ပေးလို့ မရဘူးလား"

နိုင်း ... မပေါ့်မျက်ဝန်းတည့်တည့်ကို စိုက်ကြည့်ရင်း ပြောလိုက်လေသည်။ မပေါ်ကတော့ ဒေါသတွေနှင့် နိုင်း၊ ဘာပြောပြော အကောင်းမထင်နိုင်တော့။

"မရဘူးနိုင်း ... ဘာလို့လဲဆိုတော့ ရှင်နဲ့ကျွန်မက သူစိမ်းတွေမို့လို့ပဲ"

မပေါ်က နိုင်းမျက်နှာကို သေချာစူးစူးစိုက်စိုက်ပြန်ကြည့်ရင်၊



တစ်လုံးချင်းပြောလိုက်လေသည်။ နိုင်းနဲ့ မပေါ်တို့အကြည့်နှစ်ခုက ကြိုင်သွားကြလေသည်။ တစ်ယောက်ကိုတစ်ယောက် မျက်တောင် ခတ်တမ်း ကြည့်နေကြလေသည်။ ဖြူဖြူသည်းအကြည့်နှစ်ခုက ထိပ်တိုက်ဆုံလာသောအခါ နိုင်းအကြည့်များက တဖြည်းဖြည်း အားပျော့လာကာ တောင်းပန်တိုးလျှိုးသောအကြည့်များအဖြစ်သို့ ပြောင်းလဲသွားလေသည်။

"နိုင်းစကားပြောမှားသွားကာယ်ဆိုရင် တောင်းပန်ပါတယ် မပေါ်ရယ်၊ နိုင်း မပေါ့်ကို စော်ကားချင်တဲ့စိတ်နဲ့ ပြောခဲ့တာ မဟုတ်ရပါဘူး"

"ဒီမှာနိုင်း ... ရှင်တို့လို ငွေကြေးဥစ္စာပြည့်စုံတဲ့သူတွေက စေတနာကို ငွေကြေးနဲ့ပဲ ပိုင်းဖြတ်ကြတယ်၊ ငွေရှိရင် အရာရာလုပ်လို့ရတယ် လို့ ရှင်ထင်နေလား နိုင်း၊ အဲဒီလိုသတ်မှတ်ချက်တွေရှိနေတဲ့ ရှင့်ကို ညီး ကျွန်မသိပ်မုန်းတယ်၊ ရှင် အခုချက်ချင်း ကျွန်မမျက်စိရှေ့က ထွက်သွား"

မပေါ်က ဆတ်ခနဲ အကြည့်လွှဲကာ ကျောခိုင်းလိုက်လေသည်။ မပေါ့်မျက်ဝန်းတွင်မျက်ရည်များက အိုင်ဖွဲ့လာလေသည်။ ယောက်ျားတစ်ယောက်ရှေ့တွင် မပေါ် မငိုချင်ပါ။ မပေါ်ရဲ့စေတနာကို အခုလိုမျိုး လက်ဆောင်ပြန်ပေးတယ်ဆိုတာ တန်ဖိုးဖြတ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com



တစ်မျိုးလို့သာ မပျော်မြင်သည်။ တခြားလူတွေကတော့ မပျော့်ကို နားလည်ချင်မှ နားလည်လိမ့်မယ်။ မပျော်ကတော့ ဟိုး ငယ်ငယ်လေး ကတည်းက လူများတွေရဲ့ အထင်သေးမှုအောက်တွင် ကြီးပြင်းလာခဲ့ သဖြင့် မပျော့်ကို အခုလိုသနားလို့ ရွှန်ကြခြင်းမျိုးကို မပျော်မုန်းသည်။

မပျော်ငယ်ငယ်တုန်းက ကျောင်းသူဘဝက တစ်ရက်တွင် အိမ်မှာ တစ်ယောက်စာထမင်းသာရှိသဖြင့် မောင်လေးကို ထမင်းကျွ ထည့်ပေးပြီး မပျော် အငတ်နေခဲ့ဖူးသည်။ ထိုအချိန်တုန်းက မပျော် ဘေးနား သူငယ်ချင်းကောင်မလေးက ချမ်းသာသော သူဌေးသမီး လေးဖြစ်ကာ မပျော့်ကို သနားလို့ဆိုပြီး တချက်ဖြူဖြူလေးပေါ်တွင် ထမင်းနှင့်ဟင်းကို ပုံပြီးကျွေးခဲ့ဖူးလေသည်။

မပျော်ကတော့ ထိုကောင်မလေးကျွေးသော ထမင်းနှင့်ဟင်းကို ထိပင်မထိခဲ့ပါ။ သူမ,ထားတဲ့ စေတနာဆိုတာက လူမြင်လို့ကောင်း အောင် ပေးကမ်းစွန့်ကြဲတဲ့ စေတနာတွေပါ။ တကယ်သာ သူမက မပျော့်ကို စေတနာရှိပါက သူမထမင်းချိုင့်ထဲက သူတစ်လုတ် ကိုယ် တစ်လုတ်ကျွေးသည့် အဖြူထည်စေတနာတွေမှ မဟုတ်တာ။ သူ စားဖို့ မွေးထားတဲ့တိရစ္ဆာန်လေးတွေကို အဟာရအောင်ကျွေးတဲ့ စေ နာတွေများ။

ဒါပေမဲ့ လူတွေရဲ့အမြင်မှာတော့ ထိုကောင်မလေးက စိတ်



ကောင်းပြီး မပျော်က တလွဲမာနကြီးနေသည့် ကောင်မလေးတစ် ယောက်အဖြစ် သတ်မှတ်ကြလေသည်။ ကိုယ့်အထင်သာ အမှန်ဆိုပြီး ကိုယ်မြင်တဲ့ဘက်ကပဲ ဆုံးဖြတ်ကြသည့် လူတွေကို မပျော် ဘာမှမရှင်း ပြခဲ့။

မပျော် လှည့်ထွက်သွားတော့ နှိုင်း . . . မပျော့်လက်လေးကို ဆမိအရ လှမ်းဆွဲထားလိုက်လေသည်။ အေးစက်နေသော မပျော့် လက်လေးကြောင့် မပျော့်နှလုံးသားတွေက ဘယ်လောက်အေးစက်မာ ကျောနေမည်ဆိုတာကို နှိုင်း တွေးကြည့်လို့ရလိုက်လေသည်။ နှိုင်း ပျော့်လက်များလေးကို လက်နှစ်ဖက်နှင့် ခပ်တင်းတင်းဆုပ်ကိုင်လိုက် ပြီး မပျော်နှင့် မျက်နှာချင်းဆိုင်ရပ်လိုက်လေသည်။

မပျော်ကတော့ နှိုင်းလက်ထဲမှ သူမလေးကို ကျိတ်ရုန်းလေ သည်။ နှိုင်းက လွှတ်မပေးသည့်အပြင် ဖိတိုးပြီး ခပ်တင်းတင်း ဆုပ် ကိုင်လိုက်ရင်း . . .

"မပျော် . . . မင်းကို ငါအရမ်းချစ်တယ်"

မပျော် ဖျတ်ခနဲ မျက်လွှာလေးပင့်ကာ နှိုင်းကိုကြည့်လိုက်လေ သည်။ နှိုင်းကတော့ ဖွင့်ပြောဖို့ လုံးဝမရည်ရွယ်ခဲ့ပါဘဲနဲ့ ပြောမိသွား တဲ့ ကိုယ့်စကားကို ပြန်လည်အံ့အားသင့်မိလေသည်။ နှိုင်းရင်ထဲမှာ ပင်ဖိတ်မျိုသိပ်ထားဖို့ ရည်ရွယ်ခဲ့သော်လည်း အခုတော့ မပျော်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



အထင်လွဲမှုကြောင့် နှလုံးသားထဲက အချစ်တွေက လျှံကျကုန်ေ
သည်။

မော့ကြည့်နေသော မပေဟ့်မျက်ဝန်းတည့်တည့်ကို စူးစူးနစ်န
ငုံ့ကြည့်လိုက်ရင်း ...

"ဟုတ်တယ် မပေဟ် ... ကိုယ် မင်းကိုအရမ်းချစ်တယ်၊ ကို
အချစ်ကို လက်ခံပါ"

နှိုင်းလက်ထဲမှ မပေဟ့်လက်လေးကို မပေဟ် အားထည့်
ဆတ်ခနဲ ရုန်းလိုက်လေသည်။ မပေဟ် မျက်နှာပေါ်ဝဲကျနေေ
ဆံပင်လေးများကို ခေါင်းတစ်ချက်ခါကာ ကျောနောက်ပို့လိုက်ရ

"မဖြစ်နိုင်ဘူး နှိုင်း ... ကျွန်မ ရှင့်ကို မချစ်နိုင်ဘူး"

မပေဟ့် တစ်လုံးချင်းပြောကာ နှိုင်းကို ငြင်းလိုက်လေသ
နှိုင်းကတော့ ပထမဆုံးချစ်ခဲ့သည့် ချစ်သူလေးက မိမိကို အခု
အယုံအကြည်မရှိသည့်အတွက် ရင်ထဲခံရ ခက်ကာ မပေဟ့်ပခုံးလေ
အားမလိုအားမရ ဆုပ်ကိုင် လိုက်မိလေသည်။

"ဘာလို့လဲမပေဟ် ... ကိုယ့်မှာ မပေဟ်မကြိုက်တဲ့
အချက်တွေ ရှိနေလဲ ... ပြောပါ၊ မပေဟ့်အတွက်ဆို နှိုင်း အား
ပြင်ပါ့မယ်"

နှိုင်းက မပေဟ်မချစ်တာကို ဘယ်လိုမှမခံစားနိုင်ဘဲ ထပ်



လဲ မေးလိုက်လေသည်။ မပေဟ် နှိုင်းလက်တွေကို ပုတ်ချလိုက်ရင်း ..

"နှိုင်း ... မဖြစ်နိုင်တာတွေ မပြောပါနဲ့၊ နှိုင်းနဲ့ မပေဟ့်ဘဝက
ရမ်းကွာခြားလွန်းတယ်၊ ပြီးတော့"

"ဘယ်လောက်ပဲ ကွာခြား ကွာခြားကွာ ... ကိုယ် မင်းကိုပဲ
ချစ်တယ်၊ ကိုယ့်ဘဝထဲကို မင်းမလာရဲရင် မင်းဘဝထဲကို ကိုယ့်ကို
င်ခွင့်ပြုပါ မပေဟ်ရယ် ... ကိုယ် တောင်းပန်ပါတယ်"

အခုမှ နှိုင်း ... မပေဟ့်ကို လုံးဝအဆုံးအရှုံးမခံနိုင်ဘူးဆိုတာ
လည်း ပိုပြီးနားလည်လာလေသည်။ မပေဟ်ရဲ့ ပြတ်သားတင်းမာတဲ့
က်ဝန်းလေးတွေက နှိုင်းရဲ့ရင်ကို ပူလောင်စေလေသည်။

"နှိုင်း ... ရှင် အခုလိုနေရတာ ရှင့်အတွက် ဘယ်လောက်
ပန်းလဲ၊ အခု ရှင်နေနိုင်တယ်ဆိုတာကလည်း ရှင့်အတွက် အသစ်
ဟန်းတစ်ခု ဖြစ်နေလို့ပါ နှိုင်းရယ်၊ ဘယ်သူမဆို ချမ်းသာပြည့်စုံ
ဘဝမှာ နေချင်လား၊ ဆင်းရဲနွမ်းပါးတဲ့ဘဝမှာ နေချင်လားမေးရင်
သာတဲ့ဘဝမှာပဲ နေချင်တယ်လို့ ပြန်ဖြေကြမှာပဲ၊ ကျွန်မကိုယ်
လည်း တစ်ခါတလေဆို ကျွန်မဘဝကို စိတ်ပျက်မိတယ်၊ ဒီတော့
လို အရာရာပြည့်စုံနေတဲ့လူကို ကျွန်မဘဝထဲ ဆွဲခေါ်ဖို့ဆိုတဲ့ အလုပ်
ကို ကျွန်မ ဒီတစ်သက် ဘယ်တော့မှမလုပ်ဘူး နှိုင်း"

"ကိုယ့်အတွက်တော့ ဘယ်လောက်ပဲ ပြည့်စုံတဲ့ဘဝမှာ နေရ

www.burmeseclassic.com

www.burmeseclassic.com



နေရ မင်းမရှိရင် မပြည့်စုံဘူး မပေါ်၊ ကိုယ့်အတွက်က မင်းရှိမှ ပြည့်စုံမှာမို့လို့ မင်းအနားမှာတော့ နေခွင့်ပေးပါ မပေါ်ရယ်''

နှိုင်းမျက်ဝန်းထဲမှာ မျက်ရည်များ ပြည့်လျှံလာလေသည်။ ဘယ် တုန်းကမှ မငိုတတ်တဲ့ နှိုင်း အခုတော့ ရင်ထဲ ဝမ်းနည်းတတ်ခဲ့လေပြီ။

မျက်တောင်လေးများခတ်ကာ သိမ်းလိုက်သည့် မျက်ရည်၊ တချို့ကတော့ မပေါ့်နှလုံးသားကို ပူနွေးစေလေသည်။ ဒါပေမဲ့ ကိုယ်တိုင်တောင် ကိုယ့်ဘဝကို ကိုယ်စိတ်ပျက်မိတဲ့ မပေါ်က နှိုင်း ပါ ထပ်ခွဲခေါ်ပြီး စိတ်ဆင်းရဲခံဖို့တော့ ဘယ်တော့မှ မပေါ်မတွေးပေ

"ကျွန်မ ရှင့်ကိုမချစ်ဘူး နှိုင်း"

"မပေါ်မကြိုက်တာ အားလုံးကို နှိုင်းပြင်ပါ့မယ်၊ ပြန်စဉ်း ပေးပါ မပေါ်ရယ်၊ အခုတောင် နှိုင်းက အရင်နှိုင်း မဟုတ်တော့ပါ မပေါ်ရာ"

မပေါ် နှိုင်းမျက်ဝန်းတွေကို ရင်ဆိုင်မကြည့်ရဲတော့သ မျက်ဝန်းလေးများ အောက်ငိုက်စိုက်ချလိုက်မိလေသည်။

"ညှို့သည်ဆိုတာ အချိန်တန်ရင် ပြန်ရမယ့်လူတွေပါ မပေါ်က ဒီမှာကျန်ခဲ့ရမယ့် လူပါ၊ ဒီတော့ မပေါ့်ရဲ့သိတ္တာ မ အောင် နှိုင်းရဲ့အချစ်တွေ ထိန်းသိမ်းပေးပါ၊ တစ်အိမ်ထဲမှာ အတူ လူတွေကို ဘေးလူတွေ တစ်မျိုးမထင်အောင် နှိုင်း ... မပေါ်သိ



ကို ငဲ့ပြီးနေပေးပါ နှိုင်းရယ်''

မပေါ် ပြောပြီးပြီးချင်း လှည့်ထွက်ခဲ့လေသည်။ နှိုင်းကတော့ နေရာမှာတင် မတ်တတ်ရပ်ရင်း ကျန်ခဲ့လေသည်။ မပေါ်ရဲ့စကား တွေက နှိုင်း ပြန်ငြင်းလို့မရအောင်မှန်နေသဖြင့် နှိုင်းရင်ထဲရှိသလောက် ကားတွေကို မပြောဖြစ်ဘဲ ကျန်ခဲ့ရလေသည်။

လက်ထဲက နာရီလေးကတော့ နှိုင်းရဲ့ တမြည့်မြည့်ကွဲအက်နေ သော နှလုံးသားလေးကို တချက်ချက် အသံလေးတွေနှင့် လှောင်ရယ် မှလေရဲ့။ နှိုင်းကတော့ ခေါင်းငိုက်စိုက်ချရင်း တစ်လှမ်းချင်း ပြက်ခဲ့လေသည်။

ဒါပေမဲ့ မပေါ် ဘယ်လောက်ပဲငြင်းငြင်း နှိုင်းရင်ထဲက ပေါ့်အပေါ်ထားသည့် အချစ်တွေကတော့ တစ်စက်လေ ပေျာင် လျော့မသွားနိုင်တာကိုတော့ မပေါ်သိအောင် နှိုင်း ရှင်းပြချင်ပါသေး သည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၉)

မပော် ကျောင်းကို တမင်စောထွက်လာခဲ့လေသည်။ အခုတ လော မပော့်စိတ်တွေ ရှုပ်ထွေးနေမိလေသည်။ ပတ်ဝန်းကျင်တ လုံးကတော့ မိုးရိပ်လေးများကြောင့် အုံ့မှိုင်းညို့ဆိုင်းနေလေသည် အေးစက်သော လေနုအေးလေးနှင့်အတူ မိုးပွားလေးကျေပါ ရောပါ သဖြင့် မပော် ခြင်းတောင်းလေးထဲမှ ထီးအနီရဲလေး ထုတ်ဆော လိုက်လေသည်။

အခုတစ်လော မိုးတွေကလည်း နေ့တိုင်းဆိုသလို ရွာသ မပော့်တို့ကျောင်းလမ်းလေးက မြေနုလမ်းလေးဆိုတော့ မိုးရွာ သဖြင့် ဗွက်ထကာ ချောချွဲလေသည်။ မပော် လမ်းကို သေချာ လျှောက်ရင်း ကျောင်းဝင်းထဲသို့ ဝင်လာခဲ့လေသည်။ ကျောင်းဝင်း



ရောက်တော့ သက်ထားကို တွေ့လိုက်ရလေသည်။ သူလည်း ဒီနေ့ ကျောင်းစောစောလာသည့် ထင်သည်။ သက်ထားကတော့ မပော့်ကို တွေ့သည်နှင့် ဝမ်းသာအားရ ဆီးကြိုလေသည်။

"မပော် ... ဒီနေ့တယ်စောပါလား"

"အို ... ဒီစကားကို မပော်က ပြောရမှာပါနော်၊ သက်ထား လည်း တယ်စောပါလား။ အိမ်မှာ ဘယ်သူနဲ့ ရန်ဖြစ်လာလို့လဲ"

မပော်စကားကြောင့် သက်ထား ရယ်လေသည်။ သက်ထားက သူ့မိသားစုထဲက တစ်ယောက်ယောက်နဲ့ စိတ်ဆိုးပြီဆို ကျောင်းကို အမြဲစောလာတတ်တာ သူ့မအကျင့်လေ။

"အပေါ်း ... ထုံးစံအတိုင်းပေါ့ဟာ ... ငါ့အစ်ကိုကြီးနဲ့"

မပော် ပြုံးလိုက်ရင်း ထီးကိုရေခါစ်ကာ အခန်းထောင့်တွင် သွားလှန်းထားလိုက်လေသည်။

"အဟား ... ပြောပါဦး မယ်မင်းကြီးမရယ် ... ဘယ်လိုဖြစ် ရပြန်တာတုံး"

မပော့်စကားကို ပြန်မပြောနိုင်သေးဘဲ သက်ထားက စားပွဲပေါ် တွင်ရှိသော စားပွဲမှယန်းအိုးလေးကို သေချာပြန်ပြင်ထိုးလေသည်။ ပြီးမှ ...

"ဘာရယ် မဟုတ်ပါဘူးဟာ ... လိုက်စနေလို့ ငါနဲ့ရန်ဖြစ်တာ"

www.burmeseclassic.com

www.burmeseclassic.com



"သက်ထားရယ် . . . နင်က ကလေးလည်း မဟုတ်တော့ဘူး။ အခုထိ စိတ်ကောက်တုန်းလား။ ငါသိသလောက်တော့ နင့်အစ်ကိုတွေက နင့်ကို တော်တော်ချစ်ပါတယ်"

"ချစ်တာတော့ ချစ်ပါတယ်ဟယ် . . . ဒါပေမဲ့ အားအားရှိ ငါ့ကို ယောကျ်ားမယူသေးတာတဲ့ လာလာစနေတယ်"

"ဟ ဟား . . . ဒါနဲ့ နင် အနာဂါတ်ကျ ဖြစ်သွားတယ်ပေါ့ . . . ဟုတ်လား"

မဟော့်အပြောကြောင့် သက်ထား နှာခေါင်းရှုံ့လိုက်ရင်း . . .

"အောင်မယ် . . . မိန်းမ . . . နင်နဲ့ငါ ဘာထူးလဲ။ ဘာမှလာပြီး တစ်လုံးပိုမရှုချင်နဲ့"

"မရှုပါဘူးနော် . . . နိုကာနုံနဲ့"

မဟော်က ပြောင်စပ်စပ်ပုံစံလေးနှင့်ပြောလိုက်လေသည်။

"ဟား ဟား . . . အေးပေါ့ဟာ၊ နင်က အခု ပြောင်းလဲချင် ပြောင်းလဲနေမှာဆိုတော့ ရှိစေတော့ ရှိစေတော့"

"ဟိတ် မိန်းမ . . . ဘာမှပြောင်းလဲစရာ မရှိဘူးနော်၊ အရင်က လည်း မဟော်ပဲ၊ အခုလည်း မဟော်ပဲ . . . ဘာမှမပြောင်းလဲဘူး"

"ဟုတ်ရဲ့လားကွယ် . . . တို့မြင်နေတာတော့ တစ်စုံတစ်ဦးကြောင့် တစ်စုံတစ်ယောက်ပြောင်းလဲသွားတာ နှတ်ရေကန်ထဲ တွန်းချလိုက်သလိုပဲနော်"



"နတ်ရေကန်ထဲ တွန်းချလိုက်တယ်ဆိုတာက ချက်ချင်း နိမ့်ရာကနေ မြင့်ရာကိုရောက်သွားတာ၊ ဆင်းရဲတာကနေ ချမ်းသာလာတာမျိုးကို ပြောကြတာ၊ အခုက သူက ချမ်းသာနေရာကနေ ဆင်းရဲသွားတာလေ . . . နင့် စကားပုံနဲ့ မကိုက်ဘူး"

"ထားပါဟယ် . . . ကိုက်,မကိုက်တော့မသိဘူး။ အခု အရေးကြီးတာ နင့်ကိုပြောရဦးမယ် . . . သိလား"

သက်ထားစကားကြောင့် မဟော် မေးလေးတစ်ချက်ငေါ့လိုက်ရင်း ဘာလဲဆိုသည့်ပုံစံလေးနှင့် မေးလိုက်လေသည်။

"နင်တို့အိမ်မှာရောက်နေတဲ့ နိုင်းဘယ်သူ"

"နိုင်းမခ . . . အင်း ဘာဖြစ်လဲ"

"အေး . . . သူ့ကို မနေ့က ကမ်းနားမှာ ကုန်ထမ်းနေတာ တွေ့ခဲ့တယ်တဲ့"

"ဟာ . . . မဖြစ်နိုင်တာ၊ သူလား အဲဒီအလုပ်မျိုး လုပ်မှာ"

မဟော်က ချက်ချင်းဆိုသလို ငြင်းလိုက်လေသည်။ နိုင်းလို နုနယ်တဲ့သူဌေးသားက ကုန်ထမ်းတဲ့အလုပ်တော့ ဘယ်နည်းနဲ့မှ မလုပ်နိုင်တာသေချာသည်၊ ပြီးတော့ အခုဆို စက်ရုံမှာလည်း အလုပ်လုပ်နေတာဆိုတော့ ပိုတောင်မလုပ်သေးတယ်။

www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး မပေါ် ... ငါ နောက်နေတာမဟုတ်ဘူး ... ငါ့အစ်ကို ပြောပြတာ၊ ပြဿနာစဖြစ်တာက အဲဒီက စတာ၊ သူတို့က ပြောတယ် ... မပေါ်တို့များ ဘယ်ခေတ်ခေတ်လဲတဲ့၊ သူတို့အိမ်ကို ရောက်နေတဲ့ သူဌေးသားကိုတောင် ကုန်ထမ်းချင်စိတ်ပေါက်အောင် လုပ်နိုင်းနိုင်တယ်တဲ့၊ နှင့်များ ဒီအချိန်ထိ ဘယ်သူမှ ကြိုက်မယ့်လူ မရှိဘူးဆိုပြီး ရကြတာ"

"ဪ ... ဒါက နင့်ကိုတမင်မခံချင်အောင် စတာနေမှာပါဟာ"

"မဟုတ်ဘူး မပေါ်ရဲ့ ... ငါ့အစ်ကိုက သေချာပြောပြတာ သူက သူ့ကောင်မလေးစိတ်ကောက်နေလို့ ကောင်မလေးကို တစ်ခုခု ဝယ်ပေးပြီးချော့ချင်လို့ ပိုက်ဆံသိုလို့ အလုပ်လာလုပ်တာတဲ့"

မပေါ့်မျက်ဝန်းထဲ နာရီလေးကိုကိုင်ပြီး မပေါ့်ကိုငေးကြည့်နေသော နှိုင်းရဲ့ပုံရိပ်တွေကို တွေ့လိုက်ရလေသည်။ ဒါဆို ... နှိုင်းက မပေါ့်ကိုဝယ်ပေးချင်လို့ ဒီအလုပ်တွေတောင် လုပ်ခဲ့တယ်ပေါ့။ မပေါ့် ရင်ထဲ နှိုင်းကို အရမ်းအားနာ၊ သနားသွားမိလေသည်။

မပေါ်ကတော့ နှိုင်းစေတနာတွေကို နားမလည်ဘဲ မာနတွေကြီးပြီး ရက်ရက်စက်စက်ပြောဆိုမိသမျှကို တစ်ခွန်းမှပြန်မပြောဘဲ ငုံခံနေသော နှိုင်းပုံရိပ်လေးများက မပေါ့်မျက်ဝန်းထဲ ရုပ်ရှင်ရိုက်ပြ



သလို တစ်ခုချင်းစီ ပြန်ပေါ်လာလေသည်။

"နှိုင်းရယ်"

မပေါ် မျက်ရည်များဝဲလာရင်း တိုးတိုးလေး နှိုင်းနာမည်လေးကို ရင်ထဲမှာ ခေါ်လိုက်မိလေသည်။ နှိုင်းအချစ်တွေ အဲဒီလို လေးနက်လိမ့်မည်လို့ မပေါ်ထင်မထားခဲ့၊ အနေနီးစပ်လို့သာ မပေါ့်ကို စိတ်လှုပ်ရှားခဲ့တာလို့သာ ထင်ထားခဲ့တာ။ မနက်ကလည်း ဒါကြောင့် ရှပ်ကျယ်ဝတ်ထားတဲ့ မပေါ်ရဲ့ပခုံးတွေမှာ အသားနီတွေ လန်နေတဲ့အနာတွေကို တွေ့ခဲ့တာပေါ့။

မပေါ့်ရင်ထဲ ပြောမပြတတ်လောက်အောင်ကို ခံစားလိုက်ရလေသည်။ ဒီခံစားမှုကို မပေါ်ကိုယ်တိုင်တောင် ပြန်အဖြေမထုတ်တတ်။

နာရီလေးကိုကိုင်ပြီး ကြေကွဲစွာကျန်ခဲ့သည့် နှိုင်းကို မြင်ယောင်မိတော့ မပေါ်ရဲ့ ဘယ်ဘက်ရင်အုံတစ်ခုလုံး လှုပ်ခါသွားလေသည်။ ငေးမောငြိမ်သက်သွားသော မပေါ့်ကိုကြည့်ရင်း သက်ထား လှုပ်ခေါ်လိုက်လေသည်။

"ဟဲ့ ... အသက်ကော ရှိသေးရဲ့လား။ ကျောက်ရုပ်ကြီးလိုပဲ ငြိမ်သွားလိုက်တာ"

"သက်ထား ... ငါမှားပြီလား မသိဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုလဲ မပေါ်"

မပေါ်ရဲ့ အစီအစဉ်မကျတဲ့ စကားတွေကို သက်ထား ရုတ်တရက် နားမလည်လိုက်ပေ။

"ဒီလိုဟာ ... မနေ့က သူ ငါ့ကို နှင်းဆီလေးလက်ဆောင်လာပေးတယ်၊ သူက ငါ သူ့အပေါ် ချက်ပြုတ်ကျွေးမွေးရလို့ ပြန်ပြီး လက်ဆောင်ပေးတာပါဆိုတော့ ငါ့စိတ်ထဲ ငါ့စေတနာတွေကို တန်ဖိုးဖြတ်တယ်ဆိုပြီး သူ့ကိုငါ ဆူလိုက်မိတယ်"

"နင်ပြောတော့ သူကရော နင့်ကို ဘာမှပြန်မရှင်းပြဘူးလား"

"ဟင့်အင်း ... သူ ငါပြောသမျှကို ငုံ့ခံပြီး ငါ့ကိုပြန်တောင်းပန်ခဲ့တယ်"

"သြော် ... ဒုက္ခပါပဲ မပေါ်ရယ်၊ သူ့မှာတော့ နင့်အတွက်ဆိုပြီး အပင်ပန်းခံပြီး ကြိုးစားလိုက်ရတာ၊ နင်ကတော့ ကျေးဇူးမတင်တဲ့အပြင် ပြန်တောင်အော်လိုက်သေးတယ်ဆိုတော့ သူသနားပါတယ်ဟာ"

သက်ထားရဲ့ သနားပါတယ်ဆိုတဲ့စကားက မပေါ့်နှလုံးသားထဲ ပဲ့တင်ထပ်သွားလေသည်။ မပေါ် တကယ်ပဲ လွန်သွားပြီလား။ သက်ထားပြောသလို မပေါ် ... သူ့စေတနာတွေကို အသိအမှတ်မပြုရုံတင်မကဘဲ စော်ပါစော်ကားခဲ့တာပါ။ မပေါ့်လက်ထဲကိုင်ထားသည့် ဘောလ်ပင်လေးပင် တဆတ်ဆတ်တုန်လာသည်အထိ ရင်ထဲလှိုက်ဖို ဝမ်းနည်းလာမိလေသည်။



တကယ်တော့ မပေါ်ရဲ့ သံသယတွေ၊ မာနတွေကြောင့် သူ့အချစ်တွေကို မပေါ် မမြင်နိုင်ခဲ့တာပါ။ မပေါ်မကြိုက်တာမှန်သမျှ အားလုံးကိုစွန့်လွှတ်ခဲ့သည့် နှိုင်းကို မပေါ် အသိအမှတ်ပြုတောင်မပြုခဲ့တာ။ နှိုင်းရဲ့ ဒူးထောက်ခယနေတဲ့ အကြည့်တွေကိုလည်း မပေါ် အမြဲ ဥပေက္ခာပြုခဲ့တာပါ။ အခုလို မပေါ်ကြားလိုက်ရတဲ့အချိန်မှာတော့ မပေါ့်ရင်ထဲ နှိုင်းကို အတိုင်းမသိ သနားသွားမိလေသည်။

ကျောင်းဆိုင်းနီးလာသဖြင့် ကလေးတွေကတော့ တဖွဲဖွဲရောက်လာလေသည်။ သက်ထားလည်း ကလေးတွေရောက်ပြီဖြစ်သဖြင့် မပေါ်နဲ့အတူ ထိုင်မနေအားတော့ဘဲ သူ့အခန်းပြန်သွားကာ လုပ်စရာရှိသည်များကို ဆက်လုပ်ခဲ့ကြလေသည်။ တစ်နေ့လုံးလည်း မကြာခဏဆိုသလို နှိုင်းရဲ့ တောင်းပန်တဲ့အကြည့်လေးတွေကသာ ပြန်လည်ပေါ်လာပြီး အိမ်ကိုသာ အပြေးပြန်ချင်နေမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၀)

မပေဟ် ကျောင်းကပြန်ရောက်သည်နှင့် အိမ်ရှေ့ဖိနပ်ချွတ်လေး တွင်ထိုင်နေသော နှိုင်းကိုတွေ့လိုက်လေသည်။ နှိုင်းက မပေဟ့်ကိုမမြင် ဘဲ အောက်ကမြေပြင်ကိုသာ ငေးကြည့်နေလေသည်။ မပေဟ် ခြေသံ ကိုဖွဖွနင်းရင်း နှိုင်းအနီးသို့ တိတ်တိတ်လေးလျှောက်လှမ်းသွားလေ သည်။

"ကျောင်းက ပြန်ရောက်ပြီလား မပေဟ်"

နှိုင်းက ခေါင်းမော့မကြည့်ဘဲ ပြောလိုက်လေသည်။ မပေဟ်က တော့ နှိုင်းစကားကြောင့် မျက်လုံးလေးများပြူးသွားရင်း အံ့ဩသွား လေသည်။ မပေဟ် ခြိုထိပ်ထဲကကြည့်နေတာပါ နှိုင်းက တစ်ချက်လေး တောင် မပေဟ်ရောက်နေတာ မသိခဲ့ပါဘူး။



အခုတော့ ဘယ်လိုများ သိသွားပါလိမ့်။

နှိုင်းက မပေဟ်ဘာမှပြန်မပြောသဖြင့် ခေါင်းမော့ကြည့်လိုက် ...

"ဘာလဲ မပေဟ် ... ဘယ်လိုသိသွားပါလိမ့်ဆိုပြီး အံ့ဩနေ ...လား"

မပေဟ်ခေါင်းညိတ်ပြလိုက်ရင်း နှိုင်းဘေးနားတွင် ဝင်ထိုင်လိုက် ...သည်။

"ဟုတ်တယ်လေ ... မပေဟ် စဝင်လာကတည်းက ကြည့်နေ ... နှိုင်းက အောက်ကိုပဲ ငုံ့ကြည့်နေတာပါ။ မပေဟ်ဝင်လာတာလည်း ...ဘဲနဲ့ ဘယ်လိုများ သိသွားပါလိမ့်လို့ပေါ့"

နှိုင်းပြုံးလိုက်ရင်း မပေဟ့်မျက်နှာလေးကို ငေးကြည့်လိုက်လေ ...။ ဘယ်အချိန်ကြည့်ကြည့် အရမ်းချစ်စရာကောင်းနေသော ...လေးမလေးကတော့ နှိုင်းအချစ်တွေကို ဘယ်ခန့်မှန်းနိုင်လိမ့်မလဲ။

"မပေဟ့် ကိုယ်သင်းရနံ့လေးပေါ့။ အဲဒီအနံ့လေးကို ဟိုးတစ်ခါ ...တွေ့ခဲ့တဲ့ညကတည်းက ကိုယ် အလွတ်ရခဲ့တာပါ"

နှိုင်းစကားကြောင့် မပေဟ် အဲဒီနေ့ကအဖြစ်အပျက်ကို ပြန်လည် ...ယာင်လိုက်ရင်း မျက်နှာလေး တွတ်တွတ်နီရဲသွားလေသည်။

နှိုင်းနဲ့ ထိုနေ့က အရမ်းကို နီးနီးကပ်ကပ်ရှိသွားခဲ့ပြီး နှိုင်းရင်

www.burmeseclassic.com

www.burmeseclassic.com



ခွင်ထဲ မပော်ရောက်နေသည့် အဖြစ်လေးကိုသည်း မပော်သတိ… လိုက်လေသည်။

"ဟာ ... နှိုင်းကလည်း ဘာတွေလာပြောနေမှန်း မသိဘူး"

"နှိုင်း လျှောက်ပြောနေတာမဟုတ်ဘူး မပော်၊ နှိုင်း အဲဒီနေ… တည်းက စပြီး မပော့်ကိုယ်သင်းရနံ့လေးနဲ့ မပော့်ကို ဘယ်လို… မေ့မရတော့တာ"

"ကဲပါ ... တော်ပါတော့"

နှိုင်းက အရမ်းရှက်နေသော ကောင်မလေးကို ကြည့်ရ… မချင့်မရဲနှင့် အချစ်ပိုမိလေသည်။ ဖြစ်နိုင်ရင် ကောင်မလေးကို ရင်… ထဲတွင် ခပ်တင်းတင်းလေး ပွေ့ဖက်ထားချင်သည်။ ပါးပြင်မို့မို့လေး… ရှက်သွေးလေးနဲ့ ရဲနေပုံကလည်း အရမ်းကိုချစ်ဖို့ကောင်းလေသ… မျက်လွှာလေးကို ချထားသဖြင့် ကော့ညွတ်သော မျက်တောင်ရှည်… များကလည်း အသည်းယားစဖွယ်။ နှိုင်းကတော့ မပော့်မျက်နှာ… ကို တစ်ခုချင်းအသေးစိတ်ကြည့်ရင်း ရင်ခုန်သံတွေ ပိုမိုမြန်ဆန်… မိလေသည်။

ဘာစကားမှမပြောဘဲ ငြိမ်သက်နေသောကြောင့် မပော်… မော့ကြည့်လိုက်တော့ မပော့်ကို ရီရီဝေဝေ မျက်ဝန်းလေးမျ… ငေးစိုက်ကြည့်နေသော နှိုင်းကို တွေ့လိုက်ရလေသည်။



အို ... မပော့်ရင်ထဲ အေးခနဲ စိမ့်သွားလေသည်။ နှိုင်းအ… ကြည့်တွေက အရမ်းကို အသက်ဝင်လွန်းလှလေသည်။ ရွှန်းလဲ့နေ… သော နှိုင်းအကြည့်တွေက စကားပေါင်းမြောက်မြားစွာကို မပော့်ရင်… သို့ အဓိပ္ပါယ်ပြောကြားနေလေသည်။

မပော် လက်ဖျားခြေဖျားလေးများ အေးစက်လာလေသည်။ …ယောကျ်ားလေးတော်တော်များများရဲ့ ချစ်ရေးဆိုမှုတွေကို အကြိမ်ကြိမ် …ဖူးခဲ့သော်လည်း အခုလိုမျိုး တစ်ခါမှ မဖြစ်ဖူးခဲ့။ တစ်ချိန်တုန်းက …ခဲ့ဖူးသော ချစ်သူနဲ့တုန်းကတောင် အခုလိုမျိုး မပော်ရင်တွေ …ပြီးပတာ ခုန်ခဲ့ဖူးတာမဟုတ်။ အခုတော့ ...။

မပော် ခေါင်းလေးမော့လိုက်တာ ...

"နှိုင်း ... ရှင် မနေ့ကပေးတဲ့နာရီလေး ရှိသေးလား"

နှိုင်း ဘောင်းဘီအိတ်ထဲမှ နာရီလေးကို ထုတ်ရင်း ...

"သူ့သခင်မလေးကမှ သူ့ကို မလိုချင်ဘဲ ... သူက ကိုယ့်ဆီ …ပဲ သောင်တင်နေရတာပေါ့"

နှိုင်းအပြောကြောင့် မပော် ပြုံးလိုက်လေသည်။ နှိုင်းကတော့ …နာရီလေးကို ကြေကွဲရိပ်တွေနှင့် ငေးကြည့်နေလေသည်။

"ဒီလိုဆိုနာရီလေးက သနားစရာလေးပေါ့ ... ဟုတ်လား"

မပော့်က ခေါင်းလေးကိုငဲ့စောင်းကြည့်ရင်း ချစ်စဖွယ်လေး

www.burmeseclassic.com

www.burmeseclassic.com



မေးလိုက်လေသည်။ နှိုင်းကတော့ ကျောင်းစိမ်းဝတ်စုံလေးနှင့် အရမ်းကိုကျက်သရေရှိစွာ လှပနေသောချစ်သူလေးကို မျက်တောင်မခတ်တမ်း ငေးစိုက်ကြည့်နေရာ မှ ...

"ဒါပေါ့ဗျာ ... နာရီလေးရော, ဆရာမလေးကို ချစ်နေတဲ့ ကောင်လေးတစ်ယောက်ရော ဘယ်လောက်သနားဖို့ကောင်းလဲ"

နှိုင်းရဲ့ ပိုပိုကဲကဲစကားကြောင့် မပော် ကိုယ်လေးတစ်ချက်တွန့်ရင်း ရယ်လိုက်လေသည်။

"ဟွန်း ... မပော်ကတော့ နာရီလေးပဲ သနားတယ်"

"တကယ်သနားရင် ဒီနာရီလေးကို မပော် လက်ခံပေးပါဗျာ၊ မပော်ပြောသလို မပော့်စေတနာတွေကို စော်ကားချင်လို့ နှိုင်း"

မပော် နှုတ်ခမ်းလေးပေါ် လက်ညှိုးလေး 'ရှူး' ဆိုသည့်ပုံလေး တင်ပြလိုက်ရင်း ...

"ကဲပါ နှိုင်းရယ် ... မပော် အားလုံးနားလည်ပါတယ်၊ မပော်လည်း နှိုင်းကို တောင်းပန်ပါတယ် ... နှိုင်းရဲ့ ရိုးသားတဲ့စေတနာတွေကို မပော်လည်း စော်ကားမိသလိုဖြစ်ခဲ့လို့ မပော့်ကို ပြန်ပြီးခွင့်လွှတ်ပေးပါနော်"

"မပော်ရယ်"

မပော့်နာမည်လေးကို နှိုင်း ချစ်မြတ်နိုးစွာ ရွတ်ဆိုလိုက်မိသည်။ ဘယ်လောက်ချစ်ဖို့ကောင်းတဲ့ ကောင်မလေးလဲ၊ သူမ အမှားကို သူမ,သိပါက တစ်ဖက်လူကိုလည်း ပြန်ပြီးတောင်းပန်တတ်လေသည်။

"နှိုင်း ဘယ်တုန်းကမှ မပော့်ကို အပြစ်မမြင်ခဲ့ပါဘူး၊ အခုလည်း မမြင်ဘူး၊ နောင်လည်း ဘယ်တော့မှမြင်မှာမဟုတ်ဘူး၊ မပော့်ကို နှိုင်းချစ်တဲ့အချစ်တွေက သူများတွေလို အပေါ်ယံ ပေါ့ပျက်ပျက်ချစ်ခဲ့တဲ့ အချစ်တွေ မဟုတ်ပါဘူး မပော်ရယ်၊ မပော့်ကို ချစ်လွန်းလို့, မပော် မကြိုက်တာအားလုံးကို စွန့်လွှတ်ပြီး မပော်စိတ်တိုင်းကျဖြစ်ဖို့ ကြိုးစားနေတဲ့သူပါကွာ၊ အခုလို မပော် ကိုယ့်အပေါ်နားလည်ပေးတာ ကိုယ်အရမ်းကျေနပ်တာပဲ၊ ကိုယ်လေ ပြောမပြတတ်အောင်ပျော်တယ် မပော်ရာ"

မပော် ပြုံးလိုက်လေသည်။ အရမ်းကို ပျော်ရွှင်ပြုံးပျော်နေသော နှိုင်းအပျော်တွေကလည်း မပော့်ထံကိုပါ ပြန်ပြီးကူးစက်လာလေသည်။ မပော်လည်း နှိုင်းကိုကြည့်ပြီး ပျော်ရွှင်လာမိလေသည်။

"မပော် ... ဒါဆို ဒီနာရီလေးကို လက်ခံပါနော်"

မပော် ခေါင်းညိတ်လိုက်လေသည်။ မပော် ခေါင်းညိတ်ပြလိုက်တော့ နှိုင်းတစ်ယောက် သိန်းထီပေါက်တဲ့လူလို ဟေး ဆိုပြီး ခုန်ကာ ပျော်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဝတ်ပေးမယ်နော်"

မပော် ဘယ်ဘက်လက်လေးကို ဆန့်တန်းပေးလိုက်လေ သည်။ နှင်းက နာရီလေးကို မပော့်လက်တွင် ဝတ်ပေးလိုက်ရ ကြည်နူးမဆုံးဖြစ်မိလေသည်။

"လှလိုက်တာ မပော်ရယ် ... မပော်နဲ့ အရမ်းလိုက်ဘာ ကျွန်တော် ဒီနာရီလေးကို စမြင်ကတည်းက မပော်နဲ့ အရမ်းလိုက်မှ ပဲလို့ တွက်ပြီးသား၊ ဒါကြောင့် ဒါလေးကိုပဲ မရမက ဝယ်ခဲ့တာ"

မပော်က လက်က နာရီလေးကို လက်တစ်ဖက်နှင့် အသာ ကြည့်လိုက်ရင်း ...

"နှင်းကိုလည်း မပော် ကတိတစ်ခုပြန်တောင်းဖို့ရှိတာ နောက်ဆိုရင် မပော်မသိဘဲ ဘာအလုပ်မှ မလုပ်ပါနဲ့ ပြီးတော့ အခုလိုမျိုး ကုန်ထမ်းတဲ့အလုပ်မျိုးကို နှင်း ဘယ်တော့မှ ထပ်မလုပ် ဘူးလို့ မပော့်ကို ကတိပေး"

မပော့်အပြောကြောင့် နှင်း ပါးစပ်အဟောင်းသား ဖြစ်သွား လေသည်။

"ဟင် ... မပော် ဘယ် ... ဘယ်လိုသိလဲ"

"နှင်းရယ် ... ဒီရွာလေးက သေးသေးလေးပါ၊ နှင်း ဘယ် သွားတယ်, ဘာလုပ်တယ်ဆိုတာ ချက်ချင်းပြန်သိနိုင်တာပဲ၊ ဒီတော့



နောက်ဆို ဘာအကြောင်းကိစ္စပဲရှိရှိ မပော့်စကားကို နှင်းနားထောင်ရ မယ်၊ ဘယ်လိုလဲ ... ကတိပေးလား"

မပော် မျက်စလေးပစ်ကာမေးလိုက်တော့ နှင်း စဉ်းစားစရာ တောင်မလိုဘဲ ခေါင်း အလိုလိုညိတ်မိလိုက်လေသည်။ မှားတာ၊ မှန်တာ စဉ်းစားဖို့ထက် မပော်စိတ်တိုင်းကျဖို့က နှင်းအတွက် ပိုပြီး အရေးကြီးလေသည်။

မပော်နဲ့နှင်းတို့ စကားပြောနေတုန်း ခြံဝတွင် ဖေဖေနဲ့မောင် လေးကို တွေ့လိုက်ရလေသည်။

"သမီး အခုမှ ပြန်ရောက်လား"

မပော် ထိုင်နေရာမှ ထရပ်လိုက်ရင်း ...

"ဟုတ်ကဲ့ ဖေဖေ ... အခုလေးတင် ပြန်ရောက်လို့ သမီး ဟာ နှင်းနဲ့ခဏစကားထိုင်ပြောနေတာ"

မပော် ဖေဖေ့ကိုတွဲလိုက်ကာ အိမ်ထဲသို့ ဝင်လာခဲ့လေသည်။ နှင်းက မောင့်နဲ့စကားပြောရင်း နောက်က ဝင်လာကြလေသည်။

"ဖေဖေနဲ့ မောင်လေးက ဘယ်တွေသွားနေကြတာလဲ"

"မနက်ဖြန် ရွာဦးကျောင်းမှာ အလှူရှိတယ်လေ၊ ဒီတော့ ပုံအပ်တာလေးတွေ သွားကူဖို့အတွက် ဘုန်းဘုန်းကို သွားလျှောက်ကြ တာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လားဖေဖေ . . . ဒါဆို ဒီည ရွာကလူငယ်တွေ သွား
ဝိုင်းချက်ပြုတ်ကြမှာပေါ့"

"ဟုတ်တယ် မမရ . . . ခထာနေ ကျွန်တော်တို့ သွားကြ
လေ"

"အင်း . . . သွားကြတာပေါ့၊ ဒါဆို မမ ရေချိုး သွားချိုး
ဦးမယ်"

မပော် ရေမြန်မြန်ချိုးလိုက်လေသည်။ ပြီးနောက် တစ်ခါ
လုံး ထမင်းကျွေးပြီသည်နှင့် မပော်နဲ့ မောင်လေး ရွာဦးဘုန်း
ကျောင်းသို့သွားရန် ထွက်ခဲ့လေသည်။

"နှိုင်းလည်း လိုက်မယ်"

ခြံဝတွင် နှိုင်းကပါ လိုက်ရန်စောင့်နေသဖြင့် မပော်တို့
သွားမိလေသည်။

"မပော်တို့က ဟိုမှာသွားကူလုပ်ပေးမှာ နှိုင်းရဲ့"

"ဟုတ်တယ် အစ်ကို . . . ကျွန်တော်တို့က ဟိုမှာပဲ ပိုး
ပေါက် နေကြမှာ"

"ရပါတယ် . . . အစ်ကိုလည်း လိုက်လုပ်ပေးတော့ ကူ
တာပေါ့၊ ဒါမှ နောင်ဘဝပါ ရေစက်ဆုံရမှာ"

နှိုင်းရဲ့ ဘာလိုလိုစကားကြောင့် မပော် မျက်စောင်း



လိုက်ရင်း ပြုံးလိုက်မိလေသည်။ မောင်လေးကတော့ ဘာကိုဆို
လိုသည်ဆိုတာကို နားမလည်ဘဲ . . .

"ကောင်းတာပေါ့ဗျာ . . . အစ်ကိုလည်း ကုသိုလ်ရတာပေါ့၊
ကုသိုလ်တွေရပြီး အခုလို ပင်ပန်းဆင်းရဲ ဆက်ခံနေစရာမလိုတော့ဘဲ
အစ်ကို့ဖေဖေ မြန်မြန်စီတ်ဆိုးပြေသွားတာပေါ့"

နှိုင်းက မောင့်စကားကြောင့် ပြုံးလိုက်ရင်း မပော့်ကို ဘယ်လို
လဲဆိုသည့်သဘောနှင့် မျက်စပစ်ပြလိုက်လေသည်။ မပော်ကတော့
မောင်လေးမသိအောင် နှာခေါင်းရှုံ့ပြရင်း ပြုံးလိုက်လေသည်။

မပော်တို့ လမ်းတစ်လျှောက်လည်း တစ်ယောက်တစ်ပေါက်
စရင်း ဘုန်းကြီးကျောင်းဆီသို့ ထွက်ခဲ့လေသည်။ နှိုင်းရဲ့ မကြာခဏ
ဆိုသလို ခိုးခိုးကြည့်သည့် အကြည့်သူခိုးလေးကိုလည်း မပော် မသိ
ကျိုးကျွန်ပြုထားရင်း တစ်ယောက်တည်း ပြုံးလိုက်မိလေသည်။
မပော်တို့ ရွာဦးကျောင်းကိုရောက်တော့ ရွာထဲက လူငယ်တော်တော်
များများပင် ရောက်နေကြလေသည်။

"ဟယ် . . . ဆရာမလေးတို့ လာပြီ"

ရွာထဲက ကောင်မလေးများက မပော့်ကိုတွေ့သည်နှင့် ဆီးကြို
ကြလေသည်။ မပော်ကလည်း အားလုံးကို ပြန်ပြုံးပြရင်း 'သက်ထား'
ကိုလှမ်းတွေ့သဖြင့် သက်ထားရှိရာဆီသို့ လျှောက်သွားလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ နှိုင်းကတော့ မောင့်နဲ့လိုက်သွားရင်း ယောက်ျားလေးများအလုပ် ဖြစ်သည့် ထင်းခွဲသည့်အလုပ်နှင့် ရေခပ်သည့်အလုပ်များများကို သွားကူ လုပ်လေသည်။

သက်ထားက ကြက်သွန်နီနွှာနေသဖြင့် မပော်လည်း ခေါ လေးတစ်ချောင်းကို ယူကာ သက်ထားဘေးနားထိုင်ကာ ကူပြီး ကြက် သွန်နွှာပေးလိုက်လေသည်။ ကျန်တဲ့လူတွေကလည်း ကြက်သွန်ပါးပါး လှီးသူလှီး၊ အသားငါး ကိုင်သူကကိုင်၊ ထုထောင်းသူက ထုထောင်း၊ ပန်းကန်ခွက်ယောက်တွေ ဆေးကြောသူကဆေးကြောနှင့် အလုပ် တွေကို ပြောစရာမလိုဘဲ ဝိုင်းကူလုပ်ကြလေသည်။

ယောက်ျားလေးတွေကတော့ ဟင်းအိုးမွှေသူကမွှေ၊ ဘုန်းကြီး ကျောင်းသန့်ရှင်းရေးလုပ်သူကလုပ်၊ မနက်အတွက် အခမ်းအနားပြ သူကပြင်နှင့် သူတို့လည်း သူတို့တတ်နိုင်သမျှကို ဝိုင်းကူလုပ်ပေးကြ လေသည်။ နှိုင်းကို မပော်လှမ်းကြည့်လိုက်တော့ ကာလသားများနှင့် အတူ ဒန်အိုးတွေကို ဆေးကြောနေသည်ကိုတွေ့ရသဖြင့် မပော် ကျိတ်ပြုံးလိုက်မိလေသည်။ အခုဆို နှိုင်းက အားလုံးနှင့်ပေါင်းသင်း ဆက်ဆံနိုင်သည့် အရည်အချင်းများ ရှိနေလေသည်။

မပော်ကြည့်နေတုန်း နှိုင်းက ပြန်အကြည့်နှင့် ကြုံလိုက်မိလေ သဖြင့် မပော်ရှက်သွားမိလေသည်။ နှိုင်းကတော့ မပော် လုံ



ကြည့်နေတာကိုတွေ့တော့ ကျေနပ်သွားသဖြင့် မျက်လုံးတစ်ဖက်ကို မှိတ်ပြလိုက်လေသည်။ မပော် ရှက်ရှက်နှင့် အောက်နှုတ်ခမ်းလေးကို အပေါ်သွားလေးနှင့် ဖိကိုက်လိုက်မိလေသည်။

''ဟော့ . . . အောင်မလေး ကြည့်နေကြတာများ ကြားထဲက ငါတောင် ရင်ခုန်လာပြီ''

သက်ထားက မပော့်နားနားကပ်ကာ တိုးတိုးလေး စလေ သည်။ မပော် ရှက်ရှက်နှင့် သက်ထားခါးကို ဆွဲလိမ်လိုက်မိလေ သည်။ နှိုင်းကတော့ အဝေးကနေ သက်ထားနှင့် မပော့်အဖြစ်အပျက် လေးကိုကြည့်ရင်း ကြည်နူးစွာပြုံးလိုက်မိလေသည်။ ကြည့်ရတာ မပော့်သူငယ်ချင်းက စလိုက်သည်ထင်သည် . . . မပော့်မျက်နှာ ရှက်သွေးလေးများရဲကာ ခေါင်းငုံ့သွားပုံလေးက နှိုင်း အရမ်းကို ပို ချစ်သွားစေလေသည်။ နှိုင်းအတွက်တော့ မပော်က တစ်နေ့ထက် တစ်နေ့ ပိုချစ်ရလေသည်။ မပော့်နားမှာ နေနေရရင်ကို နှိုင်း အလိုလို ရင်ခုန်သံတွေမြန်လာစေသည်။ မပော့်အသံကြားလိုက်တာနဲ့တင် နှိုင်း အလိုလို ပျော်ရွှင်စေပါသည်။

''သက်ထားနော် . . . လျှောက်ပြောမနေနဲ့ . . . ဟိုမှာ တခြားလူ တွေ ရှိတယ်''

သက်ထားကြားနိုင်ရုံလေး မပော် တိုးတိုးလေးပြောလိုက်လေ

www.burmeseclassic.com

www.burmeseclassic.com



သည်။ သက်ထားကတော့ မပော် ဘယ်လောက်ပြောပြော ဆက်စ,ပြ စလေသည်။

"နင်ကလည်း ဘယ်သူမှမကြားပါဘူးဟာ ... သူတို့လည်း သူတို့အာရုံနဲ့ သူတို့ပါ"

သက်ထားပြောလို့ မပော် ပတ်ဝန်းကျင်လို့ လှည့်ကြည့်လိုက် အားလုံးကလည်း သူ့အာရုံနဲ့သူ အလုပ်လုပ်နေကြလေသည်။

"ဘယ်လိုလဲ ... နင်တို့နှစ်ယောက်ရဲ့အခြေအနေက ရိုးမှရိုး ရဲ့လား"

သက်ထားရဲ့ ဘွင်းဘွင်းရှင်းရှင်းအမေးကြောင့် မပော် မျက်နှာ ဘယ်နားထားရမှန်းမသိအောင်ကို ရှက်သွားမိလေသည်။

"ဟာ ... နင်ကလည်း ပြောလိုက်ရင် တဲ့တိုးကြီးပဲ"

"သြော် ... နင်နဲ့ငါကြားမှာ လျှို့ဝှက်ထားစရာ ရှိသေးလို့လား"

"သူ ငါ့ကို ချစ်ခွင့်ပန်ထားတယ်"

မပော် မျက်နှာလေးနီနီနှင့် ပြန်ပြောလိုက်လေသည်။ သက် ထားကတော့ ဝမ်းသာအားရပုံစံနှင့် ...

"ဟယ် ... တကယ်ပျော်စရာကြီး"

"သက်ထားရယ် ... ဘာများပျော်စရာရှိလို့လဲ"

"ဟဲ့ ... ပျော်စရာပေါ့ဟ၊ သူလိုသူဌေးသားက ငါ့သူငယ်ချင်း





ကို အခုလို လိုက်လိုက်လှဲလှဲချစ်နေတယ်ဆိုတာ ဘယ်လောက် ဂုဏ်ယူဖို့ကောင်းလဲ"

"ဒါပေမဲ့ ငါ သူ့အချစ်ကို လက်မခံရဲဘူး"

မပော် သက်ပြင်းလေးချကာ ပြောလိုက်လေသည်။

"ဘာလို့လဲ ... နင်က သူ့အချစ်ကို မယုံလို့လား၊ သူ့ကိုကြည့်ရတာ နင့်ကို တကယ်ချစ်တဲ့ပုံပါဟယ်၊ အပျော်ကြံမယ့်ပုံ မပေါ်ပါဘူး"

"အင်းပါဟာ ... ငါသိပါတယ်"

"ဒါဆို နင်က ဘာတွေကိုတွေးပူနေတာလဲ၊ ဘာလဲ ... သူက သူဌေးသား ဖြစ်နေလို့လား၊ သူဌေးသားဖြစ်လည်း ဘာဖြစ်လဲ ... အရေးကြီးတာ နင့်ကိုတကယ်ချစ်ဖို့ပဲ"

"ဟုတ်ပါတယ်ဟာ ... နင်ပြောတာကို ငါနားလည်ပါတယ်၊ ဒါပေမဲ့ နင်စဉ်းစားကြည့်စမ်းပါဦး ... အရင်က ငါ ထားခဲ့ဖူးတဲ့ချစ်သူရဲ့မိဘတွေကတောင် ငါ့ကို သူတို့သားနဲ့ သဘောမတူနိုင်ကြတာ ... သူ့မိဘတွေဆို ပိုဆိုးမှာပေါ့၊ သူတို့က သိပ်ချမ်းသာကြတာ"

"အဲဒါနဲ့ပဲ နင်က သူ့အချစ်ကို ငြင်းဆန်တော့မှာလား၊ ဒါဆို ရင်တော့ နင် မတရားဘူးလို့ ငါထင်တယ်"

မပော် ကြက်သွန်နွှာနေရင်းကနေ မျက်ရည်ဝဲချင်လာလေ သည်။ ဒါက ကြက်သွန်အငွေ့ရိုက်လို့လား၊ ဒါမှမဟုတ် ရင်ထဲကပဲ



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းလာတာလားကိုတော့ မပေဟ် မစဥ်းစားချင်တော့။

"ငါတော့ အခုအချိန်မှာ တရားတယ်, မတရားဘူး ဆိုတာကို စဥ်းစားဖို့အခွင့်အရေး မရှိဘူး သက်ထား"

"ငါမြင်သလောက်ပြောရရင်တော့ နင်လည်း သူ့ကို ချစ်နေပါတယ်ဟာ"

"သက်ထားရယ် . . . အဲဒီစကားတွေကို နှင့်ရင်ထဲမှာပဲ သိမ်းထားပေးပါ၊ နိမ့်ကျတဲ့ ငါ့ဘဝထဲ သူ့ကို ဆွဲမသွင်းရက်ဘူး။ ဖြစ်နိုင်ရင် သူ့ကိုငါ ပြန်စေချင်ပြီ၊ သူ အခုလို ပင်ပင်ပန်းပန်းလာနေရတာကိုလည်း ငါမကြည့်ရက်ဘူး"

"မပေဟ်ရာ . . . တချို့အရာတွေက လူ့မင်ပန်းတာထက် စိတ်ချမ်းသာဖို့က ပိုပြီးအရေးကြီးပါတယ်၊ ဟိုမှာကြည့်စမ်း နိုင်းကို . . . သူ ဘယ်လောက်ပျော်နေလဲ"

သက်ထားညွှန်ပြလို့ မပေဟ် လှမ်းကြည့်လိုက်တော့ ရွာထဲက လူငယ်တွေနဲ့ အဖွဲ့ကျကာ တအုန်းအုန်းရယ်နေသော နိုင်းကို မပေဟ် လှမ်းတွေ့ရလေသည်

"သက်ထား . . . နင်ပဲ သေချာစဥ်းစားကြည့်ပါဦး . . . တကယ်လို့များ နင့်မှာ ငွေတွေအများကြီးရှိမယ်ဆို နင် ဘာလုပ်မလဲ"

မပေဟ့်စကားကြောင့် သက်ထား မျက်လုံးလေး ထောင့်ကပ်



ကာ ခဏစဥ်းစားလိုက်ရင်း . . .

"အင်း . . . အိမ်ကြီးကြီးဝယ်မယ်ဟာ၊ ပြီးတော့ ကားအကောင်းစားတစ်စီးလည်း ဝယ်မယ်၊ ပြီးတော့ အဝတ်အစားဆိုလည်း ကောင်းပေ့ညွှန့်ပေ့တွေကို ဝယ်ဝတ်ချင်တယ်၊ ပြီးတော့ တစ်လုံးစိန်လည်း ပန်ချင်တယ် . . . အဟိ"

သက်ထားက သူ့စိတ်ကူးကို သူပြန်သဘောကျကာ အဟိဆိုပြီး ဝရယ်လေသည်။ မပေဟ်ကတော့ သက်ထားလို လိုက်မရယ်နိုင်ဘဲ လေးနက်စွာတွေးရင်း . . .

"အေး . . . အဲဒီဘဝတွေဆိုတာ ငါတို့က စိတ်ကူးပဲယဥ်လို့ရတာ၊ သူတို့က လက်တွေ့နေခွင့်ရနေတဲ့လူတွေဟ . . . အဲဒီတော့ နင်ပဲစဥ်းစားကြည့်ပါဦး . . . ငါတို့သိပ်နေချင်တဲ့ အဆင့်အတန်းမှာ ရှိနေတဲ့လူတစ်ယောက်ကို ငါရဲ့အတ္တတွေနဲ့ ငါ့ဘဝထဲကို ဆွဲသွင်းသင့်လားဆိုတာ"

မပေဟ်စကားတွေက သွေးထွက်အောင်မှန်နေသဖြင့် သက်ထားကိုယ်တိုင်တောင် ဘာဆက်ပြောရမှန်းမသိအောင် ဆွံ့အသွားမိလေသည်။

"ဒါပေမဲ့ဟာ မိဘပဲ သားသမီးကို ဘယ်လောက် စိတ်ဆိုးဆိုး ပစ်ရိုးထုံးစံမှ မရှိတာ၊ အချိန်တန်တော့လည်း သူ့ကို ပြန်ခေါ်မှာပေါ့၊

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူက တစ်ဦးတည်းသောသားပဲဟာ''

မပော် ကိုယ်လေးတစ်ချက်လှုပ်ကာ လှောင်ရယ် ရယ်လိုက်မိလေသည်။

''သက်ထားရယ် . . . အဲဒီလိုဆိုတော့လည်း သူ့မိဘတွေက ငါ့ကိုကျေနပ်ပါ့မလား၊ သူတို့သားကို အညွန့်ချိုးတယ်ဆိုပြီး တစ်သက်လုံး ငါ့ကို ရွံမုန်းနေကြမှာပေါ့၊ ဒီတော့ တစ်သက်လုံး သူတို့ရဲ့အမုန်းတွေကို ငါ လိုမ့်ပိမ့်နေအောင်ခံရမှာပေါ့၊ သူကရော အဲဒီအချိန်ကျရင် မိဘဘက်ပဲ လိုက်ရမလိုလို, မိန်းမဘက်ပဲ လိုက်ရမလိုလိုနဲ့ ဘယ်လောက်စိတ်ဆင်းရဲလိုက်မလဲ၊ ငါ သူ့ကို အဲဒီလိုစိတ်မဆင်းရဲစေချင်ဘူး''

''ဒါဆို နင်ပဲ စိတ်အဆင်းရဲခံမယ်ပေါ့''

သက်ထားစကားက သွေးထွက်အောင်မှန်နေသဖြင့် မပော် ဘာပြန်ပြောရမှန်းတောင် မသိတော့။

''ကဲ . . . ကြက်သွန်တွေလည်း တော်တော်နွှာပြီးပြီဆိုတော့ ငါ ချဉ်ပေါင်ရွက်သွားသင်ပေးလိုက်ဦးမယ်''

သက်ထားဘေးနားက မပော် ထွက်လာခဲ့လေသည်။ မပော် ချဉ်ပေါင်ရွက်ပန်းလေးကို ကိုင်ရင်း မီးဖိုခန်းရဲ့ တံစက်မြိတ်အောက်ကို ထွက်ခဲ့လေသည်။





နိုင်း လူငယ်လေးတွေနဲ့ စကားစုပြောနေရာမှ လှမ်းကြည့်လိုက်တော့ မပော်ကို မတွေ့တော့ချေ။ ဒါနဲ့ နိုင်း မျက်စိဝေ့ရင်း ရှာကြည့်လိုက်လေသည်။ ဘယ်နားမှာမှ မတွေ့သည့်အခါ နိုင်း စကားပြောနေရာမှ ထွက်လာရင်း မပော့်ကို လိုက်ရှာလေသည်။

မီးဖိုချောင်နောက် တံစက်မြိတ်အောက်တွင်တော့ တစ်ယောက်တည်း ချဉ်ပေါင်ရွက်သင်နေသော မပော့်ကို လှမ်းတွေ့လိုက်တော့ နိုင်း ပြုံးရင်း မပော့်နားသို့ လျှောက်သွားမိလေသည်၊ မပော်ကိုမတွေ့ရရင် စိတ်ပူတတ်သလောက် တွေ့လိုက်တော့လည်း ရင်ထဲ ချက်ချင်း အေးမြသွား လသည်။

''ဟိတ် . . . ဒီမှာ တစ်ယောက်တည်းလာထိုင်ပြီး ဘာတွေ အချောင်ခိုနေတာလဲ ကောင်မလေး''

မပော့်ဘေးနားတွင် ဝင်ထိုင်လိုက်ရင်း နိုင်းမေးလိုက်လေသည်။ မပော်ကတော့ နိုင်းကိုပြန်ပြုံးပြရင်း . . .

''ဒီမှာလေ . . . လပြည့်နေတာ ဘယ်လောက်လှလဲ နိုင်းရဲ့၊ အဲဒါလာထိုင်ကြည့်နေတာ''

မပော်က ခေါင်းလေးမော့ကြည့်ရင်း ပြောလိုက်လေသည်။ နိုင်းကတော့ လည်တိုင်ကြော့ကြော့လေးကို ငေးကြည့်လိုက်မိရင်း မပော်ညွှန်ပြသည့် လမင်းကြီးကိုပါ လှမ်းကြည့်လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



လမင်းကြီးကတော့ ပိုင်းစက်ရှန်းလဲ့စွာနှင့် လှပစွာ ထိန့်လင်းနေလေသည်။ လအရောင်ကြောင့် ဘေးနားက ကြယ်တာရာလေးတွေတောင် မှေးမှိန်သွားကြလေသည်။

"ဟုတ်ပါ့ ... လှလိုက်တာ မပေါ်ရယ်။ နှိုင်း ရန်ကုန်မှာတုန်းကဆို ကိုယ့်အလုပ်တွေနဲ့ကိုယ်ရှုပ်ပြီး လတောင် တစ်ခါမှ မော့မကြည့်ဖြစ်ဘူး"

နှိုင်း ဘေးကလက်တန်းလေးကို လက်ထင်ပြီး ကောင်းကင်ကိုစိမ်ပြေနပြေငေးကြည့်ရင်း စကားဆိုလေသည်။

"မပေါ်ကတော့ လပြည့်နေ့တိုင်း အမြဲ လမင်းကြီးကို ထွက်ထွက်ကြည့်တယ်၊ လှပတဲ့ သူ့မျက်နှာကို တစ်လမှာ တစ်ကြိမ်တွေ့ခွင့်ရတာလေ နှိုင်းရဲ့ ငယ်ငယ်တုန်းကတော့ လပြည့်ညဆို အငြိမ်မပျော်တယ်၊ အိမ်နားက သူငယ်ချင်းတွေနဲ့ အမြဲဆော့ကြတာလေ"

"အခုကျတော့ရော"

"အခုတော့ အရင်လို ဘယ်ဆော့ဖြစ်တော့မှာလဲ"

"အင်းပေါ့ ... အခုတော့ ဘယ်ဆော့တော့မလဲနော်။ ချစ်သူနဲ့အတူပဲ ကောင်းကင်ကလမင်းကြီးကို ငေးကြည့်တော့တယ် ... ဟုတ်တယ်မဟုတ်လား"

နှိုင်းက ပြုံးစစလေးနှင့် မပေါ့်ကိုနောက်ကာ မေးလိုက်သည်။

www.burmeseclassic.com



"ဟာ ... နှိုင်းနော် ... ဘယ်လိုဖြစ်နေတာလဲ ပေါက်တတ်ကရတွေ လျှောက်ပြောမနေနဲ့"

"ပျော်လို့ပါ မပေါ်ရယ်၊ အခုလို လသာတဲ့ညလေးမှာ ကိုယ့်ချစ်သူကို အနားနားမှာထားပြီး လမင်းကြီးကိုငေးကြည့်ရတာ ဘယ်လောက်ကများခံစားပြီး ကြည်နူးဖို့ကောင်းလဲ၊ ဒီနေ့ကို ဘယ်တော့မှ မမေ့မှာမဟုတ်တော့ဘူး မပေါ်"

မပေါ် နှိုင်းမျက်နှာလေးကို ငုံ့ကြည့်လိုက်ရင်း မျက်ရည်ကျချင်လာမိလေသည်။ နှိုင်းကတော့ ကောင်းကင်က လမင်းကြီးကို ငေးကြည့်ရင်း စိတ်ကူးတွေယဉ်လို့ပေါ့။ မပေါ့်မှာသာ နှိုင်းလို စိတ်ကူးမယဉ်နိုင်ဘဲ ရင်ထဲက ကျိတ်ပြီးခွေးနေရတာ။

မပေါ် ဘာကြောင့်များ နှိုင်းကို အခုလို အရမ်းချစ်မိသွားတာလဲဆိုတာကိုတော့ မပေါ်ကိုယ်တိုင်တောင် နားမလည်တော့။ နှိုင်းရဲ့ အေးမြတဲ့အချစ်တွေက မပေါ့်ရဲ့အချစ်တွေကို ဖြားယောင်းသွားတာထင်သည်။

အခုတော့ မပေါ့်ရင်ထဲ နှိုင်းနဲ့ထပ်တူထပ်မျှ အချစ်တွေက ပင်အားကြီးစွာ ပေါက်ဖွားခဲ့လေသည်။

"မပေါ် ... ဒီလိုနေ့မျိုးမှာ အမှတ်တရအဖြစ် နှိုင်းကို အဖြေမပေးချင်ဘူးလားဟင်"

www.burmeseclassic.com

www.burmeseclassic.com



"နှင်းနော် . . . ဘုန်းကြီးကျောင်းထဲမှာ ဘယ်လိုဖြစ်နေလဲ"

နှင်းပြုံးလိုက်ရင်း . . .

"ဒါဆို အခု ကျောင်းဝင်းထဲက ခဏထွက်မယ်လေ ဟိုနားမှ တွေ့လား . . . အဲဒီသစ်ပင်အောက်မှာ သွားပြောမယ်လေ"

နှင်းက ဘုန်းကြီးကျောင်းအပြင်နား သရက်ပင်ကြီးကို လ ညွှန်းထိုးရင်း အားတက်သရောပြောလေသည်။ မပေါ်ကတော့ နှင်း ပြလိုက်သော သရက်ပင်ကြီးကို လှမ်းငေးကြည့်ရင်း . . .

"ကဲ နှင်းရယ် . . . အဖိုတွေလျှောက်ပြောမနေနဲ့တော့ မပေါ် လည်း ဒီမှာ ချဉ်ပေါင်ရွက်သင်ပြီးပြီ၊ တခြားလုပ်စရာရှိတာ သွားလုပ်လိုက်ဦးမယ် . . . နှင်းလည်း သွားကူလိုက်ဦးနော်"

"ကောင်းပါပြီဗျာ . . . သခင်မလေး အလိုကျပါဗျာ"

မပေါ် ပြုံးလိုက်ရင်း ထထွက်လာခဲ့လေသည်။ ခဏကြာ နှင်းကို လူငယ်တစ်စုကြားတွင် ဘက်ကြွစွာကူညီလုပ်ကိုင်ပေးနေ ကို တွေ့ရလေသည်။ နှင်းကလည်း အလုပ်တွေလုပ်ရင်း မပေါ် မကြာခဏ ကြည့်မိလေသည်။ မပေါ်ကလည်း နှင်းအကြည့် ခဏခဏ ဆုံလိုက်မိလေသည်။

ဒီညလေးကတော့ နှင်းပြောခဲ့သလို မပေါ့်အတွက် တစ် မမေ့နိုင်စရာ ကောင်းသောညလေးတစ်ည ဖြစ်ခဲ့ပါသည်။



အချစ်တွေနဲ့ ထုံမွှမ်းသားသော နှင်းရဲ့အကြည့်တွေအောက်မှာ မပေါ်ကိုယ်တိုင်လည်း ဆေးမိတားသူတစ်ယောက်လို ညို့ယူခံခဲ့ ရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၁)

မနက်မိုးလင်းတော့ အားလုံး အဆင်သင့်ဖြစ်သည်နှင့် မပေါ်တို့ အိမ်ပြန်ရေမိုးချိုးကြရလေသည်။ ရေမိုးချိုးအလှပြင်ပြီးရင်လည်း လာတဲ့ဧည့်သည်တွေကို အကျွေးအမွေးတာဝန်ယူရမှာဆိုတော့ သန့်ရှင်းရှင်းလေးဖြစ်စေရန် အားလုံး အိမ်ပြန်ရေမိုးချိုးကြလေသည်။

မပေါ် ရေမိုးချိုးပြီးသည်နှင့် မှန်တင်ခုံလေးရှေ့တွင် အလှပြင်လိုက်လေသည်။ အရင်တုန်းကဆိုရင်တော့ Promina လေးလိမ်းပြီး အပေါ်က သနပ်ခါးရေကြဲလေး ထပ်လိုက်ပြီးရင် နှုတ်ခမ်းနီပါးပါးလေး ဆိုးလိုက်တာနဲ့ မပေါ်ရဲ့အလှပြင်ခြင်းအလုပ် ပြီးဆုံးသွားမယ့် ဒီနေ့ကတော့ ခါတိုင်းနေ့တွေနဲ့မတူဘဲ မပေါ် သေချာလေး အသေးစိတ်လေး ပြင်နေမိလေသည်။



ဒီနေ့တော့ ခါတိုင်းနေ့တွေထက်ပိုပြီး မပေါ် ထူးထူးကဲကဲလေးကို လှချင်နေမိလေသည်။ မပေါ် မှန်ထဲတွင်မြင်နေရသော ဖြူနုဝင်းပွတ်သည့် အသားလေးပေါ်တွင် Promina ကို အစက်ချကာ ညီညာစွာ လိမ်းလိုက်လေသည်။ ပြီးနောက် သနပ်ခါးရေကြဲလေးကိုလည်း ရိုးရာမပျက် အပေါ်ကနေ ထပ်လိမ်းမိလေသည်။ မပေါ်က သနပ်ခါး မပါလျှင် မနေတတ်။ မိတ်ကပ်ကြီးပဲဆို မပေါ့်အသားတွေက မှုန်နေသလိုခံစားရသဖြင့် အမြဲတော့ သနပ်ခါးရေကြဲလေးကို ထပ်လိမ်းမိလေသည်။ သနပ်ခါးက နေပူဒဏ်ကိုလည်း ကာကွယ်ပေးသည်။ အသားအရေကိုလည်း အေးမြစေသည်။ သနပ်ခါးတွင် ကောင်းသော အချက် မြောက်မြားစွာရှိသဖြင့် မပေါ်ကတော့ အမြဲလိုလို သနပ်ခါးကို လိမ်းဖြစ်လေသည်။

သနပ်ခါးခြောက်သွားတော့ မပေါ် ပေါင်ဒါကို မျက်နှာလေးပေါ်တွင် ညီညီညာညာဖိုက်လိုက်လေသည်။ ဖြူနုသော မပေါ့်အသားလေးကတော့ ပါးဖန့်ဖန့်လေးနှင့် တစ်မျိုးကြည့်လို့ကောင်းသွားသည်ဟု မပေါ်ထင်ပါသည်။ မှန်ထဲတွင်မြင်နေရသော မပေါ့်ပုံရိပ်လေးကို သေချာကြည့်လိုက်တော့ စင်ခေါ်တောင်မျက်ခုံးထူထူလေးတွင် သနပ်ခါးများ ရှိနေသဖြင့် သွားပွတ်တံလေးနှင့် ပွတ်တိုက်လိုက်လေသည်။

www.burmeseclassic.com

သနပ်ခါးများထွက်သွားသည်နှင့် မှောင်မည်းစိမ်းစိုနေသည့် မျက်ခုံးလေးကို အချိုးကျစွာ တွေ့လိုက်ရလေသည်။ ပြီးနောက် မဟော် Eye Shadow အညိုဖျော့လေးကို မျက်ခွံလေးပေါ်တွင် ဆိုးလိုက်လေသည်။ အညိုရောင်ဆိုတာက ဘယ်အင်္ကျီအရောင်နဲ့မဆို လိုက်သည့် အပြင် အရောင်ကလည်း တည်ငြိမ်ရင့်ကျက်ပြီး လှပစေသဖြင့် မဟော် အညိုရင့်ရောင်လေးကိုသာ ရွေးဆိုးလိုက်လေသည်။

မှန်ထဲမှာပေါ်နေသည့် မဟော်ပုံရိပ်လေးကတော့ နှုတ်ခမ်းနီ မဆိုးရသေးတာတောင် တော်တော်လေးတော့ လှနေသည်ဟု မဟော် ထင်မိလေသည်။ နှုတ်ခမ်းနီဘာအရောင်လေးဆိုရင် ကောင်းမလဲ မဟော်စဉ်းစားလိုက်ရင်း နှုတ်ခမ်းနီဘူးများကို ဖွင့်ကြည့်လိုက်လေ သည်။ ဘုန်းကြီးကျောင်းအလှူဖြစ်နေသဖြင့် သိပ်တောက်ပတဲ့အ ရောင်များကျတော့ ဆိုးလို့မသင့်တော်ပေ။ ဒါကြောင့် လူအများကြ တွင် လှပတင့်တယ်ပြီး ကျက်သရေရှိသည့်အရောင်လေးဖြစ်သည့် အုတ် ကျိုးရောင်အဖျော့လေးကိုသာ ရွေးဆိုးလိုက်လေသည်။

မှန်ထဲတွင်မြင်ရသော မဟော့်မျက်နှာလေးကို မဟော် စိတ် တိုင်းကျပြင်ပြီးသည်နှင့် မဟော် အသားရောင်နှင့်အညိုရောင် အပွ နုတ်လေးများ ရောယှက်ပါသော ဝမ်းဆက်လေးကို ထုတ်ဝတ်လိုက် လေသည်။



အားလုံးပြင်ဆင်ပြီးချိန်မှာတော့ မဟော့်ပုံစံလေးက ရှင်းရှင်း လေးနှင့် ကျက်သရေရှိရှိ လှပနေလေသည်။ မဟော်ကတော့ မှန်ထဲ တွင်မြင်နေရသော ပုံရိပ်လေးကို ကျေနပ်စွာကြည့်လိုက်ရင်း အပြင်သို့ ထွက်ခဲ့လေသည်။

မဟော်ထွက်လာတာမြင်တော့ နှိုင်းနဲ့မောင်လေး စကားပြော နေရာမှ လှမ်းကြည့်ကြလေသည်။ သူတို့လည်း ရွာဦးကျောင်းကိုသွားဖို့ မဟော်မပြီးသေးတာနဲ့ စောင့်နေကြတာ ဖြစ်သည်။

နှိုင်း မဟော့်ကိုတွေ့သည်နှင့် မျက်တောင်မခတ်တမ်း ငေးကြည့် လိုက်မိလေသည်။ ဘာမှမပြင်ရင်တောင် ကော်ပတ်ရုပ်လေးလို လှပ နေသည့် ကောင်မလေးက အခုလိုပြင်လိုက်တော့ အသက်ရှူမှား လောက်အောင်ကို လှပနေလေသည်။ မိုးပေါ်က နတ်သမီးဆိုတာ သူမလိုမျိုးလားလို့ မေးယူရလောက်အောင် သူမအလှက ထူးခြားထင် ပေါ်လွန်းပါသည်။

"လှလိုက်တာ မဟော်ရယ်"

နှိုင်းရင်ထဲ အောင့်တောင်မထားနိုင်ဘဲ မောင့်ရှေ့မှာ ဖွင့်ပြော လိုက်မိလေသည်။

"ဟုတ်ပဲ့ မမရာ ... ကျွန်တော်တောင် လူမှားသွားချင်တယ် ဂစ်ခုပဲ ... ဒီလောက်လှတဲ့ ငါ့အစ်မ ဘာလို့များ အပျိုကြီးဖြစ်နေပါ

www.burmeseclassic.com



လိမ့်လို့''

မောင့်ကပါ သိပ်လှသည့် အစ်မကိုကြည့်ရင်း မနေနိုင်ဘဲ ပြော လိုက်လေသည်။ မပေါ်ကတော့ နှိုင်းရှေ့မှာ အပြောခံလိုက်ရသဖြင့် မျက်နှာမထားတတ်အောင်ပင် ရှက်ရွံ့သွားမိလေသည်။

"မောင့်နော် ... နင် ဘာဖြစ်နေတာလဲ၊ ကိုယ့်အစ်မကို လူရှေ့ မှာအရှက်ခွဲရလား"

''ဩော် ... အရှက်ခွဲတာမဟုတ်ရပါဘူး ငါ့အစ်မရယ်၊ ငါ့ အစ်မက လှလွန်းတော့ ဘယ်ကောင်နဲ့များ ဖူးစာပါမလဲဆိုပြီး မောင် တစ်ယောက်အနေနဲ့ စိတ်ဝင်စားတာပါ''

မောင့်က ရိုးရိုးသားသားပြောလိုက်တာဆိုပေမယ့် မရိုးသားပဲ နှိုင်းနဲ့ မပေါ်ကတော့ မျက်နှာတွေ ဘယ်နားထားရမှန်းမသိအောင် ရှက်သွားကြလေသည်။

''ကဲ ... အခုမှပဲ ငါ့အစ်မ ဘာကြောင့် ယောကျ်ားမရလဲ သိတော့တယ်၊ ကြည့်ပါဦး ... မျက်နှာကြီးရဲပြီး ရှက်နေလိုက်တာ၊ အဲဒီလို အရှက်အကြောက်ကြီးလို့ မရတာ ... ဟား ဟား''

မောင့်က ပြောချင်ရာပြောပြီး တစ်ယောက်တည်း အားရပါးရ တဟားဟားနှင့် ရယ်နေလေသည်။ မပေါ်မှာသာ မျက်နှာရဲရဲလေးနှင့် ဘယ်သူ့ကိုမှမကြည့်ရဲဘဲ ခေါင်းငိုက်စိုက်ချရင်း လျှောက်လာခဲ့လေ



သည်။ နှိုင်းကတော့ အရှက်ကြီးသော မပေါ့်မျက်နှာလေးကို တစိမ့် စိမ့်ငေးကြည့်ရင်း ချစ်မဝဖြစ်နေရလေသည်။

မပေါ်တို့ရောက်တော့ အလှူတွင် ဧည့်သည်အချို့တောင် ရောက်နေကြလေပြီ။ မပေါ်တို့ရွာက အလှူလုပ်ပြီဆိုလျှင် တစ်ရွာလုံး က မီးခိုးတိတ် လာရောက်ချက်ပြုတ်လုပ်ကိုင်ပေးရင်း စားသောက်ကြ လေသည်။ ဒါ့အပြင် မပေါ်တို့ရွာတင်မကဘဲ ရွာနားနီးစပ်က ရွာ တွေကလည်း လာရောက်ကာ အားပေးကြလေသည်။

အခုလည်း ရွာဦးကျောင်းဘုန်းတော်ကြီးရဲ့ နှစ်ရှစ်ဆယ်ပြည့် မွေးနေ့ဖြစ်၍ မပေါ်တို့ရွာတင်မကဘဲ ရွာနားမှာရှိသည့် ဧည့်သည် များပါ လာရောက်ကြလေသည်။ ဒါ့အပြင် ဘုန်းဘုန်းရဲ့ နယ်ဝေး ဒကာဒကာမတွေပါ လာရောက်ကြသဖြင့် အလှူမှာ အရမ်းကို စည် ကားသိုက်မြိုက်လှပါသည်။

မပေါ်က ဧည့်သည်များအတွက် ထမင်းလိုက်ပွဲများကို ခူးခပ် ပေးသလို နှိုင်းကလည်း ဟင်းလိုက်ပွဲများ ခပ်ပေးလေသည်။ ကျန် သည့်လူငယ်များကလည်း သောက်ရေ ခပ်ပေးသူခပ်ပေး၊ ဘေးနားက ယပ်ခတ်ပေးသူကပေးနှင့် အားလုံးက နွေးထွေးဖော်ရွေစွာ ဆီးကြို ကြလေသည်။ နှိုင်းကလည်း ဟင်းလိုက်ပွဲများ ခပ်ပေးနေရမှ မပေါ့် မျက်နှာလေးကိုပဲ မကြာခဏဆိုသလို ခိုးခိုးကြည့်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မပေါ်ကလည်း နှိုင်းခိုးခိုးကြည့်နေတာ သိသဖြင့် ရှက်ပြုံးလေး ပြုံးလိုက်မိရင်း နှိုင်းမျက်နှာကို ပြန်လှည့်ကြည့်မိလေသည်။

စကားလုံးများမလိုဘဲ တစ်ယောက်ရင်ထဲ တစ်ယောက် မြင်နိုင်လောက်အောင်ကို မပေါ်တို့စိတ်တွေက သိပ်ကိုနီးကပ်သွားသည်ဟု ခံစားလိုက်ရလေသည်။ နှိုင်း ဘာမှမပြောပေမယ့်လည်း နှိုင်းရင်ထဲမှာ ဘာရှိနေသည်၊ နှိုင်း ဘာပြောချင်နေသည်ဆိုတာကို မပေါ် နှိုင်းမျက်နှာကိုကြည့်လိုက်ရုံနဲ့ သိနိုင်ပါသည်။ နှိုင်းလည်း မပေါ့်မျက်လုံးတွေကို ဖတ်လိုက်တာနဲ့တင် မပေါ့်နှလုံးသားကို အထဝင်သားမြင်နိုင်လောက်မှာပါ။

မပေါ်နဲ့ နှိုင်းရဲ့ အသံတိတ်စကားပွဲလေးတွင် မည်သူမှ မသိလိုက်သလို ဘယ်သူမှလည်း မကြားလိုက်ကြ . . . ။ မပေါ်လှမ်းကြည့်လိုက်တော့ နှိုင်းပြုံးပြနေတာကို တွေ့လိုက်သဖြင့် မပေါ်ပြန်ပြုံးပြလိုက်လေသည်။

'ဂူး'

မဏ္ဍပ်ရှေ့တွင် ကားရပ်သံကြားလိုက်သဖြင့် မပေါ်တို့အားလုံး ထူးဆန်းသွားကာ လှမ်းကြည့်လိုက်လေသည်။ မပေါ်တို့ရွာမှာ ကိုယ်ပိုင်ကားမှ မရှိတာ။ အခုလို ကားအကောင်းစားကြီး လာထိုးရပ်တယ်ဆိုလို့ကတော့ ဒါက ဘုန်းဘုန်းရဲ့ မြို့က ဒကာ၊ ဒကာမတွေပဲ ဖြစ်



နိုင်သည်။ မပေါ်လှမ်းကြည့်လိုက်တော့ . . .

ကားပေါ်ကဆင်းလာသည့်ချွန်မြနေသော ဒေါက်ဖိနပ်အနက်ရောင်လေးကို အရင်ဆုံး လှမ်းတွေ့လိုက်လေသည်။ အနည်းဆုံး သုံးလက်မလောက် ရှိနိုင်သည့်အမြင့် ချွန်မြနေသော ဒေါက်ဖိနပ်လေးတစ်စုံက မပေါ်ရဲ့အာရုံကို တဒိတ်ပပလေး ဆွဲဆောင်ထားလေသည်။ ပြီးနောက် ဂျင်းပင်အပြာရောင်နှင့် လည်ပတ်ကိုယ်ကျပ်အင်္ကျီအဖြူရောင်လေးကို ဝတ်ဆင်ထားသော ကောင်မလေးကို တွေ့လိုက်ရလေသည်။

အနက်ရောင်ပြောင်လက်နေသော လယ်သာလက်ပွေ့အိတ်ငယ်ငယ်လေးကို ကိုင်ထားသော သူမပုံစံမှာ နိုင်ငံခြားရုပ်ရှင်တွေထဲက မင်းသမီးလေးလိုပင်။ မျက်နှာလေးကို လှမ်းကြည့်လိုက်တော့လည်း နှာတံချွန်ချွန်လေးနှင့် နှုတ်ခမ်းဖူးဖူးလေးကတော့ ချစ်စရာ . . . ဒါပေမဲ့ မျက်ဝန်းတွေကတော့ နက်မှောင်နေသော နေကာမျက်မှန်လေးကြောင့် မြင်တွေ့ခွင့်မရသေး။ မပေါ် ကြည့်နေတုန်း မှာပဲ ကောင်မလေးက မျက်မှန်လေးကို ခေါင်းပေါ်သို့ ပင့်တင်လိုက်လေသည်။

မျက်မှန်အောက်က သူမမျက်ဝန်းတွေကတော့ သိပ်ကိုစူးရှလွန်းပါသည်၊ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး နှုတ်ခမ်းတစ်ဖက်ကို ပွဲချလိုက်သဖြင့် မပေါ် ပြုံးလိုက်မိလေသည်။ ဒီလိုပါပဲ . . . သူမလည်း

www.burmeseclassic.com

www.burmeseclassic.com



သူဌေးသမီးတို့ရဲ့ထုံးစံအတိုင်း မပေါ်တို့ရွာလေးကို စိတ်ပျက်နေပြီ ထင်တယ်။ မပေါ့်အတွေးပင် မဆုံးလိုက် . . . နှိုင်းထသွားသော ကြည့်လိုက်တော့ မပေါ် အံ့အားသင့်သွားစေသည်။

"ဒယ်ဒီ"

နှိုင်းက နှုတ်ဆက်ရင်း ကားတစ်ဖက်ခြမ်းမှ ဦးလေးကြီးကို သွားနှုတ်ဆက်လိုက်မှပင် ဖေဖေပြောပြောနေသော ဖေဖေ့ကျေးဇူးရှင် ဆိုသည့် ဦးလေးကြီးပါလားဆိုပြီး မပေါ် တွေးလိုက်မိလေသည်၊ ကားရှေ့ခန်းမှာတော့ ဖေဖေဆင်းလာတာကို တွေ့လိုက်ရလေသည်၊ ဒါဆို ကြည့်ရတာ နှိုင်း ဒီမှာရှိနေတာကို ဖေဖေပဲ ထိုဦးလေးကြီးတို့ကို သတင်းသွားပို့လိုက်တာဖြစ်မည်။

မပေါ် အခြေအနေအားလုံးကို ချက်ချင်းသဘောပေါက်လိုက်ရင်း ရင်ထဲမှာလည်း လှိုက်ခနဲ ဝမ်းနည်းသွားမိလေသည်၊ မပေါ် ဝဲချင်လာသော မျက်ရည်များကို ဟန်မပျက်ထိန်းရင်း ညှော်သည့်များကို ဆက်ညှော်ခံလေသည်။

"မမရေ . . . ဖေဖေက လာဦးတဲ့"

မောင်လေးက မပေါ့်နားကပ်ကာ တိုးတိုးလာခေါ်သဖြင့် မပေါ် လိုက်သွားလိုက်လေသည်။ ဟိုရောက်တော့ ဖေဖေနဲ့ ထိုဦးလေးကြီးတို့ လင်မယားရယ်၊ နှိုင်းနဲ့ ထိုကောင်မလေးပါ ဝိုင်းထိုင်ပြီး





စကားပြောနေတာကို တွေ့လိုက်ရလေသည်။ ကောင်မလေးကတော့ မပေါ့်ကိုမြင်သည်နှင့် ခြေဆုံးခေါင်းဆုံး သေချာစိုက်ကြည့်လေသည်။ သူမအကြည့်တွေက အရမ်းကို စူးရှလွန်းသဖြင့် မပေါ် အနေရခက်စေပါသည်၊ သူမရဲ့မျက်ဝန်းတွေမှာလည်း မပေါ့်အပေါ် မလိုလားရိပ်တွေ ထွက်နေလေသည်။

မပေါ်ကတော့ ဘာပဲဖြစ်ဖြစ်မသိချင်ယောင်ဆောင်ကာ အိမ်ရှင်တို့ရဲ့ထုံးစံအတိုင်း ပြုံးပြုံးရင်း နှုတ်ဆက်လိုက်လေသည်။

"ဒါက ကျွန်တော့်သမီးကြီး . . . မပေါ်တဲ့၊ ကျောင်းက အလယ်တန်းဆရာမပေါ့၊ ဒါကတော့ သားငယ် မောင့်ခေတ်ပါ၊ သူကတော့ စက်ရုံမှာ အလုပ်လုပ်ပါတယ်"

"အေးကွယ် . . . သမီးလေးက အချောလေးပဲ၊ ဒီအရွယ်တွေတောင် ရောက်ကုန်ကြပြီနော်၊ အေးပေါ့ဗျာ . . . မတွေ့တာလည်း နှစ်တွေကြာခဲ့ပြီပဲ"

နှိုင်းဖေဖေက ရွှေရောင်မျက်မှန်ကိုင်းကြီးအပေါ်က မပေါ်တို့မောင်နှမကို တစ်ချက်ကြည့်ရင်း ပြောလေသည်၊ ထိုဦးလေးကြီးမျက်ဝန်းတွေမှာလည်း သူဌေးတစ်ယောက်ရဲ့ မာန်မာနတွေကို မပေါ် ကထင်းသားတွေ့နေရလေသည်။ ဦးလေးကြီးလက်စာလျှင်တော့ အနှိုရဲ့အမြိုးတွေက ဝိုပြီးနွေးထွေးဖြူစင်သည်ဟု မပေါ်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အခုလို ကျွန်မသားလေးကို ဂရုစိုက်ပြုစုထားပေးလို့ အရင်း ကျေးဇူးတင်ပါတယ်ရှင်၊ ကျွန်မဆို သားလေးထွက်သွားကတည်းက တစ်ရက်မှကို စိတ်မချမ်းသာဘူး၊ အခုမှပဲ ကျွန်မရင်ထဲ အပူကြီးကျ သွားတော့တယ်"

"ကျွန်တော် မိတချင်းကိုယ်ချင်းစာပါတယ်ဗျာ၊ ဒါကြောင့်လည်း ကျွန်တော် ဆရာတို့ဆီကို လှမ်းပြီးအကြောင်းကြားပေးတာပေါ့၊ ရောက် ရောက်ချင်း အကြောင်းမကြားတာက ကလေးကလည်း အံ့ရမ်းစိတ် ထိခိုက်လာတော့ တော်ကြာ ကျွန်တော်မထားချင်ဘူး ထင်မှာစိုးလို့ ပြီးတော့ နှိုင်းလေးကိုလည်း လူ့လောကရဲ့ လက်တွေ့ဘဝကို သိစေချင် လို့ ကျွန်တော် ချက်ချင်း အကြောင်းမကြားဖြစ်တာပါ၊ ဒါကိုတော့ ဆရာကတော် နားလည်ပေးပါဗျာ"

"အို ... နားလည်ပါတယ်ရှင်၊ ကျွန်မလေ ကျွန်မသားလေးကို မြင်လိုက်ကတည်းက ဦးအုန်းမောင်တို့ ဘယ်လောက်သွန်သင်ဆုံးမ ပေးထားလဲဆိုတာကို သိပါတယ်ရှင်၊ သားလေးကိုကြည့်ရတာ အရင် လိုကို မဟုတ်တော့ဘူး ... အရမ်း ပြောင်းလဲသွားပြီ"

"သားလိမ္မာသွားပါပြီ မာမိရ"

နှိုင်းက အခုကျတော့လည်း ကလေးလိုပင် သူ့မာမိကို ခါးဖက်ကာ ကပ်ခွဲနေလေသည်။ ဟိုကောင်မလေးကတော့ အခုအချိန်...



စကားတစ်ခွန်းမှ မပြောဘဲ မပော့်မျက်နှာကိုသာ သေချာစိုက်ကြည့် ကာ အကဲခတ်နေသဖြင့် မပော် သတိထားနေနေရလေသည်။

"တစ်ခါတည်း မိတ်ဆက်ပေးရဦးမယ် ... ဒါကတော့ သားနဲ့ သဘောတူထားတဲ့ ယုယုမြတ်မင်းတဲ့၊ သမီးမပော်တို့လည်း မှတ် ထားနော်"

နှိုင်းဖေဖေက မပော့်မျက်နှာကို သေချာစိုက်ကြည့်ရင်း မိတ် ဆက်ပေးလေသည်။ ကြည့်ရတာ ပိုင်ရှင်ရှိပြီးသားပါဆိုပြီး မပော့်ကို အသိပေးချင်နေပုံပင်။ မပော် နှိုင်းမျက်နှာကို လှမ်းကြည့်လိုက်တော့ မပော့်မျက်နှာကို စိုးရိမ်တကြီးလှမ်းကြည့်နေသော နှိုင်းမျက်ဝန်းတွေနဲ့ တည့်တည့်တိုးလေသည်။

မစိုးရိမ်ပါနဲ့ နှိုင်းရယ် ... ဒီလိုအခြေအနေမျိုးကို ကြုံရမယ် ဆိုတာ မပော် အစကတည်းက တွေးမိထားပြီးသားပါ။

မပော် အလှုဆုံးပြုံးလိုက်ရင်း ...

"ဟုတ်ကဲ့ ... တွေ့ရတာ ဝမ်းသာပါတယ် ယု"

ယုကတော့ မပော့်မျက်နှာကို သေချာကြည့်ရင်း တကယ် ဝမ်းသာနိုင်လို့လားဆိုသည့် အကြည့်များနှင့်ကြည့်ကာ ...

"ယုလည်း ဝမ်းသာပါတယ်၊ ဒီမြို့လေးကြည့်ရတာ သာယာ တယ်ထင်တယ် နော် ... နှိုင်းတောင် ဒီမှာ အကြာကြီးနေနိုင်တယ်

www.burmeseclassic.com

www.burmeseclassic.com



ဆိုတော့"

ယုက စကားကိုမဆက်ဘဲ ခေတ္တရပ်ကာ နှိုင်းမျက်နှာကို လှမ်း ကြည့်အကဲခတ်လိုက်လေသည်။ နှိုင်းကတော့ ထိုကောင်မလေး၏ အစကတည်းက သိပ်ကြည့်မရသဖြင့် ဘာမှမပြောဘဲ မသိချင်ယော င်သာ ဆောင်နေလိုက်လေသည်။

"အန်ကယ် ... ဒီမှာ နှစ်ရက်လောက်နေပြီးမှ ပြန်ရအော င် ယုတို့ ရောက်တဲ့အတူတူတော့ အပန်းဖြေရင်း ဖြစ်ဖြစ်ပေါ့နော်"

ဦးဘုန်းမခ ... ယုယု ဘာကြောင့်နေချင်သည်ဆိုတာ သဘောပေါက်လိုက်သဖြင့် ငြင်းလို့မကောင်းဘဲ အလိုက်သင့် ခေါင်းညိတ်ပြလိုက်ရလေသည်။ ဦးဘုန်းမခတောင် ရောက်ရောက်ချ င်း မဟော့်ကိုလှမ်းတွေ့လိုက်တော့ နှိုင်း ဒါကြောင့် ပြန်မလာတာ လို့တောင် ထင်မိသေးတာ ... ဒီကောင်မလေးကလည်း မိန်းကလေး ဆိုတော့ မုချ ထင်မှာကျိန်းသေသည်။ ဒါကြောင့်လည်း သူမ စိတ် ကျ Checking လိုက်ချင်လို့ တမင်အချိန်ဆွဲဖုန်းလည်း သိနေ သည်။ နှိုင်းဆို ဒီလိုကောင်မလေးလား ... အခုလိုရွာမျိုးမှာ နေ

"အေး ... နေကြတာပေါ့၊ အန်ကယ်လည်း တစ်ခါတ လေ အလုပ်မပါဘဲ အခုလို ခရီးသွားချင်နေတာ၊ အတော်ပဲ ... အခု မိသားစုနဲ့အတူ ခရီးထွက်လာသလို ဖြစ်နေပြီ ... ဟုတ်တယ် ယု



ကား မိန်းမ"

"ဟုတ်ပါ့ရှင် ... ကိုဘုန်းမခတို့ကတော့ ဘာအလုပ်ကို လုပ် လုပ် တစ်ချက်ခုတ် နှစ်ချက်ပြတ်တွေပဲလုပ်တာ ... စီးပွားရေးသမား ပဲပါတယ်"

အန်တီ့စကားကြောင့် မဟော်တို့အားလုံး ရယ်လိုက်ကြလေ သည်။ ထိုရယ်သံတွေမှာ ကွဲအက်သံတွေ ဘယ်လောက်ပါနေတယ် ဆိုတာကို နှိုင်းနဲ့ မဟော်နှစ်ဦးသာ သိနိုင်ပါလိမ့်မည်။

"ကဲ ... စားကြပါဦး၊ ပြီးရင် ဘုန်းဘုန်းကိုလည်း သွားဖူးရ အောင်၊ သမီးရေ ... ထမင်းထည့်ပေးပါဦး"

ဖေဖေ့စကားကြောင့် မဟော် ထမင်းလိုက်ပွဲလေးယူကာ ပန်း ကန်တွေထဲကို လိုက်ထည့်ပေးလိုက်လေသည်။ နှိုင်းက ဟင်းပွဲတွေ ယူမည်ဆိုတော့ ဖေဖေက မလုပ်စေဘဲ မောင့်ကိုသာ ဟင်းပွဲတွေချစေ လေသည်။

ဖေဖေက ဧည့်သည်များကို ဟင်းများခပ်ထည့်ပေးရင်း ဧည့်ခံ လေသည်။ ဒါကတော့ မဟော်တို့ တောသူတောင်သားတွေရဲ့ အကျင့် ဧည့်သည်ကို လိုလေသေးမရှိအောင် ပြုစုရတာကိုပင် မဟော်တို့ တောသူတောင်သားတွေက ကျေနပ်နေကြတာမဟုတ်လား။

"ဟူး ... အိုက်လိုက်တာနော်"

www.burmeseclassic.com

www.burmeseclassic.com



အဲယားကွန်းတွေ အေးစိမ့်နေသည့်ကားပေါ်က ဆင်းလာသ... ရွှေမင်းသမီးလေးကတော့ အခုလို ရာသီဥတုအဖြစ်ကို ခံနိုင်ပုံ... မျက်နှာလေးတွင် ချွေးသီးများဝေရင်း လက်လေးနှင့် သူ့မျက်... လေးကို ယပ်ခတ်ရင်း ပြောလိုက်လေသည်။

"ဟုတ်သားပဲ၊ မပေါ် သမီး . . . ယပ်တောင်သွားယူ... ယပ်ခတ်ပေးလိုက်ပါဦး"

"ဟုတ်ကဲ့ ဖေဖေ"

မပေါ် ယပ်တောင်လေးကိုယူကာ အနားတွင် ကျုံ့ကျုံ့... ထိုင်ရင်း ယပ်ခတ်ပေးလိုက်မိလေသည်။ နှိုင်းကတော့ မိဘတွေ့... ထမင်းစားနေရာမှ မပေါ့်မျက်နှာကို စိတ်မကောင်းသောအ... များနှင့် ငေးစိုက်ကြည့်လာလေသည်။ မပေါ်ကတော့ နှိုင်းအ... တွေကို မသိချင်ယောင်ဆောင်ရင်း ခေါ့သည်များကိုပါ လိုလေ... မရှိအောင် ပြုစုခဲ့လေသည်။

နှိုင်းကို အခုလို သူ့မိသားစုက ဝမ်းပမ်းတသာ ပြန်လည်... တာကို မြင်တော့လည်း မပေါ် ဝမ်းသာမိပါသည်။ ပြီးတော့ နှိုင်း... နားမှာ မပေါ့်ထက် အဆပေါင်းများစွာသာသည့် သူဌေးသမီး... ရှိနေတာကိုလည်း မပေါ် မနာလိုမဖြစ်ဘဲ နှိုင်းအတွက် ဝမ်းသာ... သည်။



အစကတည်းက မပေါ် နှိုင်းကိုချစ်ခဲ့တာ ရယူပိုင်ဆိုင်လိုလို့ မဟုတ်ခဲ့တာ။ နှိုင်းအခဝင်ပြေဖို့အတွက်ဆို မပေါ် အသည်းတွေ ...လည်း ကျေနပ်ပါသည်။

ဟိုးအရင် မပေါ့်ချစ်သူတုန်းကတော့ မာနတွေခေါင်းခိုက်ပြီး ...မိဘတွေက သဘောမတူရင် မယူဘူးဆိုပြီး ဆုံးဖြတ်ခဲ့ပေမယ့် ...ဒုတစ်ခါ မပေါ့်ရဲ့ဆုံးဖြတ်ချက်တွေကတော့ ဘာမာနမှ မပါဘဲ ...အတွက်ပဲ ကြည့်ခဲ့တဲ့ အချစ်သက်သက်တွေပါ။

ဒါကြောင့်လည်း မပေါ် . . . ယူအပေါ် မနာလိုမဖြစ်မိ။ မပေါ် ...ထိုက်တန်တဲ့ ပစ္စည်းတစ်ခုကို ယူသက်ထဲတွင် လှပစွာရှိနေတာကို ...ရင်ကို မပေါ် ကျေနပ်မိသည်။ ဒါကြောင့်လည်း ယုရင်ထဲက ...ဟဲ့အပေါ်ရှိနေသည့် သံသယတွေကို မပေါ် နားလည်ခွင့်လွှတ် ...နိုင်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

မပေါ်တို့အိမ်လေးက ဦးဘုန်းမခတို့ နေဖို့အတွက်တော့ အရမ်းကို ကျဉ်းနေပေလိမ့်မည်။ မပေါ်တို့ရွာမှာလည်း တည်း ခန်းမရှိသဖြင့် ပိုပြီးဒုက္ခရောက်လေသည်။ ဘုန်းကြီးကျောင်းမှာ ဧည့် ဖို့ကြတော့လည်း ယုလို နုပျိုတဲ့ကောင်မလေးက မတည်းနိုင်လော ယုကလည်း ဘာကြောင့်မှန်းမသိ ... မပေါ့်အိမ်တွင်သာ တည်း ပါသည်ဆိုသဖြင့် မပေါ်မှာ အပြေးအလွှား ပြန်ပြီးစီစဉ်ရလေသ

ဦးဘုန်းမခတို့လင်မယားကိုတော့ မပေါ်တို့မြို့က ဦးလေး တို့အိမ်တွင် တည်းခိုစေလေသည်။ ထိုအိမ်က ဟိုတယ်အခင့် မယ့်လည်း မပေါ်တို့အိမ်ထက်တော့ အဆတစ်ရာလောက် ကောင်းလေသည်။



ဒါကြောင့် ဦးလေးမြစိန်တို့အိမ်မှာ အကူအညီတောင်းပြီး ဦးဘုန်းမခတို့လင်မယား နေဖို့ သွားစီစဉ်ပေးရလေသည်။

အခန်းကို သေချာသန့်ရှင်းရေးလုပ်၊ ရေပတ်တိုက်ပြီး ခြင် ထောင်၊ အိပ်ရာခင်း၊ ခေါင်းအုံးစွပ်တို့ကို အသစ်လဲပေးရင်း သေချာ ယျှက်ဖွပ်သိမ်းဆည်းထားပြီး ပရုပ်လုံးရနံ့လေးသင်းနေသော ဂွမ်းစောင် လေးကို ထုတ်ပေးခဲ့ရလေသည်။

ထိုဦးလေးကြီးတို့အတွက် ပြင်ဆင်ပြီးသည်နှင့် မပေါ် အိမ် ပြန်ပြေးကာ ယုနေဖို့ စီစဉ်ရပါသည်။ ယုအတွက်တော့ သီးသန့်ပေး ရာအခန်းလည်း မပေါ်မှာ မရှိသဖြင့် မပေါ့်အခန်းလေးကိုသာ သေချာသန့်ရှင်းရေးလုပ်ပြီး မပေါ့်ခုတင်လေးကိုသာ ယုကိုပေးလိုက် လသည်။

မပေါ်တို့ကတော့ အိမ်ရှင်ဆိုတော့ ကြမ်းမှာခင်းအိပ်ရလည်း သနာမရှိ။ ဧည့်သည်တွေ အဆင်ပြေဖို့သာ ပိုပြီးအရေးကြီးလေ ည်။

အားလုံးပြင်ဆင်ပြီးသွားသည်နှင့် မပေါ် မနားနိုင်ဘဲ ဧည့် ည်တွေအတွက် ညနေစာ ပြင်ဆင်ရလေသည်။ ဧည့်သည်တွေက မှ ရွာရောက်တာဆိုတော့ ရွာထဲလျှောက်ကြည့်ရင်း ပျော်ရွှင်နေကြ လသည်။

www.burmeseclassic.com

www.burmeseclassic.com



မပေါ်တို့ရွာလေးက မြို့ကလာသည့် ဧည့်သည်တွေအဖို့တော့ သဘာဝရှုခင်းများနှင့် လှပစွာ ဆွဲဆောင်ထားလေသည်။ မြစ်ကြီးကို ကြည့်လိုက်ရင် ဗေဒါပန်းတွေနဲ့ လှပနေတာကို မြင်နိုင်သလို၊ စပါးခင်းတွေ မိမ်းစိုနေပုံကလည်း အရမ်းကိုမျက်စိအေးပြီး လှပလွန်းပါသည်။

မပေါ် ဟင်းချက်ပြီးလို့ ရေမိုးချိုးပြီးချိန်မှာတော့ ဖေဖေ့ အန်ကယ်တို့အားလုံး ပြန်ရောက်လာလေသည်။ နိုင်းက မပေါ့်ကို တွေ့တော့ ...

"မပေါ် ... ပင်ပန်းနေပြီလား"

မနေ့ကလည်း မအိပ်ရ၊ ဒီနေ့လည်း တစ်ယောက်တည်း ဖယ် ဆက်သလိုလုပ်နေရတာကို မြင်တော့ နိုင်းစိတ်ထဲ မပေါ့်ကို သနားလေသည်။ မပေါ့်ကြည့်ရတာ ပင်ပန်းနေသလိုပင် မျက်ကွင်းလေး တွေတောင် ညှိုနေလေသည်။

"ဩော် ... မပင်ပန်းပါဘူး နိုင်းရယ်၊ မပေါ်တို့က ဧည့်သည် လာတယ်ဆိုရင်ကို ပျော်နေတာ၊ မပေါ်တို့ရွာကို တော်ရုံ မြို့က တွေက လာနိုင်ကြတာမဟုတ်ဘူးလေ"

မပေါ်စကားကို အားလုံးက ရယ်ပြီးထောက်ခံပေမယ့် ယုက တော့ မရယ်ဘဲ မျက်နှာတည်တည်လေးနဲ့ပင် ...



"နိုင်းက ဒီအိမ်မှာနေတုန်းက ဘယ်မှာနေတာလဲ"

"ဟိုဘက်အိမ်လေးမှာ ယု၊ အဲဒီအိမ်လေးက မပေါ် ဆယ်တန်းတုန်းက စာကျက်လို့ရအောင်၊ ပြီးတော့ မပေါ် ကလေးတွေကို စာပြလို့ရအောင်ဆိုပြီး သက်သက်ဆောက်ခဲ့တဲ့ အိမ်လေးမှာနေတာ၊ ပြီးရင် မပေါ် ယုကို လိုက်ပြမယ်လေ"

ယု သံသယတွေကင်းအောင် မပေါ် သေချာရှင်းပြလိုက်လေသည်။

နိုင်းကတော့ ယုရဲ့အမေးကို မကျေနပ်၊ အေးပုံကြီးက လူတွေကို မယုံသလို ...။ မယုံရင် အစကတည်းက မပတ်သက်နဲ့ပေါ့။ အခု တော့ ...။ နိုင်း စိတ်ထဲကနေ တောက်တစ်ချက်ကို ခေါက်လိုက်မိလေသည်။ ရှေ့မှာတော့ ဖေဖေ့မျက်နှာလည်းရှိနေသဖြင့် ဘာမှမပြောမိပေမယ့် မျက်မှောင်ကြုတ်ကာ ယုကို ဘုကြည့်ကြည့်လိုက်မိလေသည်။

"ဦးတို့အတွက်လည်း နားဖို့ မပေါ် အားလုံးပြင်ထားပြီးပါပြီ၊ ဦးတို့ စားသောက်ပြီးမှပဲ နားကြမလားမသိဘူး"

"ရတယ်သမီးရဲ့ ... ဒီနေ့တော့ ဦးမြစိန်တာပဲ အန်ကယ်တို့ကို ကျွေးမယ်လို့ ဖိတ်ထားတယ်၊ ဒီတော့ သမီးလက်ရာကို နောက်နေ့မှပဲ အားပေးတော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ဦး ... ဒါဆို အခု ကော်ဖီလေးနဲ့ လက်ဖက်သုပ်လေး စားပါဦးနော်"

မဟော်က ကော်ဖီပူလေးနှင့် မဟော်ကိုယ်တိုင် နှပ်ထားသော လက်ဖက်လေးကို သေချာသုပ်လိုက်လေသည်၊ ခရမ်းချဉ်သီးနှင့် ဂေါ်ဖီ ရိပ်ရိပ်ပါအောင်လှီးထားသော အဖတ်လေးတွေအပြင် လိမ္မော်သီး သုံးလေးမွှာကိုလည်း လက်ဖက်သားနှင့် ရောနယ်ထားလိုက်သဖြင့် ချိုချိုချဉ်ချဉ်အရသာလေးကဲကာ ပိုမိုစားကောင်းသွားစေသည်၊ နှစ်မြုန် ကြော်ကြွပ်ကြွပ်ရွရွလေးကလည်း တကြွပ်ကြွပ်နှင့် ပိုပြီး အစားမြိန်စေသည်။

မဟော်သုပ်ပေးသည့် လက်ဖက်လေးကိုတော့ အန့်ကယ်နှင့် အန့်တီတို့ပင်မကဘဲ ယုပါ အားရပါးရစားသဖြင့် မဟော် ပင်ပန်းရကျိုး နပ်လေသည်။

"သမီးလက်ရာက ကောင်းလိုက်တာကွယ်၊ အန့်တီတော့ ဒီလို လက်ဖက်ထဲကို လိမ္မော်သီးထည့်သုပ်တာမျိုး တစ်ခါမှ မစားဖူး ဘူး၊ သမီးနဲ့တွေ့မှပဲ အထူးအဆန်းလေး စားဖူးတော့တယ်ကွယ်"

အန့်တီက လက်ဖက်တစ်လုတ်ကို ပါးစပ်ထောက်ထည့်ကာ ဝါးလိုက်ရင်းပြောလေသည်။ ဦးဘုန်းမခကတော့ ကော်ဖီကို အရသာခံ သောက်ရင်းက မဟော်တို့အိမ်ကို အကဲခတ်ကြည့်လိုက်လေသည်၊





တစ်အိမ်လုံး ဖုန်တစ်စက်မရှိဘဲ ပြောင်ရှင်းသပ်ရပ်နေသည့် အပြင် ပစ္စည်းတွေ သူ့နေရာနဲ့သူ စနစ်တကျလေး ထားသိုတတ်သဖြင့် ဒီမိန်းကလေးရဲ့အရည်အချင်းကို လျှော့တွက်လို့မရကြောင်း ဦးဘုန်းမခ တွေးလိုက်မိလေသည်။

"ကဲ ... ဦးတို့လည်း စားသောက်ပြီးပြီဆိုတော့ ဟိုအိမ် ပြန်ပြီး နားလိုက်ဦးမယ်၊ သမီးယုကရော ဒီမှာနေရတာ အဆင်ပြေပါတယ် နော်"

"ပြေပါတယ် အန့်ကယ် ... နှိုင်းလည်း ရှိနေတာဆိုတော့ သမီးကို စိတ်မပူပါနဲ့၊ တစ်ခုခုဆို သမီး နှိုင်းကို အကူအညီတောင်း လိုက်ပါ့မယ်"

"အေး အေး ... သမီးအဆင်ပြေရင် ပြီးတာပါပဲ၊ ကဲ သား ... သမီးကိုလည်း ဂရုစိုက်လိုက် ... ကြားလား"

နှိုင်း ထိုကလေးမကို တစ်စက်လေးမှ ကြည့်လို့မရသော်လည်း ဖေဖေ့ရှေ့မှာမို့ ခေါင်းညိတ်ပြလိုက်လေသည်။ ဖေဖေတို့ထွက်သွား သည်နှင့် ဒင်းက တစ်စခန်းထတော့လေသည်။ ဖေဖေ့ရဲ့ ပါဝါကုန်ပေး အပ်ခြင်းကို ခံနေရသဖြင့်လည်း ဒီကောင်မလေးက ဘယ်သူ့ကိုမှ လူမထင်တာလည်း ဖြစ်လေသည်။

နှိုင်းကတော့ ထိုကလေးမကို တစ်စက်မှ မကြောက်သော်



www.burmeseclassic.com

www.burmeseclassic.com



လည်း နှိုင်းကြောင့် မပေါ်တို့ပါ ရောပြီး အရှက်ကွဲမှာဆိုးသဖြင့် အလိုက်သင့်နေရလေသည်။ ဒါကိုပင် ဒင်းတာ . . .

"နှိုင်း . . . နှိုင်းအခန်းကို ယုလိုက်ကြည့်ချင်တယ်၊ လိုက်ပြပါ"

နှိုင်း ဘောင်းဘီထဲကို လက်ထည့်လိုက်ရင်း . . .

"မင်းက ဘာလိုက်ကြည့်မှာလဲ . . . အဲဒီမှာ ကြည့်စရာ ဘာမှ မရှိဘူး။ ပြီးတော့ ယောကျ်ားလေးတစ်ယောက်နေတဲ့ အခန်းကို မိန်းကလေးတစ်ယောက်က လိုက်ကြည့်စရာလား"

မပေါ်ကတော့ သူတို့နှစ်ယောက်ပြောနေတာကို မကြားချင်တာနှင့် အိမ်ထဲသို့ လှည့်ဝင်လာခဲ့လေသည်။ ယုကတော့ နှိုင်းရပ်နေရာနားသို့ လျှောက်သွားလိုက်ရင်း . . .

"ဒီမှာနှိုင်း . . . သာမန်ဆိုရင်တော့ လိုက်ကြည့်သင့်ချင်မှ ကြည့်သင့်လိမ့်မယ်၊ အခုက ယုက နှိုင်းနဲ့ မကြာခင် လက်ထပ်ရမယ့် သတို့သမီးလောင်း။ ဒီတော့ နှိုင်း ဘယ်လိုနေတယ်, ဘာတွေလုပ်တယ်ဆိုတာ ယုသိထားသင့်တယ်"

"ယု . . . မင်းသိထားဖို့က မင်းကိုငါ လုံးဝလက်မထပ်ဘူး။ ဒီတော့ မင်းလည်း ငါ့ကို မျက်လုံးဒေါက်ထောက်ပြီး လိုက်ကြည့်နေစရာ မလိုဘူး၊ ပြီးတော့ ငါက ယောကျ်ားလေးကွ၊ မင်းလိုမိန်းကလေးတောင် နိုက်ကလပ်တွေတက်ပြီး တွဲချင်တဲ့လူနဲ့ တွဲနေသေးတာပဲ ငါလိုယောကျ်ားတစ်ယောက်ကို မင်း လိုက်ပြီးလေ့လာနေစရာ မလိုဘူး"



နှိုင်းအပြောကြောင့် ယုက လက်နှစ်ဖက်ကို လက်ခုပ်တီးသလို တီးလိုက်ရင်း ပခုံးလေးတစ်ချက်ပင့်ကာ လှောင်ရယ်ရယ်လိုက်လေသည်။

"အပေါ့ . . . တစ်ချိန်မှာ ကျွန်မ ဘာပဲဖြစ်ခဲ့ဖြစ်ခဲ့, ဘာပဲလုပ်ခဲ့လုပ်ခဲ့ သိပ်မကြာခင်အချိန်မှာတော့ ရှင်နဲ့လက်ထပ်ရမှာ အသေအချာပဲ၊ အဲဒါကို ရှင်လည်း ငြင်းလို့မရသလို ကျွန်မလည်း ငြင်းလို့မရဘူး။ ဒီမှာ . . . ကျောက်မှန်ရင်တော့ အပြစ်အနာအဆာဆိုတာ ပါမှာပဲ၊ ရှင့်ကို အခု လိုက်ကြည့်တယ်ဆိုတာကလည်း ကျွန်မ သိချင်ရုံလိုက်ကြည့်တာနော် . . . ရှင်းရှင်းပြောရရင် ရှင် ဘာဖြစ်ခဲ့ဖြစ်ခဲ့ ကျွန်မ ဂရုမစိုက်ဘူး"

သူမရဲ့ ရဲရင့်ပွင့်လင်းလှသည့်စကားများကြောင့် နှိုင်းလို ယောကျ်ားတစ်ယောက်တောင် ကျွတ်သွားမိလေသည်။ အားပါး . . . ကြည့်ပါဦး ပြောနေလိုက်တာ။ ဒီလိုစကားတွေကို မိန်းကလေးတစ်ယောက်ပါးစပ်က။

သူမ ပြောချင်တာတွေ ပြောနေတာက အရေးမဟုတ် . . . အခုတော့ ကိုယ့်တင်မကဘဲ မပေါ့်သိက္ခာတွေပါ ပုတ်ခတ်ပြီးပြောနေ

www.burmeseclassic.com

www.burmeseclassic.com



တာကျတော့ နှိုင်း မပျော့်အတွက် စိတ်ပူသွားမိလေသည်။

ဒီကောင်မလေးက သူပြောချင်တာတစ်ခုကိုသာ ဖွင့်တရွတ် ပြောချတတ်ပြီး တခြားဘယ်သူ့မျက်နှာမှ မကြည့်တတ်သဖြင့် တော်ကြာ နှိုင်းကြောင့် မပျော်တို့မိသားစုလေး တစ်သက်လုံး သန့်သန့်စင်စင် နေလာခဲ့သမျှ စွန်းထင်းအရှက်ရသွားမှာ စိုးမိလေသည်။

"ဒီမှာ . . . မင်းပါးစပ်ကို အခုပိတ်ထား၊ လူဆိုတာ ပတ်ဝန်းကျင်နဲ့ နေတာကွ၊ မင်း သူများသိက္ခာကို မစော်ကားနဲ့"

နှိုင်းစကားကြောင့် ယု လျှောင်ပြုံးလေး ပြုံးလိုက်လေသည်။

"မစော်ကားရပါဘူး သိက္ခာရှင်ကြီးရယ် . . . ဒါဆိုလည်း ကျွန်မ စိတ်တိုင်းကျ ရှင့်အခန်းကို ကြည့်ခွင့်ပြုလေ"

နှိုင်း စိတ်ကိုလျှော့လိုက်ရင်း ယုကို အခန်းရှိရာသို့ ခေါ်ဆောင်လာခဲ့လေသည်။ အခန်းထိပ်ရောက်တော့ တံခါးဖွင့်ပေးလိုက်ရင်း နှိုင်းအခန်းရှေ့ကနေ မတ်တတ်ရပ်ပြီး စောင့်နေလေသည်။

"ဒီမှာ . . . အထဲဝင်ခဲ့ပါ၊ ဒီအခန်းထဲမှာ ရှင်နဲ့ကျွန်မ နှစ်ယောက်တည်းရှိလို့လည်း ဘယ်သူမှ ဘာမှထင်စရာမရှိဘူး။ ကျွန်မတို့က မကြာခင် လက်ထပ်တော့မှာပဲ"

"မင်း အဲဒီစကားကို ခဏခဏမပြောနဲ့၊ မင်းကိုငါ လက်ထပ်မယ်လို့ တစ်ခွန်းမှမပြောခဲ့ဘူး"



"ဒါပေမဲ့ ရှင်လက်မထပ်လို့လည်း ရမှမရတာ၊ ရှင်သိထားဖို့က ကျွန်မကလည်း ရှင့်ကို သိပ်လက်ထပ်ချင်နေတာ မဟုတ်ဘူး။ ဒါပေမဲ့ မဖြစ်မနေ လက်ထပ်ကိုထပ်ရမယ်ဆိုရင်တော့ ရှင့်လိုလက်ထပ်ချင်တာတွေ၊ မထပ်ချင်တာတွေကို ကျွန်မ မတွေးဘူး။ ဖြစ်လာတဲ့အခြေအနေအပေါ် အကောင်းဆုံးဖြစ်အောင်လုပ်ဖို့ပဲ စဉ်းစားတယ်၊ အခုတော့ ကျွန်မလည်း ရှင့်ကိုချစ်နိုင်ဖို့ ကြိုးစားနေပါတယ်"

စားပွဲပေါ်က ပန်းအိုးလေးကို လှည့်ပတ်ကစားနေရင်း ယုက ခပ်အေးအေးပင် ပြောလိုက်လေသည်။ နှိုင်းကာ အခုမှ အိုးကမပူ စလောင်းကပူ ဆိုသလိုပင် . . . သူမက အေးအေးသက်သက်ရှိသလောက် နှိုင်းကတော့ သူမစကားတွေကြောင့် ပျာယာခတ်လာလေသည်။

"မင်းကြိုးစားလည်း အပိုပဲယု၊ ငါ မင်းကို ဘယ်တော့မှမချစ်ဘူး၊ ပြီးတော့ ငါ့ရင်ထဲမှာ ချစ်ရမယ့်ချစ်သူ ရှိတယ်"

"အဟက် . . . ဘယ်သူလဲ . . . မပျော်လား နားလိုက်စမ်းပါကွာ၊ မင်း ဒီလာတုန်း အပျင်းပြေတွဲတာလောက်ကိုများ စာဖွဲ့မနေနဲ့၊ မင်းလိုပြောကြေးဆို ကိုယ့်မှာ နံပါတ်စဉ် တပ်လို့မရနိုင်လောက်အောင်ကို များနေလိမ့်မယ်၊ ကိုယ်တောင် အားလုံးဖြတ်နိုင်သေးတာပဲ နှိုင်း . . . မင်းလည်း မင်းအရှုပ်ထုပ်ကို မြန်မြန်ရှင်းပြီး ကိုယ်နဲ့ ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လိုက်ဖို့သာ တွေးထားပါ၊ မင်းလုပ်ရပ်တွေကြောင့် သူနစ်နာသွား တယ်ဆိုရင်လည်း တန်ရာတန်ကြေးပေးပြီး ရှင်းခဲ့လိုက်ပေါ့ကွာ''

ယုစကားတွေကြောင့် နှိုင်း ဒေါသတွေဆူပွက်လာကာ လက် တစ်ဖက်မြှောက်တက်သွားလေသည်။

''နင်က ငါ့ကို ရိုက်မလို့လား၊ သတ္တိရှိမှ ရိုက်လိုက်နော် နှိုင်း၊ ငါ့အသားကို တစ်ချက်ထိလို့ကတော့ နင်အသည်းကို နှစ်ချက်ပြန်ရိုက် ပြီမှတ်၊ ယုယုမြတ်မင်းအကြောင်းကို နင် ပြန်စုံစမ်းလိုက်ပါဦး ... နင့်ကြောင့် နင်သိပ်ချစ်တဲ့ မပေါ် အရှက်တကွဲ အကျိုးနည်းတာမျိုးကို မလိုချင်ရင် ငါပြောတဲ့အတိုင်း နေစမ်းပါ''

နှိုင်း ဒေါသနှင့် နံရံကို လက်သီးနှင့်ထိုးလိုက်မိလေသည်။

''နေပါဦး ... နင်နဲ့ငါမှာ ဘာတွေများ မကျေနပ်ချက်တွေ ရှိနေလို့ နင်ကငါ့ကို အခုလိုဆက်ဆံနေရတာလဲ''

နှိုင်းအမေးကြောင့် ယုက ထိုင်နေရာမှ ဆတ်ခနဲ ရပ်လိုက်ရင်း နှိုင်းနဲ့ ပျက်နှာချင်းဆိုင်လိုက်လေသည်။

''ဟား ဟား ...သိပ်ရှိတာပေါ့ နှိုင်းရယ်၊ နင့်ကြောင့် ငါ ဘယ်လောက်အရှက်ရခဲ့ရလဲ ... နင်သိလား''

''ငါ ဘာမှမလုပ်ဘူး ယု''

''ဒီမှာ နင်က ငါနဲ့မယှူနိုင်လို့ အိမ်ပေါ်ကဆင်းသွားပါတယ်

ဆိုတဲ့သတင်းက ငါ့ပတ်ဝန်းကျင်မှာ ငါ့ကို ဘယ်လောက်အရှက်ရစေလဲ နှိုင်း၊ ဒါကြောင့် ငါ ဒီမင်္ဂလာပွဲကို မရ,ရအောင်လုပ်ဖို့ တမင်လိုက်လာ တာ ... ရှင်းလား''

''ယု ... နင်ရူးနေလား၊ ငါ့လုပ်ရပ်ကြောင့် နင် အရှက်ရခဲ့တယ် ဆိုတာ ငါလက်ခံပါတယ်၊ ဒါပေမဲ့ ဒါက နင့်ကို အရှက်ရစေချင်လို့ တမင်လုပ်တာမဟုတ်ဘူးဆိုတာ နင်လည်းသိပါတယ်၊ နင် အဲဒီလုပ် ရပ်ကို မကျေနပ်လို့ ငါ့ကို မရမကယူရင် နင် ယောကျ်ားတစ်ယောက် ရသွားတာပဲ အဖတ်တင်သွားမှာပေါ့၊ နင့်ကိုမချစ်တဲ့ ယောကျ်ား တစ်ယောက်ကို နင် ဘယ်လောက်ကြာကြာသည်းခံပြီး ပေါင်းနိုင်မှာ လဲ၊ အဲဒီလိုမပေါင်းနိုင်တဲ့အချိန်ကျရင် နင်ပဲ ပိုပြီးနစ်နာမှာမဟုတ် ဘူးလား''

''ငါ့ကို ဘာမှလာပြီး တရားချမနေနဲ့နှိုင်း၊ ငါ ဆုံးဖြတ်ပြီးရင် ဘယ်လိုအကြောင်းနဲ့မှ မပြင်တတ်ဘူး၊ ဒီတော့ နင် အနေအထိုင် ဆင်ခြင်ပါ၊ အဲဒီလိုမှမဟုတ်ဘူးဆို နင်ရော, မပေါ်ရော, နင့်မိဘတွေ ပါ သိက္ခာကျအောင် ငါလျှောက်လုပ်ပစ်မယ်''

ယုကြောင့် နှိုင်း အရမ်းစိတ်ညစ်သွားလေသည်။ ယုဆိုတာက နာမည်ကြီးပင်။ ဒါကြောင့်လည်း ဒီဒဏ်ကိုမခံနိုင်လို့ ရှောင်ပုန်းပါတယ် ဆိုမှ အခုတော့ တည့်တည့်တိုးရပြီ၊ ယုက ဘာကိုမှဂရုစိုက်တတ်သည့်



www.burmeseclassic.com

www.burmeseclassic.com



သူ မဟုတ်။ သူစိတ်ထင်ရာတွေ လျှောက်လုပ်တတ်သည့်လူမျိုး။

"ဘယ်လိုလဲ . . . တော်တော်မှ စိတ်ပျက်သွားပြီလား။ သိပ်စိတ်မပျက်ပါနဲ့ . . . ဒါက အစပဲရှိသေးတယ်"

ယု မရို့တရွှိရယ်လိုက်ရင်း နှိုင်းအခန်းထဲက ထွက်လာခဲ့လေသည်။ မဟော် ထမင်းစားခန်းမှ ပန်းကန်ဆေးနေရင်းက နှိုင်းအခန်းမှ ထွက်လာသောယုကို လှမ်းတွေ့လိုက်လေသည်။ ဘယ်လောက်ပဲ စွန့်လွှတ်တယ်ပြောပြော တကယ်လက်တွေ့ကျတော့ မဟော့်ရင်ထဲ တစ်စုံတစ်ခုကို ဆုံးရှုံးလိုက်ရသလို မဟော် ဝမ်းနည်းလာမိလေသည်။ တစ်ခုခုဆို ကျချင်လာသည့် မျက်ရည်တွေကို သိမ်းဆည်းလိုက်ရင်း မဟော် လုပ်စရာရှိသည့်များကို ဆက်လုပ်နေလိုက်လေသည်။

"မဟော်ရေ . . . ယု ရေချိုးချင်တယ်"

"ရတယ်လေ ယု . . . မဟော်လိုက်ပြမယ်"

မဟော်က ရေချိုးခန်းလေးကို လိုက်ပြလိုက်လေသည်၊ မဟော်တို့ရေချိုးခန်းက အုတ်ရေကန်လေးနှင့် ပြုလုပ်ထားလေသည်။

ယုက ရေချိုးခန်းကိုကြည့်လိုက်တာနဲ့တင် စိတ်ပျက်သွားမိလေသည်။ ကြမ်းပြင်ကလည်း အင်္ဂတေအေးစက်စက်ကြီးကို နင်းရတာ ယုစိတ်ထဲ မသန့် . . .။

"မဟော် . . . ယု ဒီအတိုင်းကြီး မချိုးချင်ဘူး၊ ဖိနပ်ရှိလား၊"



"ဟင် . . . ဖိနပ်"

မဟော် ခေါင်းထဲက ချက်ချင်းမြန်မြန် စဉ်းစားလိုက်ရလေသည်။ ဖိနပ်ဆိုလည်း အသစ်မှစီးမယ့်ပုံ။ ဪ သိပြီ . . . မောင့်စက်ရုံမှာစီးဖို့ဆိုပြီး ဝယ်ထားတဲ့ ရာဘာဖိနပ်လေးကို သတိရလိုက်သဖြင့် သွားယူကာ ထုတ်ပေးလိုက်လေသည်။

"နှိုင်း . . . ဒီအိမ်မှာ ဘယ်လိုများ နှစ်လနီးပါးလောက် နေခဲ့လဲ မသိဘူး။ ယုတော့ တစ်ရက်နဲ့တင် စိတ်ကုန်တယ်"

ယုရဲ့စကားဟာ အမှန်ဆိုပေမယ့် မဟော်ကြားလိုက်ရတာတော့ ရင်ထဲ တစ်မျိုးလေး အောင့်သွားမိလေသည်။ နှိုင်းလည်း ယုပြောသလိုပဲ တော်တော်ဒုက္ခခံရမယ်ဆိုတာ မဟော် နားလည်ပါသည်။

ယုရေချိုးပြီးတော့ ထမင်းစားဖို့အတွက် မဟော် ပြင်ဆင်ပေးခဲ့လေသည်၊ မဟော်တို့ထမင်းစားပွဲလေးက လေးယောက်သာ ဆံ့သဖြင့် ညီ့သည်တွေကိုသာ အရင်ဦးစားပေးကာ ပြင်ဆင်ကျွေးမိလေသည်။

ယုက စားပွဲတွင် ဝင်ထိုင်လိုက်သည်နှင့် . . .

"အို . . . ဟင်းတွေကတော့ ရှယ်ပဲ"

"ဟုတ်တယ် ယု . . . ပုစွန်ထုပ်ဆီပြန်ရယ်, ငါးပိကြော်, ခရမ်းချဉ်သီးသုပ်နဲ့ သီးစုံချဉ်ရည်ဟင်းတွေတော့ ချက်ထားတယ်၊ ယု ဘာ

www.burmeseclassic.com

www.burmeseclassic.com



ကြိုက်တတ်မှန်း မသိလို့''

မပော်က စားပွဲဘေးတွင် ယပ်တောင်လေးနှင့် ယပ်ခတ်ပေး
ရင်း တစ်ခုချင်းစီကို ရှင်းပြလေသည်။ နိူင်းကတော့ ယုအပေါ် မပော်
အဲဒီလိုလုပ်ပေးနေရသည်ကို ဘယ်လိုမှ မကြည့်နိုင်ပေ။ ခက်တာက
သူမလို စိတ်ရှုးပေါက်ရာ လျှောက်လုပ်တတ်သည့်လူနှင့်လည်း နိူင်
ဖက်ရန်ဖြစ်နေလို့လည်း မဖြစ်။ နိူင်း စိတ်ညစ်ညစ်နှင့် သက်ပြင်းပေ
သာ ချနေမိလေသည်။ မပော်ပုံလေးကတော့ ဒီနေ့တစ်ရက်တည်
မှာတင် ဆွဲချလိုက်သလို တော်တော်လေး သိသိသာသာကျသွားလေ
သည်။ မပော် အရမ်းလည်း ပင်ပန်းလေသည်။

ဒီကြားထဲ ယုရဲ့ မျိုးစုံဂျီကျသံတွေကိုလည်း ကြားနေရသဖြ
နိူင်းလည်း စိတ်ဆင်းရဲရပါသည်။ ဖြစ်နိုင်ရင် နိူင်း ထိုကောင်မလေး
ကိုင်ဆောင့်ပစ်လိုက်ချင်သည်။ မပော့်အပေါ် အခုလိုအနိုင်ယူနေတ
ကိုလည်း နိူင်း နည်းနည်းလေးမှ မကျေနပ်။

''မပော်လည်း တစ်ခါတည်း ဝင်စားပါလား''

''နိူင်းတို့ အရင်စားနှင့်ကြပါ ... မပော်တို့က ပြီးမှစားမယ်''

မပော် စကားလည်းပြောရင်း သောက်ရေခွက်လေးများက
ရေဖြည့်ပေးနေလေသည်။ ယုကတော့ အခုအချိန်ထိ ထမင်းပန်းက
ကိုတို့ပင် မတို့သေးဘဲ ...





''မပော် ... ဖွန်း,ခက်ရင်းရှိလား''

ယုမေးလိုက်မှပင် မပော် ချက်ချင်းသတိရသွားမိလေသည်။
ဟုတ်ပါ့ရဲ့ ... မပော် ဖွန်း၊ခက်ရင်း မပြင်ထားမိ။ မပော်တို့အိမ်မှာ
ကလည်း ရိုးရိုးဟင်းခပ်ဖွန်းတွေပဲရှိသဖြင့် မပော် အားနာသွားမိလေ
သည်။

''ယု ခဏလေးနော် ... မပော် သွားယူပေးမယ်''

မပော် ယုကိုတောင်းပန်လိုက်ရင်း အိမ်နောက်ဖေးပေါက်မှ
မြန်မြန်လေးဆင်းကာ ဘေးအိမ်တွေကို လိုက်တောင်းရလေသည်။
ရွာမှာရှိသည့် လူတော်တော်များများကလည်း ဖွန်းခက်ရင်းနဲ့ ထမင်း
စားသည့်လူများ မဟုတ်ကြသဖြင့် မပော် လေး၊ငါးအိမ်လောက်အထိ
တစ်အိမ်တက်ဆင်း မေးရလေသည်။ ငါးအိမ်မြောက်မှ ဖွန်းခက်ရင်း
လေး နှစ်စုံကိုငှားရင်း အိမ်ကို ခပ်သွက်သွက်လေးပြန်လျှောက်ခဲ့လေ
သည်။

ညည့်သည်တွေက ထမင်းစားဖို့စောင့်နေကြသဖြင့် မပော်
အရမ်းအားနာသွားမိလေသည်။

နိူင်းကတော့ မပော်ပြေးထွက်သွားတာကိုကြည့်ရင်း ရင်ထဲ
ဒေါသတွေကို မျိုသိပ်မထားနိုင်တော့ချေ။

''ဒီမှာ ... မင်း သူများအိမ်လာပြီး တော်တော်ဗိုလ်ကျနေ



www.burmeseclassic.com

www.burmeseclassic.com



ပါလား။ သူတို့က မင်းကို အခုလိုဆက်ဆံနေတယ်ဆိုတာ မင်းဆီဟာထင် မင်းက သိပ်ချမ်းသာတဲ့သူဌေးသမီးမို့ ဆက်ဆံနေတယ်ထင်နေလား၊ ဒီမှာ ... သူတို့က မင်းမဟုတ်တဲ့ တခြားသူစိမ်းတစ်ယောက်ဆိုလည်း အဲဒီလိုပျူပျူငှာငှာ ဆက်ဆံကြတာပဲ၊ ဘာလို့လဲဆိုတော့ သူတို့က သိပ်ကိုနူးညံ့တဲ့ နှလုံးသားရှိလို့ပဲ ... မင်း နားလည်လား''

နှိုင်းစကားတွေကို ယု ငြိမ်ပြီးနားထောင်လိုက်မိလေသည်။ ယု ဘယ်လောက်ဆိုးဆိုး အပြုံးတစ်ချက်မပျက်ဘဲ လိုက်လိုက်လျှောက်ကူညီပေးတတ်သည့် မပေါ့်ပုံရိပ်လေးက ယုမျက်ဝန်းထဲတွင်တော့ လာထင်ဟပ်လေသည်။ ဟင့်အင်း ... ဒါ ဟန်ဆောင်နေတာလည်း ဖြစ်နိုင်တာပဲ။ ယု ခေါင်းလေးကို ဆတ်ခနဲ ခါလိုက်လေသည်။ ယု အပြင်ကိုလှမ်းကြည့်တော့ မောပြီးပြန်လာသော မပေါ့်ကို လှမ်းတွေ့လေသည်။ မပေါ့်ကတော့ မီးဖိုခန်းထဲသွားကာ ဖွန်းခက်ရင်းကို ကပျာကယာဆေးရင်း ယုဆီသို့ ခပ်သွက်သွက်လေး ပြန်လျှောက်လာလေသည်။

''တောင်းပန်ပါတယ် ယုရယ် ... မပေါ့်လေ ယု ဖွန်းခက်ရင်းနဲ့ စားတတ်မှန်းကို မေ့သွားတာ၊ မပေါ့်တို့ကျတော့လည်း လက်နဲ့ ဒါမှမဟုတ်လည်း ရိုးရိုးဟင်းခပ်တဲ့ဇွန်းနဲ့ပဲ စားနေကျဆိုတော့ သတိကို မရလိုက်တာ''



မပေါ့်ကတော့ နှုတ်ခမ်းမှ ချွေးစလေးများစို့နေတာတောင် ခပ်ပြုံးပြုံးလေးနှင့် အားနာစွာတောင်းပန်ရင်း စကားဆိုလေသည်။

ယုကတော့ မပေါ့် ဟန်ဆောင်နေတာလား၊ တကယ်ပင် ဒီလိုမျိုးစိတ်ထားရှိတာလားကိုတော့ ဝေခွဲမရအောင် ဖြစ်နေမိလေသည်။

မပေါ့်က အားလုံးကို လိုလေသေးမရှိအောင် ဂရုစိုက်လေသည်။ တကယ်တော့ မပေါ့်မှတင် မဟုတ်ပါဘူး ... တစ်အိမ်သားလုံးကလည်း ဂရုစိုက်ကြလေသည်။ ညအိပ်တော့လည်း ယုက မပေါ့်ကုတင်လေးပေါ်တွင် အခန့်သားအိပ်ပြီး မပေါ့်ကတော့ အခန်းထောင့်လေးတွင်ပင် ဖျာလေးခင်းကာ အိပ်လေသည်။

ယုက တကယ်ဆို မပေါ့်ရဲ့အသည်းကို ခွဲဖို့လာတယ်ဆိုတာကို သိနေတာတောင် မပေါ့် ဘာကြောင့်များ အခုလောက်ထိ ခွင့်လွှတ်နိုင်တာလဲဆိုတာကိုတော့ ယု စဉ်းစားလို့မရ။

ထိုညက ယု ဟိုဘက်လှိမ့်ဒီဘက်လှိမ့်နှင့် တော်တော်နှင့် အိပ်မပျော်ခဲ့သော်လည်း မပေါ့်ကတော့ တစ်နေ့လုံး ပင်ပန်းခဲ့လို့ထင်သည် ... နှစ်ခြိုက်စွာ အိပ်မောကျနေလေသည်ကို တွေ့ရလေသည်။ ယုကတော့ အိပ်ပျော်နေသည့် မပေါ့်မျက်နှာလေးကို ငေးကြည့်လိုက်မိလေသည်။ အပြစ်ကင်းစင်သည့် ကလေးငယ်လေးတစ်ယောက်လိုပင်

www.burmeseclassic.com

www.burmeseclassic.com



မပေါ်အိပ်နေပုံလေးက ...။

မပေါ့်ပုံလေးက ပကတိကြည်လင်းရှင်းသန့်နေလေသည်။ ယုမှာသာ ယုဒေါသနဲ့ယု ပူလောင်နေရလေသည်။

အခန်း (၂၃)

မပေါ် မိုးလင်း ဧည့်သည်တွေကို နံနက်စာကျွေးပြီးသည်နှင့် ဈေးကိုပြေးရလေသည်။ ဈေးရောက်တော့လည်း ဧည့်သည်တွေစား နိုင်မည့် ကြက်သားနှင့်ဝက်သားများကို ဝယ်ခဲ့လေသည်။ ဒါ့အပြင် ဖွယ်ဖွယ်ရာရာဖြစ်ဖို့လည်း အသီးအရွက်တို့နှင့် တခြားချဉ်ရည်ဟင်း များပါချက်ဖို့ အတွက် တစ်ခုချင်း သေချာစဉ်းစားရင်း မပေါ်ဝယ်ခဲ့ လေသည်၊ လကုန်ရက်မို့ မပေါ့်လက်ထဲတွင် ပိုက်ဆံ သိပ်ကိုမရှိတော့ သဖြင့် စိတ်ရှိသလောက် ဝယ်မလာနိုင်ဘဲ ချင့်ချိန်ပြီးဝယ်ခဲ့ရလေ သည်။

ဒါတောင် ဧည့်သည်တွေအတွက်သာ စဉ်းစားပြီး မပေါ်တို့က တော့ ဖြစ်သလို အသီးအရွက်ကြော်လောက်နဲ့ပဲ စခန်းသွားရတာ

www.burmeseclassic.com

www.burmeseclassic.com



တောင် ပိုက်ဆံက လောက်ရုံလေးရှိလေသည်။ တစ်ခါတလေတော့လည်း မပေ့ာ် ကိုယ့်ဘဝကိုယ် အားငယ်မိသလိုပင်။ ဖြစ်ချင်တာမှန်သမျှကို မျိုသိပ်ခဲ့ရတဲ့ဘဝကိုလည်း မပေ့ာ် မုန်းမိသလိုပင်။

မပေ့ာ် ဝယ်စရာရှိတာတွေ ဝယ်ပြီးသည်နှင့် အိမ်ကိုအမြန်ပြန်ခဲ့ရလေသည်။ မနက်ဖြန်ဆို နှိုင်းနဲ့မပေ့ာ် အပြီးဝေးရတော့မည်ဆိုသည့်အသိကလည်း မပေ့ာ်နှလုံးသားကို အက်ဆစ်နဲ့ လောင်းချနေသလိုပင်။ မပေ့ာ် နှလုံးသားထောင့်တစ်နေရာက နှိုင်းလက်ကို တင်းတင်းဆုပ်ကိုင်ပြီး မသွားဖို့တားချင်နေသော်လည်း မပေ့ာ့်ဦးနှောက်တွေကတော့ နှိုင်းကိုဆွဲထားဖို့ ခွင့်မပြုချေ။ လမ်းလျှောက်နေရင်း ပါးပြင်ပေါ်တွဲကျလာသော မျက်ရည်တစ်စက်ကြောင့် မပေ့ာ် အံ့လေးကြိတ်ရင်း ပါးပေါ်က မျက်ရည်စက်များကို လက်နှင့် ခပ်ကြမ်းကြမ်းသုတ်ပစ်လိုက်လေသည်။

မပေ့ာ် ခေါင်းမော့ရင်း အသက်ကိုဝရှူကာ ပြုံးလိုက်လေသည်။ စိတ်ထဲခံစားရတာ အနည်းငယ်ပေါ့သွားအောင် ဖော့ကြည့်လိုက်လေသည်။ ဘယ်လောက်ခက်ခဲတဲ့လမ်းပဲ ဖြစ်နေပါစေ ... မပေ့ာ် ပြုံးပြီး အဆုံးထိလျှောက်နိုင်အောင် ကြိုးစားရမှာပေါ့၊ ဘဝမှာ ဒီလိုဖြစ်ဖို့ပဲ အကြောင်းပါလာတော့ မပေ့ာ် ဒီလိုပဲနေတတ်အောင် ကြိုးစားရတော့မှာပေါ့။





မပေ့ာ် အိမ်နားရောက်တော့ လှမ်းမြင်ရလိုက်တဲ့မြင်ကွင်းကြောင့် ရင်ထဲတစ်နေရာက စူးစူးနစ်နစ်ကြီးကို နာကျင်အောင့်မျက်သွားမိလေသည်။ နှိုင်းရဲ့လက်ကို ပိုင်ပိုင်နိုင်နိုင်ကြီးတွဲလျက် ပြုံးပျော်နေသော ယုရဲ့မျက်နှာလေးကို တွေ့လိုက်ရလေသည်။

နှိုင်းရဲ့ပုံစံကတော့ စိတ်ရှုပ်နေတဲ့ပုံလေးက အထင်းသား။ မပေ့ာ် ခြေစုံရပ်ပြီး အသက်ကိုဝဝအရင်ရှူလိုက်ပြီးမှ ခြံထဲသို့ဝင်လာခဲ့လေသည်။

မပေ့ာ်ကိုမြင်တော့ နှိုင်းက ယုလက်တွေကို အတင်း ဖယ်ချလေသည်။

"နှိုင်း ဘယ်လိုဖြစ်နေလဲ ... ဒီမှာ ကိုယ့်ရဲ့ မကြာခင် ခင်ပွန်းဖြစ်မယ့် ယောက်ျားရဲ့လက်ကို တွဲထားတာ ဘာဖြစ်နေလို့လဲ"

"ယု ... မင်းကိုငါ လုံးဝလက်မထပ်နိုင်ဘူးလို့ ပြောပြီးသားနော်"

ယုက လက်ကိုမဖယ်သည့်အပြင် ပိုပြီး တင်းတင်းတွဲထားလိုက်ရင်း ...

"မင်း မလိုချင်လည်း ယုကိုယူရမှာပဲလေ ... ဟုတ်တယ်မဟုတ်လား မပေ့ာ်"

ယုက အနားတွင်ရပ်နေသော မပေ့ာ့်မျက်နှာကို လှမ်းကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင်း မေးလိုက်လေသည်။ မျက်ရည်စတချို့ကြောင့် ထင်သည် . . . မပေါ့မျက်ဝန်းတွေက တောက်စိုနေသလိုပင်။ ဒါပေမဲ့ မပေါ်ကတော့ အပြုံးနုနုကို နှုတ်ခမ်းမှာဆင်ထားရင်း . . .

"ဒါပေါ့ နှိုင်းရယ် . . . ဒီလောက်ချစ်စရာကောင်းတဲ့ ယုလိုမိန်းကလေးမျိုးကို ရတာ နှိုင်း ဘယ်လောက်ကံကောင်းလဲ"

"မပေါ်"

နှိုင်း မခံမရပ်နိုင် ထအော်လိုက်လေသည်။ ရင်ထဲမှာ မပေါ့အတွက်ခံစားရတာလည်း မချိမဆံ့အောင်ဘဲ။ အတင်း လာတွဲထားသော ယုလက်ကို တွန်းဖယ်လိုက်ရင်း . . .

"မပေါ် . . . မင်း . . . မင်း ပြောထွက်တယ်နော်၊ ငါ မင်းကို ဘယ်လောက်ချစ်တယ်ဆိုတာ မင်းမသိဘူးလား"

နှိုင်းရင်ထဲ အခါခါမျိုသိပ်ထားတာတွေက ဘယ်လိုမှ မခံနိုင်လောက်အောင်ကို ပွင့်ထွက်သွားလေသည်။ မပေါ်ကလည်း နှိုင်း ဒီလို ပေါ်တင်ပြောလိမ့်မည်လို့ မထင်ထားသဖြင့် ရုတ်တရက်ပြင်ဆင်ချိန်မရနိုင်လောက်အောင်ကို အံ့ဩမှင်တက်သွားမိလေသည်။

ယုကတော့ နှုတ်ခမ်းတစ်ဖက်ကို ပင့်ကာပြုံးလိုက်ရင်း ပွဲကြည့်ပရိသတ်တစ်ယောက်လို နှိုင်းနဲ့မပေါ်ရဲ့မျက်နှာကို စေ့စေ့ကြည့်ရင်းအတွင်းစိတ်တွေကို ဖတ်လိုက်လေသည်။





မပေါ် သတိဝင်လိုက်တော့ ယုမျက်နှာကို ဖျတ်ခနဲ လှည့်ကြည့်လိုက်လေသည်။ ယုမျက်ဝန်းတွေကတော့ မပေါ်ရဲ့နှလုံးသားအထိကို တိုးဖောက်ဝင်ရောက်နိုင်လောက်အောင်ကို စူးစိုက်လို့ . . .။

"ဒီမှာ နှိုင်း . . . နင့်ကိုငါ ဘယ်တုန်းက ချစ်တယ်လို့ အဖြေပြန်ပေးခဲ့လို့လဲ၊ ငါနင့်ကို လုံးဝ မချစ်နိုင်ဘူးနှိုင်း"

"မလိမ်နဲ့ မပေါ် . . . ကျွန်တော် မယုံဘူး။ ကျွန်တော့်ကို မချစ်ဖူးလို့ မငြင်းချင်ပါနဲ့ဗျာ၊ မပေါ့မျက်ဝန်းတွေကို ကျွန်တော် ဖတ်တတ်ပါတယ် မပေါ်ရယ်၊ ကျွန်တော့်ကို အဖြေပြန်ပေးပါဗျာ၊ ကျွန်တော် ဒီပြဿနာကို ရအောင်ရှင်းပါ့မယ်"

ယုက လက်ပိုက်လိုက်ရင်း နှိုင်းနဲ့ မပေါ့မျက်နှာကို တစ်လှည့်စီ အကဲခတ်နေလေသည်။ မပေါ်ကတော့ ထိန်းထားသည့်ကြားက မျက်ရည်တွေက ပါးပြင်ပေါ်သို့စီးကျလာရင်း . . .

"နှိုင်း . . . ရှင့်ကို မပေါ် လုံးဝမချစ်ဘူး။ ဘယ်တုန်းကမှလည်း မချစ်ခဲ့ဘူး။ ကျေးဇူးပြုပြီး ရှင်တို့ဇာတ်လမ်းထဲကို ကျွန်မကို ဆွဲမထည့်ပါနဲ့"

မပေါ် ပြောပြီးသည်နှင့် ချာခနဲ လှည့်ထွက်ခဲ့လေသည်။ မပေါ် ဒီထက်ပိုပြီး ဟန်မဆောင်နိုင်တော့ပါဘူး။ မပေါ့ရင်ထဲက နှလုံးသားလေးကတော့ အစိတ်စိတ်အမြွှာမြွှာ ကွဲကြေခဲ့လေပြီ။ နှိုင်းရဲ့



www.burmeseclassic.com

www.burmeseclassic.com



ခွေးမြည့်ကြေကွဲသွားတဲ့ မျက်ဝန်းတွေကလည်း မပေါ့်ကို ပိုမို နာကျင်စေလေသည်။

''နှိုင်း . . . ရှင် ယုရှေ့မှာတောင် ဒီစကားတွေကို ပြောရဲတယ် . . . ဟုတ်လား''

''ဒီမှာ မင်းရှေ့မှာမှ မဟုတ်ဘူး . . . ဘယ်သူ့ရှေ့မှာမဆို ငါ ဒီစကားတွေကို ပြောရဲတယ်ကွ၊ မင်းသိထားဖို့က ငါ့ကိုယ်ငါထက် ငါ သူ့ကိုပိုချစ်တယ်၊ အဲဒါကိုမှ မင်း မရမက ငါ့ကို ယူမယ်ဆိုလို့ ကတော့ မင်း ကောင်းကောင်းကြီး နောင်တရစေရမယ်''

နှိုင်းစကားကြောင့် ယု ပခုံးနှစ်ဖက်ကို ဟန်ပါပါတွန့်လိုက်ရင်း

''ဒီမှာ သိပ်မခြိမ်းခြောက်နဲ့ . . . ယုယုမြတ်မင်းဆိုတာ ဘာကို မှ ကြောက်တတ်တဲ့လူ မဟုတ်ဘူးနော်''

''မင်းစမ်းကြည့်လိုက်လေ . . . မင်းကြောင့် ငါတို့နှစ်ယောက် ဝေးရရင် မင်းလည်း တစ်သက်လုံး ငါကြောင့် စိတ်ဆင်းရဲစေရမယ်လို့ ငါအာမခံရဲတယ် . . . ဟုတ်ပြီလား''

နှိုင်း ပြောပြီးသည်နှင့် လှည့်ထွက်ခဲ့လေသည်။ နှိုင်း အခန်းထဲ ရောက်တော့ စိတ်တွေက အဆမတန်ကို ရှုပ်ထွေးနေမိလေသည်။ မပေါ်က အခုဆို နှိုင်းကို နှစ်ယောက်တည်းတွေ့ခွင့် လုံးဝမပေးတော့။ မပေါ်က ရှောင်ပြေးချင်နေလေလေ နှိုင်း ပိုပြီး စိတ်ဆင်းရဲရလေလေ။



အခုအခြေအနေအတိုင်းဆို မပေါ် ဘယ်လိုပဲဖြစ်ဖြစ် နှိုင်းကို လုံးဝလက်မခံနိုင်ဘူးဆိုတာ နှိုင်း ကောင်းကောင်းသိနေလေသည်။

ရင်ထဲမှာ ဘာတွေမှန်းမသိဘဲ ရှုပ်ထွေးလာလေသည်။ မနက် ဖြန်ဆို ဒယ်ဒီတို့က နှိုင်းကို မရမကပြန်ခေါ်သွားတော့မယ်။ မပေါ်ကို ကလည်း နှိုင်းကို လက်မခံတော့ နှိုင်း ဘာဆက်လုပ်ရမှန်း မသိနိုင် လောက်အောင်ကို စိတ်ပျက်လာမိလေသည်။

နှိုင်းဘက်မှာ မပေါ်ရှိရင်လည်း ဘာတွေပဲ ဖြစ်လာ ဖြစ်လာ နှိုင်း ရင်ဆိုင်ရဲပါတယ်။ အခုတော့ မပေါ်ကိုယ်တိုင်က နှိုင်းကို လက်မခံတော့ နှိုင်း ဘာမှကို ဆက်လုပ်လို့မရပေ။

မပေါ့်မျက်ဝန်းတွေမှာလည်း ပြတ်သားတဲ့ဆုံးဖြတ်ချက်တွေ ကို မြင်နေရသဖြင့် နှိုင်း ဘာမှဆက်လုပ်လို့မရနိုင်လောက်အောင်ကို ဖြစ်ရလေသည်။ ဒီကြားထဲ ယုကလည်း မကျေနပ်ချက်တွေကို အရင်း ပြုပြီး နှိုင်းကို အမျိုးစုံပညာပြနေသဖြင့် နှိုင်း သေသာသေလိုက်ချင် တော့သည်။

''အားထည့်ပြီး တွန်းလေ . . . မရသေးဘူး''

ယုရဲ့အသံစူးစူးလေးကို အခန်းထဲကကြားလိုက်ရသဖြင့် နှိုင်း အခန်းအပြင်ဘက်ကို ပြေးထွက်လာခဲ့လေသည်။ ဒီလိုအသံမျိုးဆို ယသချာတာက တစ်ယောက်ယောက်ကို ယု ပြဿနာရှာနေတာပဲ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရမယ်။ နှိုင်း လှမ်းတွေ့လိုက်ရသည့်မြင်ကွင်းကြောင့် 'တောက်' တစ်ချက်ကိုခေါက်လိုက်ရင်း အနားကို လျှောက်သွားလိုက်ရလေသည်။

မပေါ်က ထဘီတိုတိုလေးဝတ်ထားရင်း ဗွက်အိုင်လေးထဲ နစ်နေသော စက်ဘီးလေးကို တွန်းပေးနေလေသည်။ ယုကတော့ စက်ဘီးပေါ်ကတောင် မဆင်းဘဲ မပေါ်ပခုံးလေးကို လှမ်းဖက်ထားရင်း စက်ဘီးကို ဗွက်ထဲမှလွတ်အောင် တွန်းခိုင်းနေလေသည်။ မပေါ်ခြေသလုံးဖြူဖြူလေးမှာတော့ ဗွက်လေးတွေ ပေပွလို့။ နှိုင်း ရင်ထဲ ဒေါသတွေက အလိပ်လိပ်ကို ထွက်လာခဲ့လေသည်။

"ယု . . . မင်းက စက်ဘီးပေါ်က ဆင်းလိုက်ပါလား။ မပေါ်က မင်းခန္ဓာကိုယ်ရော, စက်ဘီးပါ တွန်းတင်ပေးနေရတော့ ဘယ်လိုလုပ် နိုင်မှာလဲကွ"

"အိုး . . . မနိုင်ပေမယ့်လည်း ယုဆင်းလိုက်ရင် ယုဖိနပ်တွေ ပေကုန်မှာပေါ့"

နှိုင်း ဒေါသကြောင့် မျက်လုံးတွေပါ နီရဲလာလေသည်။

"မပေါ် ဖယ်"

မပေါ့်ကိုဖယ်ခိုင်းပြီး နှိုင်း စက်ဘီးကို အားနှင့်တွန်းတင်လိုက် သဖြင့် ယု စက်ဘီးလေးမလဲအောင်ကို မနည်းထိန်းလိုက်ရလေသည်။





မပေါ်ကတော့ ကိုယ့်အလုပ်လည်းမရှိတော့သဖြင့် ချာခနဲလှည့်ထွက် ခဲ့လေသည်။ မနက်ဖြန်ဆို ပြန်တော့မည့် ဧည့်သည်တွေအတွက်လည်း မပေါ် စိတ်ကို အတတ်နိုင်ဆုံးထိန်းပြီး အကောင်းဆုံးဖြစ်အောင် ဆက်ဆံဖို့သာ ကြိုးစားလိုက်လေသည်။

"ယု . . . မင်းမှာ ကိုယ်ချင်းစာတဲ့စိတ်ကို မရှိတာ၊ မင်းဖိနပ် လေး ပေမှာစိုးတာနဲ့ မပေါ်တစ်ကိုယ်လုံး ပေကျံကုန်ရတာ မင်းမြင် လား"

ယု မပေါ့်ကိုလှမ်းကြည့်လိုက်တော့ ခြေသလုံးလေးတွေမှာ ဗွက်တွေပေကျံနေရုံသာမကဘဲ ထဘီတင်ပါးနေရာတွေအထိပါ ဗွက် တွေနှင့် ပေပွနေလေသည်။ ယု ဒီလောက်လုပ်နေတာတောင် ဘာတစ် ခွန်းမှ ပြန်မပြောဘဲ လှည့်ထွက်သွားသော မပေါ်ကိုလည်း ယု နည်းနည်းတော့ အားနာသွားမိလေသည်။

တကယ်တော့ ယု မိန်းကလေးတစ်ယောက်အနေနဲ့ ကိုယ့်နဲ့ သက်ထပ်ရမည့်လူက ကိုယ့်ရှေ့မှာတင် တခြားတစ်ယောက်ကို အူး ထောက်ပြီး ချစ်ခွင့်ပန်နေတာကို မြင်ရလို့ မကျေနပ်စိတ်နဲ့ တမင် လျှောက်လုပ်ခဲ့မိတာပါ။

အခုလို မပေါ့်ဘက်က ဘာမှပြန်မတုံ့ပြန်တော့လည်း ယုရင်ထဲ တစ်မျိုးလေးခံစားလိုက်ရလေသည်။ တစ်ဖက်က တင်းလွန်းပြီး တစ်



www.burmeseclassic.com

www.burmeseclassic.com



ဖက်က လျှော့ပေးလွန်းတဲ့အခါကျတော့လည်း ယုရဲ့လုပ်ရပ်တွေက အရမ်းကို ဆိုးရွားစွာထင်ပေါ်လာလေသည်။

မပော်ရဲ့ ဘာမှအပြစ်မယူတဲ့ လုပ်ရပ်ကြောင့်လည်း ယု ကိုယ့်ကိုယ်ကိုယ်ပင် ပြန်ရှက်မိလာလေသည်။

♡ ♡ ♡

အခန်း (၂၄)

"အန်ကယ် ထည့်စားနော်၊ အန်တီနဲ့ ယုလည်း ထည့်စားနော်"

ဒီနေ့အိမ်တွင် ဦးဘုန်းမခတို့ကိုပါ ထမင်းဖိတ်ကျွေးသဖြင့် အားလုံး လိုလေးသေးမရှိအောင် မပော်တို့ အဝတုးဂရုစိုက်ကြလေသည်။ ဒေဖေကဒေတာ့ ယပ်တောင်လေးနှင့် အနားတွင် ယပ်ခတ်ပေးရင်း ဟင်းများကို အန်ကယ်တို့ပန်းကန်ထဲ လိုက်ထည့်ပေးလေသည်။

မောင်လေးက ယောကျ်ားလေးဆိုတော့ အဲဒီလိုအလုပ်တွေ သိပ်မလုပ်တတ်ဘဲ ကျစရာရှိတာ ကျပြီးသည်နှင့် အပြင်သွားနေတာ များသည်။

"သမီးလက်ရာက တော်တော်ကောင်းတာပဲ၊ ဟင်းတွေ တွဲ

www.burmeseclassic.com

www.burmeseclassic.com



ထားတာလည်း အစပ်အဟပ်တည့်တယ်၊ တကာယ့်ကို မိန်းမကောင်း ပီသပါပေတယ်ကွယ်''

ဒေါ်မြဝတ်မှုန်ကတော့ မနေနိုင်ဘဲ ထုတ်ဖော်ချီးမွမ်းမိလေသည်။ ကလေးမလေးရဲ့ပုံစံလေးကို ကြည့်လိုက်ကတည်းက ထက်ထက်မြက်မြက်နှင့် မိန်းမကောင်းပီသတဲ့ရုပ်ရည်လေး ရှိနေလေသည်။ ကိုယ့်သားကိုကြည့်လိုက်တော့လည်း ကောင်မလေးအပေါ်မှာ စူးစူးနစ်နစ်ချစ်နေမှန်း သိသာလွန်းလှပါသည်။

ဒါကြောင့်သာ မိဘတွေ ဘယ်လောက်ပြောပြော နားမဝင်ခဲ့တဲ့ သားလေးက အခုတော့ ပုံစံတွေပြောင်းပြီး လိမ္မာလာတာပေါ့။ မပော့် ပုံစံလေးကလည်း ဆင်းရဲဟာကလွဲရင် ကျန်တာငြင်းစရာမရှိသည့် ပုံလေးပါ။ ဒေါ်မြဝတ်မှုန်ရဲ့ စိတ်ကူးဆိုလျှင်တောင် မပော်လေးရဲ့ သားကို ပိုပြီးသဘောတူလေသည်။ ဒါပေမဲ့ ကိုယ့်ခင်ပွန်းကတော့ ပိုက်ဆံမှပိုက်ဆံဖြစ်နေသည့် စီးပွားရေးသမားဖြစ်နေတော့ ရွှေ ရွှေချင်း ထပ်မှ မြတ်သည်ဆိုသည့်အတွေးသာရှိပြီး သားလေးကို ယုနဲ့သာ အတင်းသဘောတူလေသည်။

''ကျေးဇူးတင်ပါတယ် အန်တီ ... သမီးက အန်တီတို့ စားပေ ကောင်းမှာပဲ စိတ်ပူနေတာ''

''ဒါတော့ စိတ်မပူနဲ့ သမီးရေ ... အန်ကယ်တော့ နောက်တစ်



ပန်းကန်တောင် ထပ်ထည့်နေရပြီ''

ဦးဘုန်းမခက နောက်တစ်ပန်းထပ်ထည့်သော်လည်း နှိုင်းကတော့ ထမင်းကို တစ်လုတ်နှစ်လုတ်ထက် ပိုမစားပေ။ ရင်ထဲမှာ ပြည့်ကျပ်နေသောအချစ်စိတ်တွေကြောင့် ထမင်း ဘယ်လိုမှ စားမဝင်ချေ။

''နှိုင်း စားလေ ... စားမကောင်းဘူးလား''

ယုက ကြက်သားကြော်လေးတစ်တုံး နှိုင်းပန်းကန်ထဲ ခပ်ထည့်ပေးရင်း မေးလိုက်လေသည်။ နှိုင်း စားနေရာမှ ခေါင်းမော့ကြည့်လိုက်ရင်း ...

''စားကောင်းပါတယ် ... ရင်ပြည့်နေလို့ပါ''

ဒီစကားကိုတော့ မပော့်မျက်နှာလေးကို ငေးကြည့်ရင်း နှိုင်းယိုဆို့နစ်နစ်ကြီး ပြောလိုက်လေသည်။ နှိုင်းရဲ့ပုံစံကိုကြည့်ပြီး နှိုင်းဘာကိုဆိုလိုတယ်ဆိုတာ အားလုံးက သဘောပေါက်ကြလေသည်။

မပော်ကတော့ မျက်လွှာချထားရင်းက မသိချင်ယောင်သာဆောင်နေမိလေသည်။ လှုပ်ရှားနေတဲ့ မပော်စိတ်တွေကိုလည်း လူမမြင်အောင် မနည်းထိန်းသိမ်းနေရလေသည်။

''ဘာပဲဖြစ်ဖြစ် သားကို အခုလိုပြောင်းလဲပေးခဲ့တာတွေ, စောင့်ရှောက်ပေးခဲ့တာတွေအတွက် ကိုအုန်းမောင်ကို ကျွန်တော် အများကြီး

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်ပါတယ်''

''မလိုပါဘူး ဆရာရယ်၊ ဆရာတို့မိသားစုကျေးဇူးတွေက ကျွန်တော်တို့အပေါ်မှာ အများကြီးပါ၊ စိတ်ချပါ ... ဘာအခက်အခဲပဲ ကျွန်တော်တို့ဘက်က ရှိရှိ ဆရာတို့အဆင်ပြေအောင် ကျွန်တော်တို့ အမြဲကြိုးစားပေးမှာပါ''

စကားလုံးတွေရဲ့အဓိပ္ပါယ်တွေက များစွာပျော်ဝင်နေသည်လို့ မပေါ်ထင်မိလေသည်။ မပေါ် ဖေဖေ့မျက်နှာကို ရုတ်တရက် ငေးကြည့်လိုက်တော့ ဖေဖေ့မျက်ဝန်းတွေက မပေါ့်ကို တောင်းပန်နေ့သလိုပင်။ မလိုပါဘူး ဖေဖေရယ် ... သမီးလည်း ဖေဖေ့လိုပဲ ဆုံးဖြတ်ပြီးသားပါ။ လုပ်ချင်တာနဲ့ လုပ်သင့်တာကို သမီး ခွဲခြားတတ်ပါတယ်။ မပေါ် စိတ်ထဲက စကားတွေ ပြန်ပြောလိုက်မိလေသည်။

''အထူးသဖြင့် သမီးကို ဦး ကျေးဇူးတင်ပါတယ်၊ သမီးရဲ့စိတ်ထားကို ဦးနားလည်ပါတယ်''

''ရပါတယ် ဦးရယ် ... မလိုပါဘူး''

ထိုညက အရင်လိုလည်း စကားတွေ သိပ်မပြောဖြစ်ကြ... ငြိမ်သက်နေသည်ဟု မပေါ်ထင်သည်။ မပေါ်လည်း အပြင်မှာပ... ချင်တော့တာနှင့် အခန်းထဲဝင်ကာ ဖျာလေးခင်းပြီး အိပ်ရာစော... ဝင်ခဲ့လေသည်။ မပေါ် အိပ်ရာဝင်ပြီး သိပ်မကြာခင်မှာတော့ ...



အခန်းထဲဝင်လာတာကို တွေ့လိုက်လေသည်။ မပေါ် ကြိုးစားပြီးအိပ်သော်လည်း ဘယ်လိုမှအိပ်လို့မရဘဲ စိတ်တွေက ယောက်ယက်ခတ်နေလေသည်။

''မပေါ် ... အိပ်မပျော်ဘူးလား''

ယု ခုတင်ပေါ်ကနေ မပေါ့်ကိုလှမ်းကြည့်ရင်း မေးလိုက်လေသည်။

''ဟုတ်တယ် ယု ... ဒီနေ့ရာသီဥတုက အရမ်းပူနေသလိုပဲ၊ မိုးလေးရွာရင် ကောင်းမှာပဲ''

''ရာသီဥတုက အရမ်းပူတာ မဟုတ်ပါဘူး မပေါ်ရယ် ... မပေါ့်ရင်တွေ ပူနေတာ နေမှာပါ''

ယုစကားကြောင့် မပေါ် ယုမျက်နှာကို အမှောင်ထဲမှာ သေချာလှမ်းကြည့်လိုက်မိလေသည်။ ယုမျက်လုံးတွေက မပေါ့်ကို စကားတွေပြောချင်နေသလိုပင်။

''မပေါ်က ဘာလို့ မရွာတဲ့မိုးကို ကောင်းကင်ကြီးပဲကြည့်ပြီး မိုးရွာပါစေလို့ ဆုတောင်းနေတာလဲ၊ တကယ်ဆို 'မိုးမရွာလည်း မိုးအစား တစ်ခုခု, ရေပန်းလေးအောက်မှာ ထိုင်နေတာမျိုးဖြစ်ဖြစ်ပေါ့ကွာ တစ်ခုခု မပေါ်အစားထိုးဖို့ ကြိုးစားသင့်တယ်''

''ဒါကလည်း ကြိုးစားဖို့ အခွင့်အရေးရှိတဲ့ လူတွေအတွက်တော့

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်တာပေါ့ ယုရယ်၊ မပော်ကတော့ ကြိုးစားဖို့အခွင့်အရေးမရှိတဲ့ အတူတူ စိတ်သက်သာရာ ကောင်းကင်ကြီးကိုပဲကြည့်ပြီး အော်နေချင်မိတယ်"

"မပော် . . . အချစ်ကို ဘယ်လိုနားလည်ထားလဲ"

ယုက ကိုယ်လုံးလေးကို မပော့်ဘက်ကိုစောင်းလိုက်ရင်း မေးလိုက်လေသည်။ မပော်ကတော့ ရင်ဘတ်ပေါ် လက်လေးတင်ကာ ခြင်ထောင်လေးကို မော့ကြည့်လိုက်ရင်း . . .

"မပော်အတွက် အချစ်ဆိုတာက ကိုယ့်ချစ်သူ အဆင်ပြေပြေ, သာသာယာယာရှိနေဖို့က အဓိကပါ၊ မပော့်အချစ်မှာ ရယူတာတွေ, ပေးဆပ်တာတွေ မပါဘူး။ မပော် စဉ်းလည်းမစဉ်းစားဘူး၊ မပော်စဉ်းစားတာက သူ မပော်နဲ့နေရင် အဆင်ပြေမလား, ဒါမှမဟုတ် သူ့ဘာသာသူနေရင် ပိုအဆင်ပြေမလား . . . ဒါပဲစဉ်းစားတယ်"

"အဲဒီလိုစဉ်းစားလို့ ရလာတဲ့အဖြေအတွက် မပော် နောင်တမရဘူးလား"

မပော် မျက်လုံးတွေ မျက်ရည်တွေဝေ့လာလေသည်။ နောင်တမရဘူးလားတဲ့ . . . မေးကတတ်လိုက်တာ။ တကယ်ဆို မပော် နောင်တရတာမဟုတ်ဘူး . . . အသည်းတွေ တစ်စစီကို ကွဲကုန်တာ။



"မပော် အခုအခြေအနေထက် နောင် ဆယ်နှစ်, အနှစ်နှစ်ဆယ်ကို လှမ်းကြည့်တယ်၊ အခုအခြေအနေမှာ မပော်အသည်းကွဲရင် ကွဲလိမ့်မယ်၊ ဒါပေမဲ့ နောင်ဆယ်နှစ်ကျရင် မပော့်ကြောင့် သူ့ဘဝ မညစ်နွမ်းဘဲ သာယာနေတယ်ဆိုရင် မပော်ကျေနပ်မှာပါ"

"မပော်က ဘာလို့ အဲဒီလောက်တောင် သူ့အတွက် စဉ်းစားပေးရတာလဲ"

"ဒီအဖြေကိုတော့ ယု တကယ်ချစ်တတ်တဲ့အချိန်ကျရင် မပော် မပြောဘဲနဲ့ကို ယု အလိုလိုနားလည်လာမှာပါ၊ ကဲ . . . မပော် အိပ်တော့မယ်နော်၊ ကောင်းသောညပါ ယု"

မပော် အိပ်ပျော်ပျော်၊ မပျော်ပျော် မျက်လုံးကို ဖွတ် ကြိတ်မှိတ်ထားလိုက်လေသည်။ အချိန်တွေ အရမ်းကြာသွားသောအခါ မပော့်အိပ်မက်ထဲမှာတော့ နှိုင်းရဲ့ ကြီးပွားနေတဲ့ပုံလေးကို မပော် အဝေးကနေကြည့်ပြီး ပျော်ရွှင်နေမိသောအိပ်မက်လေး မက်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၂၅)

မနက်ကျရင် မပော်နဲ့ ဝေးရတော့မည်ဆိုသည့် အသိကြောင့် နှိုင်း ဘယ်လိုမှ အိပ်မပျော်ဘဲ ရင်ထဲပူလောင်နေမိလေသည်။ နှိုင်း ဘယ်လိုပဲကြိုးစားကြိုးစား မပော်ရဲ့ ခါးသီးတဲ့ငြင်းဆန်မှုအောက်မှာ နှိုင်း ဘာမှကြိုးစားခွင့် မရခဲ့။

အခုတော့ မပော်နဲ့ဝေးရတော့မည် ...။

နှိုင်း နံရံပေါ်က မပော့်ဓာတ်ပုံလေးကို တစ်ညလုံး ငေးကြည့်နေရင်းက မပြောဖြစ်ခဲ့သည့် စကားမြောက်မြားစွာတို့ကို မပော်ရှေ့တွင် တစ်ယောက်တည်း ပြောပြနေမိလေသည်။

မနက်မိုးလင်းတော့ ခြံရှေ့ကို ကားလာရပ်သည်နှင့် နှိုင်း ကျောပိုးအိတ်လေးဆွဲကာ ထွက်လာခဲ့လေသည်။



ယုကာ နှိုင်းကိုတွေ့တော့ ...

"နှိုင်း ... နင် ညက တစ်ညလုံး မအိပ်ဘူးလား ... မျက်ကွင်းတွေ ဟောက်ပက်နဲ့"

နှိုင်းကတော့ ယုအမေးကိုလည်း ပြန်မဖြေဘဲ မပော့်မျက်နှာလေးကိုသာ တဆိုက်မတ်မတ် စိုက်ကြည့်လိုက်လေသည်။ မပော်ကတော့ မျက်လွှာလေးချကာ ငြိမ်သက်လို့၊ ဦးကြီးနဲ့ မောင့်ကတော့ နှိုင်းကိုဖက်ပြီး နှုတ်ဆက်ကြလေသည်။ နှိုင်းရင်ထဲ အဆမတန် ဝမ်းနည်းလာမိလေသည်။ ဒါကြောင့်လည်း ယောကျ်ားတန်မဲ့ မျက်ရည်များက ပါးပေါ်သို့ စီးကျလာလေသည်။

"အစ်ကို့ကို ကျွန်တော်တို့ အမြဲသတိရနေမှာပါ"

"နှိုင်း ... ကျန်းမာရေးကို ဂရုစိုက်နော်၊ လိမ်လိမ်မာမာလည်း နေ ... ကြားလား"

အားလုံးက နှိုင်းကို တစ်ယောက်တစ်ခွန်း ပိုင်းမှာကြပေမယ့် မပော်ကတော့ တစ်ခွန်းမှ မပြောပေ။ နှိုင်း မပော့်ရှေ့တည့်တည့်တွင် ရပ်လိုက်ပြီး မပော့်မျက်နှာကို ငုံ့မိုးကြည့်ရင်း ...

"မပော် ... ကျွန်တော့်အတွက် နောက်ဆုံးအနေနဲ့ပဲဖြစ်ဖြစ် တစ်ခွန်းလောက် မှာပါဦးဗျာ၊ မပော့်စကားတွေကို ကျွန်တော် လိုက်နာချင်လို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



နှင်းအသံတွေက အဆုံးတွင် အဖျားခတ်တုန့်ခါသွားလေသည်။ နှင်း အံကိုတင်းတင်းကြိတ်လိုက်ရင်း ဝဲချင်နေသောမျက်ရည်များကို သိမ်းဆည်းလိုက်လေသည်။

"မပေါ် ဘာမှမှာဖို့ မလိုလောက်အောင်ကို နှင်းက အရမ်း လိမ္မာနေပြီပဲ နှင်းရယ် ... မပေါ် ဝမ်းသာပါတယ်"

မပေါ် ထိန်းထားသည့်ကြားက မျက်ရည်များစီးကျလာသဖြင့် လက်ခုံလေးနှင့် ပွတ်သုတ်လိုက်လေသည်။

"သမီးတို့မိသားစုကို ဦး ကျေးဇူးအရမ်းတင်ပါတယ်"

ဦးဘုန်းမခကိုယ်တိုင် ကားပေါ်ကဆင်းပြီး ကျေးဇူးတင်စကား ဆိုလေသည်။ အခုလိုနှင်းပြန်လိုက်လာတာလည်း မပေါ်ရဲ့ လိမ္မာ ပါးနပ်တဲ့ ဆုံးဖြတ်ချက်တွေကြောင့်ဆိုတာကို ပြောမပြပေမယ့်လည်း ဦးဘုန်းမခ သိနေလေသည်။

"ရပါတယ် ဦး ... မလိုပါဘူး၊ ဦးတို့ကျေးဇူးကို သမီးတို့ ဆပ်ခွင့်ရတယ်လို့ပဲ သမီးထင်ပါတယ်"

"ရန်ကုန်ရောက်ရင်လည်း ဝင်လည်နော်သမီး"

"ဟုတ်ကဲ့ပါ အန်တီ"

"ယုသွားမယ်နော် မပေါ်၊ ဘာပဲဖြစ်ဖြစ် မပေါ်ကြောင့် ယု အချစ်ကို နားလည်ခွင့်ရလိုက်တာပါ၊ မပေါ့်ကို ယုသည်း တစ်ချိန်



ချိန်တော့ ကျေးဇူးဆပ်ခွင့်ကြုံမှာပါ"

မပေါ် ခေါင်းသာညိတ်ပြလိုက်လေသည်။ မပေါ် ဒီထက်ပိုပြီး ဘာစကားမှ ထွက်မလာတော့၊ နှလုံးသားတစ်ခုလုံးကို တစ်စုံတစ်ဦးက လက်နှင့်ဖျစ်ညှစ်ခံထားရသလို နာကျင်မောဟိုက်နေမိလေသည်။

"ကဲ ... အားလုံးပဲ သွားခွင့်ပြုပါဦး"

အကုန်လုံးနှုတ်ဆက်ပြီးသည်နှင့် ကားပေါ်တက်ကာ ထွက်ခွာခဲ့ လေသည်။ မပေါ်ကတော့ ဟန်မဆောင်နိုင်တော့ဘဲ မပေါ့်ရဲ့ ဟိုးအရင်တုန်းက အခန်းလေး ... နှင်းနေခဲ့သော အခန်းလေးဆီ သို့သာ ပြေးဝင်ရင်း ရင်ကွဲမတတ် ငိုလိုက်မိလေသည်။ ဖေဖေနဲ့ မောင်လေးကတော့ နားလည်စွာနဲ့ပဲ အိမ်ထဲလှည့်ဝင်ခဲ့လေသည်။

လမ်းတစ်လျှောက်လုံးလည်း ဘယ်သူမှ ဘာစကားမှ မပြော နိုင်လောက်အောင်ကို တိတ်ဆိတ်ခြင်းနေလေသည်။ ယုကတော့ ဘေးနားတွင်ရှိသော နှင်းကို လှည့်ကြည့်လိုက်ရင်း အကဲခတ်လိုက်လေ သည်။

နှင်းကိုကြည့်ရတာ သက်ရှိရုပ်တုလေးလိုပင် ... စိတ်နဲ့လူနဲ့ မကပ်ဘဲ အရမ်းကိုစိတ်ခံစားနေရသည့် လူတစ်ယောက်လို ငေး ငိုင်လို့၊ နှင်းပုံစံကိုကြည့်ပြီး ယုတောင် ရင်ထဲ အလိုလို စိတ်မကောင်း ဖြစ်မိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အခုအချိန်လောက်ဆို မပော်ရော ဘယ်လောက်တောင် ဝမ်းနည်းနေလိမ့်မလဲ။ အားလုံးအပေါ် နားလည်စွန့်လွှတ်တတ်တဲ့ မပော်ရဲ့စိတ်ဓာတ်ကိုတော့ ယုလေးစားပါသည်။

ယုရဲ့ မကျေနပ်တဲ့စိတ်တစ်ခုနဲ့ပဲ အားလုံးကို အခုလို လိုက်ခွဲမိတာ ယု မှားများသွားပြီလား။ နှိုင်းပုံစံကို ယု သေချာလှည့်ကြည့်လိုက်တော့ ကြည့်ရက်စရာမကောင်းလောက်အောင် နှိုင်းရဲ့ ခွေးမြည့်ကွဲအက်နေသည့်ပုံစံကို တွေ့ရလေသည်။

ယု တစ်ခုခု အခိုင်အမာဆုံးဖြတ်မှသာ အဆင်ပြေတော့မည်။ နှိုင်းကို ယုလက်ထပ်လိုက်ရင်လည်း ဘယ်တော့မှ သာယာတဲ့ အိမ်ထောင်တစ်ခုမဖြစ်နိုင်မှန်းလည်း ယု ကောင်းကောင်းသဘောပေါက်ပါသည်။

နှိုင်းကို မရမက လက်ထပ်ချင်စိတ်ရှိနေလား . . . လို့ ယုကိုယ့်ကိုယ်ကိုယ်ပြန်မေးကြည့်တော့လည်း အဲဒီလိုမျိုး မဟုတ်။ ယုကို မယူနိုင်ပါဘူးဆိုပြီး ထွက်ပြေးခဲ့တဲ့ ယောကျ်ားတစ်ယောက်ကိုသာ စိတ်နာလို့၊ တမင်ပညာပြချင်လို့ အခုလို လုပ်မိတာပါ။

ဒါဆို ယု ဘာဆက်လုပ်သင့်လဲ။

"ကား . . . ခဏရပ်ပေးပါလားဦး"

ယု လှမ်းကြည့်လိုက်တော့ ပုသိမ်မြို့ထဲသို့ ဝင်လာလေသည်။



ယုအသံကြောင့် ကား တုံ့ခနဲရပ်သွားရင်း အားလုံးက ယုကိုလှည့်ကြည့်ကြလေသည်။

"ယု တစ်ခုပြောချင်လို့ပါ . . . ယု နှိုင်းကိုမယူနိုင်ပါဘူး"

"ဟင် . . . ဘာလို့လဲ သမီး"

ဦးဘုန်းမြ တအံ့တသြကို ခေါင်းကြီးချာခနဲလှည့်ရင်း မေးလိုက်လေသည်။ အန်တီကလည်း ယုကိုပြူးပြဲကြည့်သလို နှိုင်းကတော့ ဘာတွင်လုံးတွေလုပ်နေလဲဆိုသည့် မယုံသင်္ကာမျက်လုံးကြီးနှင့် ကြည့်လာလေသည်။

"ယု တကယ်က နှိုင်းကို မကျေနပ်လို့သာ အဲဒီ[illegible]ထိ လိုက်လာခဲ့တာပါ၊ ပြီးတော့ ဟိုရောက်တော့လည်း နှိုင်းက မပော့်ကို အသည်းအသန်ချစ်ပြနေတော့ ယု မိန်းကလေးစိတ်နဲ့ မနာလိုဖြစ်မိပြီး တမင်လျှောက်လုပ်ခဲ့တာပါ၊ သေချာစဉ်းစားကြည့်တော့ ယု . . . နှိုင်းကို ဘယ်လိုနည်းနဲ့မှ လက်မထပ်နိုင်ပါဘူး၊ ယုကြောင့်လည်း သိပ်ချစ်ကြတဲ့ ချစ်သူနှစ်ဦးကို မကွဲစေချင်ပါဘူး၊ အားလုံးမြင်ခဲ့တဲ့ အတိုင်းပါပဲ . . . မပော်က ဆင်းရဲတာကလွဲရင် ကျန်တာ ပြောစရာမရှိလောက်အောင်ကို ပြည့်စုံပါတယ်၊ ဒီလိုမိန်းကလေးမျိုးကသာ နှိုင်းရဲ့ဘဝကို ပဲ့ကိုင်နိုင်မယ်လို့ ယုတော့ထင်တယ်"

ယုစကားဆုံးသည်နှင့် နှိုင်း အရမ်းကို ဝမ်းသာသွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



"သမီးလေးဘက်က ခွင့်ပြုတယ်ဆို ကျွန်မလည်း သဘောတူတယ်၊ မဟော့်ကိုကြည့်ရတာ စိတ်ထားရော အကျင့်စာရိတ္တပါ ပြောစရာမလိုလောက်အောင်ကို တော်ပါတယ်၊ သားကလည်း အရမ်းချစ်နေတော့ ကျွန်မကတော့ သဘောတူတယ် . . .၊

ဒီမှာ ကိုဘုန်းမခ . . . လူ့ဘဝ မှာ ချမ်းသာတယ်၊ ဆင်းရဲတယ်ဆိုတာ ကံပါရှင်၊ ကျွန်မတို့ အခုလည်း ပြည့်ပြည့်စုံစုံနေနိုင်နေပြီပဲ . . . ရှင် ဒီထက်ပိုပြီး ဘာများလောဘတက်နေစရာ ရှိလဲ၊ လူတိုင်းက တစ်နေ့ ထမင်းနှစ်နပ်ပဲ စားနိုင်ကြတာပါ"

ဒေါ်မြဝတ်မှုန်ကပါ မနေနိုင်တော့ဘဲ သားဘက်ကနေ ရပ်တည်ပြောပေးနေလေသည်။ တကယ်ဆို အစကတည်းက ပြောချင်တာ . . . ခေါ်လာတဲ့သမီးလေးကို အားနာလို့၊ ခေါ်လာပြီးမှ လူကြီးမခန့်ရာကျမှာစိုးလို့ အားလုံးကို မျိုသိပ်နေခဲ့ရတာ။

အားလုံးက တစ်ဖက်၊ ဦးဘုန်းမခက တစ်ဖက် ဖြစ်သွားလေသည်။ ဦးဘုန်းမခကိုယ်တိုင် သဘောတူထားသည့် သတို့သမီးလောင်းကလည်း မယူနိုင်ပါဘူးပြောသည့်အပြင် မဟော့်ဘက်ကပါ ရှေ့နေလိုက်ပြီး ပြောပေးနေသဖြင့် ဦးဘုန်းမခကိုယ်တိုင် ဘာဆက်ပြောရမှန်းမသိ ဖြစ်ရလေသည်။ ပြီးတော့ တွေ့ရသလောက်လည်း မဟော်ရဲ့စိတ်ထားက လေးစားစရာကောင်းနေသဖြင့် . . .

ရှုစိတ်ခွဲကြည့်အဖေ



"ယုကလည်း မယူနိုင်ဘူး၊ မင်းအစ်မကလည်း သဘောတူတယ်ဆိုရင်တော့ ငါလည်း မကန့်ကွက်တော့ပါဘူးကွာ"

"ဟာ . . . ဖေဖေ တကယ်ပြောတာလား၊ တကယ်လား ဖေဖေ . . . ဝမ်းသာလိုက်တာဗျာ"

နှိုင်း ချက်ချင်းဆိုသလိုပင် ခုန်ဆွ ခုန်ဆွလုပ်ကာ ပျော်နေမိလေသည်။ လုံးဝမမျှော်လင့်ခဲ့သည့် အချိုးအကွေ့ကြောင့်လည်း နှိုင်း အသက်ပင် ရှဲရှဲမရှူရဲ။

"ကဲ . . . အားလုံးပြေလည်ပြီဆိုရင်တော့ သမီး ဒီကနေ့ပဲ ရန်ကုန်ကို ကားငှားပြန်လိုက်မယ်၊ ဦးတို့ကတော့ နှိုင်းအတွက် မိန်းမလိုက်တောင်းပေးလိုက်ပါဦး၊ ကဲ ငြိမ်း . . . ဘယ်လိုလဲ . . . နင့်ငါ့ကို ကျေးဇူးတင်ပြီလား"

ယုက နှိုင်းဘက်ကိုလှည့်ကာ လက်ကာမ်းလိုက်ရင်း ပြုံးစိစိလေး မေးလိုက်လေသည်။ နှိုင်းကတော့ ယုလက်လေးကို ပြန်ရင်းဆုပ်ကိုင်လိုက်ရင်း . . .

"ငါ့တစ်သက်လုံးစာ နင့်ကို ကျေးဇူးအကြီးကြီးတင်ပါတယ်ဟာ . . . တကယ်ပါ"

"အေးပါ . . . ဟုတ်ပါပြီ. ကဲ . . . ဒါဆို ငါသွားမယ်"

ယုက ကားပေါ်တက်ဆင်းဖို့ ပြင်လေသည်။

ပြီး

www.burmeseclassic.com

www.burmeseclassic.com



"သမီးတစ်ယောက်တည်းသွားဖို့ အဆင်ပြေပါ့မလား"

"ပြေပါတယ် အန်ကယ်ရဲ့ ... စိတ်မပူပါနဲ့"

"ဒီလိုလုပ်လိုက်လေ ... သမီးကို ကားဒရိုင်ဘာကပဲ က။ တစ်စီးငှားပြီး ရန်ကုန်ရောက်အောင် ပြန်ပို့ပေးလိုက်၊ သားကတော့ ဒီကားမောင်းပြီး သာပေါင်းကို ပြန်သွားမယ်လေ ... ဖြစ်လား"

"ဟာ ... သိပ်ဖြစ်တာပေါ့ မေမေရာ"

နှိုင်း ဝမ်းသာအားရနှင့် မေမေ့ပါးကို ရွှတ်ခနဲ နမ်းလိုက်လေ သည်။ မေမေကတော့ နှိုင်းရဲ့အပြုံးတွေကိုကြည့်ရင်း သူလည်း ကြ နှုးမဆုံးပေ။ နှိုင်းတို့ကားလေး ထွက်သွားတော့ ယုကလည်း ဝမ်းသ အားရ နှုတ်ဆက်လေသည်။ နှိုင်းက အခုမှပင် ရင်ထဲပေါ့ပါး လန်းဆန်းကြည်နူးသွားမိလေသည်။

"ဟိတ်ကောင် ... မြန်မြန်ရောက်ချင်တာနဲ့ ဖွတ်မောင်းပ အချိန်တန်ရင် ရောက်မှာပေါ့"

"နှိုင်းက ချက်ချင်းကိုရောက်ချင်နေပြီ ဒယ်ဒီရ၊ ဒါပဲနော် ... ဟိုရောက်ရင်တော့ ဒယ်ဒီတို့ တစ်ခါတည်း လက်ထပ်ပေးရမှာ"

နှိုင်းရဲ့သည်းသည်းလှုပ်အပြောကြောင့် အကုန်လုံး ပိုင်းရယ် လေသည်။ နှိုင်းကတော့ မဟော့်မျက်နှာလေးကိုသာ မြင်ယောင် ပြုံးလိုက်လေသည်။ ခြံရှေ့ကို ကားရောက်သည်နှင့် နှိုင်း ကားပေ



ပြေးဆင်းရင်း မဟော့်နာမည်လေးကို တကြော်ကြော်ခေါ်လိုက်မိလေ သည်။

မဟော်ကတော့ အခန်းထဲ တစ်ယောက်တည်း စိတ်ရှိလက်ရှိ ငိုနေရင်းမှ နှိုင်းခေါ်သံလေးကြားလိုက်သဖြင့် အံ့သြသွားလေသည်။ မဖြစ်နိုင်မှန်း သိရဲ့သားနဲ့တောင် နှိုင်းကိုစွဲလမ်းတဲ့စိတ်တွေနဲ့ နားထဲတွင် နှိုင်းအသံတွေချည်း ကြားနေရလေသည်။ မဟော် ခေါင်းခါလိုက်ရင်း ခေါင်းအုံးပေါ် မျက်နှာမှောက်ကာ ငိုချလိုက်လေသည်။

'ကျွီ'

"မဟော်"

မဟော် နားနားတွင် ကြားလိုက်ရသည့်အသံကြောင့် မော့ကြည့် လိုက်လေသည်။ မဟော့်မျက်နှာကို ရွှန်းရွှန်းစားစားစိုက်ကြည့်နေသော နှိုင်းကို မဟော်တွေ့လိုက်ရလေ သည်။

"ဟင် ... နှိုင်း ... နှိုင်းပြန်သွားပြီ မဟုတ်လား"

"ဒါပေါ့ ... မဟော်နဲ့ မခွဲနိုင်လွန်းလို့ လမ်းတစ်ဝက်ကနေ လှည့်ပြန်လာတာ"

နှိုင်းက လက်လေးပိုက်လိုက်ရင်း မဟော့်မျက်နှာလေးကို စိုက်ကြည့်ကာ နောက်နေလေသည်။

"ဟင့်အင်း ... မဟော် နှိုင်းကို မချစ်နိုင်ဘူးလို့ ပြောပြီးသား

www.burmeseclassic.com

www.burmeseclassic.com



နော်၊ နှိုင်းမီဘတွေနဲ့ပဲ ပြန်လိုက်သွားပါ နှိုင်းရယ် ... မပေါ် တောင်းပန်ပါတယ်"

"အင်း ... ခက်တော့ခက်နေပြီ၊ ပြောတော့သာ မချစ်ဘူး မချစ်ဘူးနဲ့ ငိုထားလိုက်တာများ ခေါင်းအုံးတစ်ခုလုံးကို ရွှဲလို့၊ မျက်နှာမှာလည်း သားနှပ်ချီးတွေရော၊ နှပ်တွေရောနဲ့ ရွှံ့ဗွက်ကောင်းလိုက်တာ ... ကြည့်စမ်း"

နှိုင်းက မပေါ့်မျက်နှာလေးကိုကြည့်ရင်း မပေါ် ရှက်ရွံ့အောင် တမင်စလိုက်ရှာလေသည်။

"ဘာဖြစ်လဲ ... ကိုယ့်ဟာသာငိုတာ ရှင့်အပူလား။ မကျေနပ်ရင် မှန်းလိုက် မှန်းလိုက်"

မပေါ်က ရှက်တာရော၊ ဒေါသဖြစ်တာရော ရောကာ နှိုင်းကို ဂျစ်ကန်ကန်လေး ပြန်ပြောလိုက်လေသည်။

"ကျုပ်အပူပေါ့ဗျ ... မကျေနပ်ပေမယ့်လည်း မှန်းတော့မမှန်းနိုင်ပါဘူးဗျာ၊ ဒါပေမဲ့ သိပ်တော့မကျေနပ်ဘူး၊ အခုအချိန်ထိ ချစ်တယ်လို့ တစ်ခွန်းမှမပြောလို့၊ ဒါပေမဲ့လည်း မကြာခင် ကျုပ်မိန်းမဖြစ်မယ့် ကောင်မလေးက အခုလို ရှိုက်ကြီးတငင်ငိုနေတော့ သူ့ယောကျ်ားဖြစ်မယ့် ကျုပ်က စိတ်ကောင်းမလား"

မပေါ် ပါးပြင်ပေါ်က မျက်ရည်တွေကို သုတ်လိုက်ရင်း ...





"နှိုင်းနော် ... ဘာတွေလျှောက်ပြောနေတာလဲ၊ ဘယ်သူက ရှင့်ကို ယူမယ်ပြောနေလို့လဲ"

"မယူလို့တော့ မရတော့ဘူး အမိ၊ အခု အိမ်ရှေ့မှာ လူကြီးတွေ နေ့ကောင်းရက်သာတောင် ရွေးနေကြပြီ၊ အခုမှ အမိက ဘွာခတ်လို့ မရတော့ဘူး"

"ဟင် ... ဒါဆို ယုကော"

"ယုက ကိုယ့်ကို လက်မထပ်နိုင်ပါဘူးတဲ့၊ ယုကြောင့် သိပ်ချစ်တဲ့ချစ်သူနှစ်ဦး စိတ်ဆင်းရဲတာ မမြင်ရက်လို့ဆိုပြီး ဖေဖေတို့ကို ခွင့်တောင်းပြီး ပြန်သွားပြီ၊ အခုတော့ ချစ်ရယ် ကိုကိုရယ် လက်တွဲခွင့်ရပြီပေါ့ ... ဟုတ်လား ကောင်မလေး"

နှိုင်းက မပေါ့်ပခုံးလေးကို လှမ်းဖက်လိုက်ရင်း စကားဆိုလေသည်။ မပေါ်ကတော့ နှိုင်းလက်တွေကို တွန်းဖယ်ရင်း ...

"နှိုင်း ဘယ်လိုဖြစ်နေလဲ၊ မပေါ် ရှင့်ကို အဖြေမပေးရသေးဘူးနော်"

"မပေးလည်း သိနေတာပဲဟာ ... နော်"

နှိုင်းက ခပ်တင်းတင်းလေးဖက်ရင်း မပေါ်နားနားကပ်ကာ တိုးတိုးလေးပြောလိုက်လေသည်။

"သိပ်ချစ်တယ် မပေါ်ရယ် ... ကိုယ့်ကိုချစ်တယ်ဆို ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



လေးတော့ ပြန်ညိတ်လိုက်ပါတော့နော်”

မပေါ် ... နှိုင်းမျက်နှာလေးကို သမင်လည်ပြန် ပြန်လှည့်ကြည့်လိုက်ရင်း ညင်သာစွာ ခေါင်းညိတ်ပြလိုက်လေသည်။

နှိုင်းက ကျေနပ်စွာပြုံးလိုက်ရင်း မပေါ့်နဖူးလေးပေါ်ကို အနမ်းပန်းလေးတစ်ပွင့် ခြွေလိုက်လေသည်။ ချက်ချင်းဆိုသလိုပင် မပေါ် မျှော်လင့်ခဲ့သော မိုးများကလည်း သည်းထန်စွာ ရွာချကြလေသည်။

မပေါ် သိပ်ချစ်ခဲ့တဲ့ နှိုင်းရဲ့အချစ်တွေလို ... အခုတော့လည်း အရာအားလုံးက အေးချမ်းကာ ပျော်ရွှင်စရာကောင်းသွားလေသည်။

ပန်းရတု

9:30pm

BURMESE CLASSIC .com

ပေမန်အကြံပြုစာများကိုမျှော်လင့်လျက်

ပန်းရတု
အမှတ် (၁၉)၊ ဒုထပ်၊ အေးရိပ်မွန် (၄)လမ်း၊
(၃) ရပ်ကွက်၊ လှိုင်
panratu@gmail.com
☺ www.facebook.com/Pan Ya Tu ☺

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com